# လူ့ဘဝအမြင်ရှင်းသူများ၏
# ဘဝအရသာများ

မဟာသဒ္ဓမ္မဇောတိကဓဇ

## တက္ကသိုလ် သျှင်သီရိ

(ဓမ္မာစရိယ၊ ဘီအေ)



ပန်းချီ တင်အောင်မြင့်

# လူ့ဘဝအမြင်ရှင်းသူများ၏

## ဘဝအရသာများ

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-အေ)

အမှတ် ၂၇၇၀၆
ရက်စွဲ ...... ...... ....


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀)

၂၀၁၀-ခုနှစ်၊ ဩဂုတ်လ

ကွန်ပျူတာစာစီ- ဆွေသဟာ (ဖုန်း-၆၉၀၃၂၄/ ၇၃၀၈၆၉၃၂)

**ထုတ်ဝေသူ**

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ်-၈၃၈၄၃/၈၂၄၀၅)၏
၁၁၉/၁၀/(ပုံနှိပ်) သသန-၁၀ ခွင့်ပြုချက်ဖြင့်ထုတ်ဝေသည်။

**မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ**

စိန်ကြယ်ပုံနှိပ်တိုက်
အမှတ်(၇၂)၊ လမ်း(၃၀)၊ ရန်ကုန်မြို့

တန်ဖိုး (၅၀၀) ကျပ်

**ဖြန့်ချိရေး**

ရွှေဥက္ကာ စာပေ — အမှတ်(၇၂)၊ လမ်း(၃၀)၊ ပန်းဘဲတန်း
ရန်ကုန်၊ ဖုန်း-၃၈၅၀၂၅

မြတ်ပန်းရဂုံ စာပေ — အမှတ်(၁၉၄)၊ မြေညီထပ်၊ ၂၉-လမ်း
(အထက်) ပန်းဘဲတန်းမြို့နယ်၊
ဖုန်း-၀၉၅၁ ၃၉၄၅၀၊ ၀၉၅၁ ၅၅၇၄၃

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အမှာစာ-------------- | |
| ၂။ | အခန်း(၁) လူ့သဘာဝသိထားပါမှ | |
| | - လူသားဘဝများ၏သဘောသဘာဝ အမှန်တရားများ | ၁ |
| | - လူကြီးလူငယ်၏သဘာဝ | ၈ |
| | - ရုပ်-နာမ်သဘာဝ အသိ-သတိရှိပါမှ | ၁၂ |
| | - သင်သည် ကြောက်တတ်သူလော၊ မကြောက်တတ်သူလော | ၂၀ |
| | - လူဖြစ်ကျိုးနပ်သည်ဆိုသည်မှာ | ၂၉ |

၃။ အခန်း(၂)
သေခြင်း၏သဘာဝနှင့်တရားသဘာဝအမြင်များ

- သေခြင်း၏သဘာဝတရားအမြင်များ ၆၉
- တရားသဘာဝအမြင်များ ၄၃
- အကာကိုပစ်၊ အနှစ်ကိုထုတ်ဆောင် ၆၁
- ၃၁-ဘုံပြေးသူကိုရှာတွေ့အောင်ရှာပါ ၆၆

၄။ အခန်း(၃)
ဘဝအမြင်ရှင်းသူများ၏ဘဝအရသာ

- အသေတရားရှိလျှင်မသေတရားရှိရမယ် ၇၃
- အချိန်ကိုအသုံးချတတ်သွားသော
မဟာတိဿ၏ဘဝအရသာ ၉၅
- ပန်းအလှများကြွေလေသော် ၁၀၅
- လူ့ဘဝအနှစ်သာရကိုမင်းအားသိစေခဲ့သော
အနန္တသူရိယ ၁၃၂
- ထွန်ထောင်ဦးကျော်ဒင်(သို့မဟုတ်)
စွန်းလွန်းဦးကဝိ၏ဘဝအနှစ်သာရ ၁၄၃
- ဦးအောင်ထွန်း(သဲအင်းဂူဆရာတော်)၏
ဘဝအနှစ်သာရ ၁၇၆

# အမှာစာ

မိမိ၏ဘဝသည် ဇာတိ-ဖြစ်ခြင်းဟူသောဘဝကိုရလာခဲ့ပြီး လူ့ဘဝ လူငယ်၊ လူလတ်ဘဝမှသည် ယခုလူကြီး(ပင်စင်ယူပြီးဘဝ)ဇရာအရွယ်ဝင်လာခဲ့ပြီးဖြစ်ပါသည်၊ ထိုမှတစ်ဆင့် နာခြင်း(ဗျာဓိ)သေခြင်း(မရဏ)သို့ ကူးရပေတော့မည်။

မိမိသည် ငယ်ရွယ်စဉ်က မိဘဂုဏ်ရှိန်ဥစ္စာဂုဏ်ရှိန်တို့ဖြင့် မာန်ယစ်ခြင်းများရှိခဲ့ရသည်၊ တကယ်တော့ မာန်ယစ်ခြင်းဆိုသည်မှာ မူးယစ်ခြင်းတစ်မျိုးသာဖြစ်ပါသည်။

လူလတ်ပိုင်းတွင် မိဘဂုဏ်၊ ဥစ္စာဂုဏ်၊ အတန်းထဲ၌ ပညာတော်ခြင်းဂုဏ်၊ လူရည်ချွန်ဟူသောဂုဏ်တို့ဖြင့် မာန်ယစ်ခြင်း၊ မူးယစ်ခြင်းတို့ကိုဖြစ်ပေါ်စေခဲ့သည်။

လူကြီးပိုင်းတွင်း ပစ္စည်းဂုဏ်၊ ရာထူးဂုဏ်၊ အာဏာဂုဏ်တို့ဖြင့် မာန်ယစ်ခြင်း၊ မူးယစ်ခြင်းတို့ကိုဖြစ်ပေါ်စေခဲ့သည်။

ယခု လူကြီးပိုင်းလွန် ပင်စင်ယူခြင်းဟူသောဘဝတွင် ရာထူးအာဏာဂုဏ်တို့သည် စွန့်လွှတ်ခဲ့ရပေပြီ၊ ဘဝသည်လည်း အထီးကျန်ခဲ့လေပြီ၊ မိမိဘဝအတွက် မာန်ယစ်စရာ၊ မူးယစ်စရာတို့သည် အဘယ်မှာနည်း၊ မရှိတော့ပြီးဖြစ်သည်။

သို့သော်လည်း ပုဂ္ဂိုလ်သတ္တဝါတို့ဟူသည် သူ့အရွယ်နှင့် သူ့အစွမ်းနှင့်ဟုဆိုသည့်အတိုင်း အရွယ်တိုင်း၌အစွယ်ရှိကြကာ မူးယစ်ကြသည်၊ မာန်ထောင်တတ်ကြသည့်သဘောကားတော့ရှိတတ်ကြစမြဲပင်ဖြစ်ပါသည်။

ပုထုဇဉ်လောကဝယ် ထိုမာန်ယစ်ခြင်း၊ ရူးသွပ်ခြင်းကို ကင်းကွာနိုင်ဖို့ဆိုသည်မှာ အလွန်ပင်ခဲယဉ်းလှပါသည်။

လူတိုင်းတွင် မိမိတို့ရရှိထားသောဘဝအရွယ်နှင့်ထိုက်တန်သောမာန်ယစ်ခြင်းများသည် ရှိနိုင်၊ တွေ့ကြုံခံစားနိုင်ကြမည်သာဖြစ်သည်။

-မိမိဘဝယခုတွေ့ကြုံနေရသော အခွင့်အရေးနှင့်ပတ်သက်၍လည်းကောင်း

-ရာထူးဂုဏ်သိရ်လာဘ်လာဘရမှုနှင့်ပတ်သက်၍ လည်းကောင်း

-ရုပ်အဆင်းလှပခြင်း၊ ပညာတတ်မြောက်မှုနှင့်ပတ်သက်၍လည်းကောင်း

-ရွှေ၊ ငွေဥစ္စာပြည့်စုံမှုနှင့်ပတ်သက်၍လည်းကောင်း

-ချီးမွမ်းခံရမှု၊ ဂုဏ်ပြုခံရမှုနှင့်ပတ်သက်၍လည်းကောင်း

-အခြားသောမာန်တက်စရာများနှင့်ပတ်သက်၍လည်းကောင်း

အခိုက်အတန့်ရရှိခံစားနေရသော စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှုလေးများကို အစဉ်ထာဝရမှတ်ပြီး ကျေနပ်ကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ထောင်လွှားမှုးယစ်နေတတ်စမြဲဖြစ်ကြပါသည်။

ဤထောင်လွှားမှုးယစ်မှုတရားများကို ပါဠိလို “မဒ” ဟူ၍ခေါ်ဆိုပါသည်၊ ဘုရားရှင်က ထိုထောင်လွှားမှုးယစ်မှု(၂၇)မျိုးရှိသည်ဟုဟောကြားခဲ့ပြီး ထို(၂၇)မျိုးကို ပုဂ္ဂိုလ်အလိုက်၊ ဌာနအလိုက် ကြုံလျှင်ကြုံသလိုဟောပြောပြခဲ့ပါသည်-

၁။ မိမိအမျိုးကိုစွဲ၍မာန်ယစ်ခြင်း (ဇာတိမဒ)

၂။ မိမိအနွယ်ကိုစွဲ၍မာန်ယစ်ခြင်း (ဂေါတ္တမဒ)

၃။ အနာရောဂါမရှိ ကျန်းမာသည်ကိုမာန်ယစ်ခြင်း (အရောဂျမဒ)

၄။ အရွယ်နုပျိုသည်ကိုမာန်ယစ်ခြင်း (ယောဗ္ဗနမဒ)

၅။ အသက်ရှည်သည်၌မာန်ယစ်ခြင်း (ဇီဝိတမဒ)

၆။ လာဘ်ပေါ်များသည်၌မာန်ယစ်ခြင်း(လာဘမဒ)

၇။ အရိုအသေပြုခံရမှုများခြင်း၌မာန်ယစ်ခြင်း (သက္ကာရမဒ)

၈။ အလေးအမြတ်ပြုခံရမှု၌မာန်ယစ်ခြင်း(ဂရုကာရမဒ)

၉။ ငါ့မှာအခြံအရံများသည်ဟုမာန်ယစ်ခြင်း (ပုရက္ခာရမဒ)

၁၀။ ငါ့၌ကြီးမားသောအခြံအရံရှိသည်ဟုမာန်ယစ်ခြင်း (ပရိဝါရမဒ)

၁၁။ ငါ့၌ဥစ္စာပစ္စည်းပေါ်များသည်ဟုမာန်ယစ်ခြင်း (ဘောဂမဒ)

၁၂။ ရုပ်ရည်လှပမှု၌မာန်ယစ်ခြင်း (ဝဏ္ဏမဒ)

၁၃။ အကြားအမြင်ဗဟုသုတများခြင်း၌မာန်ယစ်ခြင်း (သုတမဒ)

၁၄။ အသိအလိမ္မာဝေဖန်ပိုင်းခြားမှု၌လိမ္မာမှု၌ မာန်ယစ်ခြင်း (ပဋိဘာနမဒ)

၁၅။ ငါသာလျှင် ညဉ့်အရေအတွက်၌သိသူဟူ၍ မာန်ယစ်ခြင်း (ရတ္တညုမဒ)

၁၆။ ငါသာလျှင် ဆွမ်းခံဝတ်မပြတ်ဟုမာန်ယစ်ခြင်း (ပိဏ္ဍပါတိကမဒ)

၁၇။ ငါ့ကိုဘယ်သူမျှမထေမဲ့မြင်မပြုနိုင်ဟုမာန်ယစ်ခြင်း (အနဝညာတ္တိမဒ)

၁၈။ ငါသာလျှင် ဣရိယာပုတ်လေးပါးကြည်ညိုဖွယ်ရှိ၏ဟု မာန်ယစ်ခြင်း (ဣရိယပထမဒ)

၁၉။ ငါသာလျှင် တန်ခိုးရှိ၏ဟုမာန်ယစ်ခြင်း (ဣဒ္ဓိမဒ)

၂၀။ အခြံအရံများသည်ကိုစွဲ၍မာန်ယစ်ခြင်း (ယသမဒ)

၂၁။ သီလရှိသည်ကိုစွဲ၍မာန်ယစ်ခြင်း (သီလမဒ)

၂၂။ ဈာန်ရသည်ကိုစွဲ၍မာန်ယစ်ခြင်း (ဈာနမဒ)

၂၃။ အတတ်ပညာကိုစွဲ၍မာန်ယစ်ခြင်း (သိပ္ပမဒ)

၂၄။ ငါသာလျှင် အရပ်အမောင်းနှင့်ပြည့်စုံသည်ဟု မာန်ယစ်ခြင်း (အာရောဟမဒ)

၂၅။ ငါသာလျှင် အလုံးအရပ်နှင့်ပြည့်စုံသည်ဟုမာန်ယစ်ခြင်း (ပရိဏာဟမဒ)

၂၆။ အဆင်းသဏ္ဌာန်ရုပ်ကိုစွဲ၍မာန်ယစ်ခြင်း (သဏ္ဌာနမဒ)

၂၇။ အပြစ်မရှိသည်နှင့်ပြည့်စုံ၍မာန်ယစ်ခြင်း (ပါရိပူရိမဒ)

ဤမာန်ယစ်ခြင်းဟူရားများစွာရှိသော်လည်း တရားကိုယ်အနေဖြင့် ကောက်ယူသော် ထောင်လွှားတက်ကြွသော မာနတရားပင်ဖြစ်ပါသည်။

ဤမာန်ယစ်ခြင်း၊ မူးယစ်ခြင်း (မဟာနမဒ)တရားများသည် ကြီးသူ၊ ငယ်သူဖြစ်စေ၊ ပညာရှိ၊ ပညာမဲ့ဖြစ်စေ၊ ယုတ်သူ၊ မြတ်သူဖြစ်စေ၊ ကျား၊မဖြစ်စေ၊ ဘုရားရဟန္တာမှတစ်ပါး မည်သူမျှ ကင်း၍ မရနိုင်ပါ။

ဤမာန်တရားကြောင့်ပင် သတ္တဝါတို့သည် သံသရာတစ်ကြောဝယ်မျောပါပြီး ဝဋ်ဆင်းရဲကိုခံနေကြရသည်။

ထို့ကြောင့် မိမိသည်လည်းကောင်း၊ ဤစာဖတ်သူတို့သည်လည်းကောင်း သံသရာဝဋ်ဆင်းရဲမှကင်းလွတ်ရန် ဘဝငြိမ်းချမ်းသာယာစွာနေနိုင်အောင် မာန်ယစ်ခြင်းဟူသောရှုးသွပ်ခြင်းကို ဝေးစွာရှောင်နိုင်ကြရန် လူသား၏သဘာဝအမှန်တရားနှင့် ထိုအမှန်တရားကိုတွေ့ရှိသူများ၏ ဘဝအတွေ့အကြုံများကို ထိုသူတို့ကဲ့သို့ရစေရန်ရည်ရွယ်ပြီး ဤစာအုပ်ကိုရေးသားထုတ်ဝေခဲ့ရပါသည်။

ဤစာအုပ်ကိုဖတ်ပြီး သတိသံဝေဂတစ်စိတ်တစ်ဒေသရသွားသည်ဟုဆိုလျှင် စာရေးသူ၏ကြိုးစားအားထုတ်ရကျိုးနပ်သည်ဟု ယုံကြည်မိပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် မိမိအားတရားဓမ္မအနှစ်သာရကိုဦးစွာဆွဲဆောင်ပေးခဲ့သော မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူအေးကျောင်းတိုက်၊ ဓမ္မဋ္ဌကျောင်းဆရာတော် ဦးပညာဝံသ

အားအထူးကျေးဇူးတင်ကန်တော့အပ်ပါသည်၊ ထို့ပြင် စာအုပ်၊ စာပေများကို အေးချမ်းစွာလေ့လာမှတ်သားရေးသားနိုင်ရန်၊ စားဝတ်နေရေးကိစ္စတို့၌ တစ်လုံးတစ်ပါဒမျှ ငြိုငြင်မှုကိုမပြုလုပ်၊ မပြသခဲ့သော ချစ်ဇနီး ဒေါ်တင်အေးအားလည်းကောင်း၊ ဖခင်အား မငြိုမငြင်မပင်ပန်းရလေအောင် စောင့်ရှောက်ကြသော သမီးလတ် မခင်သူဇာ(B.A စီးပွားစီမံ)၊ သမီးငယ် မစန္ဒာမြင့် (B.Com)တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးကိုကိုမြိုင်
အမှတ်(၅၅)၊ သုနန္ဒာ(၃)လမ်း
စ-ရပ်ကွက်၊ မ/ဥက္ကလာပမြို့နယ်
ဖုန်း-၆၉၀၃၂၄

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သိရိ
(ဓမ္မာစရိယ ဘီ-အေ)

# အခန်း (၁)

# လူ့သဘာဝသိထားပါမှ

## လူသားဘဝများ၏သဘာဝအမှန်တရားများ

ဤလောကတွင် သဘာဝနိယာမတရားများသည် အရာအားလုံးနှင့် လူသားတို့၏ဘဝများကို စိုးမိုးခြယ်လှယ်နေပါသည်။

လူသားများသည် သဘာဝနိယာမနှင့်လူသား၏ဘဝသဘောသဘာဝကို အသေးစိတ်သိရှိနားလည်မှုမရှိကြသဖြင့် မိမိတို့၌ရှိသောစွမ်းရည်တို့ကို အကုန်သုံးမသွားဖြစ်ဘဲ အသေးအဖွဲကိစ္စလေးမျှလောက်သာ ရှာဖွေလုပ်ကိုင်ကြရင်း လူ့ဘဝကိုအချိန်ကုန်သွားနေကြရပါသည်။

ဤအသေးအဖွဲကလေးကို နွားခြေရာခွက်ရှိရေကို သမုဒ္ဒရာထင်သောဖားကဲ့သို့သောဘဝမျိုးရှိနေကြသဖြင့် ဤအသိဤ

အမြင်များဖြင့် ဆက်လက်သွားနေကြလျှင် ကမ္ဘာ့ဒွလူသားတို့၏ ငြိမ်းချမ်းမှုနှင့်စိတ်ချမ်းသာမှုတို့သည် မည်သည့်အခါမျှရလိမ့်မည် မဟုတ်ပါ။

အမှန်တရားကိုမသိခြင်း (မောဟ-အဝိဇ္ဇာ)က ယနေ့လူသားများကိုလမ်းမှားစေနေပါသည်၊ လူသားဟူသည် အသိအလိမ္မာဉာဏ်ပညာတိုးတက်မှုရအောင်ရှာ၍ ဘဝနေနည်းကိုအပြောင်းအလဲပြုသွားကြရပါသည်၊ ကောင်းကျိုးအတွက်အရည်အသွေးကိုတိုးမြှင့်သွားကြရပါသည်။

လူသား၏သက်ရှိထင်ရှားရှိစဉ်ဘဝတွင် စိတ်ချမ်းသာပျော်ရွှင်မှုကိုပေးတတ်သောကောင်းမှုအလုပ်ကို အမိအရရှာဖွေမသွားနိုင်ခဲ့လျှင် ဘဝဟူသည်မတည်မြဲသောသဘောရှိနေသောကြောင့် ဤဘဝမှသေဆုံးသောအခါ ပျော်ရွှင်မှုများလွဲချော်သွားနိုင်ပါသည်၊ တစ်ချို့က မိမိဘဝသေဆုံးသွားသောအခါ ပျော်ရွှင်ချမ်းမြေ့မှုကိုရစေနိုင်ရန် နောက်ဘဝတစ်ခုချမ်းသာရေးကိုသာကြံဆပြီးလုပ်နေကြသည်။

ပျော်ရွှင်ဖွယ်သာမန်ဘဝ၌ အပြစ်ကင်းပြီးအမှားအယွင်းတစ်ခုမျှမရှိသည့်အချိန်အခါဝယ် လောကီအာရုံကာမဂုဏ်ချည်းကိုသာ အလွန်အမင်းမလိုက်စားသင့်ပါ၊ ဘဝစွမ်းရည်များမြင့်သထက်မြင့်မြင့်အောင် ဗုဒ္ဓကပေးထားသောနည်းများကိုအသုံးပြု၍ ကြိုးပမ်းသင့်ကြပါသည်။

သို့မဟုတ်ပါက မကျေနပ်မှု၊ ခံပြင်းမှုများနှင့်ဘဝဆုံးသွားရပါလိမ့်မည်။

လူသားများအားလုံးသည် အသက်ထင်ရှားရှိစဉ် မပြည့်ဝခဲ့ရသောဆန္ဒများ၊ လိုလားချက်များအတွက် သေကာနီးကာလ၌ပြင်းပြင်းထန်ထန်ခံစားရတတ်ပါသည်၊ ထိုသူများသည် အသက်ရှင်စဉ်၊ ကျန်းမာစဉ်ကမလုပ်လိုက်ရသည့်အလုပ်များကျန်နေပါကလားဟု ယုံမှားသံသယကိုယုံကြည်သူများဖြစ်ကြပါသည်၊ ဝိညာဉ်ချုပ်ကာနီးအချိန်မှာပင် မပြည့်ဝလိုက်သည့်မိမိ၏ဆန္ဒအတွက် အလွန်ဝမ်းနည်းနေခြင်းတဖြစ်နေတတ်ကြရပါသည်။

ဗုဒ္ဓသည် နေ့စဉ်ဘဝရောင့်ရဲတတ်စေရန်၊ ဘဝနိဂုံးချုပ်ကာနီး ထိုထိုကြောက်ရွံ့မှုများ၊ စိုးရိမ်မှုများ၊ ကျော်လွှားပြီး ငြိမ်းအေးချမ်းသာစွာနှင့်ဘဝတစ်ခုကိုဖြတ်ကျော်နိုင်ရန် လမ်းညွှန်သွန်သင်ပေးထားပါသည်။

ဘဝ၏မတည်မြဲသောဖြစ်-ပျက်မှုသဘောတရားကိုသိမြင်နားလည်ခြင်းသည် အာရုံပျက်ပြားခြင်းနှင့် ပြင်းထန်သောအယူသည်းမှုများကို ထိန်းကျောင်းပေးနိုင်ပါသည်၊ ဗုဒ္ဓနည်းပေးလမ်းပြခဲ့သောတရားများသည် လေယူရာယိမ်းပါမျောလွင့်နေသော သစ်ရွက်ခြောက်ကဲ့သို့ ဘဝပန်းတိုင်မဲ့လေလွင့်ခြင်းမရှိဘဲဘဝပန်းတိုင်ကို ခိုင်ခိုင်မာမာတည်မတ်စေရန် လမ်းညွှန်နည်းပေးပြသထားပါသည်။

ဘဝမှာအယူအမြင်ဖြောင့်မှန်ခြင်းသည် ဘဝ၏သဘော သဘာဝနှင့်သွင်ပြင်လက္ခဏာများကိုသိမြင်နားလည်ရန်အတွက် အလွန်ပင်တန်ဖိုးကြီးလှပါသည်။

ဘဝ၏အမြင်မှန်အရေးပါသောလက္ခဏာတစ်ရပ်မှာ မမြဲခြင်း(အနိစ္စ)ပင်ဖြစ်ပါသည်၊ မည်မျှပင်ပြည့်စုံခိုင်မာတောင့်တင်းသည် ဟုထင်ရသောဘဝများ၊ စနစ်များ၊ သဘောတရားများ၊ အရာဝတ္ထုများသည် ပြောင်းလဲခြင်းနှင့်မကင်းနိုင်ကြပါ၊ ဘဝ၏ အချိန်တိုင်း ခဏတိုင်း-ခဏတိုင်းမှာ အပြောင်းအလဲအန္တရာယ်များနှင့်ရင်ဆိုင်တွေ့ကြုံနေရသည့်အတွက် သာမန်လူသားမှန်သမျှသည် စိတ်ကျေနပ်မှုအပြည့်အဝမရရှိကြဘဲ ဘဝနိဂုံးချုပ်နေကြရပါသည်။

မမြဲခြင်းသည် ဆင်းရဲ(ဒုက္ခ)ခံစားရခြင်းဖြစ်ပါသည်၊ ထိုသို့ပြောင်းလဲမှုများ၊ ဆင်းရဲမှုများရှိနေကြသဖြင့် ဘဝလူသားများ၊ မလွဲမသွေတွေ့ကြုံရမည့်အပြောင်းအလဲကြီးတစ်ခုမှာ သေခြင်း(မရဏ)ပင်ဖြစ်ပါသည်။

သက်ရှိသတ္တဝါများအားလုံးဆီသို့ တရွေ့ရွေ့နီးကပ်လာနေသော သေမင်းကိုရင်ဆိုင်နေရသလို အချိန်ခဏတိုင်းသည် လူသားများကို သင်္ချိုင်းသို့နီးသထက်နီးလာအောင် ခေါ်ဆောင်ပေးနေပါသည်။

မွေးဖွားခြင်းနှင့်သေဆုံးခြင်းတို့သည် ကြိုးတစ်ချောင်း၏ အစွန်းနှစ်ဘက်နှင့်တူသည်၊ သေခြင်းမပါဘဲ ဘဝကိုရယူ၍မရနိုင်၊ ထာဝရရှင်သန်နေစေရန် သေခြင်းကိုပစ်ပယ်ထား၍မရနိုင်၊ သေခြင်းနှင့်ရှင်ခြင်းတို့သည်ဖြစ်ရပ်တစ်ခု၏အစိတ်အပိုင်းပင် ဖြစ်ပါသည်။

ခန္ဓာဝန်ဒုက္ခမပြတ်သေးသမျှ သေပြီးလျှင် ဘဝတစ်ခုဆက်၍ဖြစ်နေပါမည် ဟုနားလည်ထားလျှင် သေခြင်းကိုကြောက်စရာအကြောင်းမရှိပါ၊ သေခြင်းကိုမကြောက်ရန်နည်းလမ်းကိုလည်း ဗုဒ္ဓကနည်းလမ်းပေးထားပါသည်၊ ထိုနည်းလမ်းကိုသိပြီး ကျင့်ကြံအားထုတ်ရန်သာလိုပါသည်။

ဘဝဆိုသည်မှာ ဖန်တီးထားခြင်းမဟုတ်သလို ကြိုတင်စီမံထားခြင်းလည်းမဟုတ်ပါ၊ အကြောင်းတရားအထူးထူးအထွေထွေမရှိဘဲနှင့်လည်းအမှတ်တမဲ့ဖြစ်လာသည်မဟုတ်ပါ၊ ဖန်ဆင်းရှင်ကြောင့်လည်းဖြစ်လာသည်မဟုတ်ပါ၊ အကြောင်းတရားများပေါင်းစုလာခြင်းကြောင့်သာဖြစ်လာရခြင်းဖြစ်ပါသည်။

အကြောင်းပေါင်းစုံကြောင့် ဘဝဖြစ်လာရပြီး ထိုဘဝကိုတပ်မက်သောတဏှာမပြတ်သေးသမျှဘဝအဆက်ဆက်ကိုဖြစ်စေမည့်အကြောင်းပေါင်းများစွာကိုလည်း ဖန်တီးဖြစ်ပေါ်နေစေသာဖြစ်ပါသည်။

ဗုဒ္ဓမပွင့်မချင်း ထိုအကြောင်းတရားကိုအမြစ်ဖြုတ်ရန် မှန်ကန်သောနည်းလမ်းမရှိခဲ့ကြ၍ သတ္တဝါအများသံသရာတစ်လျှောက်တွင်ချုပ်ငြိမ်းခြင်းမရှိဘဲ ဘဝအဆက်ဆက်လည်နေခဲ့ရသည်။

လူသားများ၏စိတ်သည် ဘဝတည်မြဲမှုရှိသယောင်ယောင်ဖြစ်စေရန် အဆက်မပြတ်ဖန်တီးပေးနေပါသည်၊ ထိုသည်ကို လူများကလည်း အမြဲတည်ရှိနေသောအစိုင်အခဲ၊ ထာဝရဝတ္ထုရှိသည်ဟု လူအများစုကယုံကြည်နေကြသည်၊ ထာဝရဝိညာဉ်ရှိခြင်းကိုယုံကြည်ခြင်းသည် မမြင်နိုင်သော၊ မပြိုကွဲနိုင်သောအက်တမ်(Atom) ကိုယုံကြည်ခြင်းနှင့်အလားတူပါသည်၊ ယင်းအက်တမ်ကို ပလေတိုခေတ်မှ နောက်ဆုံးပြိုကွဲခဲ့သောနှစ်ဆယ်ရာစုတိုင်အောင်အစဉ်ယုံကြည်နေခဲ့ကြပါသည်၊ မမြင်နိုင်သောအက်တမ်ကိုယုံကြည်မှုမျိုးနှင့်တူစွာ ထာဝရဝိညဉ်ရှိခြင်းကိုယုံကြည်မှုသည်လည်း အခြေအမြစ်မရှိဘဲ စိတ်ကူးယဉ်ယုံကြည်ရုံမျှသာဖြစ်သည်ကို ယနေ့သိပ္ပံပညာရှင်များက လက်ခံလာကြသည်။

ဘဝဆိုသည်မှာ အဆက်မပြတ်ပြောင်းလဲစီးဆင်းနေသောအရာတစ်ခုဖြစ်သည်၊ တည်မြဲသောအရာမဟုတ်ပါ၊ ဘဝသည် အချိန်တိုင်း ဟိုဟိုဒီဒီ ပြောင်းရွှေ့နေရအောင် အတက်အကျ၊ အနိမ့်အမြင့်များဖြစ်အောင် ပြုပြင်မှု(သင်္ခါရ)လက်အောက်တွင်ခံနေရသောအရာသာ ဖြစ်ပါသည်။

လူသားများနှင့်အရာဝတ္ထုအားလုံးတို့သည် ပြုပြင်ပြောင်းလဲနေသောသခါရလောကမှထွက်မြောက်နိုင်ကြောင်းကို နက်နက်နဲနဲသိထားသူများအဖို့ မိမိဖြစ်စေချင်သည့်အတိုင်းဖြစ်မလာသောအခါ အလိုမကျမှုများ၊ စိတ်ဖိစီးခံစားရမှုများလျော့နည်းလာနိုင်ပါသည်။

ဗုဒ္ဓဘုရားပွင့်တော်မူလာသောအခါ ဗုဒ္ဓက အစိုးမရသော (အနတ္တတရား)ကိုထုတ်ဖော်ဟောကြားခဲ့ပြီး တည်မြဲပြီးမပျောက်ပျက်နိုင်သောထာဝရဘုရားနှင့်ဝိညာဉ်ရှိသည်ဟူသောယုံကြည်မှုကိုလက်မခံဘဲဖြေရှင်းပေးခဲ့သည်။

ဗုဒ္ဓက လူသားများသံသရာမှလွတ်မြောက်စေသော(ဝါ) သေဆုံးမှုကင်းသော၊ ပြုပြင်စီရင်မှုကင်းသောဘဝကိုရောက်အောင် ကျင့်စဉ်မဂ္ဂင်(၈)ပါးကို နည်းပေးလမ်းပြညွှန်ကြားခဲ့ပါသည်။

ထိုတရားကိုကျင့်လျှင် တဏှာကုန်မည်၊ တဏှာကုန်ရာကို နိဗ္ဗာန်ဟူ၍ခေါ်ဝေါ်သတ်မှတ်ပေးခဲ့ပါသည်။

လောကလူသားများသည် ထိုမသေရာ၊ မနာရာ၊ မအိုရာ (ဝါ)ဒုက္ခခပ်သိမ်းအေးငြိမ်းရာဘဝကိုရနိုင်ရန်ဆန္ဒရှိကြရန်နှင့်ဗုဒ္ဓဟောထားသောနည်းနာအတိုင်းကျင့်ကြံအားထုတ်သွားနိုင်ကြရန်လိုအပ်ပါသည်၊ ထိုသို့အားထုတ်နိုင်ကြလျှင် ဘဝဆင်းရဲမှုမရှိသော ဤ (၃၁)ဘုံသံသရာခွင်မှလွတ်မြောက်သွားကြပါမည်။

## လူကြီးလူငယ်၏သဘာဝ

နံနက်ခင်း၏နေရောင်ခြည်သည် နူဖန်သစ်လွင်နေသလို လူငယ်တို့၏သဘာဝသည် နုပျိုသစ်လွင်နေပြီး အားအင်တွေ အပြည့်အဝရှိနေကြပါသည်၊ စွမ်းအားပြည့်လူငယ်တို့လုပ်လျှင် မည်သည့်အရာမဆိုအောင်မြင်နေမည်၊ လူငယ်တိုင်း၏ခေါင်း ပေါ်၌ မိုးကောင်းကင်ရှိနေပါသည်၊ လောကီတရားပွားစီရာမလား လောကုတ္တရာတရားတွေပွားစီရာမလား၊ မည်သည့်နယ်ပယ်မှာဘဲ လုပ်လုပ် အောင်မြင်ရမည် ခွန်အားသတ္တိတွေရှိနေတတ်ကြပါ သည်၊ အလုပ်လုပ်ကြရန်သာလိုပါသည်။

အောင်မြင်ဖြစ်ထွန်းကြမည့်မျိုးစေ့သန္ဓေများ ပိုင်ဆိုင်နေ ကြပါသည်၊ စိုက်ပျိုးဖို့ပဲလိုပါသည်၊ သို့မဟုတ်ပဲ အချိန်တွေဖြုန်း ပစ်နေကြပါက မျိုးစေ့ကောင်းတွေကိုမစိုက်ပျိုးဘဲ ပြုတ်စားပစ်နေ သူများနှင့်တူနေသူများသာဖြစ်နေပါမည်၊ ထိုလူငယ်ဘဝ ဘာမှ မလုပ်မိလျှင် နှမြောစရာအလွန်ကောင်းလှပါသည်။

ဗုဒ္ဓက ကုဋေရှစ်ဆယ်သူဌေးသား ပထမအရွယ်၊ ဒုတိယ အရွယ်၊ တတိယအရွယ် အချိန်တွေဖြုန်းပြီးသုံးဖြုန်းပျက်စီးခဲ့သ ဖြင့် နောက်ဆုံးဘဝအရောက်တွင် အတောင်ကျိုးသောကြိုးကြာ ငှက်ပမာရှိပုံကိုတင်စားဟောကြားခဲ့ပါသည်။

လူသားများ ငယ်စဉ်ဘဝအားကောင်းမောင်းသန်ဘဝများဖြစ်ကြ၍ လောကီမှာဖြစ်စေ၊ လောကုတ္တရာမှာဖြစ်စေ၊ ရဲရင့်သောအလုပ်၊ ရဲရင့်သောပါရမီများကိုကျင့်နိုင်ကြပါသည်။

သို့အတွက် ဖြူးဆရာတော် ဦးနရပတိက သူ၏တရား၌-

- နုနယ်ပျိုခိုက်၊ တရားလိုက်ပါ
- အားခွန်ဗလ၊ ပြည့်ဝသူသာ
- မြတ်တရား၊ ရပြားလွယ်ကူစွာ

ဟူ၍ ဟောကြားလမ်းညွှန်ထားပါသည်။

လူငယ်များ၏ဘဝသည် အဖိုးတန်လှပါသည်၊ အဖိုးတန်ကို အမျိုးမှန်ကျင့်စဉ်နှင့်ကျင့်သွားရန်လိုအပ်လှပါသည်။

လူကြီး၏ဘဝကို ညနေဆည်းဆာအရောင်ဟုသတ်မှတ်ကြပါသည်၊ ညနေဆည်းဆာအရောင်ကလည်း တောက်ပဆဲ၊ သူနည်းသူ့ဟန်နှင့်လှဆဲဖြစ်သည် ဟုဆိုပါသည်၊ တက်သစ်စနေဝင်းလောက်အားမန်မရှိတော့သော်လည်း သူ၏အလှသည်လည်း တည်ငြိမ်သည်၊ အေးမြသည်၊ တက်သစ်စကဲ့သို့ မာန်မရှိ၍ ညနေဆည်းဆာနေသည် နူးညံ့သည်၊ သိမ်မွေ့ပါသည်၊ အလင်းရောင်ကိုကြည့်ရသည်ကပင် မစူးရှ၊ မပူ အေးချမ်းတည်ငြိမ်လှပါသည်။

အသက်ကြီးသောသူများ၏ဘဝကိုကြည့်လျှင်-

- အတွေ့အကြုံများစုံလင်နေကြပြီး

- လောကဓံလှိုင်းတံပိုးရိုက်ခတ်မှုဒဏ်အမျိုးမျိုးကိုခံခဲ့ကြရပြီး
- လောဘ၊ ဒေါသ၊ မာန၊ ကုက္ကုစ္စ၊ မစ္ဆရိယတွေအားနည်းသွားလေပြီး၏
- အရာရာတွင် သံဝေဂအမြင်၊ သခ်ါရအမြင် အားကောင်းလေပြီး မမြဲခြင်းအနိစ္စဆိုသည်ကို ပြတ်ပြတ်ထင်မြင်တတ်လေပြီး
- ငါပိုင်၊ ငါဆိုင်မဟုတ်၊ သူ့သဘောသူဆောင်ဖြစ်ပျက်နေကြပါကလား ဟုတွေးတတ်ပြီး ဒုက္ခသစ္စာတရားနှင့်နီးစပ်နေကြလေပြီး

ယင်းတို့သည် အဖိုးမဖြတ်နိုင်သောဘဝကံပေးလိုက်သော ခန္ဓာကပြလိုက်သော တန်ဖိုးများပင်ဖြစ်ပါသည်၊ ခန္ဓာကိုယ်အင်အားချည့်နဲ့နေသော်လည်း စိတ်အင်အားကမချည့်နဲ့ကြပေ။

လူကြီးဘဝသဘာဝ၊ လူငယ်ဘဝလောက်လုပ်နိုင်ကိုင်နိုင်စွမ်းမရှိသည်ကမှန်ပါသော်လည်း ခန္ဓာကိုယ်သာအနာခံမည်၊ စိတ်ကအနာမခံလေသမျှ ကိုယ်ခန္ဓာသာချည်နဲ့နေမည်၊ စိတ်အင်အားများတည်ငြိမ်ကြံ့ခိုင်နေသမျှ ငါမအိုသေး ဟုကြုံးဝါးနိုင်ပါသည်။

ခန္ဓာကိုယ်အိုမင်းရင့်ရော်ဆွေးမြည့်သွားသည့်အခါ လုပ်နိုင်စွမ်းများလျော့နည်းသည်မှာ ဓမ္မတာတရားသာဖြစ်ပါသည်၊ မလွဲမရှောင်သာသော အိုခြင်းတရားသာဖြစ်ပါသည်။

အိုခြင်းဆိုသော ဇရာတရား ဖိစီးလာ၍ စိတ်သွားတိုင်း ကိုယ်မပါတော့သောအခါ လူငယ်များ၏တောက်ပသောဘဝများ ကိုပြန်လည်အောက်မေ့တတ်သော်လည်း လူငယ်ဘဝလောက် မလုပ်နိုင်တော့သည်မှာအမှန်ပင်ဖြစ်သည်။

ကရားထိုင်လျှင်လည်း လူငယ်တွေလောက်မထိုင်နိုင် တော့ပါ၊ ဉာဏ်ကလည်း လူငယ်ဘဝလိုမထက်မြက်တော့ပါ၊ မေး ရိုက်အာဝဲအရွယ်သို့ရောက်လျှင် ပိုဆိုးပါမည်။

တစ်ချို့ဆိုလျှင်အိပ်ရာထဲမှာ ပက်လက်ဖြစ်နေသော လူအိုနာတာရှည်များဖြစ်နေကြပါပြီ၊ အချို့ဆိုလျှင် သားမမှတ်မိ၊ မယားမမှတ်မိ၊ သတိများချွတ်ယွင်းနေသောအဘိုးကြီး၊ အဘွား ကြီးဖြစ်နေကြပါသည်၊ သက်ကြီးရွယ်အိုများအဖို့ ပြင်းပြင်းထန် ထန်မည်သည့်အရာမျှမလုပ်နိုင်တော့ဘဲ နှလုံးသွင်းနိုင်ရုံလောက် သာစွမ်းနိုင်ပါတော့သည်။

အသက်အရွယ်ကြီးလာပြီဆိုလျှင် အိုမင်းဆွေးမြေ့ခြင်း ဆိုသောဇရာကိုကြုံရပြီး နာခြင်းဆိုသောဗျာဓိနှင့်ရင်ဆိုင်ရပြီး စိတ်သွားတိုင်းကိုယ်မပါကြလေတော့၊ စိတ်အလုပ်ဖြစ်သောတရား ဘာဝနာပွားများခြင်းအလုပ်သာ လုပ်နိုင်ပါတော့သည်။

ထိုတရားဘာဝနာအလုပ်အားထုတ်ရာတွင်ပင်လျှင် ဣရိ ယာပုထ်(၄)ပါးတို့တွင်တည်ငြိမ်သောသမာဓိကိုမတည်ဆောက် နိုင်ချင်တော့၊ လူငယ်များကိုတည်တည်ငြိမ်ငြိမ်အချိန်ကြာကြာ

မထိုင်နိုင်၊ ကြရိယာပုတ်မကြာခဏပြောင်းနေရသည်ဆိုလျှင်ပင် စိတ်တည်ငြိမ်မှုမည်သို့ရနိုင်မည်နည်း၊ အမှတ်တရားမပျက်မှုသာ တန်ရာကျပါမည်။

အမှန်တွင် ဤလူ့အို လူ့နာဘဝတွင် စိတ်ကိုသာအာရုံပြု ဂရုစိုက်ရပါမည်၊ ခန္ဓာကိုယ်ဆိုသည်ကို ငဲ့ကွက်ရန်မလိုတော့ပါ။

## ရုပ်နာမ်သဘာဝ အသိသတိရှိပါမှ

ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုကျူးလွန်မှုမှန်သမျှသည် စိတ်၏စေ့ဆော်တိုက်တွန်းခိုင်းစေချက်များကြောင့်ပေါ်ထွက်လာရခြင်းဖြစ်ပါသည်၊ စိတ်၏စေ့ဆော်တိုက်တွန်းမှုဟူသည်မှာ စေတနာကိုပင်ခေါ်ခြင်းဖြစ်ပါသည်၊ စေတနာ ဟံ ကမ္မံ ဝဒါမိ ဘိက္ခဝေ ဟုဟောထားသည့်အတိုင်း စေတနာသည်ပင်လျှင် ကံ(အလုပ်) ဖြစ်နေပါသည်။

ရလာသောဘဝခန္ဓာကိုယ်ကြီးသည် ဖြစ်ပြီးလျှင်ပျက်ရသည်သဘောဖြစ်ပါသည်၊ တစ်ဘဝပြီးလျှင် တစ်ခန္ဓာပြီးပါသည်၊ ခန္ဓာအသစ်တစ်ခုတွင် ကံသတ္တိအရှိန်အဝါကလိုက်လာပြီး ပဋိသန္ဓေတည်ပါမည်၊ ထိုအပဋိသန္ဓေစိတ်သည် ကံရုပ်၊ စိတ်ရုပ်သာလျှင်ဖြစ်ပါသည်။

စေတနာဟူသောကံသည် နိဗ္ဗာန်ရောက်သည့်တိုင်အောင် အစွမ်းသတ္တိအဆက်မပြတ်ရှိနေပါသည်၊ ကံ(အလုပ်)ဆိုသည့် အကြောင်းရှိလေသမျှ ကမ္မဖလဆိုသောကံ၏အကျိုး(အလုပ်)၏ သည်ရှိနေမည်သာဖြစ်သည်။

ထို့ကြောင့် လူ့အိုဘဝရောက်နေကြသူများသည်-

- ကံကိုသာလျှင် ဂရုစိုက်ကြရပါမည်
- စေတနာကိုသာအလေးထားရပါမည်
- အရှုးအနှမ်းလိုဖြစ်နေသောစိတ်ကိုသာလျှင် ကြည့်ရှု ထိန်းသိမ်းစောင့်ရှောက်ရပါမည်

ထိုစိတ်ကိုဖြူစင်သန့်ရှင်းအောင်၊ စင်ကြယ်အောင်အား ထုတ်ရမည့်အလုပ်သည် တရားမှတ်ခြင်းအလုပ်ပင်ဖြစ်ပါသည်၊ ထိုအလုပ်ကိုသက်ကြီးရွယ်အိုများလုပ်နိုင်ကြပါသည်။

လူကြီးဘဝ၊ ဇရာအိုဘဝရောက်နေကြသော လူကြီး လူအိုများသည် သတိတရားကိုလက်ကိုင်ထားပြီး သမထ၊ ဝိပဿနာတရားကို ရှုမှတ်ပွားများပြီး ဘဝနိဂုံးချုပ်နိုင်ကြရန် ကြိုးစားကြရပါမည်။

တရားထိုင်သည်ဆိုသည်မှာ တရားရိပ်သာသွားပြီး ပင်ပင်ပန်းပန်းနှင့်သွားနေထိုင်နေရန်မလိုပါ၊ အချိန်မရွေး၊ နေရာမရွေး၊ ဣရိယာပုထ်မရွေး မမေ့နိုင်သောသတိနှင့် စက္ကန့်မလပ် ရှုမှတ်နှလုံးသွင်းနေရန်ပင်ဖြစ်ပါသည်။

မိမိတို့ဘဝ၏ရင်ထဲကနှလုံးသားလေးသည် မွေးကတည်းက အလုပ်များလုပ်လာရပြီး မည်သည့်အခါမျှရပ်နားခြင်းဆိုတာ မရှိပါ၊ သေမှပဲနားရတော့မည့်အလုပ်မျိုးဖြစ်ပါသည်၊ နှလုံးသားလေးသည် စက္ကန့်မပြတ်အလုပ်မျိုးဖြစ်၍ အားချိန်၊ နားချိန်မရှိပါ။

ရင်တွင်းကနှလုံးသားလေးသည် အလုပ်များကိုလုပ်ပြနေပါသည်၊ သူကဲ့သို့သတိမလွတ် အလုပ်လုပ်နေကြဖို့ပြောပြနေပါသည်၊ သူ့ကို နမူနာယူဖို့လမ်းပြပေးနေပါသည်၊ သူ့အလုပ်မလုပ်တော့ဘူးဆိုက နှလုံးခုန်ရပ်ပြီး သေပြီဖြစ်ပါသည်။

နာရီသံချက်ချက်ည်၊ နာရီသံလေးတစ်ချက်ချက်မြည်နေပါမှ အချိန်ကိုအတိအကျအမှန်ညွှန်ပြနေပါမည်၊ တစ်ချက်ချက်မြည်သံရပ်သွားသည်နှင့်တစ်ပြိုင်နက်တည်း နာရီအလုပ်မလုပ်တော့၍ နာရီပျက်ပြီး လွှင့်ပစ်ရန်သာရှိသည်၊ ရင်ထဲကနှလုံးသားကလေးရပ်တန့်သွားသည်နှင့်လူသားကိုလည်း သင်္ချိုင်းသို့ပို့ပစ်ရပါတော့သည်။

လူသားသည်အလုပ်မလုပ်တော့ဘူးဟုဆိုလျှင် ရှင်လျက်နှင့်သေပြီးသဘောသက်ရောက်သွားရပါတော့သည်။

ထို့ကြောင့် ဗုဒ္ဓက-

"အပ္ပမာဒေါ အမတံ ပဒံ

ပမာဒေါ မစ္စုနောပဒံ "

"မမေ့မလျော့သောသတိတရားနှင့်နေခြင်းသည် မသေခြင်း၏အကြောင်း၊ မေ့မေ့လျော့လျော့နေခြင်းသည် သေခြင်း၏အကြောင်းတည်း"

ဟု ဟောကြားထားပါသည်။

ထို့ကြောင့် နှလုံးသားလေးလိုမရပ်မနားသတိတရားနှင့် အဆက်မပြတ်အလုပ်လုပ်နေကြရန်လိုအပ်ပါသည်။

လောကသဘာဝတွင် လူသားတို့အား အလုပ် ဆိုသည် (၂)မျိုးရှိနေပါသည်-

(၁) အနားယူရသောအလုပ်မျိုး

(၂) အနားမယူရသောအလုပ်မျိုး တို့ဖြစ်ကြပါသည်။

လောကသဘာဝ ယနေ့လူသားတို့နားလည်နေကြသော အလုပ်မျိုးက အနားယူရသောအလုပ်မျိုးများဖြစ်ကြပါသည်။

"အလုပ်လုပ်ပြီးလျှင် အနားယူမှဖြစ်မယ်၊ အပန်းဖြေမှရမယ်၊ အလုပ်လုပ်လျှင် နားရမှာပေါ့၊ မနားဘဲလုပ်လျှင် သေသွားမှာပေါ့၊ အလုပ်ရဲ့သဘာဝကိုကနားမှ၊ အလုပ်လုပ်တယ်ဆိုကတည်းက အင်အားတွေ၊ ခွန်အားတွေသုံးလိုက်ရ၍ကုန်သွားသော အင်အားတွေ၊ ခွန်အားတွေပြန်ဖြည့်ရမယ်၊ ပင်ပန်းနွမ်းနယ်မှုတွေ အတွက် အနားယူရမယ်၊ စားသောက်ရမယ်၊ အိပ်စက်အနားယူရမယ်"

ဤစကားသည် သမုတိသစ္စာနယ်ပယ်တွင် မည်သို့မျှ ငြင်းစရာမရှိ၊ မှန်နေပါသည်။

လောကလူသားများအတွက် စား၊ ဝတ်၊ နေရေးအတွက် လော်ကီအလုပ်များသည် လွန်စွာရှုပ်ထွေးလှပါသည်။

"အလုပ်တွေရှုပ်လွန်း၍ စိတ်တွေမွန်းကျပ်ညစ်ထေးနေသည်၊ ပြဿနာများက အထပ်ထပ်အရစ်ရစ် ဖြေရှင်း၍ပင်မနိုင်တော့၊ ဦးနှောက်အလွန်စားသွားသည့်အပြောများသည် အမယ်ဘုတ်၏သူချည်ငင်လို ရှေ့ကရှင်း နောက်ကရှုပ်ဖြစ်နေကြသည်မှာ လောကီအလုပ်များ၏သဘာဝပင်ဖြစ်ပါသည်။

လောကီအပျော်များဆိုသည်မှာလည်း ခဏာယာယီသာခံပါသည်၊ အဿာဒ၊ အာဒီနဝများနှင့်လည်ထွက်နေပါသည်။

အမျှော်ကိုရှာသည်၊ ခဏတော့ပျော်ပါမည်၊ နောက်ငြီးငွေ့သွားမည်၊ နောက်ထပ်အပျော်အသစ်ကလေးရှာမည်၊ ထပ်၍ငြီးငွေ့မည်၊ တစ်ဖန် အသစ်ရှာမည်၊ သံသရာမဆုံးတော့ပါ။

သို့အတွက် လူသားများအတွက် အလုပ်ဆိုသည်မှာ မရှုပ်ရပါ၊ ရှင်းနေရပါမည်၊ ဗုဒ္ဓက မင်္ဂလာတရားတော်၌-

"အနာကုလာစကမ္မန္တာ"

"မရှုပ်ထွေးအောင် ရှင်းရှင်းကလေးလုပ်လုပ်ခြင်းသည် မင်္ဂလာမည်၏"

ဟူ၍ ဟောကြားထားခဲ့ပါသည်။

တရားဘာဝနာများကို အဆက်မပြတ်လုပ်ခြင်းသည် အလုပ်ရှုပ်ခြင်းမဟုတ်ပါ၊ အလုပ်များသည်ဟူ၍တော့ခေါ်နိုင်ပါသည်၊ သို့အတွက် တရားအလုပ်၌အလုပ်ရှုပ်သည်မရှိ၊ အလုပ်များတာဘဲရှိပါမည်။

လူသား၏နှလုံးသားကလေးသည် မွေးကတည်းက အဆက်မပြတ်အလုပ်လုပ်လာခဲ့ရာ သေသောအခါမှာ အနားရပါသည်၊ နှလုံးသားကလေးအလုပ်လုပ်သကဲ့သို့ တရားရှုမှတ်ပွားများနေရမည့်အလုပ်ကလည်း အမြဲလုပ်နေရမည့်အလုပ်ဖြစ်ပါသည်၊ ထိုအလုပ်များအမြဲလုပ်နေရပြီဆိုက မည်သည့်အခါမျှ အားတော့မည်မဟုတ်ပါ၊ နားရတော့မည်မဟုတ်ပါ။

ထို့ကြောင့် အနားမယူသောအလုပ်ဆိုသည်မှာ နှလုံးသားကလေးအလုပ်လုပ်နေသလို တရားဘာဝနာမပြတ်ရှုမှတ်ပွားများနေသောအလုပ်ကိုခေါ်ရပါသည်။

နားလိုက်သည်နှင့်တစ်ချက်သတိလွတ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ကိလေသာများကြားခိုဝင်သွားပါမည်။

သို့အတွက် ဗုဒ္ဓက မမေ့မလျော့သော သတိတရားရှိကြပါဟု နောက်ဆုံးပရိနိဗ္ဗာန်စံဝင်ကာနီးအထိ မှာကြားသွားပါသည်။

ဗုဒ္ဓသည် တစ်နေ့(၂၄)နာရီတွင် တစ်နာရီခွဲသာကျိန်းစက်ပြီး (၄၅)ဝါလုံး အချိန်ဇယားအပြည့် မနားတမ်းအလုပ် လုပ်သွားခဲ့ပါသည်။

တရားဟောစဉ်မှာပင် တရားတစ်ပိုဒ်နှင့်တစ်ပိုဒ်အကြား ကွက်လပ်အချိန်မထား သမာပတ်ဝင်စားတော်မူခဲ့ပါသည်၊ တစ်မိုးသောက်သည်နှင့်ကျွတ်ထိုက်သောပုဂ္ဂိုလ်များကိုကြည့်ရှုပြီး ထိုပုဂ္ဂိုလ်ထံအရောက်သွားကာ ချေချွတ်ပေးခဲ့ပြီး မြင့်မြတ်သောအဆင့်သို့ရောက်စေခဲ့ပါသည်။

နေ့အခါနှင့်ညဦးယံအခါ လူများကိုတရားဟောပြီး သန်းကောက်ယံအချိန်၌ နတ်ပြဟ္မာများကိုတရားဟောခဲ့ပါသည်၊ (၄၅)ဝါပတ်လုံး သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ဓမ္မက္ခန္ဓာပေါင်း (၈၄၀၀၀)တို့ကို ဟောပြောပြနိုင်ခဲ့ပါသည်။

ဗုဒ္ဓသည် ဤလောကတွင်အလုပ်လုပ်နိုင်ဆုံးသော ယောက်ျားမြတ်စွာဘုရားတစ်ပါးဖြစ်ပါသည်၊ ပရိနိဗ္ဗာန်စံဝင်ကာနီးမှာပင် ပင်ပန်းကြီးစွာကုသိနာရုံအရောက်သွားပြီး ရောဂါဝေဒနာပြင်းစွာခံစားနေရသည့်ကြားကပင် ပရိဗိုဇ်သုဘဒ်ကို ရဟန္တာဖြစ်အောင် တရားဟောပေးခဲ့ပါသည်။

ဗုဒ္ဓသည် ယထာဝါဒီတထာကာရီ ပြောသလိုလုပ်ပြီး လုပ်သလိုပြောခဲ့ပါသည်၊ ဗုဒ္ဓ၏တရားများကလည်း ပထမသိအောင်လုပ်(ပရိယတ္တိ)၊ နောက်လက်တွေ့အလုပ်လုပ်(ပဋိပတ္တိ) များဖြစ်ပါသည်၊ ထိုသို့လုပ်မှ ထိုအကျင့်အကျိုး(ပဋိဝေဓ)ကို ခံစားကြရမည်ဖြစ်ပါသည်။

လူ့သဘာဝရှိ ရုပ်နာမ်တရားတို့သည် လက်ဖျစ်တစ်တွက် အတွင်း ကုဋေသိန်းနှင့်ချီ၍ဖြစ်ပျက်ပြောင်းလဲနေပါသည်။

မိမိသည် ရှေ့ကဖြစ်ပျက်သွားသည်လေးများကို နောက်ကအသိလိုက်ပေးနေရန်လိုနေပါသည်၊ အသိစိတ်ကလေးက အမြဲတမ်းအဆက်မပြတ်လိုက်ပေးနေရပါမည်။

ဤဖြစ်ပျက်မှုကို အသိ၊ သတိရှိသောလုပ်ငန်းခွင်မှာ အမြဲတမ်းအလုပ်စခန်းဝင်နေဖို့လိုပါသည်၊ သတိလက်မလွတ်ရ၊ မမေ့မလျော့ရ။

စိတ်၏သဘောသည်လွတ်ထားလျှင် မကောင်းသော အာရုံ၌သာမွေ့လျော်ကျက်စားတတ်သောသဘောရှိနေပါသည်၊ စိတ်သည် အလွန်ဝေးကွာသောအာရုံများဆီသို့လည်း ပြေးသွားတတ်ပါသည်၊ ထိုစိတ်ကိုယဉ်ကျေးသိမ်မွေ့အောင်ဆုံးမနိုင်မှ စိတ်ကြည်လင်ချမ်းမြေ့မှုများကိုရနိုင်ပါမည်။

စိတ်အေးငြိမ်းချမ်းသာဖို့ဆိုလျှင် ထိုစိတ်ကလေးကို အလွတ်မပေးဘဲအမြဲစောင့်ကြည့်ထိန်းသိမ်းဖို့လိုပါသည်၊ ထိုစိတ်ကလေး မတိမ်းမစောင်းရလေအောင် စောင့်ကြည့်ထိန်းသိမ်းဖို့ ဆိုလျှင် မိမိတို့သည် အမြဲမပြတ်ရှုမှတ်ပွားများခြင်းအလုပ်ကို ဆက်တိုက်လုပ်နေရပါမည်၊ သတိလက်လွတ်မဖြစ်စေရပါ၊ အမြဲတမ်းလုပ်ငန်းခွင်ဝင်နေရပါမည်။

မိမိအလုပ်ခွင်နားလိုက်သည်နှင့်တစ်ပြိုက်နက်တည်း စိတ်ကလေးက သူပျော်မွေ့ရာမာယာတောကမ္ဘာသို့ ခုန်ပေါက်ပြေးသွားပါလိမ့်မည်၊ ထိုအခါ မိမိတို့သည် ကိလေသာနွံအညစ်မှာ ကျွံနစ်ရင်း ကျွံနစ်ရင်း မဆုံးနိုင်သောဆင်းရဲသံသရာက မည်သို့မျှရုန်းထွက်နိုင်တော့မည်မဟုတ်ပါ။

သို့အတွက် လူသားများသည် နှလုံးသားကလေး အလုပ်လုပ်သည့်နမူနာကိုစံထား၍ မိမိ၏ဘဝငြိမ်းချမ်းရေး၊ ချမ်းသာရေး အဆင့်မြင့်ရေး၊ သံသရာဝဋ်ဆင်းရဲဒုက္ခမှလွတ်မြောက်ရေးတို့အတွက် မမေ့မလျော့သောသတိဖြင့် တရားကိုရှုမှတ်ပွားများနေပါ။

ရှေးကဖြစ်ပျက်၊ နောက်ကမဂ်အသိကလေး ကပ်လိုက်နေသော် ကိလေသာအညစ်အကြေးတို့ကင်းစင်ဝေးပြီး ငြိမ်းအေးသောဘဝလွတ်မြောက်မှုချမ်းသာကို ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြုနိုင်ကြပါလိမ့်မည်။

## သင်သည် ကြောက်တတ်သူလော မကြောက်တတ်သူလော

“တဿဝါထာဝရဝနဝသေသာ”

“ကြောက်တတ်၊ မကြောက်တတ်၊ နှစ်ရပ်များစွာ သတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေ”

မေတ္တာသုတ်တွင် ဗုဒ္ဓက ကြောက်တတ်သောသတ္တဝါ၊ မကြောက်တတ်သောသတ္တဝါများကို မေတ္တာပို့ရန်လမ်းညွှန်ဟောကြားထားခဲ့ပါသည်။

ဤသည်ကိုကြည့်လျှင် ဤလောကရှိလူသားတို့၏သန္တာန်၌ ကြောက်ခြင်းတရားနှင့်မကြောက်ခြင်းတရားများ ခိုအောင်းလျက်ရှိနေသည်ဟုသိရပါမည်။

သတ္တဝါများ၌ ကြောက်တတ်၊ မကြောက်တတ်တရားများသည် ကြိုတင်လေ့ကျင့်ထားခြင်းရှိသောအရာမဟုတ်ပါ၊ လက်ငင်းကြုံတွေ့ရသောမျက်မှောက်ပစ္စက္ခအခြေအနေတွင် ဖြစ်ပေါ်ကြုံတွေ့ရလေ့ရှိသည့်ခံစားမှုကြောင့်ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ကြောက်ခြင်းနှင့်မကြောက်ခြင်းတို့သည် ယှဉ်တွဲလျက်ရှိနေရာမှ ကာလဒေသ၊ အခြေအနေကိုမူတည်၍ ရုတ်တရက်ခွဲခွာသောအခိပ္ပာယ်ကိုဖော်ဆောင်တတ်ပါသည်၊ ထို့ပြင် မှီတည်ရာသတ္တဝါတို့၏ဓလေ့စရိုက်အလေ့အကျင့်များပေါ်တွင်လည်း အခြေခံ၍ဖြစ်ပေါ်တတ်ကြပါသည်။

သဘာဝနိယာမအားဖြင့် ပုဂ္ဂိုလ်သတ္တဝါတိုင်းသည်-

-မိမိလက်ခန္ဓာကြီးမားသူများ

-ခွန်အားကြီးသူများ

-စဉ်းစားဆင်ခြင်မပြုဘဲ မိုက်မဲစွာထင်ရာစိုင်းလုပ်ကိုင် ဆောင်ရွက်လေ့ရှိသူများ

-အဆိပ်ရှိသူများ

-မမြင်အပ်၊ မမြင်နိုင်သောနာနာဘာဝများ၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များစသည်များ

ဤပုဂ္ဂိုလ်များကို တစ်နည်းနည်းတစ်ဖုံဖုံဖြင့်နားလည်ရန် ခက်ခဲစွာဖြင့် စိုးရွံ့ကြောက်လန့်တတ်ကြပါသည်။

မိမိကိုယ်တိုင်သာမက မိမိနှင့်ယှဉ်တွဲမှီတည်ရာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွက်ပါ ပူပန်စိုးရွံ့ ကြောက်တတ်ကြပါသည်။

အခြေအနေတစ်ရပ်ရပ်အပေါ်တွင် အန္တရာယ်နှင့်ကြုံတွေ့လာခြင်းအခက်အခဲပြဿနာများနှင့်ကြုံတွေ့ခြင်းစသည်တို့နှင့်ကိုယ်တိုင်တွေ့ကြုံလာရသောအခါ တုန်လှုပ်ခြောက်ခြားပြီး စဉ်းစားဆင်ခြင်မှုကင်းမဲ့ ဝေဖန်ပိုင်းခြားမှုမရှိ လက်လျှော့အရှုံးပေးတတ်ခြင်းများကို ကြောက်တတ်သူများ၊ သတ္တိမရှိသူများ ဟု အများက ယေဘုယျသတ်မှတ်လေ့ရှိကြပါသည်။

ထိုကဲ့သို့သော အန္တရာယ်ပြဿနာများရင်ဆိုင်တွေ့ကြုံလာသောအခါ ကြံ့ကြံ့ခိုင်ခိုင် မတုန်မလှုပ်သောစိတ်ဓာတ်ဖြင့် မှန်မှန်ကန်ကန်ရဲရင့်စွာစွန့်စားလုပ်ကိုင်ဖြေရှင်းဆောင်ရွက်တတ်

သူ၊ သတိရှိစွာဆောင်ရွက်တတ်သူများကို မကြောက်တတ်သူ ဟူ၍ အများကလက်ခံထားကြပါသည်။

ထိုသို့မကြောက်တတ်ရန်မှာလည်း လေ့ကျင့်ပြုစုပျိုး ထောင်ထားမှသာလျှင် ရရှိနိုင်မည့်စွမ်းအားတစ်ရပ်ဖြစ်ပါသည်။

ကြောက်တတ်သူများကို သင့်လျော်သောအခြေအနေ များနှင့် ကြုံဆုံလာသောကိစ္စရပ်များပေါ်တွင်မူတည်၍ ရှင်းလင်း အားပေးကူညီခြင်း၊ ဖေးမကူညီခြင်းဖြင့် မကြောက်တတ်သော စွမ်းအားများရရှိလာအောင် ဆောင်ရွက်ပေးနိုင်တတ်ရပါမည်။

ဥပမာအားဖြင့်

-ရေမကူးတတ်သူ၊ ရေကြောက်သူကို ရေကူးသင်ပေး ခြင်း

-ပညာရပ်ဆိုင်ရာကြောက်နေသူကို ရင်းနှီးကျွမ်းဝင် အောင် ကူညီသင်ပေးခြင်း

-စိတ်အားငယ်ကြောက်တတ်သူကို စိတ်အားမြင့်မားလာ အောင် လမ်းပြညွှန်ကြားပေးခြင်း

စသည်ဖြင့် ကြောက်ရွံ့ခြင်းနှင့်မှီယှဉ်ရာသက်ရှိသက်မဲ့ဒြပ်ဝတ္ထု အခြေအနေတို့ဖြင့်ယှဉ်ပါး ရင်းနှီးကျွမ်းဝင်လာအောင်လုပ်ပေး ခြင်းဖြင့် ကြောက်ရွံ့မှုကင်းလာအောင် ပြုစုပျိုးထောင်ပေးရပါ သည်။

လူသားများသည် မည်သို့သောအခြေအနေ၊ အချိန်အခါများတွင် ကြောက်သင့် ကြောက်တတ်ရမည်ကိုလည်းကောင်း၊ မကြောက်သင့်-မကြောက်ရမည်ကိုလည်းကောင်း နားလည်သဘောပေါက်ထားကြရပါမည်။

မိမိနှင့်မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွက် စိုးရိမ်ပူပန်ကြောက်လန့်ခြင်းသည်ကား မှန်ကန်သောကြောက်တတ်ခြင်းမျိုးမဟုတ်ပါ။ ကြောက်လေ့ကြောက်ထရှိသောအလေ့အထပင်ဖြစ်ပါသည်၊ စိတ်ဓာတ်အင်အားချို့တဲ့နည်းပါး၍ ကြောက်လေ့ကြောက်ထရှိခြင်းသည်ကား အမှန်ကြောက်တတ်ခြင်းမဟုတ်ပါ။

ကြောက်သင့်- ကြောက်ထိုက်သောအကြောင်းကိုကောင်းစွာသဘောပေါက်သိရှိပြီးကြောက်ခြင်းသည်သာလျှင်ကြောက်ခြင်းအစစ်ဖြစ်ပါသည်။

မိမိ၏ခန္ဓာကိုယ်ဖွဲ့စည်းပုံ၊ အားခွန်ဗလရှိပုံ၊ ကာယ၊ ဉာဏ၊ ဥစ္စာဓန၊ အသိုင်းအဝိုင်းတောင့်တင်းခိုင်မာပြည့်စုံမှုတို့ကြောင့် ဝေဖန်ပိုင်းခြား တွေးခေါ်မြော်မြင်စဉ်းစားဆင်ခြင်သုံးသပ်ခြင်းမပြုဘဲ မိမိဆန္ဒဦးစီးရာလုပ်ကိုင်ဆောင်ရွက်ခြင်းမျိုးကား မကြောက်တတ်ခြင်းမဟုတ်ပေ၊ မကြောက်ခြင်း၊ ကြောက်လေ့မရှိခြင်းသာဖြစ်ပါသည်။

ဗုဒ္ဓကမူ ကံဟူသောပြုလုပ်မှုအကျိုးအပေါ် မူတည်၍ ကြောက်ခြင်း၊ မကြောက်ခြင်းကိုနည်းပေးလမ်းပြထားပါသည်။

ကောင်းမှုကံကြောင့် ကောင်းကျိုးရခြင်းနှင့်မကောင်းမှုကံကြောင့် မကောင်းကျိုးရတတ်ခြင်းတို့ကို ထင်ရှားစွာဟောကြားထားပါသည်။

-မိမိသက်တမ်းတစ်လျှောက်ကောင်းမှုပြုလုပ်ရန် မတွန့်မဆုတ်ရဲဝံ့ခြင်းကိုမကြောက်တတ်ခြင်း

-မကောင်းမှုပြုလုပ်ရန် မဝံ့ခြင်းကိုကြောက်တတ်ခြင်း

ဤကြောက်တတ်ခြင်း၊ မကြောက်တတ်ခြင်းတို့သည် ယခုလက်ရှိ ပစ္စုပ္ပန်ဘဝအတွက်လည်းကောင်း၊ နောက်နောင်အနာဂါတ်ဘဝအတွက်လည်းကောင်း ကောင်းကျိုး-မကောင်းကျိုးတို့ကိုဖော်ဆောင်ပေးနိုင်သည်ဟုဟောကြားခဲ့ပါသည်။

ဘဝဆက်တိုင်းတွင်လည်း ကောင်းဆိုးနှစ်တန်သောအကျိုးတရားများကို ရင်ဆိုင်တွေ့ကြုံနေရဦးမည်ဖြစ်သောကြောင့် သူတော်ကောင်းများသည် ဘဝသစ်ရရန်ကြောက်တတ်ကြသဖြင့် ဘဝပြတ်ရန် နိဗ္ဗာန်မျက်မှောက်ပြုနိုင်ရေးအတွက် ကျင့်ကြံကြိုးကုတ်အားထုတ်သွားခဲ့ကြပါသည်။

ဘဝပြတ်ရေးအတွက် ပါရမီနည်းသေးသည်ထင်ကြပါက လက်ရှိဘဝကိုစဉ်းစားကြည့်ကြပါလျှင် ပုဂ္ဂိုလ်သတ္တဝါတိုင်းသည် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဟူသောလမ်းခရီးမပေါ်တွင် လျှောက်လှမ်းနေကြသူများပင်ဖြစ်ကြသည်။

ဘဝသစ်ပဋိသန္ဓေနေသည်မှစ၍ ဆင်းရဲ၊ ချမ်းသာ၊ ဆူးကြုံ-နိမ့်-မြင့်၊ သုခ-ဒုက္ခ၊ သော်ကာ၊ ပရိဒေဝတို့ဖြင့်လွှမ်းသော လောကဓံအခြေအနေတို့ကိုဖြတ်သန်း၍သေဆုံးခြင်း(မရဏ)ခရီးသို့နည်းလမ်းအသွယ်သွယ်ဖြင့်လျှောက်လှမ်းနေကြရသူများဖြစ်၍ တကယ်ကြောက်ရဆုံးအကြောက်သင့်ဆုံးသည်ကား အို-နာ သေဘေးကြီးပင်ဖြစ်ကြပါသည်။

ပုဂ္ဂိုလ်သတ္တဝါတိုင်းတို့သည် ဤအို-နာ-သေဘေးသုံးပါးကိုကြောက်ကြသော်လည်းရှောင်လွှဲ၍မရနိုင်ကြပါ၊ မအိုသေးသည့်တိုင် နာနေရပါသည်၊ နာမှုကိုလည်းသတ္တဝါတိုင်းကြောက်ရွံ့ကြပါသည်။

အနာဆုံးအချိန်သည်ကား သေရမည့်အချိန်သာဖြစ်ပါသည်၊ သေလောက်အောင်နာ၍သာ သေကြရသည်ဖြစ်၍ သေလောက်အောင်ဖြစ်သောနာချိန်၊ အနာတကာ့အနာဆုံးအချိန်သည် အမှန်ပင်အကြောက်ရဆုံးအချိန်ဖြစ်ပါသည်။

ထိုအနာဆုံးအချိန်သည် မသတ်မှတ်ထား၊ မချိန်းထား မတိုင်းတာထား၊ မမျှော်လင့်၊ မခန့်မှန်းနိုင်သောအချိန်တစ်ချိန်တွင် ကြုံတွေ့နိုင်သဖြင့် ယင်းအချိန်ကျရောက်လာပါက မကြောက်ကြရလေအောင် ယင်းအချိန်ကျရောက်လာသော်လည်း မကြောက်တတ်လေအောင် မိမိ မည်ကဲ့သို့ပြုလုပ်ဆောင်ရွက်ကျင့်ထားသင့်သည်ကို အသိ၊ သတိရှိနေကြရပါမည်။

ဗုဒ္ဓကမူ ပစ္စုပ္ပန်သံသရာအကျိုးစီးပွားအတွက် လမ်းကြောင်းမှန်တရားဖြစ်သည့်-

-မကောင်းမှုရှောင် (သဗ္ဗပါပဿ အကရဏံ)

-ကောင်းမှုဆောင် (ကုသလဿုပ သမ္ပဒါ)

-ဖြူအောင်စိတ်ကိုထား (သစိတ္တပရိယောဒါပနံ)

ရွေးချယ်လေ့ကျင့်ထားရန် အတိုချုပ်ဟောကြားလမ်းညွှန်ထားပေးခဲ့ပါသည်။

ဗုဒ္ဓ၏ သမထ ဝိပဿနာကျင့်စဉ်များသည်က သေကာနီးမကြောက်သောနည်း၊ အသေဖြောင့်အောင်ကျင့်နည်း၊ သေအောင်နာမည့်အနာဆုံးအချိန်ကို အသက်သာဆုံးဖြတ်လျော်နည်းများဖြစ်ကြပါသည်။

ထို့ကြောင့် မလွဲမသွေတွေ့ကြုံရင်ဆိုင်ရမည့် အို-နာ-သေ ဘေးဆိုးကြီးကိုရင်ဆိုင်နိုင်ရန် မကောင်းမှုဒုစရိုက်သဘောသဘာဝများကို လုပ်ကိုင်ဆောင်ရွက်ရမည်ကို ကြောက်ကြမှသာလျှင် ကြောက်တတ်သူဖြစ်နိုင်သည့်နည်းတူ ဘဝနေဝင်ချိန်၌ နာလွန်း၍သေရမည့် သေရလောက်အောင်နာကြဦးမည့် အကြောက်ရဆုံးအချိန်ကို မတွေမဝေရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်မှသာလျှင် မကြောက်တတ်သူဖြစ်ပါမည်။

ထို့ကြောင့် မည်သည့်အတွက် မည်သည့်အချိန် မည်သို့သောသေဘေးနှင့်တွေ့တွေ့ မကြောက်တတ်သူဖြစ်ရန်အတွက်

ငယ်သေးသည်၊ စောသေးသည်၊ မအားသေးဘူး စသော(သေး) ပေါင်းများစွာကိုဖယ်ထုတ်ကြပြီး အချိန်ရှိခိုက်လုံ့လစိုက်၊ လသာ တုန်းဗိုင်းငင် ဆိုသကဲ့သို့ ဗုဒ္ဓ၏အဆုံးအမတရားများနှင့်တွေ့ကြုံ နေခိုက်ဝယ် တရားစစ်၊ တရားမှန်ကိုကြိုးစားကျင့်ကြံအားထုတ် နိုင်ရန်လိုအပ်ပါသည်။

## လူဖြစ်ရကျိုးနပ်သည်ဆိုသည်မှာ

"မနုဿတ္တဘာဝေါဒုလ္လဘော"

"လူ့အဖြစ်ကိုရခဲသည်" ဟုဗုဒ္ဓကဟောခဲ့ပါသည်။

ရခဲသောလူ့ဘဝကို ကံအားလျော်စွာရလာခဲ့ကြသောလူ သားတို့သည် လူဖြစ်ရကျိုးနပ်ကြရဲ့လား၊ လူဖြစ်ရကျိုးနပ်သူများ မည်မျှရှိပါသနည်း။

ယနေ့ခေတ်ကို အသိပညာ၊ အတတ်ပညာနှင့်သိပ္ပံပညာ များအထူးတိုးတက်လာသော လူသားအရင်းအမြစ်သိပ္ပံခေတ်ဟု သတ်မှတ်ထားကြပါသည်၊ စိတ်ပိုင်းဆိုင်ရာလောကီအသိဉာဏ် ရုပ်ပိုင်းဆိုင်ရာဒြပ်ဝတ္ထုများ တိုးတက်ခံစားရရုံမျှဖြင့် လူဘဝ၊ လူ အဖြစ်၊ ဖြစ်ရကျိုးနပ်ပြီ ဟုဆို၍မရပါ။

အချို့သောအတွေးအခေါ်ပညာရှင်များသည် အမှန်နှင့် အမှားတို့ကို ယနေ့ထက်တိုင်ဟုတ်တိုင်မှန်စွာ တိတိကျကျသတ်

မှတ်၍မဖော်ထုတ်နိုင်ကြသေးပါ။ သာမန်လူသားတို့သည် ဤပစ္စုပ္ပန်မျက်မှောက်ဘဝတစ်နပ်စာလောက်ကိုသာ သိမြင်နိုင်ကြပြီး ကံ-ကံ၏အကျိုးကိုမယုံကြည်နိုင်ကြပဲ သံသရာမြဝ်ကွင်းကျယ်ကိုလည်း မသိနားမလည်ကြသောကြောင့်ဖြစ်ပါသည်။

အချို့သူများက လောကမှာစီးပွားဉစ္စာ၊ ရွှေ၊ ငွေရတနာများနှင့်ပြည့်စုံမှု၊ လူချင်းယှဉ်လျှင် ကိုယ်ကအသာစီးရမယ်၊ အထက်တန်းကျရမယ်၊ ရွှေ၊ ငွေရှိလျှင် လူလေးစားမယ်၊ ကိုယ့်စကားကိုသူများနားထောင်မယ်၊ ကိုယ်ဖြစ်ချက်တာကိုယ်လိုချင်တာဘာမဆိုဖြစ်နိုင်တယ်၊ ဤသည်ကို ဘဝ၌လူဖြစ်ရကျိုးနပ်သည် ဟုထင်မှတ်ကြပါသည်။

လူ့ဘဝ လူဖြစ်ရကျိုးနပ်ဖို့အတွက် လူသည် အကျင့်စာရိတ္တမပါလျှင် (ဝါ) အခြေခံကိုယ်ကျင့်တရားဟုခေါ်သော သီလမပါလျှင် မိမိဘဝသည်လည်းကောင်း၊ မိမိပတ်ဝန်းကျင်ဘဝသည်လည်းကောင်း ငြိမ်းချမ်းမှု၊ ချမ်းသာမှုမရနိုင်ကြပါ။

လူဖြစ်ရကျိုးနပ်တဲ့ လူဖြစ်ရန်အတွက် ဒုတိယအဆင့်မှာ မဂ္ဂင်ရှစ်ပါးအကျင့်များကျင့်နိုင်ရန်ဖြစ်ပါသည်။

လူ့ဘဝလူ့အဖြစ်ရခဲသော်လည်း မြတ်သောတရားအကျင့်များကျင့်ခွင့်မရသော အက္ခဏ(၈)ပါးကလွတ်ရန်လိုအပ်လှပါသည်။ ယင်းအက္ခဏ(၈)ပါးမှာ-

၁။ ငရဲရောက်နေမှု
၂။ တိရစ္ဆာန်ဖြစ်နေမှု
၃။ ပြိတ္တာဘုံ၌ဖြစ်နေရမှု
၄။ အသညသတ်ပြဟ္မာဘုံ၌ဖြစ်နေမှု
၅။ ပစ္စန္တရာဇ်အရပ်၌လူဖြစ်နေရမှု
၆။ မှားသောမိစ္ဆာဒိဋ္ဌိအယူရှိနေမှု
၇။ သုဂတိအဟိတ်၊ ဒွိဟိတ်ဘဝဖြစ်နေမှု
၈။ သာသနပ ကာလ၌ကြုံတွေ့နေမှု

အက္ခဏဆိုသည်မှာ အခွင့်အခါမကောင်းသောအခါ ကာလ၊ နေရာဌာနများဖြစ်ကြပါသည်၊ ယင်း(၈)ဌာနမှာကျရောက် နေကြသောသူများသည် ဘုရားဟောကြားခဲ့သောတရားတော် များကို နာကြားခွင့်၊ ဘုရား၏တပည့်သားသံဃာများကိုဖူးမျှော် ခွင့်၊ တရားနာခွင့်များမရကြသလို ဒါနတရား၊ သီလတရား၊ သမထ၊ ဝိပဿနာကျင့်စဉ်တရားများကိုလည်းကျင့်ခွင့်မရကြသ ဖြင့် လူဖြစ်ကျိုးမနပ်၊ လူဖြစ်ကျိုးဆုံးရှုံးကြရသူများဖြစ်ကြပါသည်။

ဘုရားရှင်လက်ထက်က တုတိရွာကိုစားရသောပညာရှိ ဖြစ်သူဌေးကြီးလည်းဖြစ်သော တောဒေယျအမည်ရှိပုဏ္ဏားကြီး သည် ပသေနဒီကောသလမင်းကြီး၏အထူးယုံကြည်မြောက်စား ခံရသူတစ်ဦးဖြစ်ပါသည်။

သူသည် ဘုရားရှင်ကိုမျက်မြင်ထင်ရှားတွေ့ခွင့်ရသူတစ်ဦးဖြစ်ပါသည်၊ သို့သော် သူသည် ဘုရားကိုလည်းမယုံကြည်၊ တရားကိုလည်းမယုံကြည်၊ သံဃာဆို၍ကားပို၍ပင်မယုံကြည်သောမိစ္ဆာဒိဋ္ဌိအယူရှိသူတစ်ဦးဖြစ်နေသည်။

သူယုံကြည်သည်က လောကီစည်းစိမ်ဥစ္စာရွှေငွေများကိုသာအားကိုးသူ ယုံကြည်သူတစ်ဦးဖြစ်ပါသည်၊ လောကမှာ ရွှေ၊ ငွေဥစ္စာရှိလျှင် အရာရာကိုအောင်မြင်နိုင်သည်ဟု ယုံကြည်ထားသည်၊ သို့အတွက် ငွေကိုရရှိအောင် ကြိုးစားရှာဖွေပြီး စုဆောင်းသိမ်းဆည်းထားအပ်သည် ဟုခံယူဆသည်။

သူ၏အယူအဆကိုလည်း မိမိ၏သားသမီးများကိုလည်းသွန်သင်လမ်းညွှန်ပြခဲ့သည်။

"အမောင်တို့ . . . မျက်စဉ်းကျောက်များဟာ သွေးဖန်များရင် ကုန်ခန်းတတ်သလို ဥစ္စာပစ္စည်းဆိုတာကလည်း သုံးဖန်များလျှင်ကုန်ခမ်းသွားတတ်သည်၊ ပစ္စည်းဥစ္စာတိုးပွားအောင်အသုံးအဖြုန်းကိုဆင်ခြင်ပြီး စုဆောင်းရမည်၊ သိမ်းဆည်းရမည်။

ဥပမာဆိုရလျှင် ပျားကောင်၊ ခြကောင်လေးများသည်ငယ်ပင်ငယ်သော်လည်း လုံ့လဝိရိယနှင့်ပန်းဝတ်ရည်စုဆောင်းဖန်များသော် ပျားအုံ၊ ပျားလဘို့ဖြစ်လာသလို မြေမှုန့်တွေစုဖန်များတော့ ခြတောင်ပို့ကြီးဖြစ်လာပုံကိုကြည့်ရှုပြီး အိမ်ရာတည်ထောင်

လူ့ဘောင်၌နေထိုင်ကြသောပညာရှိအမျိုးကောင်းသား အမျိုးသမီးများသည် ပစ္စည်းဥစ္စာတိုးပွားအောင်စုဆောင်းကြရသည် ဟု ဆိုဆုံးမသည်။

ပစ္စည်းဥစ္စာကုန်ခမ်းမှုနှင့်အရေးပတ်သက်၍မူ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းကိုမပြုရန်နှင့်ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းသည် ဥစ္စာပစ္စည်းကုန်ခမ်းခြင်းသည်သာလျှင် အကြောင်းရှိသည် ဟု ဆိုဆုံးမခဲ့သည်။

တောဒေယျသူဌေး ပုဏ္ဏားကြီးသည် ပညာရှိဥစ္စာရှိလူအဖြစ်ကိုရရှိခဲ့သော်လည်း မလှူဒါန်းမပေးကမ်း၊ ရတနာသုံးပါးကို မယုံကြည်ခဲ့မှုကြောင့် လူဖြစ်ရကျိုးမနပ်ဖြစ်ပြီး သေဆုံးသောအခါ သားအိမ်၌ခွေးပြန်ဖြစ်ခဲ့ရသည်။

ဘုရားရှင်လက်ထက်က အနာထပိဏ် ဝိသာခါစသော သူဌေးတို့သည် မျက်မှောက်ပစ္စုပ္ပန်ဘဝမှာလည်း ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကိုဦးထိပ်ထားပြီး မိမိ၏ပစ္စည်းများကိုနှမြောတွန့်တိုမှုမရှိဘဲ ပေးကမ်းစွန့်ကြဲလှူဒါန်းခဲ့ကြသည်၊ ဘုရားရှင်၏ တရားတော်များကိုလည်းနာယူမှတ်သားကျင့်ခဲ့ကြသဖြင့် သောတာပန်အရိယာများဖြစ်ခဲ့ကြပြီး လူဖြစ်ကျိုးနပ်ကြကာ နတ်ဘုံ၌ နတ်သား၊ နတ်သမီးအဖြစ်ခံစားရပြီး ထိုမှတစ်ဆင့်နိဗ္ဗာန်စံဝင်ကြရမည့်သူများဖြစ်ကြသည်၊ သူတို့သည်ကား လူ့ဘဝ လူ့အဖြစ်အရ

တော်ကြသူများဖြစ်ကြသလို ယနေ့လူသားများလည်း မိမိတို့ဘဝ ပစ္စုပ္ပန်-တမလွန်ဘဝကောင်းစားရေး ဖြစ်လေရာဘဝမျိုးစုံ၌ ချမ်းသာရေးအတွက် ရတနာသုံးပါးကိုယုံကြည်ပြီး မသေမီ မိမိနှင့် ပါနိုင်သောဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ရိက္ခာထုပ်ကိုပြင် ထားပါ။ အပုပ်မညှိုးမဖြစ်အောင် ဂရုစိုက်ပါ၊ မိမိတတ်အားသရွေ့ ဒါန၊ သီလ၊ ဘာဝနာတို့ကို မမေ့မလျော့ပြုလုပ်ဆောင်ရွက်ကြ စေရန်သတိရှိကြပါစေ။

ဒါနပြုသူတို့အတွက် အကျိုး(၅)ပါးခံစားရပါသည်-

၁။ အများချစ်အပ်

၂။ သူမြတ်တို့ချဉ်း

၃။ ကောင်းသတင်းကြွယ်

၄။ ပွဲလယ်ဝင့်ရဲ

၅။ ခန္ဓာစဲသော် ရောက်မြဲနတ်ထံ၊ ဤငါးတန် ရရန် လှူရကျိုး

သီလရှိသူအတွက် အကျိုး(၅)ပါးခံစားရရှိပါသည်-

၁။ စီးပွားဥစ္စာ ရတနာများစွာရရှိနိုင်ခြင်း

၂။ အမည်ကောင်းသတင်းကျော်ကြားရခြင်း

၃။ ပရိသတ်လူပုံအလယ်၌တင့်တယ်ရခြင်း

၄။ မတွေမဝေဘဲ သတိကောင်းစွာနှင့်သေရခြင်း

၅။ သေပြီးနောက် ချမ်းသာသောလူ့ဘဝ နတ်ဘဝ ရောက်ရခြင်း

"စီးပွားတိုးတက်၊ ကောင်းထွက်သတင်း၊ ရဲဝံ့ခြင်းနှင့် သေခြင်းမတွေ၊ သေလျှင် ကောင်းရာရောက်ပွဲ၊ ဤငါးမျိုး သီလ စောင့်ရကျိုး"

ဘာဝနာပွားများသူသည်-

၁။ စိတ်ခတ်ဖြူဖွေး

၂။ ငိုဆွေးကင်းပြန်

၃။ ကိုယ်စိတ်ဆင်းရဲ ကင်းမြဲအမှန်

၄။ မဂ်ဉာဏ်လည်းရ

၅။ မြင်ရနိဗ္ဗာန်၊ တရားရှု ရမှုဤငါးတန်

သင်သည် ရည်ရွယ်ချက်မပါ၊ လမ်းကြောင်းမရှိ၊ အစီအစဉ်မပါဘဲ ကြုံသလိုသွားနေသူဟာ မိမိရဲ့အဖိုးတန်လှတဲ့လူ့ဘဝကိုဖြုံးပစ်နေသူပါ။ ရည်ရွယ်ချက်ဆိုတာ ဘဝသံသရာမှလွတ်မြောက်ရေး မဂ်ဖိုလ်နိဗ္ဗာန်ဖြစ်ပါသည်။

လမ်းကြောင်းဆိုတာက သိက္ခာသုံးပါးကျင့်ကြံအားထုတ်မှုဖြစ်ပါသည်။

စည်းကမ်းမှုဘောင်ဆိုသည်က အချိန်တိုင်းတတ်သိနားလည်အောင်သင်ယူခြင်း၊ နာယူခြင်း၊ လေ့လာခြင်း၊ ဖတ်ရှုခြင်းဖြစ်ပါသည်။

လူ့အလုပ်အားလုံး လူ့စွမ်းရည်ပါဝင်စေချင်ရင် လူ့အပူ မှန်သမျှငြိမ်းစေလိုလျှင် ဓမ္မ သရဏံ ဂစ္ဆာမိ ဆိုသောလမ်းကြောင်း ပေါ်တက်ပေးပါ။

လူ့အလုပ်အားလုံး တရားနှင့်ပေါင်းမိချင်လျှင် ဓမ္မသရဏံ ဂစ္ဆာမိ လမ်းကြောင်းပေါ်တက်ရပါမည်။

ဓမ္မ သရဏံ ဂစ္ဆာမိ ပြတ်သားသူအတွက် စားဝတ်နေရေး လူမှုရေးအလုပ်အားလုံးအပူထုပ်မဟုတ်တော့ဘဲ အံ့သြစရာ ကောင်းလောက်အောင် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း များရသွားပြီး ဘဝမှာအဖိုးတန်လူ့ဘဝရသူဖြစ်သွားမည်ဖြစ်ပါ သည်။

-လူနတ်ချမ်းသာလိုချင်ရှာ ပြုပါဒါနသာ
-အနာရောဂါကင်းချင်ရှာ စောင့်ပါသီလသာ
-စိတ်ဆင်းရဲဆာလွတ်ချင်ရှာ လုပ်ပါသမထ
-နိဗ္ဗာန်ချမ်းသာလိုချင်ရှာ ရှုပါဝိပဿနာ
ထိုလေးမျိုးမှာ ဆွေသဟာ ကြိုက်ရာရွေးချယ်ပါ။

# အခန်း (၂)

# သေခြင်း၏သဘောဝနှင့်တရားသဘောဝအမြင်များ

## သေခြင်း၏သဘာဝတရားအမြင်များ

ဤလောက၌ သတ္တဝါတို့၏ဒဿသက်ဟုခေါ် သောဇီဝိတိန္ဒြေသည် မှတ်သားလောက်အောင်နိုင်းယှဉ်ပြစရာ အကောင်အထည်မရှိ၊ သိစရာအကြောင်းကင်းမဲ့၍ တိုတောင်းပြိုပြင်လှသည့်အပြင် ပူပင်စရာမရှိ ပကတိချမ်းသာသောသဘောမျိုးမဟုတ်သေးဘဲ စိုးရိမ်ပူဆွေးငိုကြွေးခြင်းစသောသဘောတရားမျိုးများနှင့် ရောနှောဆက်ဆံနေရပါသည်။

ဗုဒ္ဓက ဤသတ္တလောက၌ မည်သူမျှတာဝန်ယူတားဆီးကာကွယ်မရလောက်အောင် မည်သည့်အင်းအိုင်လက်ဖွဲ့မန္တန်

တန်ခိုးဖြင့်မတားဆီးမကာကွယ်နိုင်သောတရား(၄)မျိုးရှိသည် ဟု ဟောကြားခဲ့ပါသည်။

ယင်းတရား(၄)ပါးမှာ-

၁။ ဇရာဓမ္မော -အိုရခြင်းဘေးသဘောတရား

၂။ ဗျာဓိဓမ္မော -နာရခြင်းဘေးသဘောတရား

၃။ မရဏဓမ္မော -သေခြင်းဘေးသဘောတရား

၄။ ပါပကမ္မဝိပါက-မကောင်းမှုကံ၏ဘေးအကျိုး

တို့ဖြစ်ပါသည်။

မွေးပြီးလျှင် ဓမ္မတာသဘောအရ အိုရမည်၊ နာရမည်၊ သေရမည်၊ သေပြီးနောက် မိမိပြုလုပ်သောကုသိုလ်ကံ၊ အကုသိုလ်ကံအကျိုးအရ တစ်ဘဝသို့ပြောင်းရမည်၊ ဗုဒ္ဓက သေခြင်း၏ သဘာဝများကို မိမိ၏တရားတော်များ၌အခွင့်သင့်လျှင်သင့်သလို အောက်ပါအတိုင်းဟောကြားလမ်းညွှန်ခဲ့ပါသည်-

"မှည့်ရွမ်းကုန်ပြီးသော သစ်သီးကြီးငယ်အသွယ်သွယ်တို့သည် နံနက်အခါဝယ် ကြောက်ဖွယ်လိလိ ကြွေကျရသောဘေးကြီးရှိသကဲ့သို့သာလျှင် မွေးဖွားလာသောသတ္တဝါမှန်သမျှတို့အားလည်းမချွတ်မယွင်းသေခြင်းဘေးရန်မြဲမြံခိုင်ခံ့၏"

"အိုးထိန်းသည်တို့ပြုပြင်ဆောင်ရွက်သောမြေခွက်၊ မြေအိုးအမျိုးမျိုးတို့မှာကွဲခြင်းသဘောအဆုံးရှိသကဲ့သို့ လူ၊ နတ်၊

ပြဟ္မာသတ္တဝါတို့၏အသက်သည်လည်း ကုန်ဆုံးပျက်စီးခြင်းသာ အဆုံးရှိ၏”

“ငယ်သောသူ၊ ကြီးသောသူ၊ မိုက်သောသူ၊ ပညာရှိသော သူ၊ ခပ်သိမ်းသောသူတို့သည် သေမင်း၏အလိုနိုင်ငံသို့ မငြင်းဆန် ဘဲ လိုက်ရကုန်၏။သေမင်း၏နှိပ်စက်မှုကြောင့် တမလွန်လောက သို့သွားရောက်ရသောသတ္တဝါတို့အား တောင်မင်းကိုမြောက်မင်း မကယ်နိုင်သည့်အလား မိဘများက သားသမီးကိုမကယ်နိုင်၊ သား သမီးက မိဘကိုမကယ်နိုင်၊ မည်သည့်ဆွေမျိုးများမှလည်းမကယ် နိုင်၊ ချစ်လှစွာသောမိဘ၊ ဆွေမျိုးများငိုကြွေးမြည်တမ်းကာ ကြည့်ရှုနေစဉ်မှာပင် သတ်မည့်နွားကိုနွားသတ်ရုံသို့ဆွဲသွားသကဲ့ သို့ သတ္တဝါတွေအထဲမှတစ်ယောက်ပြီးတစ်ယောက်သေမင်းက ယူဆောင်သွားပါသည်။

အိုခြင်း၊ သေခြင်းတရားတို့သည် တစ်လောကလုံးကို သိုကလောက်မထောက်မညှာနှိပ်စက်လေသောကြောင့် ကြောင်း ကျိုးသိမြင် ပညာရှိတို့သည် လောက၏ဖောက်ပြန်မှုသဘောကို နက်နဲစွာသိသဖြင့် စိုးရိမ်ပူဆွေးငိုကြွေးခြင်းမပြုကြကုန်။

မိုးထိလုမတတ် အလွန်ကြီးကျယ်မြင့်လွန်းလှစွာသော ကျောက်တောင်ကြီးတို့သည် အရပ်လေးမျက်နှာရှိ မြို့ရွာနိဂုံးတို့ကို အကုန်ချေမှုန်းလျက် ထက်ဝန်းကျင်မှလိမ့်၍လာကုန်သကဲ့သို့

အိုခြင်း၊ သေခြင်းတို့သည်လည်း သတ္တဝါအားလုံးတို့ကိုချေမှုန်း နှိပ်စက်ကုန်၏၊ မင်းပုဏ္ဏားနှင့်ဆင်းရဲသားကုန်သည်တလီဒွန်းစ ဏ္ဍားပန်းမှိုက်သွန်းများပါမကျန် တစ်ယောက်မျှမရှောင်ကွင်းဘဲ အကုန်လုံးချေမှုန်းနှိမ်နင်းပါ၏”

“မြစ်လုံးပြည့်လျှံစီးသောရေအလျဉ်သည် ကမ်းနားတွင် ပေါက်ဖွားလာသောသစ်ပင်များကိုလဲပြိုကျိုးပဲ့အမြစ်ထွက်အောင် လျှော့ဆောင်သကဲ့သို့ အို-နာသေဘေးဒုက္ခဘေးတို့သည် သတ္တဝါ အပေါင်းတို့ကို အကုန်ခွင်း၍အလျဉ်းမရှိအောင် ဆောင်ယူပါ သည်”

“မိန်းမ၊ ယောကျ်ားလူအများတို့သည် နုထွားပျိုရွယ် အသက်ငယ်ငယ်ကလည်း မရဏဘေးသင့်ကာသေနိုင်ကြပါ လျက် ငါသားအရွယ်ငယ်ပါသေးသည်၊ အသက်ရှင်မှုစည်းစိမ်စုံ၌ နေပါရစေ ဟုဆို၍မရနိုင်ပါချေ။

ကြိုတင်မသိနိုင်သောအရာ(၅)မျိုးရှိနေပါသည်-

၁။ သက်တမ်းရှည်ရာ ကြိုတင်ကာ သူငါမသိနိုင်ကြပါ

၂။ သေမည့်ရောဂါ ကြိုတင်ကာ သူငါမသိနိုင်ကြပါ

၃။ သေမည့်ချိန်ခါ ကြိုတင်ကာ သူငါမသိနိုင်ကြပါ

၄။ သင်္ချိုင်းနေရာ ကြိုတင်ကာ သူငါမသိနိုင်ကြပါ

၅။ ဂတိလားရာ ကြိုတင်ကာ သူငါမသိနိုင်ကြပါ

နေ့မြင်ညပျောက်ဆိုသည့်အလား (၉၆)ပါးသောအနာ၊ (၂၆)ပါးသောဘေး၊ (၃၂)ပါးသောကံကြမ္မာ စသောလက်နက်ကောင်းစစ်သည်များရှိသောရှင်သေမင်းကို မည်သူမျှဘယ်ရက်ဘယ်နေ့ကျမှခေါ်ပါ ဟု လက်ဆောင်တံစိုးထိုး၍မရနိုင်ပါ။

ကိုယ်ပကိုယ်တွင်းသေမင်းစစ်သည်၊ သေမင်းလက်နက်တို့သည် မရေမတွက်နိုင်အောင် များပြားကုန်ပါ၏၊ ထိုလက်နက်များဖြင့် ယနေ့ နက်ဖြန်သေကြရသည်ကိုသတိပြုကြပါ။

သဗ္ဗေသတ္တာမရိဿန္တိ၊ မရဏန္တံဟိဇီဝိတံ

ယထာကမ္မံ ဂမိဿန္တိ၊ ပုညပါပ ဖလူပဂါ

"ခပ်သိမ်းများစွာ၊ လူနတ်ပြဟ္မာသတ္တဝါတို့သည် စင်စစ်မုချသေကြရလတ့်၊ စင်စစ် အသက်ရှင်နေရခြင်းသည် သေခြင်းလျှင်အဆုံးရှိပါ၏၊ ကုသိုလ်-အကုသိုလ်တရားနှစ်ပါးကို ကြိုးစားအားထုတ်၍ပြုလုပ်နေသောသူတို့သည် ကုသိုလ်-အကုသိုလ်တရားနှစ်ပါးကိုကြိုးစားအားထုတ်၍ပြုလုပ်နေသောသူတို့သည် ကုသိုလ်ကံ-အကုသိုလ်ကံအားလျော်စွာ စင်စစ်လားရောက်ကြကုန်လတ့်"

ရှေးရှေးဆရာတော်များက သေခြင်းတရား(မရဏာနုဿတိ)ကိုဆင်ခြင်စီးဖြန်းရန်-

- ငါ့ထက်ကြီးသူ၊ များဗိုလ်လူ၊ သေသူတွေကများလှပြီ
- ငါနှင့်ရွယ်တူ၊ များဗိုလ်လူ၊ သေသူတွေကများလှပြီ

- ငှါးအောက်ငယ်သူ၊ များဗိုလ်လူ၊ သေသူတွေကများ
  လှပြီ
- ထိုနည်းတူဘဲ၊ ငါဟာလဲ၊ မလွဲမသေ သေရမည်
- မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ သေလည်းသေနိုင်သည်
- အို၊ နာ၊ သေရေး၊ ဒုက္ခဘေး၊ ပြေး၍မလွတ်ပြီ

လူ၊ နတ်၊ ဗြဟ္မာအပါအဝင် သတ္တဝါအားလုံးတို့သည် မဂ်ဖိုလ်နိဗ္ဗာန်မရမချင်း မုချသေကြရမည်၊ သေပြီးဘဝသစ်တစ်ခု၌ပြန်ဖြစ်ရမည်၊ သေပြီးပြန်ဖြစ်၊ ပြန်ဖြစ်ပြန်သေ၊ သံသရာရေယဉ်ကြောဝယ်မျောနေကြရသည်။

## သတ္တဝါတို့လားရာဂတိငါးဖြာ

သတ္တဝါတို့သေပြီးသောအခါတိုင်း မိမိတို့ပြုခဲ့သောကုသိုလ်၊ အကုသိုလ်အရ ဘဝ(၅)ပါး၊ တစ်ပါးပါးသို့ရောက်ကြရမည်ကလည်း မုချပင်ဖြစ်ပါသည်၊ ရောက်ရမည့်ဘဝ(၅)မျိုးမှာ-

၁။ လူဂတိ-လူ့ဘဝ

၂။ နတ်ဂတိ- နတ်ဘဝ (ဈာန်ရပုဂ္ဂိုလ်ဗြဟ္မာဘဝ)

၃။ တိရစ္ဆာန်ဂတိ-တိရစ္ဆာန်ဘဝ

၄။ ပေတဂတိ- ပြေတဘဝ

၅။ နိရယဂတိ-ငရဲဘဝ

"ငတိငါးပါး၊ ဆုံလည်နွား၊ သွား၍မလွတ်ပြီ"
ဟု ထွင့်ခေါင်ဆရာတော်ကြီးဆိုဆုံးမထားသည့်အတိုင်း အထက်ပါ ဂတိ(၅)ပါး တစ်ပါးပါး၌ကျင်လည်ကြရဦးမည်ဖြစ်ပါသည်။

သို့အတွက် ဗုဒ္ဓက-

နိရယံပါပကမ္မန္တာ၊ ပုညကမ္မာစ သုဂတိ

တသ္မာကရေယျ ကလျာဏံ နိစယံ သမ္ပရာယိကံ

ပုညာနိပရလောကသ္မိံ၊ ပတိဋ္ဌာ ဟောန္တိပါဏိနံ

"မကောင်းမှုအကုသိုလ်ဒုစရိုက်တရားတို့ကို ကြိုးစားအားထုတ်ပြုလုပ်၍နေသောသူတို့သည် ဆင်းရဲကြီးစွာငရဲသို့ စင်စစ်မုချလားရောက်ရကုန်လတ့်၊ ကုသိုလ်သုစရိုက်တရားကို ကြိုးစားအားထုတ်ပြုလုပ်၍နေသောသူတို့သည်ကား လူ၊ နတ် နှစ်စုံ သုဂတိဘုံဌာနသို့မုချရောက်ရလတ့်၊

ထို့ကြောင့် တမလွန်ဘဝ၊ နောက်ကာလ၌ချမ်းသာခြင်းကို ဆည်းပူးကြောင့်ကြ တောင့်တလိုလားသောသူတို့သည် ကောင်းသောအမှု၊ ကုသိုလ်အစုကိုကြိုးစားအားထုတ်ပြုလုပ်ရာ၏၊ ကုသိုလ်ကောင်းမှုတို့သည် တမလွန်ဘဝနောက်ကာလ၌ လူနတ်ပြဟ္မာသတ္တဝါတို့၏ထောက်တည်ရာ မှီခိုအားထားရာတို့သည် စင်စစ်မသွေဖြစ်ကြပါပေ၏"
ဟူ၍ ဟောကြားထားပါသည်။

## တရားသဘာဝအမြင်များ

လူသားများ၏ဘဝတရား သဘာဝအမြင်မှန်ရရှိကြစေရန် လယ်တီဆရာတော်ကြီးအပါအဝင် ဆရာတော်ကြီးအသီးသီးနှင့်ပညာရှင်တို့ကဆိုဆုံးမသြဝါဒပေးထားကြသည်မှာ သတိပြုစရာမှတ်သားစရာကောင်းလှပါသည်၊ လယ်တီဆရာတော်ကြီးက-

၁။ အဝိဇ္ဇာပိတ်ကာဆို့၊ မိစ္ဆာမြို့ပြင်ပြင်
ဣဋ္ဌာလို့ခင်မင်လျှင်၊ လွင့်စင်မည့်မလွဲ
အရွတ်စုံအပုပ်ကောင်ကို၊ အဟုတ်ယောင်မှားဖို့ဖန်နဲ
အသုဘရုပ်တစ္ဆေငယ်၊ အဟုတ်လေကိုယ်ထဲ
အပုပ်ရေစိုတရွှဲဟာမို့၊ ယိုမစဲသူများ
သွေးသည်းချေပြည်သလိပ်တွေက
တည်မဆိတ်လျှမ်းပြည့်သည်သာ
သို့ကလောက်ရွံစရာကို
လွန်တဏှာမက်စွဲလို့
စက်ဝဲမှာတပေပေ၊ မွန်းနစ်ကြပလေ
တဏှာဖမ်းတဲ့ အကန်းတွေမှာ
အပန်းမပြေ၊ ဟိုက်မောရှာကြလေး
တဏှာလိုက်တဲ့အမိုက်တွေမှာ
အဟိုက်မပြေ၊ ပင်ပန်းရှာကြလေ။

၂။ ကိုယ်ခန္ဓာကောင်ရုပ်က၊ ဟောင်ပုပ်ပုပ်နံညှီ
ကိုးဒွါရပြွန်နဒီမှာ၊ ရွံ့စလိပါပဲ
ဤကာယရုပ်အရှင်ကို၊ အဟုတ်ပင်မှတ်ကြမစဲ
သုဿာန်နှင့်တစပြင်မှာ၊ သူသေသွင်မလွဲ
ချွေးမျက်ရည်နှပ်ချွဲက၊ ပြတ်မစဲစီးယို
အိုင်အနာ၊ အနုအရွဲငယ်နှင့်
တူတူပဲမှတ်ကြကိုယ်ကို
များတစ်ခုလူပိုလ်မှာ၊ အဟုတ်ကိုထင်စွဲလို့
စက်ဝဲသံသရာ၊ မွန်းနစ်ကြရှာ
ကမ်းတစ်ဘက်ခေမာကို၊ ရောက်နိုင်ပါပြီဘူးကွဲလေး။
၃။ နှစ်မပါ၊ ဗလာသုံး၊ အကာပြုန်းဝင်ဝင်
မသာတုံးပြင်ပြင်၊ ထင်မြင်ဖွယ်မှန်စွ
အနတ္တဤရုပ်ကောင်ငယ်၊ ညှီပုပ်ကောင်ဆိုးညစ်တန်လှ
ခြောက်ဝတ္ထုအသားဆိုင်မှာ၊ အမှားပိုင်ခိုကြ
နာမ်ဝိညာဉ်ဆိုမျှက၊ အိုစရာဖြစ်ပုံ
ထောင့်ငါးရာညစ်ကြေးတွေက၊ ရစ်အမြေးလွှမ်းအုပ်ခြုံ
စိုးမရတရားစုံကို၊ ဇယားပုံတင်ဖွဲ့လို့
မြင်တဲ့အောင်မတွယ်တာ၊ စဲဆင့်လှုပါ
ရှင်သေမင်းကအတင်းလာလျှင်
မငြင်းသာပါရချိမ့်လေး။

၄။ ပစ္စည်းရှာအလုပ်နှင့်၊ နေ့ပုပ်လို့ရက်ကုန်
နှမြောလို့အသက်ကုန်တယ်၊ တွက်ပုံဖြင့်မကောင်း
ခုလိုနှင့်သံသရာတွေမှာ၊ ခန္ဓာတွေများခဲ့ဘိတောင်း
သက်မွေးမှုစခန်းပို့အောင်၊ ဝမ်းကိုသာနင်ကျောင်း
လေးဆယ်ကျော်အရွယ်နှောင်းကာမှ
သူကြွယ်လောင်းလုပ်ချင်
မိုးကုန်ပြီးထွန်မချနှင့်၊ ရွံ့စရာများဖို့ဖြစ်အင်
နွားအိုကြီးအမော့သင်သလို၊ မမျှော့လျှင်ဘဝဆုံးရှာတော့
တရားဆိုမသက်ဝင်လျှင်၊ အခက်နင့်ကြုံတွေ့ဖို့လေး။
၅။ မျက်မြင်မှာဉာဏ်တွဲလို့၊ အနဲနဲရှုပါ
ငရဲနှင့်လူ့ရွာ၊ ခုခါမခြား
မီးသုံးရပ်ဗလောင်ဆူ၊ အငကောင်မှုသင်းတို့ဖြစ်လား
စိတ်ရတက်အညစ်ထူး၊ အပြစ်ထူးထွေပြား
တသွေ့သွေ့သေလို့သွားလျှင်က
တဖွားဖွားအောက်မှာ
ယမနယ်ဘုံထန္ထန်း၊ အကုန်လုံးစုကြမည်သာ
သို့ကလောက်၊ လူ့ပြမ်းဟာကို၊ ရှုစမ်းပါညီလှရဲ့
မှီသမျှဉာဏ်ကုန်မျှော်နေ၊ ရောလို့မတော်
အလိုလိုက်လို့၊ အစိုက်ချော်လျှင်
တမိုက်ဟောဦးမောရှာလိမ့်လေ။

ဟုလယ်တီဆရာတော်ကြီးက ဆုံးမသတိပေးခဲ့ပါသည်။

အလားတူ မိုးကုတ်ဆရာတော်ဘုရားကြီးက သူ၏တရားတော်များ၌-

-မိမိရဲ့ရခဲ့လှတဲ့လူ့ဘဝကိုအလွဲသုံးစားအချိန်တွေမဖြုန်းလိုက်ပါနဲ့

-ခန္ဓာကိုယ်ကမွေးကတည်းက အသေဘက်ချည်းပြေးနေတယ်

-ဘယ်ဗေဒင်မှမယုံကြနဲ့ ခန္ဓာကသူ့လမ်းသူပြေးနေတော့ မနေ့ကထက် ယနေ့သေလို့တစ်ရက်နီးသွားပြီးဆိုတာ ယုံလိုက်ပါ

-ခန္ဓာရဲ့ဝတ္တရားက အသေရှာတာ ဉာဏ်ဝတ္တရားက အသေရှောင်တာ

-ခန္ဓာကိုယ်ကအပြေးသွားနေမလတော့ အသေကဦးပြီး ဉာဏ်ကနောက်ကျသွားလိမ့်မယ်

-အပြေးမရပ်တဲ့ခန္ဓာကိုယ်၊ သုဿန်မရောက်ခင် မဂ္ဂင်အလုပ်မြန်မြန်လုပ်ပါ။

-အသက်တမ်းကခပ်တိုတိုလေးမှာ ခပ်ခိုခိုလုပ်နေမယ်ဆိုရင် အသေစောသွားရင်းကိုယ်ကျိုးနည်းလိမ့်မယ်

-သာသနာနဲ့ကြုံမှ သစ္စာလေးပါးလွတ်မြောက်ရေးတရားပေါ်တယ်

-ယခု အဘက်ဘက်ကကြုံဆုံတဲ့ကာလကပေးသည့် အိုဘေး၊ နာဘေး၊ သေဘေးတွေကိုတားနိုင်တဲ့ကာလ အပါယ်ဘေးကိုတားနိုင်တဲ့ကာလ၊ ဒီအဖိုးတန်တဲ့ ကာလလေးကို သာရေး၊ သမီးရေး၊ စီးပွားရေးတွေနှင့် အချိန်မကုန်လွန်ပါစေနှင့်

-တဏှာကိုအဖော်မလုပ်နဲ့၊ ဉာဏ်ကိုအဖော်လုပ်ပါ

-အလကားနေသရွေ့၊ အအားနေသရွေ့၊ အမှားနေချင် သူလို့မှတ်ပါ

-ရက်ရာဇာ၊ ပြဿဒါးရွေးမနေနှင့်၊ သူတော်ကောင်း အလုပ်လုပ်တဲ့အချိန်ဟာ မင်္ဂလာဆိုတာမှတ်ပါ

-လူတွေဟာ တဏှာ(လောဘ)ခိုင်းရာကိုကျွန်သဘောက် ပီပီလုပ်နေကြတာဘဲ

-တဏှာ(လောဘ)ခိုင်းတိုင်းလုပ်တာအရှက်မရှိလို့

-အဝိဇ္ဇာ၊ တဏှာကိန်းလာရင်း အရှက်၊ အကြောက် (ဟိရိဩတ္တပ္ပ)မရှိတော့ဘူး

-ယခု သားသမီးတွေ၊ ဆွေမျိုးတွေ၊ ဥစ္စာတွေနဲ့ မသိပြုံး ပြုံးနေသလောက်၊ မသိပျော်ပျော်နေသလောက်၊နောင် သေကာနီးအိပ်ရာညောင်စောင်းမှာ မျက်ရည်ကျရပါ လိမ့်မယ်

-သားရေး၊ သမီးရေး၊ စီးပွားရေးအတွက်ကိုသာ ဂရုစိုက်ရင် အချိန်အလွဲသုံးစားလုပ်တာဘဲ၊ လူမိုက်အချိန်ပဲဆိုတာမှတ်ပါ

-ခန္ဓာကိုယ်ကလောင်စာ(ထင်း)၊ ဇရာမရဏက(မီး)၊ သံသရာတစ်လျှောက်လုံးမှာ လူနတ်ဗြဟ္မာဘယ်ခန္ဓာရရ လောင်စာထင်းနှင့်မီးတွဲနေတာဘဲရှိတယ်

-လောင်စာသိမ်းပြီး မီးငြိမ်းတာသည်နိဗ္ဗာန်

-လောဘသိမ်းပြီး မီးငြိမ်းသောအလုပ်သည်မဂ္ဂင်အလုပ်ဘဲ

-နှားက သစ္စာတရားကိုနာ၊ ဉာဏ်ကခန္ဓာကိုလှည့်၊ ပစ္စုပ္ပန်ခန္ဓာနောက်က ဝိပဿနာဉာဏ်မလိုက်လျှင် ဒုက္ခသစ္စာလိုက်မှာဘဲ

-ကံကို ဉာဏ်ဖြတ်မှနိဗ္ဗာန်ရမှာ၊ ဉာဏ်မပါလျှင် ကံကခြယ်လှယ်သွားလိမ့်မယ်

-နိဗ္ဗာန်သည် ကံအကျိုးမဟုတ်၊ ဉာဏ်၏အကျိုးဖြစ်တယ်

-တရားနာရုံနှင့်မပြီး၊ ဉာဏ်စိုက်ပြီးကြည့်မှပြီးမယ်

-လူပြောသူပြောတွေကိုမယုံနှင့်၊ မိမိခန္ဓာကပြောတာကိုသာယုံကြည်ပါ

-ခန္ဓာကိုယ်ရဲ့စွမ်းရည်သတ္တိပင်ကိုယ်သဘောက ဖြစ်မှုပျက်မှုပဲရှိတယ်

-အာရုံတက်လာတာသည် နေထွက်ဖို့ရှေ့ပြေး၊ ဝိပဿနာမဂ်သည်လောကုတ္တရာ၏ရှေ့ပြေး

-ဒါန၊ သီလသည် ကိလေသာရောဂါသက်သာရုံရမယ်၊ ဝိပဿနာလုပ်ပါ၊ လုပ်မှသာရောဂါပျောက်မယ်

-ဒါနကသံသရာမလည်၊ အသိမလိုက်လို သံသရာလည်တာလို့မှတ်ပါ၊ သစ္စာသိပြီးလှူလျှင် ခန္ဓာကိုယ်ရောင်းလှူပါ

-အလုပ်တရားဆိုတာ ခန္ဓာအရှိနှင့်ဉာဏ်အသိကိုက်အောင်လုပ်တာ

-အရှိကဖြစ်ပျက်ခမ္မ၊ အသိကတော့ မဂ္ဂ

-ခန္ဓာနှင့်ငါမရောစေနှင့်

-ကြားတဲ့တရားနှင့်သိတဲ့တရား နှစ်ခုထပ်ရင်သောတာပန်တည်နိုင်တယ်

-ဘဝကူးကောင်းဖို့အလိုမရှိနဲ့၊ ဘဝချုပ်ငြိမ်းရုတ်သိမ်းခြင်းကိုသာအလိုရှိပါ

-ဒုက္ခသစ္စာကိုပိုင်းခြားသိတာမဂ်ပဲ၊ သမုဒယသစ္စာကိုပတ်တာလဲမဂ်ပဲ၊ နိရောဓဆိုက်ရောက်တာလဲမဂ်ပဲ၊ ဒါကြောင့်မဂ်သည် သုံးကိစ္စအတွက်ဆောင်တယ်

-ဖြစ်ပြီးပျက်တာ အနိစ္စ(ဒုက္ခသစ္စာ) ပျက်မှန်းသိတာ မဂ္ဂ၊ သေတာက သမုဒယ၊ နောက် ဒုက္ခမလာတာ နိရောဓ

-ဖြစ်ပျက်မှန်သမျှ သင်္ခါရ၊ ဒုက္ခသစ္စာလို့မှတ်
သင်္ခါရတွင် ငါကောင်းထင်၊ ခင်မင်သမုဒယမှတ်
ရုပ်နာမ်အားလုံးဖြစ်ပျက်သုဉ်း ချုပ်ဆုံးနိဗ္ဗာန်မှတ်
-သူတော်ဆည်းကပ်၊ တရားမြတ်နာ
လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို
ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်မှန်ပင်မဂ်ရကြောင်း

ဟူ၍လည်းကောင်း

-လက်ရှိခန္ဓာ၊ မတွယ်တာနှင့်
နောင်လာဘဝ၊ မတောင့်တဘဲ
ကြောင့်ကြစွဲဖြင့်၊ အမြဲမပြတ်
ဝိပဿနာ၊ လေ့လာကြိမ်ကြိမ်
အာစိဏ္ဏကံ၊ ဖြစ်ကြောင်းဖန်မှ
ထိုသူသည်ကား၊ အယူမလွဲ ဂတိမြဲ၏
-မီးစွဲလောင်မှု၊ ရေကိုတသော်
မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍
မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်
မသေခင်က၊ ပြင်ဆင်တောက်လျှောက်
မေ့မပျောက်နှင့် ချွေးပေါက်ယိုစီး
သေကာနီးဝယ် အပြီးမုချ
မဂ္ဂရလိမ့်

ဟူ၍လည်းကောင်း

-ကိစ္စမလျော်၊ အကြောင်းပေါ်၍
မတော်တဆ၊ မဂ်မရဦး
ဘဝအစွန်း၊ တမလွန်တွင်
ထူးချွန်အံ့လောက်၊ နတ်ပြည်ရောက်၍
မဖောက်မပြန်၊ သောတာပန်စစ်
ဧကန်ဖြစ်သည်၊ မလင့်ဝိပဿနာအကျိုးတည်း

ဟူ၍ မိုးကုတ်ဆရာတော်ဘုရားကြီးက ဘဝ၏တရားသဘော အမှန်ကိုမြင်ရန် ဤသို့သောနည်းလမ်းမှန်ကိုပေးထားဟောထား ခဲ့ပါသည်။

အလားတူ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာ ရဋ္ဌဂုရုမင်းကွန်းဆရာတော်ဦးဝိစိတ္တသာရာဘိဝံသက-

-ရုပ်နာမ်ဓမ္မ၊ သင်္ခါရတို့
ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း
တစ်ဖုံဆင်ကွဲ၊ သူတနဲဖြင့်
ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို
ပညာစက္ခု မြော်ထောက်ရှု၍-

-ယခုပင်လျှင် မအိုခင်က ကြိုတင်ကောင်းမှုကြိုးစားပြုလော့
-ယခုပင်လျှင် မနာခင်က ကြိုတင်ကောင်းမှုကြိုးစားပြုလော့
-ယခုပင်လျှင် မသေခင်က ကြိုတင်ကောင်းမှုကြိုးစားပြုလော့

ဟူ၍လည်းကောင်း

-ရတုချိန်ထောက်၊ ဤခါရောက်မှ
ချုပ်ပျောက်ခန္ဓာ၊ သေပိမ့်ငါဟု
သတ္တဝါခပင်း၊ ရှင်သေမင်းနှင့်
မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်
တစ်စက်ကမှမရှိကြဘူး
အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ
ဘုရားစကား၊ လိုက်နာပွားသည်
တရားလက်တွေ့၊ မလွတ်စေနှင့်

ဟူ၍လည်းကောင်း

-ဤကိုယ်ကာယ၊ တစ်လံမျှ၌
နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏
နာမ်ရုပ်တရား၊ အလွတ်ထား၍
ဤကားလိပ်ပြာ၊ ဤကားငါတည်း
ဤမှာဇီဝ၊ ဤအတ္တဟု
ညွှန်ပြဖွယ်ရာ၊ မရှိပါသည်
ခန္ဓာနာမ်ရုပ်မျှသာတည်း
နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း
ရှည်လျားကာလ၊ မတည်ထဘဲ
ခဏဖြစ်လျက်၊ ခဏပျက်၏
နှိပ်စက်ခြင်းရာ၊ လိုမပါဘူး

သဘာဝအား၊ ဤသုံးပါးကြောင့်
ဖြစ်ပွားသမျှ၊ အနိစ္စသည်
ဒုက္ခ-အနတ္တချည်းပါတကား။

ဟူ၍လည်းကောင်း ခတ်(၆)ပါးသိမ်းဆည်းပုံကျမ်းလာစာကို ထုတ်နှုတ်၍ လူ့သဘာဝတရားအမြင်မှန်ရစေရန် သွန်သင်ဆုံးမ ဩဝါဒပေးခဲ့ပါသည်။

မင်းဘူးဆရာတော် ဦးရေဝတက-
-သဗ္ဗေသတ္တာ၊ ဝေနေယျာ၊ သံသရာရှည်လှပြီ
-အတည်ကျကျ၊ ဘယ်ဘဝ၊ ရကြမရှိပြီ
-ရအံ့နိုးနိုး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ
-လောဘ၊ ဒေါသ၊ မောဟ၊ သုံးဝညီးညီး၊ လောင်မီကြီး ဖိစီးလှလေပြီ
-လောင်မှန်းမသိ၊ မောဟဖိ၊ မိမိမိုက်လှပြီ
-ပိုးဖလံမျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနည်းလှပြီ
-မနုဿတ္တ၊ ဒုလ္လဘ၊ မရများလှပြီ
-အရတော်လှ၊ ဤဘဝ၊ လှလှကျင့်ထိုက်ပြီ
-သတိရရ၊ မဂ်ဖလ၊ ရအောင်ပြုသင့်ပြီ
-တစ်နေ့ တစ်နေ့ နက်ဖြန့်ရွှေ့၊ မမေ့ကောင်းသင့်ပြီ

ဟူ၍လူ့သဘာဝတရားအမြင်မှန်ရစေရန် ပညာပေးဆုံးမထား ပါသည်။

အလားတူ ချမ်းမြေ့ရိပ်သာဆရာတော်ဦးဇနကာဘိဝံသ က-

-အိုဘဲ့လူသား၊ ငမိုက်သား၊ သင်ကားအဝိဇ္ဇာ၊ ပတ်ဖုံး ကာ၍၊ ငါးဖြာအာရုံ ဒုက္ခပုံကို၊ အကုန်မမြင်၊ အကောင်း ထင်ကား၊ ခင်မင်တပ်မက်၊ တွယ်တာဖက်လျက်၊ အောက်ထက်သံသရာ၊ စုံဆန်ကာဖြင့်၊ တဏှာလက် သည်၊ ထင်တိုင်းခြယ်၍၊ ဝေးတယ် မရှိ၊ ဆင်းရဲတိ သည်၊ ဝဋ်၏သားကောင်လုံးလုံးတည်း။

-ဝဋ်၏သားကောင်၊ ဒုက္ခဘောင်မှ၊ လွတ်အောင်ရုန်း၍၊ ချမ်းသာတွေ့ဖို့၊ မမေ့ရပ်နာမ်၊ မြစ်ပျက်ဟန်ကို၊ အမှန် ဉာဏ်ညီ၊ဖြစ်တိုင်းသိလော၊ ဝိရိယနှစ်တန်၊ ရှု့မြိုက်တံ ဖြင့်၊ ဆယ်တန်ကိလေ၊ လောင်ကျွမ်းကြေအောင်၊ မသေမနာ၊ မအိုပါခင်၊ တက်သုတ်နှင်လျက်၊ ဆောလျင် မြန်စွာ၊ ရှု့မြိုက်ပါလော၊ နောင်ခါကာလ၊ ချိန်လွန်ရဟု၊ နောင်တ တကြီး၊ သင်မညည်းလင့်၊ ဇနီးမယား၊ သမီး သားနှင့်၊ လင်သားအိမ်ရာ၊ အဖြာဖြာကို၊ ငဲ့ကာဖင့်နွှေး၊ အချိန်ရွေးက၊ သေဘေးသင့်ကိုဦးလိမ့်မည်

ဟူ၍ လူ့သဘာဝတရားအမြင်မှန်ရစေရန် ဆုံးမသြဝါဒသတိပေး ထားပါသည်။

ရွှေထီးဣန္ဒရာဆရာတော်က လူ့သဘာဝအမှန်ကို သေမင်းကမည်ကဲ့သို့စောင့်ကြည့်နေပုံကိုဆုံးမပြထားသည်မှာ-

-သူနိုင်ငါနိုင်၊ အပြိုင်တိုက်ခွင်း၊ အောင်မြေနင်းစဉ်၊ သေမင်းဘေးကရယ်သတည်း

-သူပိုင် ငါပိုင်၊ အနိုင်ခုသွင်း၊ လုယက်ငြင်းစဉ်၊ သေမင်းဘေးကရယ်သတည်း

-သူ့ဟာ ငါ့ဟာ၊ တဏှာမကင်း၊ ရမ္မက်ဖြင့်စဉ်၊ သေမင်းဘေးကရယ်သတည်း

-သူချောငါလှ၊ တသသနှင့် ရုပ်ရုပ်ဆင်းပြုပြင်ခြင်းကို၊ သေမင်းဘေးကရယ်သတည်း

-လွှမ်းခြုံအာဏာ၊ ရာဇာသေဋ္ဌနင်း၊ တန်ခိုးပြင်းစဉ်၊ သေမင်းဘေးကရယ်သတည်း

-ရွှေ၊ ငွေမြပန်းပိုလျှံဖြည့်တင်း၊ ဒွေးကြွယ်ခြင်းကို၊ သေမင်းဘေးကရယ်သတည်း

-ဆင်စီးဆယ်ပြောင်အားမာန်ဆောင်၍၊ မာန်ထောင်ကြီးလှ၊ကိုဗာလအား၊ သေမင်းဘေးကရယ်သတည်း

-ခြွေရံပေါ်များ၊ ငါတကားဟု၊ ထောင်လွှားတက်ကြွ၊ ကိုယသအား၊ သေမင်းဘေးကရယ်သတည်း

-လက်နက်ပိုင်ရှင်၊ ငါ့သခင်ဟု၊ ငါပြင်မရှိ၊ ကြီးဘိမာန၊ ကိုအတ္တအား၊ သေမင်းဘေးကရယ်သတည်း

-ရှင်သေမင်းက၊ အလျှင်းမလတ်၊ မခတ်မျက်တောင်၊
ကြောင်ကြောင်တည့်တည့်၊ ကြည့်ကာကြည့်ကာ၊
နေချောပါပေ့၊ မရဏမင်းမြတ်၊ အရပ်ရပ်ဖို့၊ စိတ်ခံတတ်
တက်ကြွ၊ မာန်မထဘဲ၊ လောဘ၊ ဒေါသ၊ မောဟသုံး
ဟိတ်၊ ကိုယ်မှာဆိတ်အောင်၊ ကွပ်နှိပ်ဆုံးမရာသတည်း

ဟူ၍ လူလောကလူ့သဘာဝအမှန်ကိုမြင်ရန် ပညာပေးဆုံးမခဲ့ပါသည်။

လူ့ဘဝ၏အသက်မတည်မြဲပုံ၊ အမှန်တရားသဘာဝကို သိမြင်ရန် စလေဆရာဦးပုညက ဤသို့ပညာပေးအသိပေးခဲ့ပါသည်-

-အဇ္ဈေဝ သုဝေဝ၊ ခုတွေးဆပြန်လျှံ
ယနေ့လား၊ နက်ဖြန်၊ ရက်မှန်မှန်မသိ
အနိစ္စလက္ခဏာရယ်၊ သန်ဘက်ခါဆုံးစမရှိ
လူ့အသက်ပုံပမာ၊ ပဒုမ္မာနေထိ
ကုန်မကြာကြွေရိလို့၊ ဇာတိပဋိသန္ဓေ
ဝဋ္ဋဒုက္ခသံသာဝဲ၊ တစ်နဲ့စီဖြစ်ပျက်သာဓပွ
နောင်ရိက္ခာပါလေအောင်၊ အဋ္ဌင်္ဂေသီလနှင့်
တစ်လလေးရက်ကွယ်၊ မြဲပါတော့မယ်
ကြွင်းနှစ်ဆယ်ခြောက်ရက်ဝယ်
ငါးပါးကွယ်သီလနှင့်လေး။

အလားတူ ဗန်မော်ညိုနွဲ့ကဗျာဆရာက လူ့သဘာဝ အမှန်တရားကိုမြင်ရန်-

-လာတုံးကလည်း၊ တစ်ယောက်တည်းနော့
လက်တွဲခေါ်ကာ၊ ဖော်မပါဘူး
ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း
ပြန်သွားတော့လည်း၊ တစ်ယောက်တည်းနော့
လက်တွဲခေါ်ကာ၊ ဖော်မပါဘူး
ဥစ္စာချည်းနှီး၊ ကိုယ်ထီးတည်း
လာပြီးတော့နား၊ မသွားသေးခင်၊ ချိန်လေးတွင်မှာ
ဝန်းကျင်ယှက်နွယ်၊ နောင်ကြိုးသွယ်ကြ၊ ပြုံးရယ်ငိုမဲ့
ချစ်မုန်းပိုကြ၊ မလိုဒေါသ၊ လိုလောဘနှင့်
ဘဝရိပ်မြုံ၊ ကကြိုးစုံခဲ့၊ ကံကုန်မိုးချုပ်
လက်တွဲဖြုတ်ခါ၊ သုတ်သုတ်ဆောလျင်၊ ခရီးနှင်သည်
အသင်ဩ့သည့်ပါတကား။

ဟူ၍ ကဗျာဖြင့်လမ်းညွှန်နည်းပေးလမ်းပြခဲ့ပါသည်။

သတ္တဝါမှန်သမျှ နတ်မင်း၊ ဗြဟ္မာမင်းကြီးများ၊ ဘုရား ပစ္စေကဗုဒ္ဓါနှင့်ရဟန္တာအရှင်မြတ်ကြီးများပါမကျန် ဘဝရလာပြီ ဆိုက ကံသက်တမ်းကုန်ကြသောအခါ သေကြရသည်မှာဓမ္မတာ ဖြစ်ပါသည်။

ထိုသို့သေရာဝယ် သေပြီးနောက်ပိုင်းအခြေအနေကို အစွဲပြု၍သေခြင်းကို(၂)မျိုးခွဲခြားထားနိုင်ပါသည်-

၁။ သေပြီးနောက် ရုပ်နာမ်ခန္ဓာချုပ်ငြိမ်းပြတ်စဲ၍ ဘုံဘဝ တစ်ခု၌ အသစ်တစ်ဖန်ပြန်မဖြစ်သောသေခြင်း (ပရိနိဗ္ဗာန်)

၂။ သေပြီးနောက် စက္ကန့်မခြားဘဲ ဘုံဘဝတစ်ခု၌အသစ် တစ်ဖန်ပြန်၍ဖြစ်သောသေခြင်း

ပထမသေခြင်းက ဘုရားရဟန္တာတို့သေခြင်းမျိုးဖြစ်ပါသည်၊ ကျန်သတ္တဝါအားလုံးသည် ဤဘဝ၊ ဤခန္ဓာဇာတ်သိမ်းချုပ်ငြိမ်းသည်နှင့်တစ်ပြိုင်နက် စက္ကန့်၊ မိနစ်မခြားဘဲ ဒုတိယဘဝသစ်၌ ရုပ်-နာမ်ခန္ဓာအသစ်တစ်ခုဆက်၍ဖြစ်ကြရပါသည်။

ဂတိငါးပါးဖြင့်(၃၁)ဘုံရောက်ကြရမည်၊ ကျင်လည်ကြရမည်ဖြစ်ပါသည်၊ မိမိဘဝလူဖြစ်ကျိုးနပ်ပြီး အသေမြတ်ကြစေရန်

-ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇောတို့သည် ဓာတ်မည်ကုန်၏

-ဘောဇဉ်စသည်တို့သည် အာဟာရမည်ကုန်၏

-အအေး အပူသည် ဥတုမည်ကုန်၏

-သည်းခြေ၊ သလိပ်၊ လေတို့သည် တြိဒေါသမည်ကုန်၏

ထိုဓာတ်၊ အာဟာရ၊ ဥတု၊ တြိဒေါသတို့သည် အယုတ်အလွန် အနည်းအများမရှိ၊ ပကတိညီညွတ်မှုရှိမှသာ အသက်ရှည်

ကြာစွာတည်နိုင်၏၊ ဖောက်ပြန်ချတ်ယွင်းအချင်းချင်းမညီညွတ်ပါမူ သူတစ်ပါးကိုမှီတွယ်ရာမှ တိုတောင်းလှစွာရှင်နေရသောအသက်ကလေးသည် တစ်ခဏချင်းပြတ်စဲခဲ့ရာ၏။

ဓာတ်စသည်တို့ ဖောက်ပြန်ချတ်ယွင်းမညီညွတ်ခြင်းကြောင့် နက်ဖြန်ခါလည်း မကျန်းမာဖျားနာနိုင်၏။

မဖျားမနာကျန်းမာသောအခါမှသာ လုံ့လကြိုးကုတ်အားထုတ်နိုင်ပါ၏၊ နက်ဖြန်ခါလည်းမသက်မသာ၊ နာကျဉ်ခံခက် ရက်စက်ကြမ်းကြုတ်သောအနာရောဂါတို့သည်ဖြစ်နိုင်ကုန်၏၊ (၉၆) ဖြာသောဝေဒနာများရောက်မလာခင် ကုသိုလ်ဖြစ်အောင်ကြံဆောင်အားထုတ်ရာ၏။

ရောဂါထွေ၍လက်ခြေကိုမျှအစိုးမရသော နောင်ကာလ၌ မိုက်မဲခဲ့လေခြင်း၊ မှားခဲ့လေခြင်းဟု နောင်တတစ်ဖန်ပူပန်ဖြစ်ရန်မသင့်ပါ။

ကံနိမ့်သောအခါ သတ္တဝါတို့ကိုးကွယ်အားထားရာကလည်း ဘေးကြီးသင့်အောင်ပြုတတ်၏၊ ကံကောင်း၊ ကံဆိုးလျှင်ဤနှစ်မျိုးကို မသိရိုးအမှန်ပင်၊ သေဘေးနီးကပ်သည်ကိုလည်းမသိနိုင်၊ ကံဆိုးကံညံ့ အဖိနှိပ်ခံရသောသတ္တဝါအား တစ်ခဏချင်းဘေးဖြစ်နိုင်၏၊ ယနေ့ဖြစ်စေ၊ နက်ဖြန်ဖြစ်စေ၊ ငါသေရလတံ့၊ ငါသေနိုင်၏၊ ပေ့ါပေ့ါလျော့လျော့နေခြင်းငှာမသင့်လျော်ပါချေ။

ကုသိုလ်ကံဟုန်ကုန်လေပြီးသောသတ္တဝါသည် သေ လောက်သောအကြောင်းစု ဘာတစ်ခုမျှမရှိဘဲလည်း ရုတ်တရက် လျှင်မြန်စွာပျက်စီးနိုင်၏။

စင်ကြယ်သန့်ရှင်းအပြစ်ကင်းသောစိတ်ဖြင့်ငါသေအံ့၊ ညစ်ညူးနောက်ကျု မတော်တဆစိတ်စုဖြင့်မသေပါအံ့။

အရာရာ၌ သတိသမ္ပဇဉ်အဆင်အခြင်ဉာဏ်ရှိသောသူ သည် သေခြင်းသဘောနီးကပ်နေသောအဖြစ်ကိုသာလျှင် ကြံ စည်ရာ၏၊ ကြံစည်သည်ရှိသော် ရာဂအစရှိသောကိလေသာတို့ ငြိမ်းပျောက်ကာ အပါယ်ရောက်ကြောင်းဖြစ်သောမကောင်းမှု တို့ကိုမပြုလုပ်ခဲ့ရာ၊ သူတော်တရားများပယ်စွန့်ကာ သူတော် ကောင်းတရား၌ကြိုးစားကျင့်ပေမည်သာ၊ ဒါန၊ သီလ၊ ဘာဝနာ တို့ကိုရက်မရွှေ့ဘဲ ယနေ့ပင်ပြုရာ၏၊ ဤကဲ့သို့သတိရခိုက် ပြုလိုက်မိသောသူသည် နောင်အခါ မိုက်ခဲ့လေခြင်း၊ မှားခဲ့လေ ခြင်း ဟုပူပန်စိုးရိမ်မှုမဖြစ်ရာ၊ ညည်းတွားအော်ဟစ်၍မသေရ၊ မတွေမဝေဖြင့်သာသေရပါသည်။

# အကာကိုပစ် အနှစ်ကိုထုတ်ဆောင်

"မနုဿတ္တဘာဝေါ ဒုလ္လဘော-ရခဲလှသောလူ့ဘဝ"

ယနေ့လူသားများသည် ရခဲသောလူ့ဘဝကိုရရှိနေကြသည်၊ ရခဲသောလူ့ဘဝကိုလက်ဝယ်ပိုင်ပိုင်ရရှိပိုင်ဆိုင်နေကြသော လူသားတို့သည် ရရှိလာသောတန်ဖိုးကြီးမားစွာရထားသောလူ့ဘဝကို တန်ဖိုးရှိအောင်အသုံးချတတ်ဖို့လိုအပ်လှပါသည်။

လောကလူသားတွေသည် များသောအားဖြင့် ဆင်စီးမြင်းရံတင့်တယ်သောဘဝ၊ စိန်စီ၍မြခြယ်သောကျက်သရေတိုးစေသောဘဝ၊ တန်ခိုးဩဇာအာဏာပြည့်ဝသောဘဝတို့ကိုသာ တမ်းတပြီးကျင့်ကြံအားထုတ်ကြလေ့ရှိပါသည်။

လူသားဘဝတွင် အကာနှင့်အနှစ်ဟူ၍(၂)မျိုးရှိရာ၌ ထိုရွှေ၊ ငွေရတနာ အာဏာဟူသမျှတို့သည် မမြဲသောသဘော အရ အကာများသာဖြစ်ကြပါသည်။

လူသားသည် ဦးစွာပထမ အသိဉာဏ်(ဝိဇ္ဇာ)ဖြစ်အောင် သင်ကြား၊ နာယူ၊ လေ့လာဖတ်ရှု၊ စူးစမ်း၊ ဆင်ခြင်၊ သုံးသပ်ဝေဖန်မှုများကို ပြုလုပ်ကြရပါမည်၊ ထိုသို့မပြုလုပ်သော အဝိဇ္ဇာအဖြစ်မှန်ကိုမသိတတ်မှုဘဝနှင့်သာ ဘဝနိဂုံးချုပ်ကြရပါမည်။

ယနေ့လူသားများစွာတို့သည် မသိမှုအဝိဇ္ဇာဖုံးလွှမ်းထားကြသောကြောင့် ပစ္စည်းဥစ္စာ ရတနာရွှေငွေ၊ အိုးအိမ်တိုက်တာ

အာဏာဟူသည့် အကာတို့ကို အနှစ်ဟုထင်ကာ တရိုက်မက်မက် ဆောင်ရွက်လုပ်ကိုင်နေကြပါသည်၊ ဘဝ၏အနှစ်ဟုထင်နေကြပါသည်၊ ထိုကဲ့သို့ထင်နေသမျှကာလပတ်လုံး ထိုထဲမှ အနှစ်ကို မထုတ်ယူနိုင်သမျှကာလပတ်လုံး(၃၁)ဘုံသံသရာခရီးသည်များ ဖြစ်ကြပါမည်။

ဗုဒ္ဓက အကာကနေအနှစ်ကိုထုတ်ယူတတ်ရန် နည်းလမ်းများဟောကြားထားပါသည်။

ငါပိုင်၊ ငါ့ဥစ္စာ၊ ငါ့ရာထူးစသော ပစ္စည်းဥစ္စာရတနာများသည် ရေ၊ မီး၊ မင်း၊ မချစ်မနှစ်သက်သူ၊ အမွေခံသားသမီးဆိုသောရန်သူမျိုးငါးပါးဘေးဆိုးကြီးနှင့်အမြဲဆက်ဆံနေသည်၊ ထိုဘေးဆိုးကြီးတစ်ခုခုနှင့်တွေ့ကြုံလာပါက ပျက်စီးဆုံးရှုံးသွားရပြီး မိမိတို့ဘဝလည်း ကြေကွဲဝမ်းနည်းမှုများစွာနှင့်ကြုံတွေ့ရတတ်ပါသည်။

ထိုသည်ကို ဗုဒ္ဓက-

**"ပဉ္စန္နံ ဝေရာနံ သာဓာရဏဘာဝေန နိဿာရ ဣမဿ ဓနဿ ဒါနံနာမသာရော"**

"ရန်သူမျိုးငါးပါးနှင့်မပြတ်ဆက်ဆံနေသော ဥစ္စာပစ္စည်းများသည် အနှစ်သာရမရှိ၊ ထိုဥစ္စာပစ္စည်းများထဲမှ ပေးလှူခြင်း၊ စွန့်ကြဲခြင်းဟူသော ဒါနအနှစ်ကိုထုတ်ယူကြ"

ဟူ၍ဟောကြားထားပါသည်။

''ဗဟုရောဂါနံ သာမာရဏာ ဘာဝေန
နိဿာယက္ကမဿ ဇိဝိတဿသီလနာမသာရော"

"တစ်ပါးမက များလှစွာသောဘေးရောဂါအနာ(၉၆)မျိုး
နှင့်အမြဲဆက်ဆံနေရသော ဤခန္ဓာကိုယ်ကြီးထဲမှ အကျင့်ကောင်း
မှုဟူသောသီလကိုထုတ်ယူပါ "
ဟုဟောကြားထားသည်။

**"အနိစ္စာဘိဘူတဘာဝေန အသာရဿ ဇီဝိတဿ
အနိစ္စာ ဒိဝသေန ဝိယသနာယောဂေါသာရော"**

"ဤခန္ဓာကိုယ်ကြီးသည် မမြဲ၊ ဆင်းရဲ၊ အစိုးမရ(အနိစ္စ၊
ဒုက္ခ၊ အနတ္တ)တို့၏နှိပ်စက်မှုဒဏ်ကိုအလူးအလဲခံနေရသည်
အဖြစ်ကြောင့် အနှစ်သာရမရှိသော ရုပ်ဓမ္မ၊ နာမ်ဓမ္မမှ အနိစ္စ
အစရှိသော သမထ၊ ဝိပဿနာပွားများအားထုတ်ခြင်းဟူသော
ဘာဝနာအနှစ်ကိုထုတ်ယူပါ "
ဟု ဟောကြားထားပါသည်။

ဗုဒ္ဓကအဓိကဟောသည့်အချုပ်မှာ-

- အနှစ်မရှိသောစည်းစိမ်ဥစ္စာရတနာရွှေငွေများမှ ဒါန
  အနှစ်ကိုထုတ်ယူပါ
- အနှစ်မရှိသောဇီဝိတိန္ဒြေမှ သီလကုသိုလ်အနှစ်ကို
  ထုတ်ယူပါ

-အနှစ်မရှိသော ရုပ်နာမ်ဓမ္မမှ ဘာဝနာကုသိုလ်အနှစ်
ကိုထုတ်ယူပါ

ဟုဆိုလိုခြင်းဖြစ်ပါသည်။

လူသား၏ဘဝအနှစ်ကိုရှာဖွေကြသောအခါမှာ ဒါန၊ သီလ၊ ဘာဝနာသာတွေ့ရပါမည်၊ ထိုဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကံတို့၏စေတနာကြောင့် ထိုအနှစ်ကံများကို ရန်သူမျိုးငါးပါးတို့သည် ဖျက်ဆီး၍မရနိုင်ပါ။

ဒါန၊ သီလ၊ ဘာဝနာသည် လူသားဘဝ၏အဆီအနှစ်ဖြစ်ပါသည်၊ ထိုအဆီအနှစ်ရှိသောဘဝမှ တန်ဖိုးရှိသောဘဝဖြစ်ကြပါမည်။

ဗုဒ္ဓက သံသရာဝဋ်ဆင်းရဲမှ(ဝါ)(၃၁)ဘုံမှထွက်မြောက်နိုင်ရန် နည်းလမ်းကောင်းများကိုဟောကြားညွှန်ပြထားပါသည်၊ မလွတ်နိုင်သေးဘူး၊ ပါရမီမရှိသေးဘူး ဟုဆင်ခြင်ပေးနေကြသူများမှာ တကယ်(၃၁)ဘုံကလွတ်မြောက်လိုသောဆန္ဒအားသီသပြင်းပြစွာမရှိသေး၍ဖြစ်ပါသည်၊ တစ်နည်း ထိုကျင့်စဉ်တရားများကိုမသိသေးခြင်း၊ ထိုတရားများကိုကျင့်နိုင်အောင် သပ္ပုရိသနိဿယ အမှီမရသေးခြင်းကြောင့်လည်းဖြစ်နိုင်ပါသည်။

ယနေ့ခေတ်သည် အထူးသဖြင့် ဗုဒ္ဓသာသနာတော်ထွန်းကားနေသော ဤမြန်မာနိုင်ငံ၌ လူသားလာဖြစ်ကြရသောသူများသည်-

-တွေ့ကြုံခဲ့သောဗုဒ္ဓသာသနာနှင့်လာ်တွေ့ကြုံနေရမည်
-ကြားနာခဲရသောသူတော်ကောင်းတရား(ဝါ)နိဗ္ဗာန်
ရောက်ကြောင်းတရားများကို ကြားနာခွင့်ရနေကြသည်
-ပြုနိုင်ခဲ၊ ရနိုင်ခဲသောရဟန်းအဖြစ်ကိုပြုမည်ဆိုကလည်း
ပြုနိုင်ရနိုင်သည်၊ ထိုပုဂ္ဂိုလ်များထံမှ တရားနာယူ
မှတ်သားမည်ဆိုကလည်း မှတ်သားနိုင်ကြပါသည်။

(ယနေ့အမျိုးသမီးများမှာ ဘိက္ခုနီ-ရဟန်းမ ပြုခွင့်အခွင့်အရေးကြီးဆုံးရှုံးသွားသည်ကိုသတိပြုဆင်ခြင်ကြည့်ပါ၊ အခွင့်အရေးဆိုသည်မှာ လသာတုန်းဗိုင်းငင်၊ မိုးရွာတုန်းရေခံဆိုသကဲ့သို့ အခွင့်အရေးရတုန်းအသိရှိပြီး ယူထားတတ်ဖို့လိုပါသည်)

(၃၁)ဘုံ သံသရာဝဋ်ဆင်းရဲမှတကယ်အမှန်လွတ်မြောက်လိုသောသူတို့သည် (ဝါ)မဂ်တရား၊ ဖိုလ်တရားများကိုမရကြသေးသောလူသားများအဖို့ သစ္စာတရားကိုနာယူခွင့်မရကြသေးသောလူသားများအဖို့ မြင့်သောလူသားဘဝ၊ မြတ်သောလူသားဘဝရရှိ၊ ရောက်ရှိနိုင်ကြစေရန် ဆုတောင်းခြင်းနှင့်တကွ ဒါန၊ သီလ ဘာဝနာအနှစ်တို့ကို ထုတ်ယူတတ်အောင်ကြိုးစားကြပါ။

ဒါန၊ သီလ၊ ဘာဝနာအနှစ်သုံးပါးသည် သံသရာခရီးတွင်လည်း အဆင့်မြင့်သောဘဝတို့နှင့်ကျင်လည်ခဲ့ရပြီးနောက်ဆုံး

တွင်အေးချမ်းသောမဂ်ဖိုလ်ကိုရရှိကာ နိဗ္ဗာန်ကိုမျက်မှောက်ပြု သွားနိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် လယ်တီဆရာတော်ဘုရားကြီးက-

-ခွင့်သာခိုက်မှမလိုက်ချင်လျှင်၊ အမိုက်နှင့်ပြင်ရှိသေး လိမ့်လား

-ခွင့်သာတုန်းမှမရုန်းချင်လျှင် အရှုံးနှင့်ပြင်ရှိသေးလိမ့် လား

ဟု ဆိုဆုံးမထားသကဲ့သို့ မိမိတို့ဘဝမဆုံးရှုံး မနစ်နာရလေအောင် လူ့ဘဝရခိုက်၊ တရားတော်များနှင့်တွေ့ခိုက်၊ သာသနာနှင့်ကြုံ ကြိုက်ခိုက် ဒါန၊ သီလ၊ ဘာဝ**နာအနှစ်**ကိုထုတ်ယူနိုင်ကြရန် လိုက်ကြပါ၊ ရုန်းကြပါ။

## (၃၁)ဘုံပြေးသူကို ရှာတွေ့အောင်ရှာပါ

"သုံးဆယ်တစ်ဘုံဝဋ်အတွင်းက ကရွတ်ကွင်းလျှောက် သည့် တေးဘုမ္မာ"

ဟု၍ ပညာရှိတို့က တင်စားဆိုခဲ့ကြပါသည်။

ဤ(၃၁)ဘုံဆိုသည်မှာ အပါယ်(၄)ဘုံ၊ လူ့ဘုံ၊ နတ်ပြည် (၆)ထပ်၊ ရူပဗြဟ္မာဘုံ(၁၆)၊ အရူပဗြဟ္မာဘုံ(၄)တို့ဖြစ်ကြပါသည်။

သတ္တဝါများသည် ဤ(၃၁)ဘုံအတွင်းဝယ် ကရွတ်ပေါ်၌

ကင်းတစ်ကောင်လျှောက်နေသလို အဝိုင်းပြေး ပတ်ပြေးနေရပြီး ထွက်ပေါက်မတွေ့ရဘဲ ဝိုင်းကြီးပတ်လည်ချာချာလည်လည်နေကြရပါသည်။

ဝဋ်သုံးပါးရှိပါသည်၊ အကြောင်းဝဋ်(၂)ပါးဖြစ်သော ကိလေသာဝဋ်၊ ကမ္မဝဋ်တို့ကြောင့် ဝိပါကဝဋ်ဆိုသော အကျိုးပေးဝဋ်ကောင်းကြီးအဖြစ် ယခု လူ့ဘဝရနေကြခြင်းဖြစ်ပါသည်။

ဝဋ်လည်သည်ဆိုသည်မှာ သံသရာထဲမှာအဝိုင်းပြေးပြေးနေရခြင်းဖြစ်ပါသည်၊ သံသရာလည်သည်ဆိုမှာလည်း ဝဋ်လည်နေခြင်းသာဖြစ်ပါသည်၊ သံသရာဆိုသည်မှာ ဘဝတစ်ခုမှ ဘဝတစ်ခုကိုပြောင်းပြီးလည်နေခြင်းသာဖြစ်ပါသည်။

ဘဝပြောင်းလျှင် ခေါင်းပြောင်းရသည်၊ အစာလည်း ပြောင်းရသည်။

ဤကဲ့သို့ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက် အမျိုးမျိုးလည်နေရသည်ကို ဗုဒ္ဓသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပတ်လုံး စွန့်ခြင်းကြီးငါးပါး၊ ပါရမီဆယ်ပါးတို့ကို အဆင်းရဲအပင်ပန်းခံကာရှာဖွေခဲ့သည်။

ယခု ဘုရားဖြစ်လာ၍ ပဋိစ္စသမုပ္ပါဒ်တရားတော်ကြီးကို အနုလုံ-ပဋိလုံဆင်ခြင်လိုက်သောအခါမှာ ခန္ဓာကိုယ်ကိုတည်ဆောက်နေသောတဏှာလက်သည် တရားခံကိုတွေ့မိသွားသည်။

ထိုအခါကျမှ ဗုဒ္ဓသည် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး-

"အနေကဇာတိသံသာရံ သန္ဓာဝိဿံ အနိဗ္ဗိသံ၊ ဂဟကာရကဒိဋ္ဌေသိ ပုနဂေဟံ နကာဟသိ၊ သဗ္ဗာတေ ဖာသုကာဘဂ္ဂါ " အစရှိသောဥဒါန်းဂါထာကိုကျူးရင့်သီဆိုခဲ့ပါသည်။

"ဒီခန္ဓာအိမ်ကိုတည်ဆောက်နေတဲ့တဏှာလက်သမားကိုလိုက်ရှာနေတာ ဘဝပေါင်းများစွာကြာခဲ့ပါပြီ၊ ဒါပေမယ့် ရုပ်နာမ်ဟာ ထပ်ခါထပ်ခါခါင်းပြောင်းသွားပေမယ့် ဆင်းရဲဒုက္ခက မပြောင်းဘဲဖြစ်နေရသည်၊ ခန္ဓာအိမ်တွေကိုတည်ဆောက်နေတဲ့ တဏှာလက်သမားမင်းကိုငါတွေ့ပြီ၊ မင်းကိုငါတွေ့ပြီ၊ ငါသည် မင်းလက်ကလွတ်ခဲ့ပြီ ဟုဝမ်းသာအားရဥဒါန်းကျူးရင့်ခဲ့ပါသည်။

ဤသည်ကို မိုးကုတ်ဆရာတော်ဘုရားကြီးကသံသရာမှလွတ်ရန် မူလနှစ်ဖြာဆိုသော အဝိဇ္ဇာ(မသိမှု)နှင့်တဏှာ(လိုချင်မှု)ကို ပုံတောင်အဖြစ်တင်စားထားပြီး ဟောခဲ့ပါသည်၊ သံသရာလည်စေသော သစ္စာနှစ်ပါးကို သမုဒယကြောင့်ဒုက္ခဖြစ်၊ ဒုက္ခကြောင့်သမုဒယဖြစ်၊ ဘဝသံသရာကြီးအဝိုင်းပြေးလည်နေပုံကိုစက်ဝိုင်းကြီးလှည်းဘီးကြီးပုံသဏ္ဌာန်ပြပြီး အာသဝ(၄)ပါးကိုမူ ဝင်ရိုးကြီးသဖွယ်လှည့်ပေးနေ၍ ဟိုဘဝ-ဒီဘဝရောက်လိုသည့်ဒေါက်တိုင်(၄)ချောင်းတပ်ဆင်ထားပြီး(၃၁)ဘုံမှမထွက်နိုင်အောင်ဇရာ-မရဏဆိုသောအကွပ်ကြီးနှင့်အခိုင်အမာကွပ်ထားပြန်သည်

ဘဝလှည်းဘီးကြီးအတောမသတ်လည်နေခြင်းဖြစ်သည်၊ အဝိဇ္ဇာ တဏှာဆိုသောပုံတောင်ကြီးကျိုးသွားမှဘဝသံသရာ၊ ခန္ဓာသံသ ရာအလုပ်ရပ်မည်၊ တဏှာဟာလောဘပါပဲ၊ လောဘကိုတရား ကိုယ်ကောက်လျှင် တဏှာ၊ တဏှာကိုသတ်ရန်ကတော့ ရော့ပြီး သူလိုချင်တာတွေပေး၊ အလိုလိုက်အကြိုက်ပေးပြီး ကားတို့၊ အိမ် တို့၊ ရွှေ၊ ငွေ၊ မိန်းမလိုချင်လျှင် မိန်းမနှင့်ချော့နေသော်လည်း လောဘကိုသတ်၍သေနိုင်မည်မဟုတ်ပါ။

လောဘကိုသတ်ရန်တစ်ခုတည်းသောလက်နက်မှာ ဝိပ သာနာဆိုသောမဂ္ဂင်(၅)ပါးနှင့်သမုဒယသစ္စာဆိုသောတဏှာဥပါ ဒါန်ကမ္မဘဝကိုသတ်နိုင်လျှင် (၃၁)ဘုံမှလွတ်ပေမည်။

(၃၁)ဘုံကိုသစ္စာဖွဲ့လိုက်ပါက သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာကြောင့် သမုဒယသစ္စာ

တစ်နည်း သမုဒယသစ္စာဆိုသောအကြောင်းကြောင့် ဒုက္ခသစ္စာဆိုသောအကျိုး၊ လူ့ဘဝလူ့ခန္ဓာကြီးကိုရရှိနေလေပြီ၊ ဗုဒ္ဓ၏ဝါဒသည် အကြောင်းကြောင့်သာအကျိုးဖြစ်ရသည်၊ ရရှိ သည်ဟုလက်ခံထားသောဝါဒဖြစ်သည်။

မည်သည့်အကျိုးတရားမှ အကြောင်းမဲ့၍ဖြစ်သော တရားမရှိ၊ အကြောင်းဆက်လျှင်အကျိုးသေပြီသာဖြစ်သည်၊ အကြောင်းသမုဒသတ်လျှင် အကျိုးဒုက္ခသစ္စာမရတော့၊ သမုဒယ

ဆိုတာတဏှာ၊ တဏှာကိုသတ်တဏှာနိရောဓနိဗ္ဗာန် ဟူ၍ဟော ကြားခဲ့ပါသည်။

(၃၁)ဘုံမှလွတ်ရန် တဏှာအုပ်ချုပ်သော သမုဒယသစ္စာ နယ်မှလွတ်ရန် ဒုက္ခသစ္စာကိုဦးစွာသိရပါမည်၊ ဒုက္ခသိလျှင် တဏှာ ပယ်သတ်ပြီးဖြစ်ပါသည်၊ သမုဒယသစ္စာပယ်ပြီးသားဖြစ်သလို နိရောဓသစ္စာမျက်မှောက်ပြုသည်၊ နိရောဓသစ္စာဆိုက်က နိဗ္ဗာန် ဆိုက်သည်။

ဝိပဿနာပွားလိုက်ပါက-

-ရုပ် နာမ်ဖြစ်ပျက်က ဒုက္ခသစ္စာ

-သိတာက မဂ္ဂသစ္စာ

-သေတာက သမုဒယသစ္စာ

-ခန္ဓာမလာတာက နိရောဓသစ္စာ

-ဒုက္ခခပ်သိမ်းတဏှာငြိမ်းသည်က နိဗ္ဗာန်

တစ်ဖန် ခန္ဓာပြန်မရတော့ (၃၁)ဘုံသံသရာ၏တဏှာ လက်တွင်းကလွတ်လေပြီ။

၁။ ယုံကြည်ချက်ထားပါ

ငါသည် ကေန်စင်စစ်မုချသေရလိမ့်မည်ပါတကား၊ ဘယ် သောအခါသေရမည်ကိုမသိ၊ မသေခင်ကိုကွယ်ရာအောင် တရား စစ်တရားမှန်ကိုရှာကြံပြီး အချိန်ရခိုက် အချိန်ရှိသရွေ့တရားကို အားထုတ်သင့်သည် ဟုယုံကြည်ချက်ထားပါ။

၂။ လမ်းစဉ်ကိုသိပါ

ဒါန၊ သီလ၊ ဘာဝနာ၊ ဝိပဿနာအကျင့်သည် ဘုရားပစ္စေကဗုဒ္ဓါအရိယာသူတော်ကောင်းတို့၏သွားရာလမ်းကြောင်းအကျင့်ကောင်းဖြစ်သည်၊ ထိုပုဂ္ဂိုလ်များသည် ထိုအကျင့်များဖြင့်ပင် အို-နာ-သေဘေးဒုက္ခအရေးမှလွတ်မြောက်ပြီး ထိုအကျင့်လမ်းစဉ်ကိုငါသိထားရမည်၊ သိအောင်လုပ်ရမည်။

၃။ အဓိဋ္ဌာန်ထားပါ

ငါသည်လည်း ဤဒါန၊ သီလ၊ ဝိပဿနာဘာဝနာအကျင့်ဖြင့်ပင်လျှင် အို-နာ-သေဘေးဒုက္ခဘေးတို့မှလွတ်ကင်းစေရမည်၊ ဤအကျင့်များသည် ငါ၏ကိုးကွယ်ရာအစစ်ဖြစ်ရမည် ဟုအဓိဋ္ဌာန်ပြု၍ ဝိပဿနာအလုပ်ကိုအချိန်ရသရွေ့လုပ်ရမည်။

မိမိကိုယ်ကိုချစ်လျှင်

အတ္တာနဥ္စေပိယံဇညာ၊ ရက္ခေယျနံသုရက္ခိတံ
တိဏ္ဏံ အညတရံယာမံ၊ ပဋိဇဂ္ဂေယျပဏ္ဍိတော

"မိမိကိုယ်ကိုချစ်ပါလျှင် အရွယ်သုံးပါးတို့၌ သင်ကုသိုလ်တရားတို့၌မမေ့မလျော့စောင့်ရှောက်သင့်လှသည်

ဤအရွယ်သုံးပါး၌ စောင့်ရှောက်ရန်မစွမ်းနိုင်လျှင် တစ်ပါးပါးသောအရွယ်၌မူလည်း ဧကန်ပင် မိမိကိုယ်ကိုစောင့်ရှောက်သင့်လှ၏"

(ဓောဓိမင်းသားဝတ္ထု)

လူ့ဘဝလူဖြစ်လာသောလူသည် ပထမအရွယ်လူငယ်ဘဝမြူးတူးပျော်ပါးအချိန်ကုန်သွားသောကြောင့် ကုသိုလ်မှုကို မပြုနိုင်သော်-

-ဒုတိယအရွယ်၌လည်း သားသမီး၊ သားမယားတို့ကို ပြုစုလုပ်ကျွေးနေရခြင်း၊ လူမှုရေး၊ စီးပွားရေးများပြုလုပ်နေရသဖြင့် ကုသိုလ်မပြုလုပ်နိုင်သော်

-တတိယအရွယ်ကား ကုသိုလ်အမှုကို မဖြစ်မနေစောန် ပြုရပါတော့မည်။

ဒါန၊ သီလ၊ ဝိပဿနာဘာဝနာအလုပ်တို့ကို အရွယ်သုံးပါး၌ အသိ-သတိရှိပြီး ကြိုးစားအားထုတ်ခဲ့ကြသည်ရှိသော် ရခဲလှသောလူ့ဘဝရကျိုးနပ်ကြပြီး သံသရာဝဋ်ဆင်းရဲမှကင်းလွတ်ရာမဂ်ဖိုလ်နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်ကြပေမည်သာ။

# အခန်း (၃)

# ဘဝအမြင်ရှင်းသူများ၏ဘဝအရသာ

## အသေတရားရှိလျှင် မသေတရားရှိရမယ်

ဤကမ္ဘာလောကရှိ ဇမ္ဗူဒိပ်ကျွန်းဝယ် ဘုရားပွင့်တော်မည် ဟု ကောလဟာလပေါ်ပြီး ပေါ်နေဆဲအချိန်ကာလ၌ဖြစ်ပါသည်။

မာဂဓတိုင်း ရာဇဂြိုဟ်မြို့တော်၏မနီးမဝေး၌ ဥပတိဿ ဟူ၍အမည်ရှိသောရွာကြီးတစ်ရွာနှင့်ကောလိတ ဟုအမည်ရှိသောရွာကြီးနှစ်ရွာရှိပါသည်၊ ထိုနှစ်ရွာလုံးသည် ပုဏ္ဏားအမျိုးအနွယ်တို့နေသောရွာကြီးနှစ်ရွာဖြစ်ပါသည်။

ဥပတိဿရွာ၏ရွာစားအကြီးအကဲသည်ကား သူကြွယ်ကြီး ဝင်္ကန္တ ဟူ၍အမည်ရှိပြီး သူ၏ဇနီးမှာ ရူပသာရီဟူ၍အမည်ရှိခဲ့ပါသည်။

အလားတူ ကောလိတရွာ၏အကြီးအကဲရွာစားသည်ကား သူကြွယ်ကြီး သုဇာတဟူ၍အမည်ရှိပြီး သူ၏ဇနီးမှာ မောဂ္ဂလိ ဟူ၍အမည်ရှိခဲ့ပါသည်။

ထိုရွာစားအကြီးအကဲနှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ရင်းနှီးကြသော မိတ်ဆွေသူငယ်ချင်းများဖြစ်ကြသည်။

ထိုအကြီးအကဲနှစ်ဦးတွင် တစ်နေ့တည်းသန္ဓေတည်ဘက်ဖြစ်ပြီး တစ်နေ့တည်းဖွားဘက် ဖြစ်သော သားယောကျ်ားလေးတစ်ဦးစီ ရှိကြလေသည်။

ဝင်္ကန္တသူကြွယ်က သူ၏သားကို သူစားရသောရွာအမည်ကိုစွဲ၍ ဥပတိဿ ဟူ၍အမည်ပေးသလို သုဇာတသူကြွယ်ကလဲ သူ၏သားကို သူစားရသောရွာအမည်ကိုစွဲ၍ ကောလိတဟူ၍အမည်မှည့်ခေါ်ခဲ့ကြသည်။

ထိုသားများ ပညာသင်အရွယ်ရောက်သော် မိဘရိုးရာဗေဒင်သုံးပုံကိုသင်ကြားစေရာ ထိုဥပတိဿ၊ ကောလိတတို့သည်ဗေဒင်အရာ၌ တစ်ဘက်ကမ်းတတ်မြောက်ကြပြီး မိမိတို့ဆရာမှတစ်ပါး ယင်းတို့ကိုအယူဝါဒအတွက် မည်သူကမျှယှဉ်ပြိုင်ဆွေးနွေးမှုမပြုဝံ့ကြချေ။

ထိုသားနှစ်ယောက်သည် ဗေဒင်သုံးပုံကိုသာမက ထို ခေတ်ထိုအခါကထွန်းကားသောအတတ်ပညာအားလုံးကိုလည်း သင်ကြားတတ်မြောက်ကြလေသည်။

ရှာစားဖခင်နှစ်ဦးတို့က တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင် ကြသလို သားနှစ်ယောက်ကလည်း တစ်ဦးနှင့်တစ်ဦးအလွန်ချစ် ကြသောသူငယ်ချင်းများဖြစ်ကြလေသည်။

သူတို့သူငယ်ချင်းနှစ်ဦးသည် ပွဲလမ်းသဘင်ပျော်ရွှင်က စားမှု သွားကြလာကြရာ၌ ဥပတိဿက ရွှေထမ်းစင်စီးပြီး အခြံ အရံများနှင့်သွားလာသလို ကောလိတကလည်း ရထားစီး၍အခြံ အရံများစွာနှင့်သွားလာသူဖြစ်ပါသည်။

သူတို့သူငယ်ချင်းနှစ်ဦးသည် ဤကဲ့သို့သောအခြံအရံများ ဖြင့် ဥယျာဉ်ပွဲ၊ ရေပွဲ၊ ကုန်ပွဲများအပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ထိပ်ပွဲသဘင်သို့လည်း အတူသွားရောက်၍ ကြည့်ရှုပျော် ပါးကြလေ့ရှိသည်။

တစ်နှစ်သောတောင်ထိပ်ပွဲသဘင်တွင် သူငယ်ချင်းနှစ် ဦးသည် တစ်ဦး၏ပွဲကြည့်စရာကုတင်နှင့်တစ်ဦး၏ကုတင်အတူ ယှဉ်ထားပြီး တောင်ထိပ်ပွဲသဘင်ကိုကြည့်ရှုနေကြသည်။

ပွဲ ယခင်ကဆိုလျှင် ပွဲသဘင်မှရယ်ရွှင်ဖွယ်ရာတွေမြင် ကြားရလျှင် ဟက်ဟက်ပက်ပက်ရယ်မောပျော်ရွှင်ကြသည်၊ ထိတ် လန့်စရာတွေက ထိတ်လန့်ကြသည်၊ မိမိတို့နှစ်သက်သဘောကျ

၍ဆုပေးစရာရှိကလည်း ထိုက်ထိုက်တန်တန်ရက်ရက်ရောရော ကချေသည်၊ သဘင်သည်တို့ကိုဆုပေးလေ့ရှိကြသည်။

ယခုနှစ်ပွဲသဘင်နှစ်ယောက်အတူကြည့်နေကြ၍ နှစ်ဦး စလုံး၏စိတ်ထဲဝယ် ရယ်ရွှင်ဖွယ်တွေမြင်ရသော်လည်း ရယ်လို စိတ်မရှိကြ၊ ကြောက်လန့်ဖွယ်၊ ထိတ်လန့်ဖွယ်တွေသော်လည်း ကြောက်လန့်ထိတ်လန့်မှုမရှိ၊ ဆုချပေးစရာအကာ၊ အဆိုများရှိနေ သော်လည်း သဘင်သည်များကိုဆုချပေးလိုစိတ်မရှိကြ။

သူတို့၏အတွေးတွင် ယခုပွဲသဘင်၌နှစ်သက်ပျော်ရွှင်နေ ကြသော ဤလူများသည်လည်းကောင်း၊ ငါသည်လည်းကောင်း နောက်အနှစ်တစ်ရာဆိုက တစ်ယောက်မျှရှိကြတော့မည်မဟုတ် ပါချေတကား၊ နောင် အနှစ်တစ်ရာမပြည့်မီ သေရမည့်သူတွေ ဤပွဲမှာပျော်နေလိုက်ကြတာ၊ တကယ်တမ်းတွေးကြည့်လိုက်လျှင် ယခုပွဲလမ်းသဘင်၌ကြည့်ရှုပျော်ရွှင်စရာသည် အဘယ်မှာရှိနိုင် ပါမည်နည်း၊ ဤလောက၌ လူသားတို့တွင်အနှစ်တစ်ရာမပြည့်မီ သေခြင်းတရားရှိနေပါလျှင် မသေခြင်းတရားကောမရှိနိုင်ပေဘူး လား၊ ငါတို့သည် သေခြင်းတရားမှလွတ်ရာဓမ္မတစ်ခုခုကိုဖြင့် မရ- ရအောင်ရှာသင့်ကြသည်မှာအမှန်ပါဘဲ ဟုနှစ်ဦးစလုံးအတွေး အခေါ်တူပြီး တွေးခေါ်စဉ်းစားနေမိကြပြီး ယခင်ကလိုမရယ်နိုင်၊ မလန့်နိုင်ဖြစ်ပြီး တွေးခေါ်မှုဖြင့်ခံစားနေကြရသည်။

သူငယ်ချင်းနှစ်ဦးသည် အတွေးချင်းဆုံနေကြပြီး မသေတရားရှာဖွေရေးအတွေးရေယာဉ်ကြောဝယ် မျောနေကြပြီးနောက် တစ်ဦး၏ရွှင်ပြမှုမရှိသောမျက်နှာကိုတစ်ဦးကကြည့်ကာ အကဲခတ်မိကြပြန်လေသည်။

“ချစ်ဆွေ. . . ဥပတိဿဘယ်လိုပါလဲ၊ ချစ်ဆွေကိုကြည့်ရတာ၊ ယခင်ပွဲသဘင်ကြည့်တုန်းကလို ရွှင်ပြမှုမရှိပါလား၊ သဘောမကျ၊ မနှစ်မြို့က်တာတွေ တွေ့မြင်နေရလို့လား၊ အဘယ်စိတ်ကူး၊ စိတ်တွေးတွေပေါ်နေရပါသလဲ”

“ချစ်ဆွေ. . . ကောလိတ ယနေ့ ဒီပွဲလမ်းသဘင်တွေကြည့်နေရတာ ဘာမျှအနှစ်သာရရှာမရသလိုဘဲ၊ ယခုပျော်ရွှင်နေတဲ့လူတွေဟာ နောင်အနှစ်တစ်ရာအတွင်းမှာ တစ်ယောက်မျှရှိတော့မှာမဟုတ်ဘူး၊ ဤလောကမှာ သေခြင်းတရားဆိုတာရှိနေတယ်၊ ဒီသေခြင်းတရားအသေရှိနေလျှင် မသေခြင်းတရားမသေသောတရားရှိနေလိမ့်မယ်၊ ဤမသေတရားကိုရှာသင့်တယ်လို့စဉ်းစားတွေးမိနေပြီး စိတ်ထဲမှာ ဤပွဲလမ်းသဘင်နှင့်ပတ်သက်လို့မပျော်မရွှင်ဖြစ်နေ ခံစားနေမိ တွေးနေမိပါတယ်၊ ဒါနဲ့ ချစ်ဆွေလဲ ယခင်ကလိုရွှင်ပြတာတွေမတွေ့ရပါဘူး၊ ဘာတွေများခံစားပြီးတွေးနေမိပါသလဲ”

“ချစ်ဆွေ ဥပတိဿ. . . ကျွန်ုပ်လဲဘဲ အဲဒီလိုစဉ်းစားတွေးမိနေပြီး ဤပွဲကိုမရွှင်မပြခံစားနေမိရပါတယ်”

"ချစ်ဆွေ ကောလိတ. . . ကိုယ်တို့နှစ်ဦးစလုံး အကြံကောင်း၊ အတွေးကောင်းတွေးကြံမိနေကြတာဘဲ၊ ဤလောကမှာ သေခြင်းဆိုတဲ့ အသေတရားရှိနေရင် မသေခြင်းဆိုတဲ့မသေတရားလဲရှိရမှာအမှန်ဘဲလို့ယုံကြည်မိပါတယ်၊ ကျွန်ုပ်တို့တတွေ ဒီမသေခြင်းသဘောတရားကိုရှာဖွေသင့်တယ်၊ ဒီမသေခြင်းသဘောအမြိုက်တရားကိုဘယ်သူထံတပည့်ခံပြီး ရှာသင့်သလဲ၊ စဉ်းစားကြပါစို့"

ထိုအချိန်ထိုကာလဝယ် ဇမ္ဗူဒိပ်ကျွန်း၌ လောက၌ဘုရားပွင့်တော့မည်ဟူသော ကောလဟာလနှင့်အတူ ဘုရားအမည်ခံထားသောထင်ရှားသည့်ဆရာကြီး(၆)ဦးကပေါ်ထွန်းနေချိန်ဖြစ်ပါသည်၊ ယင်းတို့(၆)ဦးတွင်-

- -အဇိတကေသကမ္ဗလ(၅၂၃-ဘီစီ)သည် ဘူတိကဝါဒီအယူရှိသူဖြစ်သည်
- -မက္ခလိဂေါသာလ(၅၂၃-ဘီစီ)သည် အကမ္မညတာဝါဒီအယူရှိသူဖြစ်သည်
- -ပူရာဏကဿပ(၅၂၃-ဘီစီ)သည် အကိရိယဝါဒီအယူရှိသူဖြစ်သည်
- -ပကုဓကစ္စာယန(၅၂၃-ဘီစီ)သည် နိစ္စပဒတ္တဝါဒီအယူရှိသူဖြစ်သည်

-သဥ္စယဗေလဋ္ဌပုတ္တ(၅၂၃-ဘီစီ)သည် အနေကန္တဝါဒီ
 အယူရှိသူဖြစ်သည်
-နိဂဏ္ဌနာဋ္ဌပုတ္တ(၅၂၃-ဘီစီ)သည် သဗ္ဗညုတာဝါဒီ
 အယူရှိသူဖြစ်သည်

ထိုဆရာကြီး(၆)ဦးတို့၏ အတ္တပြုတ္တိဘဝဖြစ်စဉ်နှင့်တရား အယူအဆများကို ထေရဝါဒပိဋကတ်တော်နေရာအများအပြား တို့၌ပြဆိုထားသည်ကိုတွေ့ရပြီး သုတ်သီလက္ခန်သာမညဖလ သုတ်၌ အယူဝါဒသဘောတရားများအပြည့်အစုံဖော်ပြထားသည် ကိုတွေ့ရပါသည်။

ထိုဆရာကြီး(၆)ဦးအနက် သဥ္စယဗေလဋ္ဌပုတ္တ(သိဥ္စည်း ဆရာကြီး)သည် နောက်လိုက်တပည့်ပရိဗိုဇ်ပေါင်းများစွာနှင့်ရာဇ ဂြိုဟ်မြို့တော်၌ နေထိုင်နေချိန်ဖြစ်သည်။

"ချစ်ဆွေ. . . ငါတို့သိဥ္စည်းဆရာကြီးထံမှာ အခြား တပည့်များနည်းတူ ပရိဗိုဇ်ပြုပြီး အမှန်သဘောတရားကိုရှာဖွေ ကြစို့"

သူငယ်ချင်းနှစ်ယောက်သည် ဤသို့သဘောတူဆုံးဖြတ် ကြပြီးလျှင် မိမိတို့အခြံအရံနောက်လိုက်များကိုထမ်းစဉ်၊ ရထား များကိုအပ်နှင်းကာ မိမိတို့အိမ်အသီးသီးသို့ပြန်စေပြီး မိဘတို့ကို လည်း အကျိုးအကြောင်းပြောပြစေသည်။

မိမိတို့နှစ်ဦးကား ရထားတစ်စီးတွင် အတူတူစီးပြီး ပရဗိုဇ်ရဟန်းပြုရန် သိဥ္စည်းဆရာကြီးထံသို့သွားကြကာ ဆရာကြီးထံ အကျိုးအကြောင်းပြောခွင့်ပန်ပြီး ပရဗိုဇ်ရဟန်းပြုကြလေသည်။

ဥပတိဿနှင့်ကောလိတတို့ပရဗိုဇ်ရဟန်းပြုပြီးနောက် အချိန်မှစ၍ သိဥ္စည်းဆရာကြီးအဖို့ထင်ရှားကျော်ကြားသထက် ကျော်ကြားလာကာ လူသူများဖြင့်လာဘ်လာဘအလွန်ပေါများလာလေသည်။

ဥပတိဿနှင့်ကောလိတတို့သည် ပရဗိုဇ်၏ရဟန်းပြုပြီးနောက် နှစ်ရက်သုံးရက်အတွင်းမှာပင် သိဥ္စည်းဆရာကြီး၏ဝါဒလမ်းစဉ်ဉာဏ်အမြင်ကို အကုန်အစဉ်မွှေနှောက်သဘောပေါက်ကာသိကြလေသည်။

"ဆရာတို့ . . . အသိအမြင်ဟာ ဒီလောက်ဘဲရှိပါသလား ဒီထက်ပိုပြီးရှိပါသေးသလား"
ဟု ဆရာကြီးထံချဉ်းကပ်၍မေးမြန်းစုံစမ်းကြသည်။

"ဤမျှလောက်ဘဲရှိပါသည်၊ သည့်ပြင်မရှိတော့ပါ၊ သင်တို့သည် ငါ၏လက်ထောက်ဆရာပြု၍ တပည့်တို့ကိုသင်ကြားပေးကြပါလေ၊ ယနေ့မှစ၍ ငါသည်သင်တို့အား အကြီးအကဲဆရာအဖြစ်ခန့်အပ်တာဝန်အပ်နှင်းပါ၏"
ဟု သိဥ္စည်းဆရာကြီးက ဥပတိဿနှင့်ကောလိတတို့ကို ဆရာအဖြစ် မြှောက်စားတင်ပေးလေသည်။

"ထိုကဲ့သို့ဆိုလျှင် ဤဆရာဆီမှာအကျင့်မြတ်ကိုဆက် ရှာစရာမရှိတော့ဘူး၊ ငါတို့သည် မသေခြင်းလွတ်မြောက်ရာ တရားသဘောကိုရှာဖွေရန်ထွက်လာခဲ့ကြသော်လည်း ဤဆရာ ထံမှာတော့ ဤတရားကိုမရနိုင်တော့၊ ဇမ္ဗူဒိပကျွန်းကြီးဟာ အကျယ်ကြီးပဲ၊ ရွာတွေ၊ နိဂုံးတွေ၊ နေပြည်တော်တွေမှာ မသေ ခြင်းလွတ်မြောက်ရာတရားသဘောကိုဟောကြားနိုင်သောဆရာ တစ်ဦးဦးကို တစ်နေ့နေ့မှာမုချတွေ့ရမှာပေါ့ "
ဟု စဉ်းစားကြကာ သိဥ္စည်းဆရာကြီးထံတွင် လက်ထောက်ဆရာ များအဖြစ် တာဝန်ယူပြီးတပည့်များကိုပညတ်သင်ပေးနေလေ သည်။

ထိုသို့နေကြရင်း မည်သည့်အရပ်တွင်ပညာရှိရဟန်း ပုဏ္ဏားရှိသည် ဟုသတင်းစကားကြားရလျှင် ထိုအရပ်သို့သွား ရောက်ကြပြီး ထိုရဟန်းပုဏ္ဏားများနှင့်တွေ့ဆုံပြီး တရားစကား ဆွေးနွေးကြလေသည်။

ဆွေးနွေးခံရသောရဟန်းပုဏ္ဏားတို့သည် သူတို့နှစ်ဦးမေး သမျှကိုမဖြေဆိုနိုင်ကြဘဲ ထိုရဟန်းပုဏ္ဏားတို့ကပြန်လည်မေးသမျှ တို့ကိုသာ သူတို့နှစ်ဦးကကောင်းစွာဖြေဆိုနိုင်ခဲ့ကြသည်။

သူတို့နှစ်ဦးသည် ဤသို့လျှင် ဇမ္ဗူဒိပ်ကျွန်းအနှံ့ ပညာရှိ ရဟန်းပုဏ္ဏားရှိရာများသို့လှည့်လှည်သွားလာမေးမြန်းပြီး မသေ

ခြင်းသဘောတရားအမှန်ကိုရှာဖွေနေခဲ့ကြသည်၊ မည်သို့မျှရှာဖွေမရသောအခါ နေရင်းဌာနဆရာသိဥ္စည်းထံပြန်လာခဲ့ကြသည်။

"အမြိုက်တရားကိုအရင်ရသူက မရသေးသူကိုပြန်လည်၍ပြောကြားစတမ်း"

ဟု နှစ်ဦးသားတို့ကတိကဝတ်ထားကြပြီး မိမိတို့နယ်ပယ်ဒေသ၊ မိမိတို့ဆိုင်ရာပုဂ္ဂိုလ်များထံ တရားမှန်ကိုရှာဖွေနေခဲ့ကြသည်။

ထိုအချိန်ကာလအတွင်းဝယ် သုဒ္ဓေါဒနမင်းကြီး၏သား သိဒ္ဓတ္ထကုမာရသည် (၆)နှစ်တာကာလပတ်လုံးတောထွက်ပြီး ဒုက္ကရစရိယကိုကျင့်သဖြင့် ဗုဒ္ဓ(၅၆၃-၄၆၃ ဘီ-စီ)အဖြစ်သို့ဆိုက်ရောက်တော်မူပြီးနောက် ရာဇဂြိုဟ်မြို့ဝယ် ဗိမ္ဗိသာရမင်းကြီးဆောက်လုပ်လှူဒါန်းအပ်သော ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးခိုက်အချိန်ဖြစ်သည်။

ဗုဒ္ဓဂေါတမထံ၌လည်း တပည့်သားရဟန္တာ(၆၀)မျှသာရှိနေသေးသောအချိန်ဖြစ်ပါသည်၊ ဗုဒ္ဓ၏တပည့်သာဝကတွင် ပထမဦးဆုံးမေ့စကြာနှင့်အနတ္တလက္ခဏာသုတ်ဟောကြား၍ရဟန္တာဖြစ်ခဲ့ကြသော ပဉ္စဝဂ္ဂီ(၅)ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး အငယ်ဆုံးလည်းဖြစ်သော အရှင်အဿဇိမထေရ်မြတ်သည် နံနက်စောစောပင် သပိတ်သင်္ကန်းကိုယူကာဝေဠုဝန်ကျောင်းတော်မှကြွ၍ ရာဇဂြိုဟ်မြို့တွင်းသို့ဆွမ်းခံကြွတော်မူလေသည်။

ထိုနေ့မှာပင်ဥပတိဿပရိဗိုဇ်သည် နံနက်စောစောက ပင်ဆွမ်းစားပင့်အလှူရှင်အိမ်မှဆွမ်းစားပြီးနောက် မိမိကျောင်းသို့ ပြန်လာစဉ် ကြည်ညိုဖွယ်ကောင်းပြီးရှေ့သို့တက်ပုံ၊ နောက်သို့ ဆုတ်ပုံ၊ တည့်တည့်ကြည့်ပုံ၊ တစောင်းကြည့်ပုံ၊ ကွေးပုံ၊ ဆန့်ပုံ များကိုတွေ့မြင်ရာ၌ အလွန်ကြွေ့ရွှေသိက္ခာကြီးမားလှသော အရှင် အဿဇိမထေရ်ကိုတွေ့မြင်သွားလေသည်။

"ဒီလိုရဟန်းမျိုးကို ငါတစ်ခါမျှမတွေ့မြင်မိခဲ့သေးဘူး၊ လောကမှာ ရဟန္တာဆိုတာရယ်၊ အရဟတ္တမဂ်ဆိုက်ရောက်တဲ့ ရဟန်းဆိုတာတို့ရှိတယ်ဆိုတာ ငါကြားသိရခဲ့ပြီး မတွေ့မြင်ဘူး သေးဘူး၊ ဒီရဟန်းသည် ဒီရဟန္တာ အရဟတ္တမဂ်ရောက်ပုဂ္ဂိုလ် မျိုးထဲကဖြစ်ကောင်းဖြစ်နိုင်တယ်၊ ငါသည် သူ့နောက်လိုက်ပြီး စုံစမ်းသင့်တယ်"

ဟု အကြံအစည်ဖြစ်ပေါ်မိလေသည်။

"ငါ့ရှင်၊ ငါ့ရှင်ဟာ ဘယ်သူ့ကိုရည်မှန်းပြီးရဟန်းပြုတာ ပါလဲ၊ ငါ့ရှင်ဆရာကဘယ်သူပါလဲ၊ ဘယ်သူ့ရဲ့တရားကို ငါ့ရှင် နှစ်သက်ပါသလဲ-ဟုမေးကြည့်လျှင်ကောင်းမှာဘဲ၊ ဒါပေမဲ့ ယခု သူဆွမ်းခံဝင်နေတယ်၊ ခုလိုခါမျိုးမှာ ပြဿနာမေးဖို့မတော်သေး ဘူး၊ လမ်းမသိတဲ့လူဟာနောက်ကကပ်ပြီးလိုက်ရသလို ငါလဲဘဲ ဒီရဟန်းရဲ့နောက်ကထပ်ကြပ်မကွာလိုက်ပြီး စုံစမ်းကြည့်ရလျှင် ကောင်းမှာဘဲ"

ဟုစဉ်းစားဆုံးဖြတ်ပြီး ရှင်အဿဇိနောက်ကလိုက်လေသည်။

အရှင်အဿဇိသည် ဆွမ်းလိုသလောက်ရသောအခါ ဆွမ်းဘုဉ်းပေးရန်တစ်နေရာသို့ကြွရောက်ပြီး ထိုင်မည်ဟန်ပြု သည်ကို ဥပတိဿတွေ့မြင်ရသောအခါ ကပျာကယာသွားပြီး မိမိ၏ပရိက္ခရာဖြစ်သော ထိုင်ခုံကိုခင်းပေးလေသည်။

ဝါကျပြန်: အရှင်အဿဇိဆွမ်းဘုဉ်းပေးသည်ကို အနီးမှနေ၍ကြည့် ညိုနေကာ ဆွမ်းဘုဉ်းပေးပြီးသောအခါ မိမိ၏ရေကရားမှရေကို ပေးလှူပြန်လေသည်။

ဤသို့ဆရာ့အပေါ်ပြုရမည့်ဝတ်ကိုပြု၍ ဆွမ်းဘုဉ်းပေး သောကိစ္စပြီးသောအခါ အရှင်အဿဇိကိုချိုသာစွာနှုတ်ခွန်းဆက် သလေသည်။

"ငါ့ရှင်-ငါ့ရှင်ရဲ့ကုန္ဒြေသိက္ခာများဟာ အလွန်ပင်ကြည် လင်ပြီးတည်ငြိမ်လှပါတယ်၊ အရေအဆင်းကလည်း အလွန်ပင် သန့်ရှင်းဖြူစင်လှပါပေတယ်၊ ငါ့ရှင်သည် အဘယ်သူကိုရည်စူးပြီး ရဟန်းပြုခဲ့ပါသလဲ၊ ငါ့ရှင်ရဲ့ဆရာကဘယ်သူပါလဲ၊ ငါ့ရှင်ဟာ ဘယ်သူ၏တရားကိုနှစ်သက်ပြီးကျင့်နေပါသလဲ"

ဟုမေးလေသည်။

"ငါ့ရှင် ငါသည်သာကီဝင်သားဖြစ်ပြီး သာကီဝင်မင်းမျိုး ကရဟန်းပြုခဲ့တဲ့ ဂေါတမဗုဒ္ဓဆိုတဲ့ရဟန်းမြတ်ကြီးကိုရည်ညွှန်းပြီး ရဟန်းပြုခဲ့ပါတယ်၊ အဲဒီဂေါတမဗုဒ္ဓဟာ ငါ၏ဆရာပါဘဲ၊ ငါဟာ အဲဒီဂေါတမဗုဒ္ဓဘုရားရဲ့တရားကိုနှစ်သက်ပြီးကျင့်ခဲ့ပါတယ်"

"အရှင့်ရဲ့ဆရာက အဘယ်အယူရှိပါသလဲ"

ထိုမေးခွန်းမေးလာသောအခါ အရှင်အဿဇိမထေရ်က-

"ဒီပရိဗိုဇ်တွေဆိုတာ သာသနာတော်၏ဆန့်ကျင်ဘက်တွေကဘဲ၊ ဗုဒ္ဓရဲ့အဆုံးအမတော်၏နက်နဲပုံကိုဖော်ပြသင့်တယ်"

ဟုသဘောပိုက်မိကာ မိမိသည်ရဟန်းသစ်မျှသာဖြစ်ပုံကို ဖော်ပြလိုသဖြင့်-

"ငါ့ရှင်. . ငါကတော့ အသစ်ပဲရှိပါသေးတယ်၊ မကြာမီကမှ ရဟန်းပြုခဲ့ရပါတယ်၊ ဒီတရားတော်နှင့်ဝိနည်းထဲကို မကြာမီကမှဝင်ရောက်ခဲ့ရပါတယ်၊ အဲဒီတော့ ဦးစွာကျယ်ကျယ်ပြန့်ပြန့်တရားမဟောတတ်သေးပါဘူး"

ဟု မိမိကိုယ်ကိုနှိမ့်ချ၍ပြောလိုက်သည်၊ ထိုအခါ ဥပတိဿပရိဗိုဇ်၏စိတ်ထဲ၌-

"ငါ့ရှင်ဟာစွမ်းနိုင်သလောက်နည်းချင်နည်း၊ များချင်များဟောကြားပေးပါကကောင်းမည်၊ သူ၏ဟောကြားချက်ကိုနည်းတစ်ရာ နည်းတစ်ထောင်ထိုးထွင်းသိမြင်ဖို့ကတော့ ငါ၏တာဝန်သာဖြစ်ပေမည်"

ဟု စိတ်သဘောအကြံဖြစ်မိပြီး-

"ငါ့ရှင်. . . နည်းနည်းဘဲဖြစ်ဖြစ်၊ များများဘဲဖြစ်ဖြစ်ဟောသာဟောပါ၊ သဘောတရားကိုသာဟောပြပါ၊ ကျွန်ုပ်သည်

သဘောမျှကိုသာလိုချင်ပါသည်၊ များလှတဲ့ဗျည်းတွေ၊ သဒ္ဒါအနက်တွေမလိုချင်ပါ ”

ဟု ပြန်လည်လျှောက်ထားလိုက်လေသည်။

ထိုအခါ အရှင်အဿဇိမထေရ်က-

“ယေ ဓမ္မာ ဟေတုပ္ပဘာဝါ တေသံဟေတုံတထာဂတော အာဟ တေသဉ္စယောနိရောဓော ဧဝံ ဝါဒီမဟာသမဏော”

“ဆင်းရဲတရားတွေဟာ လိုချင်မှုအကြောင်းခံတရားရှိကြပါတယ်၊ လိုချင်မှုကြောင့်ဖြစ်ကြတာများပါတယ်၊ ယင်းဆင်းရဲတရား၊ လိုချင်မှုတရားတွေရဲ့ဖြစ်ပုံ၊ ချုပ်ပုံလမ်းကြောင်းကိုလည်း ငါတို့ဆရာရဟန်းကြီးဖြစ်တဲ့ဘုရားရှင်ကဟောကြားပါတယ်”

ဟူ၍ဟောကြားလိုက်လေသည်။

ဥပတိဿသည် ထိုတရားလေးကြားကာမျှနှင့်ပင်-

“ဖြစ်သမျှအရာတွေဟာချုပ်ပျောက်ကြမှာပါကလား”

ဟု တရားမျက်စိဖြစ်ပေါ်ခံစားရရှိသိလေသည်၊ နည်းတစ်ထောင်ဖြင့်တန်ဆာဆင်ထားပြီး သောတာပတ္တိမဂ်ဉာဏ်ကိုဆိုက်ရောက်မိလေသည်။

(နည်းတစ်ထောင်တို့ဖြင့်တန်ဆာဆင်၍ သိသည်ဆိုရာ၌)

သောတာပတ္တိမဂ်ကို သုညတမဂ်၊ အပ္ပဏိဟိတမဂ်(၂) ပါးနှင့်မြောက်ပါက (၂)ပါးရသည်၊ ယင်း(၂)ပါးကို ပဋိပဒါ(၄)ပါး

နှင့်မြောက်ပါက(၈)ပါးရသည်၊ ရှေးသုဒ္ဓစျာန်(၂)ပါးနှင့်ဆိုလျှင် (၁၀)ပါးဖြစ်ပါသည်။

ထို(၁၀)ပါးသည် မဂ္ဂ၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ သစ္စာ၊ သမထ၊ ဝိပဿနာ၊ ခန္ဓာ၊ အာယာတန၊ ဓာတ်၊ အာဟာရ၊ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ် ဟူသော(၁၉)မျိုးတို့၌ တစ်မျိုးလျှင်(၁၀)မျိုးစီရသောကြောင့် (၁၀×၁၉=၁၉၀)၊ မူလ(၁၀)ပါးနှင့်ပေါင်းသော်(၂၀၀)ဖြစ်ပါသည်။

ယင်းကို ဆန္ဒစသောအဓိပတိ(၄)ပါးနှင့်မြှောက်ပါက (၈၀၀)ရပါသည်၊ ရှေးက(၂၀၀)နှင့်ပေါင်းသော် နည်းပေါင်း (၁၀၀၀)ရပါသည်။(ဓမ္မသင်္ဂဏီပါဠိတော်နည်း)

ထို့နောက် အရှင်အဿဇိကဆက်လက်၍-

"ငါ့ရှင်. . . ဤတရားများ၏ချုပ်ပျောက်ရာကိုလည်း ငါတို့ဆရာရဟန်းမြတ်ကြီးက ဤကဲ့သို့ဟောလေ့ရှိပါတယ်၊ ဤကဲ့သို့သောသဘောထားရှိပါသည်။

အရှင်အဿဇိ၏ဤနောက်စကားကို ဥပတိဿသည် သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်အဖြစ်သို့ရောက်၍ အပြီးတွင်မှနာယူရလေသည်။

ဥပတိဿသည် သောတာပန်ဖြစ်သွားသော်လည်း အထက်မဂ်၊ အထက်ဖိုလ်ရရန် ဉာဏ်အထူးမဖြစ်ပေါ်ဘဲ ရှိနေလေသည်။

"ဤနေရာမှာ အကြောင်းထူးရှိနေပေလိမ့်ဦးမည်" ဟုသဘောပေါက်စဉ်းစားမိကာ-

"ဒီထက် တိုးပြီးမဟောပါနှင့်တော့ဘုရား၊ ဤမျှလောက်ဘဲရှိပါစေတော့၊ အရှင်ဘုရား၏ဆရာ ယခုအဘယ်မှာ သီတင်းသုံးပါသလဲဘုရား"

"ငါ့ရှင်. . . ငါတို့ဆရာဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေထိုင်လျက်ရှိနေပါသည်"

"အရှင်ဘုရား. . . ဤသို့ဆိုက အရှင်ဘုရားကြွတော်မူပါ၊ တပည့်တော်မှာ သူငယ်ချင်းတစ်ယောက်ရှိပါသေးသည်၊ အမြိုက်တရားကို ပထမရသူက ကျန်တစ်ဦးကိုပြောစတမ်း ဟု ကတိကဝတ်ရှိနေပါသည်၊ တပည့်တော် ထိုဝန်ခံချက်ကိုကျေပွန်စေပြီးမှ သူငယ်ချင်းကိုပါခေါ်ပြီး အရှင်ဘုရားကြွသောလမ်းအတိုင်း ဘုရားရှင်ထံသို့လာခဲ့ပါမည်ဘုရား"

ဥပတိဿသည် ဤသို့လျှောက်ထားပြီး တည့်ခြင်းငါးပါးတို့ဖြင့် အရှင်အဿဇိ၏ခြေတော်အစုံကိုပျဝပ်ဦးနှိမ်ကာ လက်ျာရစ်သုံးကြိမ်လှည့်ပြီးနောက် ပရိဗိုဇ်ကျောင်းသို့ပြန်လာခဲ့လေသည်။

ကောလိတပရိဗိုဇ်လည်း ဥပတိဿပြန်လာသည်ကို အဝေးကပင်မြင်ကာ-

"ယနေ့ ငါ့သူငယ်ချင်းရဲ့မျက်နှာအဆင်းသည် အခြားနေ့များနှင့်မတူဘူး၊ ကေန်တစ်ခုခုသောအမြိုက်တရားထူးကိုရလာတာနှင့်တူတယ်"

ဟု အကဲခတ်မိကာ ဥပတိဿကိုဝမ်းမြောက်ဝမ်းသာကြိုဆိုလေသည်။

ဥပတိဿသည် ကောလိတကို မိမိနှင့်အရှင်အဿဇိ တွေ့ဆုံပုံ၊ အဿဇိ၏တရားသဘောဟောပြောပုံအကြောင်းစုံတို့ကိုပြောပြရာ ဥပတိဿ၏ပြောပြချက်အဆုံးတွင် ကောလိတသည်လည်း သောတာပတ္တိဖိုလ်၌တည်လေသည်။

"အဆွေ ဥပတိဿ. . . ဘုရားရှင်က ယခုအဘယ်မှာ ရှိနေပါသလဲ"

"ဝေဠုဝန်မှာလို့ အရှင်အဿဇိက မိန့်ကြားပါတယ်"

"ဒီလိုဆိုလျှင် ဘုရားရှင်ကို ယခုပင်သွားရောက်တွေ့ဆုံဖူးကြပါစို့"

ဥပတိဿသည် ဆရာသမားများအပေါ်၌ အမြဲတမ်းပူဇော်တတ်သောအလေ့ရှိသောပုဂ္ဂိုလ်မြတ်ဖြစ်သည့်အတိုင်း-

"အဆွေ ကောလိတ. . . ကိုယ်တို့ယခုသိတဲ့အမြိုက်တရားကို ကိုယ်တို့သိဥ္စည်းဆရာကြီးကိုလည်းပြောကြားကြပါဦးစို့၊ သူလဲကျွတ်ထိုက်မယ်ဆိုလျှင် သဘောပေါက်စရာရှိပါတယ်၊ သဘောမပေါက်လျှင်လည်း ကိုယ်တို့အပေါ်ယုံကြည်တဲ့အတွက် ဘုရားရှင်ထံသွားစရာအကြောင်းရှိပါတယ်၊ ဘုရားရှင်ရဲ့တရားတော်ကိုကြားနာရလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုထိုးထွင်းသိမြင်စရာရှိပါတယ်"

ဟုပြောပြသည်။

ကောလိတသည်လည်းသဘောတူ၍ နှစ်ဦးသားသိဥ္စည်း

ဆရာကြီးထံသို့သွားကြလေသည်၊ ဆရာကြီးကလည်း သူတို့ကို မြင်သည်နှင့်-

"ချစ်သားတို့ . . အသို့နည်း၊ အမြိုက်လမ်းစဉ်သဘော တရားကိုဟောကြားတတ်တဲ့ဆရာတစ်ဦးဦးကိုရခဲ့ကြပြီးလား" ဟုဆီး၍မေးလေသည်၊ ဆရာကြီးသည် သူတို့နှစ်ဦး၏ဆရာရှာ နေသောအကြောင်းအရာကိုသိနေ၍ ဤသို့မေးလိုက်ခြင်းဖြစ်ပါ သည်။

"ဆရာ. . . ရခဲ့ပါပြီ၊ လောကမှာ ဗုဒ္ဓဘုရားပေါ်ထွန်း နေပါပြီ၊ တရားဓမ္မလည်းဟောတော်မူကာ တရားဓမ္မလည်းပေါ် နေပါပြီ၊ သံဃာတော်များလည်းပေါ်နေပါပြီ၊ ဆရာတို့ဟာ အလ ကားအနှစ်မရှိသောအရာမှာ လှည့်လည်နေကြပါသည်၊ ဒီတော့ ဗုဒ္ဓဘုရားထံသို့ ကျွန်ုပ်တို့နှင့်အတူကူသွားကြပါစို့"

"တပည့်တို့ . . မတော်ပါဘူး၊ ငါတို့သုံးဦးစလုံး ဒိပရိုဗိုဇ် ဂိုဏ်းကိုထိန်းသိမ်းနေကြပါစို့"

"ဆရာ. . . ကျွန်ုပ်တို့သည် တရားစစ်၊ တရားမှန်၊ မသေ ခြင်းတရားကို ဗုဒ္ဓဘုရား၏တပည့်အရှင်အဿဇိထံမှကြားနာ၍ ရခဲ့သိခဲ့ကြပြီး ဆရာလည်း ကျွန်ုပ်တို့ရသလိုရအောင် ကျွန်ုပ်တို့နှင့် အတူတူလိုက်ခဲ့စေလိုပါသည်"

"သင်တို့သာသွားကြပေတော့၊ ငါတော့ မသွားနိုင်တော့ ပါဘူး"

"ဆရာ. . . အဘယ်ကြောင့်ပါနည်း"

"တပည့်တို့. . . ငါဟာ လူအများရဲ့ဆရာကြီးတစ်ဆူလုပ်နေပြီး လှည့်လည်နေတယ်မဟုတ်လား၊ ငါ့အဖို့ သူများရဲ့အတွင်းနေတပည့်ဖြစ်ရဦးမယ်ဆိုရင် အိုးစရည်းကြီးက ရေဆွဲပုံးကလေးဖြစ်ရသလိုနေမှာပေါ့၊ အတွင်းနေတပည့်တော့မလုပ်နိုင်တော့ပါဘူးကွယ်"

"ဒီလိုမလုပ်ပါနဲ့ဆရာ၊ အတူတူလိုက်ခဲ့ပါ"

"ကဲ-ရှိပါစေတော့၊ သင်တို့သာသွားကြပေတော့၊ ငါ့အဖို့တော့မဖြစ်နိုင်တော့ပါဘူး"

"ဆရာ. . . လူအများပူဇော်ခံရအောင်သွားကြမှာ ဖြစ်ပါတယ်၊ တပည့်တို့လဲသွားမှာဘဲ၊ ဆရာက ဒီမှာဘာလုပ်နေခဲ့မှာလဲ"

"တပည့်တို့. . . ဒီလောကမှာ ပညာမရှိသူတွေများသလား၊ ပညာရှိသူတွေများသလား"

"ပညာမရှိသူတွေများပါတယ်ဆရာ၊ ပညာရှိက အနည်းငယ်သာရှိပါတယ်"

"ဒီလိုဆိုလျှင် ပညာရှိသူတွေက ပညာရှိတယ်ဆိုတဲ့ငါ့ဆီသွားကြလိမ့်မယ်၊ ပညာမရှိသူတွေက ငါ့ထံလာကြလိမ့်မယ်၊ သင်တို့သာသွားကြပါလော့"

"ကဲ-ဒါဆိုလျှင် နောင်တော့ ဆရာတို့ထင်ရှားသိကြရပါလိမ့်မယ်၊ တပည့်တို့ကိုတော့ခွင့်လွှတ်ပါ"

ဥပတိဿနှင့်ကောလိတတို့သည် မိမိတို့ဆရာအား မည်သို့မျှခေါ်၍မရသောအခါ မိမိတို့နှင့်အတူ လိုက်ပါလိုသော တပည့်ပရိုဗိုဇ်(၅၀၀)ကိုပါ ခေါ်ဆောင်သွားကြလေသည်။

ထိုအခါ သိဥ္စည်းဆရာကြီး၏အာရာမ်ကျောင်းတိုက်ကြီးသည် ဖရိုဖရဲဖြစ်ကာ ကျောင်းတိုက်ကြီးတစ်ခုလုံးဆိတ်သုဉ်းသွားလေသည်၊ သိဥ္စည်းဆရာကြီးသည် ဆိတ်သုဉ်းခြောက်သွေ့သွားသော မိမိအာရာမ်ကျောင်းတိုက်ကြီးကို စိတ်မချမ်းမသာကြည့်ပြီး သွေးအန်၍ကျန်ရစ်ခဲ့လေသည်။

သိဥ္စည်းဆရာကြီး၏သွေးအန်မှုကိုမြင်ကြရသော တပည့်(၂၅၀)တို့သည် ဆက်လက်မလိုက်တော့ဘဲ သိဥ္စည်းဆရာကြီး၏အာရာမ်ကျောင်းတိုက်သို့ပြန်သွားကြသည်၊ ဥပတိဿနှင့်ကောလိတတို့နောက်သို့ တပည့်(၂၅၀)သာပါသွားကြလေသည်။

ဗုဒ္ဓသည် ဝေဠုဝန်ကျောင်းတော်၌ ပရိသတ်လေးပါးကို တရားဟောနေစဉ် ဥပတိဿနှင့်ကောလိတတို့ပရိသတ်နှင့်ခြံရံပြီး လာသည်ကိုအဝေးကပင်မြင်တော်မူ၍-

"ချစ်သားတို့ . ဥပတိဿနှင့်ကောလိတတို့သူငယ်ချင်းနှစ်ယောက်တို့ ပရိသတ်အခြံအရံနှင့်လာကြသည်၊ သူတို့နှစ်ဦးသည် ငါဘုရားရှင်၏အကြီးအကဲမြင့်မြတ်တဲ့တပည့်အစုံဖြစ်ကြလိမ့်မည်"

ဟု မိန့်ကြားတော်မူလေသည်။

သူတို့သည် ဘုရားရှင်၏ရှေ့မှောက်သို့ရောက်၍ ဘုရားရှင်အားနှုတ်ဆက်ကြပြီး ဘုရားရှင်ထံ၌ရဟန်းပြုခွင့်ကိုတောင်းကြသည်၊ ထိုအခါ ဘုရားရှင်က နောက်ပါများနှင့်တကွနှစ်ဦးစလုံးကို ဧဟိဘိက္ခု ခေါ်တော်မူလိုက်ရာ အားလုံးသည်ပရိက္ခရာ(၈)ပါးအစုံနှင့်ရဟန်းအသွင်သို့ရောက်ကြလေသည်။

ထို့နောက် ဘုရားရှင်က ထိုပရိသတ်နှင့်သင့်လျော်သောတရားတော်များကို ဆက်လက်ဟောကြားပြသတော်မူရာ ဥပတိဿနှင့်ကောလိတတို့မှ တစ်ပါးကျန်ရဟန်း(၂၅၀)တို့သည် ရဟန္တာဖြစ်တော်မူကြလေသည်။

ဥပတိဿနှင့်ကောလိတတို့သည် ပါရမီဉာဏ်ကကြီးကျယ်ခဲ့ကြသောကြောင့် မပြည့်စုံသောအချိန်မရောက်သေး၍ အထက်မဂ်(၃)ပါးကိုမရဘဲရှိလေသည်။

(အရှင်ဥပတိဿကို သာရိပုဏ္ဏေမ၏သားဖြစ်သောကြောင့် သာရိပုတ္တရာ(သာရိပုတြာ)ဟူ၍ခေါ်ပြီး အရှင်ကောလိတကို မောဂ္ဂလိပုဏ္ဏေးမ၏သားဖြစ်သောကြောင့် မောဂ္ဂလာန(မောဂ္ဂလာန်)ဟုခေါ်ပါသည်။

ထို့နောက် အရှင်မောဂ္ဂလာန်သည်ရဟန်းပြုပြီး (၇)ရက်အကြာတွင် မာဂဓတိုင်း ကလ္လဝါဠရွာကိုအမှီပြုကာသီတင်းသုံးနေတော်မူစဉ် သစ်ပင်ကြီးတစ်ပင်အောက်၌ ကမ္မဋ္ဌာန်းပွားများနေခိုက် ထိနမိဒ္ဓသက်ဝင်ပြီး ငိုက်မြည်းတော်မူလေသည်။

ထိုသည်ကို ဘုရားရှင်ကသိတော်မူ၍-

"အိုရေး၊ နာရေး၊ သေရေးလွတ်ရာကိုရှာသူဖြစ်ပါလျက် အဘယ်ကြောင့် တရားညစ်တွေအဝင်ခံရပါသလဲ"

စသည်ဖြင့် ဟောကြားဆုံးမတော်မူသည်။

ထိုအခါကျမှ အရှင်မောဂ္ဂလာန်သည် သံဝေဂဉာဏ်ဝင် တော်မူပြီး ဘုရားရှင်ဟောကြားပေးသော ဓာတုကမ္မဋ္ဌာန်းကိုနာ ကြားတော်မူရာ တရားတော်ကိုနာကြားရင်းပင် အထက်မဂ်(၃) ပါးသို့ဆိုက်ရောက်တော်မူလေသည်၊ မသေရာတရားကိုရရှိတော် မူလေသည်။

အရှင်သာရိပုတ္တရာသည်လည်း ရဟန်းပြုပြီး(၁၅)ရက် ကြာသောအခါ ရာဇဂြိုဟ်ပြည် သူကရခတ လိုဏ်ဂူ၌ဗုဒ္ဓဘုရားကို မှီ၍အတူတကွသီတင်းသုံးနေစဉ် အရှင်သာရိပုတ္တရာ၏တူဖြစ် သော ဒီဃနခ ပရိဗိုဇ်အား ဗုဒ္ဓက ဝေဒနာပရိဂ္ဂဟသုတ္တန်ကိုဟော ကြားတော်မူရာဝယ် သူတစ်ပါးအတွက်ခူးခပ်ပြင်ဆင်ထားသော အစာကိုသုံးဆောင်ရသူကဲ့သို့ ထိုတရားတော်ကိုဘေးမှနာနေရင်း ရဟန္တာအဖြစ်သို့ရောက်ရှိတော်မူလေသည်။

အရှင်သာရိပုတ္တရာ ရဟန္တာဖြစ်သော တပို့တွဲလပြည့်နေ့ မှာပင် ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သာဝကအစည်း အဝေးကြီးကျင်းပကာ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့ နှစ်ပါးကို တပည့်များထဲတွင်အမြတ်ဆုံး၊ အကြီးဆုံး(ထေရဂ္ဂ) အရာကိုပေးတော်မူပြီးလျှင် ပါတိမောက်(အဆုံးအမ)ကိုဟော ကြားပြသတော်မူလေသည်။

## အချိန်ကိုအသုံးချတတ်သွားသော မဟာတိဿ၏ဘဝအရသာ

ကျွန်ုပ်၏မိဘနှစ်ဦးတို့သည် ကျွန်ုပ်တို့ညီအစ်ကို(၂)ဦးကို ပစ်ခွာကာ သူတို့ပိုင်ပစ္စည်းဟူသမျှ ဘာတစ်ခုမျှမယူနိုင်ဘဲ ဤဘဝကနေထွက်ခွာသွားခဲ့လေပြီ၊ သူတို့၏သက်တမ်း(၆၀)(၇၅) ဘဝအရွယ်နှင့်အချိန်များသည် လူတို့၏လူ့ဘဝ၌ ဥစ္စာပစ္စည်းဇော သားသမီးဇောတို့ဖြင့်သာအချိန်ကုန်သွားခဲ့ရလေပြီ။

သူတို့၏ဘဝအချိန်များသည် လောဘတဏှာဖြင့်သာ အချိန်ကုန်ခဲ့ရပြီး နောက်ဆုံးသူတို့အလွန်ချဟ်မြတ်နိုးလှပြီး တန်ဖိုးထားပါသည်ဆိုသောကျွန်ုပ်တို့သားများကိုပင်စွန့်ခွာသွားလေပြီတကား။

ကျွန်ုပ်သည် မိဘနှစ်ပါး၏ဘဝအချိန်အချည်းနှီးကုန်ဆုံးသွားရသည်ကို အလွန်ပင်မိဘများအတွက်စိတ်မကောင်းစိတ်မချမ်းသာဝမ်းနည်းမိပါသည်။

သူတို့အတွက်ကတော့ ဘဝတစ်ခုနိဂုံးချုပ်ပြီးဖြစ်၍ ဤလူ့ဘဝနှင့်ပတ်သက်၍ ပြီးဆုံးသွားပါပြီ၊ မိဘတို့ဘယ်ရောက်သည်ကိုကျွန်ုပ်မသိနိုင်ပါ။

လက်ရှိ ကျွန်ုပ်ဘဝကိုစဉ်းစားမိပါသည်၊ ရလာသော ကျွန်ုပ်၏ လူ့ဘဝ၊ သားကျွေးမှု၊ မယားကျွေးမှု ဥစ္စာစီးပွားရှာဖွေ

မှုတို့ဖြင့် ဘဝအချိန်ဖြုန်းမည်လား ရလာသောလူ့ဘဝကိုတန်ဖိုး ရှိစွာအသုံးချပြီး ဘဝနိဂုံး(ဝါ)သံသရာနိဂုံးအဆုံးသတ်မည်လား။

ကျွန်ုပ်သည် ကျွန်ုပ်၏ဘဝကိုအလေးအနက်နေ့စဉ်စဉ်း စားနေမိပါသည်။

နောက်ဆုံး ကျွန်ုပ်သည်ညီငယ်ကိုအိမ်ထောင်ချပေးပြီး မိဘအမွေကိုအပ်ကာ ဤရရှိလာသောဘဝကိုအကျိုးရှိစွာအသုံး ချပြီး ဘဝသံသရာနိဂုံးအဆုံးသတ်ရန် ဆုံးဖြတ်ချက်ချမိပါသည်။

တကယ်တော့ ကျွန်ုပ်သည် မနုဿတ္တဘာဝေါဒုလ္လဘော ရခဲလှသောလူ့ဘဝကိုရခဲ့ပြီးဖြစ်ခဲ့သော်လည်း ရလာပြီးသောဘဝ ၏အချိန်ကို တန်ဖိုးမထားတတ်ကြ၍ အချိန်သည် ကျွန်ုပ်တို့၏ ကျန်းမာရေးနုပျိုသည့်အရွယ်၊ တင့်တယ်လှပသောအဆင်းအ သက်၊ ခွန်အား ဤငါးပါးကိုဝါးစားခြင်းခံနေရပါသည်၊ ခန္ဓာကို ဉာဏ်ဖြင့်ကြည့်လိုက်ပါက ခန္ဓာကသာစားနေခြင်းဖြစ်နေပါမည်။

ရုပ်ခန္ဓာပြောင်းလဲနေသည်ကို အချိန်ဖြင့်တိုင်းတာ၍ ပြောနေခြင်းသာဖြစ်ပါသည်၊ သတိကိုစိတ်မှာအမြဲထား၍ ပညာ အားဖြင့်သုံးနိုင်မှသာအချိန်ကိုနိုင်အောင်စားနိုင်မည်ဖြစ်ပါသည်။

သတိသည် အချိန်ကိုတိုင်းမိအောင်ဖမ်းပေးနိုင်သော အချိန်ထိန်းကိရိယာလည်းဖြစ်၍ အာရုံတိုင်းသိအောင် သိမ်းဆည်း ပေးနိုင်သည့်အာရုံထိန်းစက်လည်းဖြစ်ပါသည်။

စိတ်တိုင်းကိုနိုင်နင်းအောင်ထိန်းချုပ်၍ စွမ်းအားကို ဖော်ထုတ်ပေးသောစိတ်ထိန်းကိရိယာလည်းဖြစ်ပါသည်။

ကျွန်ုပ်သည် အချိန်နှင့်ဘဝကိုလည်း ဤသို့အလေးအနက်စဉ်းစားမိပါသည်၊ ထိုသို့စဉ်းစားပြီးနောက် ကျွန်ုပ်သည် ကျွန်ုပ်၏ဆုံးဖြတ်ချက်ကိုချက်ချင်းအကောင်အထည်ဖော်ရန်စီမံပြီးလျှင် ညီငယ်ကိုတိုင်ပင်ရသည်။

ထို့နောက်ညီငယ်ကို သင့်တော်သောမိန်းကလေးတစ်ဦးနှင့်လက်ထပ်ပေးရပါသည်။

ကျွန်ုပ်တို့ပိုင်သော မိဘအမွေဥစ္စာပစ္စည်းအားလုံးတို့ကို ညီငယ်ထံအပ်ပြီး သာသနာ့အမွေခံရဟန်းပြုရပါတော့သည်။

ကျွန်ုပ်သည် ရဟန်းပြုပြီးနောက် ဦးပဥ္စင်းဆရာထံတရားအားထုတ်ကျင့်ကြံနည်းစနစ်ကို စနစ်တကျလေ့လာသင်ယူသည်၊ ထို့နောက် ဆရာထံမှတရားအားထုတ်နည်းကိုရသောအခါ ဆိတ်ငြိမ်ရာတောတောင်၌ တရားအားထုတ်နိုင်ရန်အတွက် တောသို့တစ်ပါးတည်းဝင်ကာ တရားအားထုတ်နေခဲ့ပါသည်။

မိမိ၏သဘောအတိုင်း အချိန်ကိုကန့်သတ်ချက်မထားဘဲ ယနေ့မရလျှင် နောက်နေ့ဆက်လုပ်အားထုတ်မည် ဟုအချိန်ကို ဖြန့်ကြဲထားကာ ပစ္စုပ္ပန်ထက်အနာဂါတ်ဘက်သို့သာ စိတ်အာရုံနှလုံးသွင်းထားပြီး တရားအားထုတ်နေမိသည်။

မိမိ၏စိတ်အပေါ်မှာ မိမိ၏အာဏာမစူးရှ၊ မထက်မြက်ဘဲ နောက်နေ့ နောက်နေ့များသာအာရုံထားပြီး အားထုတ်နေသဖြင့် မိမိ၏အားထုတ်မှုသည်စွမ်းအားတက်မလာပါ။

ယနေ့သည် နက်ဖြန်ထက်အရေးကြီးသည်၊ တန်ဖိုးကြီးသည်ကိုစိတ်အာရုံထဲတင်းမထားလေတော့ မိမိ၏အချိန်များသည် မိမိကိုပြက်ရယ်ပြုသလိုဖြစ်လာသည်။

ကိုယ်က အချိန်ကိုနိုင်အောင်အသုံးမပြုနိုင်ဘဲ အချိန်ကသာကိုယ့်ကို မသိမသာသုံးစားဖြုန်းပစ်သည်ကို အချိန်ကြာမှသိလာရပါသည်။

ထိုသို့ လူနှင့်တရားအားထုတ်ချိန် အားချင်းပြိုင်နေစဉ်အချိန်မှာပင် အိမ်၌စွန့်ကြဲပေးထားခဲ့သောညီငယ်၏ဇနီးက ဥစ္စာပစ္စည်းများအပေါ်၌တဏှာလောဘဇောများတိုက်ဝင်လာသည်။

မိမိသေလျှင်ထားခဲ့ရမည့် သက်မဲ့အရာဝတ္ထုဥစ္စာပစ္စည်းများကိုထာဝရပိုင်နေရမည့်ပမာ လိုချင်လောဘဇောဝင်လာပြီး-

"ငါ၏ခဲအိုသာသာသနာ့ဘောင်မှမပျော်၍ လူထွက်လာခဲ့သော် ဤပစ္စည်းဥစ္စာများကိုပြန်ခွဲပေးနေရဦးမည်၊ ငါ၏ခဲအို ဤလောကမှ အပြီးအပြတ်ပျောက်ပျက်သွားအောင် ဖျောက်ဖျက်သတ်ပစ်တာဘဲကောင်းသည်"

ဟူသော ဆိုးညစ်စိမ်းကားမိုက်မဲသောအတွေးအခေါ်စိတ်များဝင်လာသွားမိသည်။

သူမသည် ထိုသို့စိတ်ဝင်ရှိတွင်မက ညီငယ်စူဠတိဿ မသိအောင် လူသတ်သမားများကိုအဖိုးအခပေး၍ငှားပြီး ကျွန်ုပ်ကို သတ်ခိုင်းပါတော့သည်။

လူသတ်သမားတို့ကလည်း အဖိုးအခထိုက်တန်စွာရသ ဖြင့် လူသတ်တပည့်များစွာငှားပြီး ကျွန်ုပ်ကိုသတ်ရန်ရောက်လာ ပြီး ကျွန်ုပ်ကိုဝိုင်းရံဖမ်းဆီးကြပါသည်။

ကျွန်ုပ်က လူဆိုးခေါင်းဆောင်ကြီးကိုတွေ့ဆုံပြီး-

"ကျွန်ုပ်သည် တောထဲတွင်တစ်ယောက်တည်းတရား အားထုတ်နေသူဖြစ်ပါသည်၊ ဥစ္စာပစ္စည်းဟူ၍ဘာမျှလည်းမရှိ၊ သင်တို့နှင့်လည်းရန်ငြိုးရန်စမရှိ၊ အဘယ်ကြောင့် ကျွန်ုပ်ကိုဖမ်း ဆီးကြပါသနည်း"

ဟု ကျွန်ုပ်မေးပါသည်။

"ကိုယ်တော့် ခယ်မက ကျွန်ုပ်တို့ကိုငွေပေး၍ အရှင်ဘု ရားကိုသတ်ခိုင်းပါသည်၊ ကျွန်ုပ်တို့သည် ငွေများစွာလည်းရထား ပြီးကိုယ်တော်ကိုလည်းသတ်ပေးရန်ဝန်ခံကတိပြုခဲ့ပြီးဖြစ်၍ ကိုယ် တော်ကိုယခုသတ်ရပါမည်၊ အထွေအထူးဘာမျှမမေးနေပါနဲ့" ဟု လူဆိုးခေါင်းဆောင်ကြီးကပြောပြပြီး ကျွန်ုပ်ကိုသတ်ရန်ဆွဲ ခေါ်ပါသည်။

ကျွန်ုပ်သည် သေခြင်းတရားကိုသိထားလက်ခံထားသူမို့ သေရမည်ကိုကြောက်လည်းမကြောက်၊ တုန်လည်းမတုန်လှုပ်ပါ။

သို့သော် ကိလေသာများနှင့်သေရမည့်အတွက် ရှက်ကြောက်မိပါသည်။

ဥစ္စာရွှေ၊ ငွေများစွန့်ပစ်လာပြီး ကိလေသာကင်းစင်ပြီး ဘဝသံသရာကလွတ်မြောက်အောင် ရဟန်းဝတ်ကာတရားအားထုတ်နေပါလျက် ယခုအချိန်ကို တန်ဖိုးမထားဘဲအချိန်ဆွဲလုပ်ကိုင်းတရားအားထုတ်နေသဖြင့် တရားမရခဲ့၊ ယခု ကိလေသာ ရောပြွမ်းနှင့်သေရတော့မည်။

ကျွန်ုပ်သည် ထိုအတွက် မိမိဘဝအချိန်ကိုတန်ဖိုးရှိစွာ အသုံးချမိသည်ကိုနောင်တရနေမိပါသည်။

သို့အတွက် လူဆိုးခေါင်းဆောင်ကြီးကိုအခွင့်ရလိုရငြား-

“ဒါယကာ. . . ငါဟာ ကိလေသာနှင့်သေရမှာကိုရှက်လွန်းလို့ပါ၊ ဒီတစ်ညတော့ ငါ့ကိုတရားအားထုတ်ခွင့်ပေးပါဦး” ဟု တောင်းပန်ခွင့်ပန်မိသည်။

“ခွင့်မပေးနိုင်ဘူး၊ ဒီည ကိုယ်တော်ထွက်ပြေးသွားရင် ဘယ်လိုလုပ်မလဲ၊ ကျွန်ုပ်တို့ရထားတဲ့ငွေတွေဆုံးရှုံးကုန်မှာပေါ့” ဟု လူဆိုးခေါင်းဆောင်ကပြင်းဆိုပါသည်။

ကျွန်ုပ်က ထွက်မပြေးပါဘူး ဟုအတန်တန်ဝန်ခံကတိပေးသော်လည်း လူဆိုးခေါင်းဆောင်ကလက်မခံပါ။

သို့အတွက် ကျွန်ုပ်သည် အနီးတွင်ရှိသောသစ်သားချောင်းကိုယူကာ ကျွန်ုပ်၏ပေါင်နှစ်ဘက်ကိုရိုက်ချိုးလိုက်ပြီး-

"ဒါယကာ. . . ငါမပြေးနိုင်တော့ပါဘူး၊ ယုံပါ၊ ဒီတစ်ည တော့ တရားအားထုတ်ခွင့်ပေးပါ "
ဟု ထပ်မံတောင်းပန်ရပါသည်။

လူဆိုးခေါင်းဆောင်ကြီးသည် ကျွန်ုပ်၏လုပ်ဆောင်ချက် အပေါ်၌ယုံကြည်သွားဟန်ရှိပါသည်။

"ဒါဆို-ကောင်းပြီ ကိုယ်တော်. . . ဒီတစ်ညတော့ ခွင့် ပေးမယ်၊ မနက်ဖြန်လင်းမှ ကိုယ်တော်ကိုသတ်မယ်"
ဟု လူဆိုးခေါင်းဆောင်ကြီးက ခွင့်ပြုပေးလိုက်ပါသည်။

"မဟာတိဿ. . . မင်း ယခုဘဝနေရမည့်အသက် အပိုင်းအခြားသည် တစ်ညတာသာကျန်ရှိတော့သည်၊ ကိုယ်ဟာ ကိုယ်အချိန်ကိုကန့်သတ်၍ အသုံးချတရားအားထုတ်စဉ်က ခပ် အေးအေးအချိန်ကိုဖြုန်းခဲ့ပြီးပြီ၊ ယခု သူကအချိန်ကိုကန့်သတ် ပေးလာပြီ၊ သင်ဘာလုပ်ရမည်နည်း၊ တစ်ညတာဟူသောအချိန် ကို အရအမိဆုပ်ကိုင်ပြီး အစွမ်းကုန်စူးစိုက်၍ အသုံးချရပေ တော့မည်။

အတိတ်ကိုလည်းမတွေးအားတော့၊ ခယ်မအပေါ်မကျေ နပ်မှုကိုလည်း စိတ်ထဲမှာမတွေးနိုင်တော့၊ နောက်တစ်နေ့မိုးလင်း လျှင် အသတ်ခံရတော့မည်ကိုလည်း ထည့်မစဉ်းစားနိုင်၊ မကြောက်နိုင်တော့။

ယခု ကြုံလာရသောဆင်းရဲသည် ပစ္စည်းကြောင့်ဖြစ်လာရသောဒုက္ခဖြစ်သည်၊ ပစ္စည်းကိုအားကိုးစရာမမြင်၊ ဆွေမျိုးကြောင့်ဖြစ်ရသောဆင်းရဲဖြစ်သည့်အတွက် ဆွေမျိုးကိုလည်းအားကိုးစရာအဖြစ်မျှော်လင့်စရာမရှိ၊ ခန္ဓာကိုယ်ကြောင့်ဖြစ်ရသောဆင်းရဲသာဖြစ်နေရခြင်းကြောင့် ခန္ဓာကိုယ်ကြီးကိုလည်းအားကိုး၍မဖြစ်တော့၊ ယခု ခြေထောက်တွေလည်းရိုက်ချိုးထားပြီးပြီ။

မဟာတိဿ. . . သင့်အတွက်ဒီညသည် ကံဆိုးစေသောညဖြစ်သလို မိမိဘက်ကကြည့်လျှင် အချိန်သတ်မှတ်လာပြီဖြစ်၍ အချိန်ပြည့်အသုံးချ၍ အလုပ်ကိုအကောင်းဆုံးဖြစ်အောင်လုပ်နိုင်တော့မှာမို့ တစ်ဘက်ကကြည့်ရင်လည်း ကံကောင်းချိန်ရောက်ပြီးလို့မှတ်ရပါတယ်။

လူဆိုးခေါင်းဆောင်ကြီးအချိန်ပေးထားတဲ့တစ်ညတာအချိန်အတွင်း ကျွန်ုပ်ကိလေသာကင်းတဲ့ခန္ဓာကိုယ်ဖြစ်ရေးအတွက် အလုပ်ပြီးရန်မှာ ကျွန်ုပ်အသက်ထက်အရေးကြီးနေပါပြီ။

အတိတ်ရော၊ အနာဂါတ်ရောခွင့်မပေးဘဲ အချိန်ထိန်းကိရိယာ သတိတပ်ဆင်ပေးနိုင်မှ ကျွန်ုပ်ဘဝကိလေသာကုန်ရေးအချိန်မှီသေတော့မည်။

ကိုယ်ပိုင်အချိန်သည် တစ်ညတာမျှသာရှိပါတော့သည်၊ ဆင်းရဲကြီးကြီးကိုကြောက်လျှင် ဆင်းရဲငယ်ငယ်ကိုသည်းခံရမည်

ဖြစ်၍ ကျွန်ုပ်သည်ပေါင်နှစ်ဖက်ရိုက်ချိုးခံထားရသောဒဏ်ရာကို လုံး၀ဂရုမစိုက်နိုင်တော့ပါ။ အချိန်ထိန်းသတိကို တင်းကျပ်တည်ငြိမ်စွာထားပြီး-

-အလုပ်လုပ်ရမည့်အာရုံကိုပြတ်ပြတ်သားသားပေါ်လာအောင် ပုံဖော်ပေးရပါသည်။

-ပေါ်လာသောအာရုံကိုစိတ်နှင့်ကပ်ပေးရပါသည်

-ပေါ်လာသောအာရုံကိုအလုပ်မပြီးမချင်းပျောက်ကွယ်မသွားရအောင်ထိန်းထားရပါသည်

-အလုပ်လုပ်ဆဲအာရုံကိုယူနေစဉ် အခြားမဆိုင်သောအာရုံများဝင်မလာရလေအောင် မိမိစိတ်ကိုကာကွယ်စောင့်ရှောက်ထိန်းသိမ်းထားရပါသည်

-ရှေ့နောက်အသိချင်းဆက်စပ်နေအောင် ဆက်စပ်ပေးခြင်းတို့မှာ သတိ၏တာဝန်လုပ်ငန်းသာဖြစ်ပါသည်

သတိဖြင့်စိတ်ကိုနေရာချပေးပြီးခါမှ ကြိုးစားအားထုတ်လိုက်ပါလျှင် သတိနှင့်တွဲနေသောဝီရိယသည် စိတ်တည်ငြိမ်ရင့်ကျက်မှုသမာဓိကိုဖြစ်ပေါ်စေမြဲဖြစ်ပါသည်။

စိတ်အညစ်အကြေးကိုလည်း ဆေးကြောသုတ်သင်ပေးပါသည်၊ သမာဓိရှိလျှင် အမှန်အတိုင်းသိမြင်နိုင်သဖြင့် သမာဓိစွမ်းအားကြောင့် ပညာသည်ပေါ်လာရစမြဲဖြစ်ပါသည်။

ကျွန်ုပ်သည် ယခုအချိန်သည်သာအရေးကြီးဆုံးဟူသော စိတ်ထားဖြင့်ခန္ဓာမှာဉာဏ်စိုက်၍ရှိသမျှအားကို အကုန်ထုတ်၍ စူးစူးစိုက်စိုက်ကြိုးစားလိုက်ရာ အချိန်မှီပင် မင်္ဂလေးပါး၊ ဖိုလ်လေးပါးဆက်ကာ ဆက်ကာရပြီး ကိလေသာကုန်ခမ်းရဟန္တာ ဖြစ်ရပါတော့သည်။

နံနက်မလင်းမီ(ဝါ)လူဆိုးများမသတ်မီ ကျွန်ုပ်ဘဝ ကိစ္စ အလုပ်ပြီးစီးသွားသဖြင့် ဝမ်းမြောက်မဆုံးဖြစ်ရသည်၊ အလုပ်မြန်မြန်ပြီးမြောက်အောင်အချိန်ကိုကန့်သတ်ပေးဖော်ရသောခယ်မနှင့်လူဆိုးများကိုလည်းအထူးကျေးဇူးတင်မဆုံးတော့ပါ။

ခယ်မနှင့်လူဆိုးများကသာ ယခုကဲ့သို့ အတင်းအကြပ်အချိန်ကန့်သတ်ချက်မပေးကြလျှင် ကျွန်ုပ်၏မဂ်ဖိုလ်ရရေးမှာ မသေချာလှပါ၊ ရလျှင်လည်း ကြာချင်သလောက်ကြာနေပါဦးမည်၊ လူနှင့်အချိန်အစားချင်းပြိုင်ခဲ့ကြရာ အချိန်ကိုထိန်းတတ် အစားတတ်သဖြင့် အချိန်ကို ကျွန်ုပ်အနိုင်ရခဲ့လေပြီ။

လောက၏အဆိုးအာရုံများသည် တရားမျက်စိရှိသူအတွက် အကောင်းဆုံးချည်းသာဖြစ်ပါတော့သည်တကား၊ လောက၏ဆုတ်ယုတ်ပျက်စီးနေသောဝိပတ္တိခေတ်ဆိုးကြီးများသည်ပင် အမြင်ရှင်းသူများအဖို့ သမ္ပတ္တိစက်အခွင့်ကောင်းအခါကောင်း ဆိုက်နေပါပကောလား။

ကျွန်ုပ်သည် ညတွင်းချင်းပင် အချိန်ကိုတန်ဖိုးရှိအောင် အသုံးချလိုက်ရာ တကယ်လူ့ဘဝတန်ဖိုးရှိ တန်ခိုးပိုင်ရှင်ဘဝ ရရပေတော့သည်တကား။

## ပန်းအလှများကြွေလေသော်

"ငါသည် စကြဝတေးမင်း၏ဖခင်မင်းတရားမဖြစ်တော့ပြီ၊ စကြာဝတေးမင်းလောင်း ငါ၏သားတော်သိဒ္ဓတ္ထသည် အမှန်ပင်ကောဏ္ဍညဆရာဟောကြားထားသည့်အတိုင်း ဘုရားစစ်စစ်ကေန်ဖြစ်သွားလေပြီ"

ဤသို့သောဆုံးဖြတ်ချက်သည် ဖခင်ခမည်းတော်မင်းကြီး၏စိတ်ထဲဝယ် လုံးလုံးကြီးသံဒိဋ္ဌာန်ချထားပြီးဖြစ်ဟန်တူပါသည်။

ယခင်က အစ်ကိုတော်ကြီး သိဒ္ဓတ္ထမင်းသားတောထွက်သွားပေမဲ့ ဆင်းရဲမခံနိုင်လျှင်ပြန်လာလိမ့်မယ်၊ တရားမရလျှင်ပြန်လာလိမ့်မယ်၊ ပြန်လာလျှင် ပုဏ္ဏားများဟောထားသော စကြာဝတေးမင်းဖြစ်မှာဘဲဟူသောမျှော်လင့်ချက်ခမည်းတော်မင်းကြီး၏စိတ်ထဲဝယ်အမြဲမျှော်လင့်နေခဲ့ပါသည်၊ အစ်ကိုတော်မင်းသားသိဒ္ဓတ္ထဘုရားဖြစ်သွားပြီးဟူသောသတင်းကိုကြားသော်မျှဘခမည်းတော်သိပ်မယုံကြည်ချင်၊ သားတော်ကြီး၏စိတ်ဓာတ်နှင့်ပကတိဘဝမှန်ကိုသိလိုသဖြင့် အမတ်များကိုအကြိမ်ကြိမ်စေလွှတ်

၍ပင့်ခိုင်းခဲ့ပါသည်၊ ပင့်ခိုင်းသောအမတ်များ အစ်ကိုကြီးဘုရား ထံ၌ရဟန်းပြုသွားကြသည်ဟုသတင်းကြားရသည်၊ ပြန်၍သတင်း မပို့ကြချေ၊ ခမည်းတော်သည် အစ်ကိုကြီးဘုရားနှင့်ဖွားဘက် တော်ဖြစ်သော ကာဠုဒါယီအမတ်နှင့်နောက်ပါတစ်ထောင်ကို စေလွှတ်ခဲ့ပြန်ပါသည်။

ဘခမည်းတော်က ကာဠုဒါယီကိုလွှတ်သောအခါတွင် ယခင်အမတ်တွေစေလွှတ်သလိုမဟုတ်၊ သင်လဲ ရဟန်းဝတ်လိုက ဝတ်ပါ၊ ဒါပေမဲ့ ငါ၏သားတော်ကိုတော့ ငါ့ထံရောက်အောင်ပြန် လည်ပင့်ဆောင်ပေးပါ ဟုကတိကဝတ်ထားပြီးစေလွှတ်ခဲ့ခြင်းဖြစ် ပါသည်။

အမတ်ကာဠုဒါယီသည်လည်းရဟန်းပြုသွားခဲ့ပါသည်၊ သို့သော် သူကပေးသွားသောကတိကဝတ်ကိုမမေ့ပါ၊ အကိုတော် ဘုရားကိုသူ၏နောက်ပါတပည့်များနှင့်အတူ ကျွန်မတို့ကပိလမြို့ တော်သို့အရောက်ပင့်ဆောင်လာခဲ့ပါသည်။

အကိုတော်ဘုရားရောက်တဲ့နေ့က ကျွန်မတို့သာကီမျိုး တွေမှာပြဿနာအကြီးအကျယ်တက်ခဲ့ရပါသေးသည်၊ ကျွန်မတို့ သာကီဝင်မင်းမျိုးတွေဆိုတာကအလွန်မာနကြီးကြပြီး ကြီးသူကို ငယ်သူကရိုသေမှု၊ အမိန့်စကားနားထောင်၊ နာခံမှုဆိုတာတွေက အသက်တမျှအလေးထားကြလေတော့ အကိုတော်ဘုရားကြွလာ

တော့ ကျွန်မတို့ဘကြီးဦးကြီးတွေက အကိုတော်ဘုရားကို ငါတို့ရဲ့ တူသားဆိုပြီး ရှိမခိုးလိုကြဘူး၊ အရိုအသေမပေးလိုကြဘူး၊ ငယ်သူတွေကိုရှေ့တန်းတင်ပေးပြီး ရှိခိုးစေသတဲ့၊ အရိုအသေပြုစေသတဲ့။

အဲဒါကို အကိုတော်ဘုရားကသိပြီး ကျွန်မတို့သာကီဝင်ဆွေတော်မျိုးတော်တွေရဲ့မာန်မာနကိုချိုးနှိမ်လိုသဖြင့် ရေမီးအစုံတန်ခိုးတော်ပြလိုက်မှ ခမည်းတော်နှင့်ဘကြီးဦးကြီးဘထွေးတွေ အကိုတော်ဘုရားကိုရှိခိုးကြ၊ အရိုအသေပြုကြသတဲ့။

အကိုတော်ဘုရားနှင့်သူ၏တပည့်သားများကို မောင်ငယ်နိဂြောဓမင်းသားရဲ့ဥယျာဉ်တော်မှာကြိုဆိုနေရာချထားပေးခဲ့ကြပြီးပြန်လာခဲ့ကြပါတယ်၊ နောက်နေ့အတွက်ဆွမ်းကိုမဖိတ်ကြားလာကြဘူးတဲ့၊ နောက်နေ့နံနက်ပိုင်းမိုးလင်းတော့ အကိုကြီးဘုရားနှင့်တပည့်တွေဟာ ခွက်မဲတွေပိုက်ပြီး အစားအစာတောင်းခံဖို့ ကပိလမြို့ထဲသို့ဝင်လာကြတော့တာပေါ့၊ အဲဒီလိုဝင်လာရင်း ကျွန်မတို့နန်းတော်အနီးလမ်းမသို့ရောက်လာကြပါတယ်။

ကျွန်မတို့လိုအထက်တန်းစားသာကီဝင်မင်းမျိုးများက ဒီလိုတောင်းစားတယ်ဆိုတာမပြုလုပ်သင့်၊ မပြုလုပ်ထိုက်သောအရာမဟုတ်ပါလား၊ ဒီလိုမျိုးအလုပ်ဆိုတာ သာမန်အရပ်သားမျိုးတောင်မလုပ်ပါဘူး၊ အောက်တန်းစားဒွန်းစဏ္ဍားတွေလုပ်စားတဲ့အလုပ်ပါ။

ကျွန်မနှင့်မမယသော်ဓရာဒေဝီတို့ဟာ အဆောင်လေသာပြူတင်းမှာရပ်စကားပြောနေရင်းကနေ အကိုတော်ဘုရားနှင့်သူ၏တပည့်များခွက်မဲတွေပိုက်ပြီးကြွလာတာကိုလှမ်းမြင်မိပါတယ်။

ကျွန်မရော မမယသော်ဓရာဒေဝီပါ တအံ့တဩ အံ့အားသင့်ပြီး တုန်လှုပ်ချောက်ခြားသွားမိကြပါတယ်။

မမယသော်ဓရာဒေဝီက မဖြစ်ဘူး-မဖြစ်ဘူး၊ ဒီလိုမဖြစ်သင့်ဘူးဆိုပြီး ထိတ်လန့်တကြားနှင့်ခမည်းတော်ဆောင်ဘက်သို့ပြေးထွက်သွားပါတယ်၊ ပြီးတော့ ဘခမည်းတော်ကိုအကျိုးအကြောင်းလျှောက်ထားပြောကြားဟန်တူပါတယ်၊ ခဏအကြာမှာဘဲ ခမည်းတော်ဟာတောင်ရှည်မနိုင်၊ ပုဝါမနိုင်နှင့်ကပျာကယာပြေးထွက်ကာ အကိုတော်ဘုရားနောက်သို့ပြေးလိုက်သွားတာကိုတွေ့ရပါတယ်။

ဘခမည်းတော်ဟာ အကိုတော်ဘုရားနားရောက်ပြီး အကိုတော်ဘုရားရှေ့တည့်တည့်မှာရပ်ပြီး-

"သားတော်ဘယ်လိုလုပ်လိုက်တာလဲ၊ ဒီလိုအိမ်စဉ်လှည့်တောင်းခံပြီး ခမည်းတော်တို့ရဲ့ဂုဏ်သိက္ခာကို ဖျက်ဆီးနေတာလား" လို့စိုးရိမ်တကြီးနှင့်လျှောက်ထားပါသတဲ့၊ ဒါပေမဲ့ အကိုတော်ဘုရားက-

"ဒီလိုဆွမ်းခံထွက်တာဟာ ရှေးဘုရားရှင်တို့ရဲ့အလေ့အထကျင့်စဉ်ဝတ္တရားခမ္မတာပါဘဲ"
လို့အကိုတော်ဘုရားကမိန့်ကြားပါသတဲ့။

"အရှင်ဘုရား. . . မဟာသမ္မတခတ္တိယမျိုးနွယ်တပည့်တော်တို့မင်းမျိုးမှာ မည်သည့်မင်းမျိုးမှဒီလိုတောင်းစားသမှုမပြုကြပါဘူး"
လို့ ခမည်းတော်ကပြန်လျှောက်ထားပါသတဲ့။

"မင်းကြီး. . . ဤမင်းမျိုးအနွယ်ဝံသမှာအသင်ခမည်းတော်မင်းကြီးတို့၏အနွယ်ဝံသဖြစ်ပါတယ်၊ ဒီပင်္ကရာစသောရှေးဘုရားတို့၏အနွယ်ဝံသကား ငါတို့၏အနွယ်ဝံသဖြစ်ပါတယ်၊ မင်းကြီး. . တရားအလုပ်သည်သာဤဘဝ-နောက်ဘဝချမ်းသာကိုရရာပါတယ်"
လို့ အကိုတော်ဘုရားက ထပ်မံမိန့်ကြားလိုက်တော့ ဘခမည်းတော်ဟာ အဲဒီနေရာမှာဘဲ တရားသက်ဝင်ပြီး သောတာပန်တည်သွားပါသတဲ့၊ ဘခမည်းတော်ဟာ အဲဒီလိုတရားရပြီ၊ အကိုတော်ဘုရားနှင့်သူ၏တပည့်များကို နန်းတော်သို့ဆွမ်းစားပင့်ကာ ကိုယ်တော်တိုင်သပိတ်ယူပြီး ပြန်လာခဲ့ပါတယ်၊ နန်းတော်မှာအားချင်းပဲဆွမ်းများစီစဉ်ပြီးကပ်လှူခဲ့ရပါတယ်။

ဘခမည်းတော်ဟာ အကိုတော်ဘုရားရဲ့တရားနာကြားပြီး သောတာပန်ဖြစ်သွားကတည်းက သူရဲ့စကြာဝတေးမင်း၏

ဖခင်ဘဝမျှော်လင့်ချက်ကင်းသွားဟန်တူပါတယ်၊ အကိုတော်ဘုရားတရားနာပြီး နောက်သုံးရက်မြောက်သောနေ့မှာဘဲ ဘခမည်းတော်ဟာ ယခင်ကသားကြီးပြန်လာလျှင်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့်ထားခဲ့တဲ့အိမ်ရှေ့မင်း၏ ဥပရာဇာရာထူးကို အကိုငယ်နန္ဒမင်းသားကိုပေးရန်ဆုံးဖြတ်ထားပါတော့တယ်။

သားတော်ကြီးဘုရားရှိစဉ်တုန်းမှာဘဲ သားငယ်နန္ဒကို အိမ်ရှေ့မင်းအဖြစ်တင်မြှောက်မယ်လို့ဆုံးဖြတ်ပြီး အကိုငယ်နန္ဒကို ဥဿျှောင်ထုံးတဲ့မင်္ဂလာ၊ မကိုဋ်ဆောင်းတဲ့မင်္ဂလာ၊ အိမ်တော်တက်မင်္ဂလာ၊ ကျွန်မနှင့်လက်ထပ်ပေးမဲ့မင်္ဂလာ၊ အိမ်ရှေ့မင်းအရာအပ်နှင်းတဲ့မင်္ဂလာဆိုပြီး မင်္ဂလာငါးရပ်ကိုတစ်ပြိုင်တည်းပြုလုပ်ရန် အမိန့်ချမှတ်ပါတော့တယ်။

အဲဒီကျင်းပမဲ့နေ့မှာ ခမည်းတော်ဘုရားက အကိုတော်ဘုရားနှင့်သူ၏တပည့်များကို မင်္ဂလာဦးအဖြစ်မင်္ဂလာဆွမ်းကပ်လှူရန်ကိုလဲစီမံစေပါတယ်။

အဲဒီနေ့ဟာ ကျွန်မအတွက်ပျော်စရာဟစ်ဝက်နှင့်ဝမ်းနည်းစရာတစ်သက်ကြုံတွေ့ရတဲ့နေ့ဆိုရင်လည်းမမှားပါဘူး။

မင်္ဂလာဆွမ်းကပ်ပြီးလို့ အကိုတော်ဘုရားပြန်ကြွမယ်လုပ်တော့ အကိုတော်ဘုရားက ဘာအထွေအထူးမှမပြောဘဲ အကိုငယ်နန္ဒကိုသပိတ်ထမ်းယူခဲ့ လို့ပြောပြီး ရှေ့ကကြွသွားပါတော့တယ်၊ အကြီးပုဂ္ဂိုလ်ရဲ့စကားကိုဆိုကတစ်ခွန်းတစ်ပါဒမျှ

ပြန်လှန်ပြောဆိုခွင့်မရှိတဲ့ ကျွန်မတို့သာကီဝင်တွေရဲ့ထုံးစံအတိုင်း အကိုယ်နန္ဒဟာ ဘာတစ်ခွန်းမျှပြန်မပြောရဲဘဲ သပိတ်မဲကို ကောက်ယူထမ်းပြီး အကိုတော်ဘုရားနောက်ကလိုက်သွားရပါတော့တယ်။

အကိုယ်နန္ဒမင်းသားရဲ့စိတ်ထဲမှာတော့ အဆောင်လှေကားဆင်းပြီးရင် သပိတ်တော်ကိုပြန်ယူကောင်းရဲ့လို့ထင်ခဲ့တယ်၊ အကိုတော်ဘုရားကမယူဘူး၊ နန်းတော်အဆောင်လွန်ရင်ပြင်ယူလိမ့်မယ်ထင်ပြန်တယ်၊ အကိုတော်ဘုရားကမယူပြန်ဘူး။

အဲဒီအချိန်မှာဘဲ ကျွန်မကိုရံရွေတော်တစ်ဦးက သုတ်သီးသုတ်ပြာနှင့်ရောက်လာပြီး အကိုယ်နန္ဒကိုဘုရားရှင်ကခေါ်သွားကြောင်းလာရောက်တင်လျှောက်ပါတယ်။

ကျွန်မဟာ ဆံပင်ဖီးရင်းကနေ ဖရိုဖရဲဆံပင်နှင့်ကပျာကယာလေသာပြုတင်းပေါက်သို့ပြေးလာပြီး နန္ဒမင်းသားနှင့်အကိုတော်ဘုရားကိုလှမ်းကြည့်မိလိုက်ပါတယ်၊ အကိုတော်ဘုရားနောက်က သပိတ်ထမ်းလိုက်သွားတဲ့ အကိုယ်နန္ဒကိုတွေ့ရတော့ အကိုတော်ဘုရားက ခေတ္တခဏခေါ်သွားတာဘဲလို့ထင်လိုက်မိပါတယ်။

အဲဒါကြောင့် ကျွန်မကအကိုယ်ကို-"မောင်တော်ရေ. မြန်မြန်ပြန်လာခဲ့နော်"လို့လှမ်းမှာပြီး ပြောလိုက်မိပါသေးတယ်။

အကိုင်ယ်ဟာ ကျွန်မအသံကိုကြားပြီး ကျွန်မကိုနောက်ပြန်လှည့်ကြည့်-လှည့်ကြည့်နှင့်လိုက်ပါသွားရရှာပါတယ်၊ အကိုင်ယ်နန္ဒဟာ အကိုတော်ဘုရားက သူ့သပိတ်ကို ဟိုနားရောက်လျှင် ယူနိုး၊ ဒီနားရောက်လျှင်ယူနိုးနှင့်လိုက်ပါ၍သွားရတာဟာ ကျောင်းရောက်တဲ့အထိပါဘဲ၊ လမ်းမှာအကိုတော်ဘုရား ကျွန်တော်မျိုးမင်္ဂလာကိစ္စရှိလို့ ပြန်ပါစေလို့ တစ်ခွန်းမဟာရဲမပြောရဲရှာပါဘူး။

ကျောင်းတော်ရောက်တော့လဲ အကိုတော်ဘုရားက သပိတ်တော်ကိုမယူသေးဘဲ-"ညီတော်-နန္ဒ. . . ရဟန်းပြုနိုင်မလား"လို့မေးတော့မဝတ်ချင်းပါဘူးလို့ စိတ်ထဲရှိတဲ့အတိုင်းမပြောရဲဘဲ ဝတ်ပါမယ်လို့ဝန်ခံလျှောက်ထားပါသတဲ့၊ အဲဒီအခါမှာ အကိုတော်ဘုရားက အထွေအထူးမမိန့်ကြားတော့ဘဲ သူ့တပည့်ရှင်သာရိပုတ္တရာမထေရ်ကိုခေါ်ယူပြီး အကိုင်ယ်ကိုရဟန်းပြုပေးစေပါသတဲ့။

ကြောက်လိုက်ပါဘိအကိုင်ယ်ရယ်လေ၊ ဒီမှာလက်ထပ်ပွဲနန်းအပ်ပွဲရှိတယ်ဆိုတာသူလဲအသိ၊ အကိုတော်ဘုရားလည်း အသိပါ၊ ဘာဘဲပြောပြော၊ ဘယ်လိုဘဲကြောက်ကြောက် အရဲစွန့်ပြီး ငြင်းပယ်သင့်တာပေါ့၊ ယခု ကျွန်မအတွက်ကိုလုံးဝထည့်မတွက်ဘဲ ယခုလိုအလွယ်တကူခေါင်းငြိမ့်လိုက်တာကတော့ အကို

ငယ်ကျွန်မအပေါ်မှာ ရက်စက်ရာကျလွန်းတယ်လို့ ကျွန်မမကျေမနပ်နိုင်ခံစားမိပါတော့တယ်။

အဲဒီနေ့က ကျွန်မတို့မှာလေ အကိုငယ်ပြန်လာနိုး ပြန်လာနိုးနှင့်စောင့်လိုက်ကြရတာမိုးချုပ်အထိပါဘဲ၊ ဖေဖေ မေမေတို့မှာလဲ တထိတ်ထိတ်တပြာပြာနှင့်ရှိသလို ကျွန်မမှာလဲ အဝတ်အစားတွေပြင်ဆင်ထားရပြီး စိတ်မောလူမောနှင့်စိတ်မချမ်းသာစွာနှင့်ခံစားစောင့်နေရတာပေါ့၊ ညနေမိုးချုပ်လို့ ရဟန်းပြုသွားပြီးလို့သတင်းရတော့မှဘဲ အားလုံးစိတ်မောရင်မောဒုံးဒုံးချရပါတော့တယ်။

နောက်တော့ သတင်းကြားရပြန်ပါတယ်၊ အကိုငယ်ဟာရဟန်းဘဝနှင့်မပျော်လို့ ခဏ-ခဏထွက်ပြေးပါသတဲ့၊ ထွက်ပြေးတိုင်းလဲ အကိုတော်ဘုရားနှင့်တွေ့တွေ့ပြီး ကျောင်းထဲပြန်ဝင်ပြေးရပါသတဲ့၊ နောက်တော့ အကိုတော်ဘုရားက အကိုငယ်ကိုနတ်ပြည်ခေါ်သွားပြီး နတ်သမီးတွေကိုပြပါသတဲ့၊ ပြီးတော့ ကျွန်မနှင့်နတ်သမီးဘယ်သူကပိုလှသလဲလို့မေးပါသတဲ့၊ အကိုငယ်က နတ်သမီးကပိုလှပါတယ်လို့ဖြေပါသတဲ့၊ အဲဒီနတ်သမီးကိုလိုချင်သလားလို့မေးတော့ လိုချင်ပါတယ်လို့ဖြေကြားပါသတဲ့၊ နတ်သမီးကိုလိုချင်ရင်ငါပြောတဲ့တရားကိုအားထုတ်ဖို့ဆိုတော့မရှက်မကြောက်ဘဲ နတ်သမီးကိုလိုချင်တာနှင့်တရားအားထုတ်ပါသတဲ့၊

နောက်မှဘေးကရဟန်းတွေက နတ်သမီးလိုချင်လို့တရားအား ထုတ်တဲ့ရဟန်းဆိုပြီး ဝိုင်းဝန်းကဲ့ရဲ့ခံရလို့ ရှက်ကြောက်သတိတရားရပြီး တရားအားထုတ်တော့မှရဟန္တာဖြစ်သွားပါသတဲ့လေ။

နတ်သမီးကိုလိုချင်လို့ ရဟန်းတရားကိုကြိုးစားအားထုတ်တယ်လို့သတင်းကြားရတော့ ကျွန်မလေ မိန်းမသားပီပီ အကိုငယ်အပေါ် ဒေါသထွက်လိုက်တာလေ အနားမှာရှိရင် အရေခွံတောင်ဆွဲခွာပစ်လိုက်မိမလားမသိပါဘူး။

ပြီးတော့ ကျွန်မတို့ကပ်လနေပြည်တော်မှာ မမယသော်ဓရာကလွဲပြီး အလှဆုံးအမျိုးသမီးဟာ ကျွန်မဖြစ်တယ်လို့နန်းတော်တစ်ခုလုံးကသတ်မှတ်ပေးထားခဲ့သူပါ၊ ယခု နတ်သမီးတွေက ကျွန်မထက်ပိုချောလို့ ပိုလှလို့အကိုငယ်က ကျွန်မကိုပစ်ပယ်ပြီး နတ်သမီးလိုချင်တာနှင့်တရားအားထုတ်တယ်ဆိုတာကြားလို့လဲမကောင်းပါဘူး၊ အခြားရဟန်းတော်တွေကကဲ့ရဲ့တာ နည်းတောင်နည်းပါသေးတယ်၊ ကျွန်မအဖို့မှာလည်း မည်မျှခံရခက်မယ်ဆိုတာစဉ်းစားသာကြည့်စေလိုပါတယ်၊ ငါးစိမ်းမြင် ငါးကင်ပစ်တတ်တဲ့အကိုငယ်အတွက် ကျွန်မကလဲ သူခင်မှကိုယ်ခင်၊ သူကြင်မှကိုယ်ကြင်၊ မတွယ်တာဆယ်ခါလွှတ်မယ်ပေါ့၊ ကျွန်မ အဲဒီလိုဘဲစိတ်ဆုံးဖြတ်ချက်ချထားမိလိုက်ပါတော့တယ်။

နောက်တစ်နေ့မှာ အကိုတော်ဘုရားဟာနန်းတော်ကြွလာပြီး ဆွမ်းစားပြန်ပါတယ်၊ မိမိ ယသော်ဓရာဒေဝီက ဒီလိုစဉ်း

စားဟန်တူပါတယ်၊ ယခု အကိုယ်နန္ဒရဟန်းပြုသွားပြီး ဒီထီးနန်း အမွေကိုမြေးတော်ရဟုလာမှတစ်ပါး အခြားပေးစရာမရှိတော့ ဘူး၊ အဲဒီတော့ သားတော်ရာဟုလာကို သူ့အဖေထံမှရွှေအိုးကြီး ခုနစ်လုံးအမွေတောင်းထားသင့်တယ်ထင်ပြီး သားတော်ငယ် ရာဟုလာကိုသေချာစွာဝတ်စားဆင်ယင်ပေးပြီး အကိုတော်ဘုရား ထံအမွေတောင်းလိုက်ပါတယ်။

အကိုတော်ဘုရားဟာ တူတော်မောင်ရာဟုလာကို သူ့ ကျောင်းအထိခေါ်ဆောင်သွားပြီး အမွေရွှေအိုးကြီး(၇)လုံးအစား သာသနာ့အမွေ ရှင်သာမဏေပြုပေးလိုက်ပါတယ်။

ဘခမည်းတော်ဟာ ဒီသတင်းကိုကြားရတော့ အတော် ဘဲစိတ်ထိခိုက်တုန်လှုပ်သွားဟန်တူပါတယ်၊ အကိုတော်ဘုရားထံ ချက်ချင်းလိုက်သွားပြီး နောင်နောင်ကိုမိဘခွင့်မပြုဘဲ သားကို ရှင်ရဟန်းပြုမပေးဘို့တောင်းဆိုခဲ့တယ်၊ အကိုတော်ဘုရားကလဲ ခွင့်ပြုပြီး သူ့တပည့်များကိုပါ နောက်နောင်မိဘခွင့်မပြုတဲ့သားကို ရှင်မပြုပေးရလို့အမိန့်ထုတ်ပါသတဲ့။

အဲဒီနေ့မှာဘဲ အကိုတော်ဘုရားက ခမည်းတော်ကို တရားဟောပြောရာ ခမည်းတော်ဟာ သောတာပတ္တိဖိုလ်ဆိုက် ရောက်ခဲ့ပါတယ်။

မကြာခင် အကိုတော်ဘုရားဟာ ကျွန်မတို့ရဲ့ ကပိလ နေပြည်တော်ကနေ ပြန်ကြွသွားပါတယ်၊ အကိုယ်ရဟန္တာနန္ဒနှင့်

တူတော် သာမဏေရာဟုလာတို့လဲ အကိုတော်ဘုရားအတူပါ သွားပါတော့တယ်။

အကိုတော်ဘုရားကြွသွားပြီးလျှင်ပြီးချင်းဘဲ ဘခမည်းတော်က မင်းညီမင်းသားတွေကိုအစည်းအဝေးခေါ်ယူပြီး-

"ငါ၏သားတော် စကြာဝတေးမင်းဖြစ်လျှင် ဆွေတော်မျိုးတော်မင်းညီမင်းသားတွေဝိုင်းရံပေးရတယ်လို့ ကတိကဝတ်ရှိခဲ့ကြတယ်၊ ယခု ငါ၏သားတော်ဟာ စကြာဝတေးမင်းထက်မြင့်မြတ်သောဘုရားအဖြစ်သို့ရောက်ရှိသွားပါပြီ၊ ဒါပေမဲ့ ယခုအခါမှာ ငါ၏သားတော်ဘေးမှာ တို့သာကီဝင်ဆွေတော်မျိုးတော် အခြံအရံတစ်ယောက်မှမရှိသေးဘူး၊ အဲဒါ ညီတော်သားတော်များ သားတော်ဘုရားဘေးမှာဝန်းရံဖို့လိုအပ်ပါတယ်"

လို့မိန့်ကြားတော့ ဆွေတော်မျိုးတော်တွေထဲက ညီအစ်ကိုတော်စပ်ကြတဲ့ ကိမိလမင်းသား၊ ဘဂုမင်းသား၊ အနုရုဒ္ဓမင်းသား၊ အာနန္ဒာမင်းသား၊ ဒေဝဒတ်မင်းသားတို့ဟာ အကိုတော်ဘုရားနောက်လိုက်ပြီး ရဟန်းပြုကြပါတယ်၊ မဟာနာမ်အကိုကိုတော့ ထီးနန်းအရိုက်အရာစောင့်ရှောက်ရန်နေခဲ့ရပါတယ်။

အကိုတော်ဘုရား နောက်တစ်ချိန် ကပိလကြွလာတဲ့အချိန်မှာတော့ ကျွန်မတို့ရဲ့အားကိုးရာမဏ္ဍိုင်သဖွယ်ဖြစ်သောဘခမည်းတော်ဟာ ထီးဖြူတော်အောက်မှာဘဲ ရဟန္တာအဖြစ်နှင့်ပရိနိဗ္ဗာန်စံဝင်သွားပါတော့တယ်။

အဲဒီအချိန်မှာ ကျွန်မအဖွဲ့ အားကိုးရာဆိုလို့ မယ်တော် ဂေါတမီသာကျန်ပါတော့တယ်၊ ဘခမည်းတော်ပရိနိဗ္ဗာန်စံတော့ ကပိလဝတ်ထီးနန်းကို အကိုတော်မဟာနာမ်က ဆက်လက်ခံယူမင်းပြုပါတယ်။

ဘခမည်းတော်မရှိလေတော့ မယ်တော်ခမျာမှာလဲ နန်းတော်ထဲမှာနေရတာကိုမပျော်ရွှင်မချမ်းမြေ့ဟန်တူပါတယ်၊ အကိုတော်ဘုရားဝေသာလီအရောက်မှာမယ်တော်ဟာ ဝေသာလီသို့လိုက်သွားပြီး ရဟန်းပြုခွင့်တောင်းပါတယ်၊ ပထမတော့ အကိုတော်ဘုရားက ခွင့်မပြုဘူးလို့ကြားပါတယ်၊ မယ်တော်ကလဲ ရဟန်းမပြုခွင့်မရမချင်း ကျောင်းဝိုင်းအပြင်မှာမပြန်တော့ဘူး၊ မထတော့ဘူးဆိုပြီး ဆန္ဒပြနေပါသတဲ့၊ နောက်တော့ အကိုငယ် ရဟန်းရှင်အာနန္ဒာက ကြားကဝင်ပြီး အသနားခံပေးတော့မှ အကိုတော်ဘုရားက "မယ်တော်ဟာ ဂရုဓမ္မတရားရှစ်ပါးစောင့်ထိန်းနိုင်လျှင် ရဟန်းမပြုခွင့်ပေးမယ်လို့ မယ်တော်ကလဲ စောင့်ထိန်းပါမယ့်ကတိဝန်ခံချက်ပေးတော့ ရဟန်းမပြုခွင့်ရပါသတဲ့။

မယ်တော်ထွက်ခွာသွားတော့ ကျွန်မဟာ မမယသော်ဓရာဒေဝီနှင့်ဘဲအတူတူနေခဲ့ပါတယ်၊ ဒါပေမဲ့ မမခမျာမှာလည်း လင်ရောသားပါ သာသနာ့ဘောင်ထဲရောက်သွားတော့ ဤလူ့ဘောင်မှာဆက်လက်နေထိုင်ဖို့စိတ်ကုန်နေဟန်တူပါတယ်၊ သား

နှင့်လင်ရှိရာ သာသနာ့ဘောင်သို့ဝင်လိုသောဆန္ဒသာ အားသာနေပဲ့ရှိပါတယ်။

ယခု မယ်တော်ရဲ့ကြိုးစားအားထုတ်မှုကြောင့် မိန်းမများ သာသနာ့ဘောင်ဝင်ပြီး ရဟန်းမပြုခွင့်ရပြီဆိုတော့ မကြာခင်မှာဘဲ မမယသော်ဓရာဒေဝီဟာလဲ မယ်တော်နောက်လိုက်ပြီး ရဟန်းမပြုပါတော့တာယ်။

ကျွန်မအဖို့အားထားမှီခိုရာချစ်ကျွမ်းဝင်သူမရှိတော့ပါဘူး၊ အကိုတော်မဟာနမ်မင်းဟာ စည်းစိမ်မပျက် အခြွေအရံမပျက် အပြည့်အစုံထားပေးပေမဲ့ ကျွန်မဘာဝမယ်တော်နှင့် မမယသော်ဓရာမရှိတဲ့နောက်မှာတော့အထီးကျန်နေရသလို ခံစားနေမိပါတော့တယ်။

ကျွန်မ ဒီနန်းတော်ထဲမှာ အထီးကျန်ဘဝနှင့်နေရသလို ခံစားနေမိတော့ မယ်တော်နောက်လိုက်သွားဖို့ အကြိမ်ကြိမ်စဉ်းစားမိပါတယ်၊ ဒါပေမဲ့ ကျွန်မ မယ်တော်နောက်လိုက်သွားရင် အကိုတော်ဘုရားနှင့်တစ်နေ့မတွေ့တစ်နေ့တွေ့ရပါမယ်။

ကျွန်မက ယနေ့အထိ မိမိရဲ့ချောမောလှပမှုကို မာန်မချနိုင်သေးပါဘူး၊ မိမိရဲ့ချောမောလှပမှုကို ဂုဏ်ယူပင်ကြွားပြီး အလှမှာယစ်မူးနေဆဲမို့ ဒီကိုယ်ကာယကြီးဟာ တွယ်တာမက်မောစရာမဟုတ်ဘူး၊ သုံးဆယ်နှစ်ပါးသောကောဋ္ဌာသအစုတွေသာဖြစ်တယ်

ရွံစရာအတိဖြစ်တယ်၊ မုန်းစရာအတိဖြစ်တယ်၊ စက်ဆုပ်စရာနှလုံးနာစရာအတိဖြစ်တယ်။

လို့ပဟာပြောနေတဲ့ အကိုတော်ဘုရားနှင့်ကျွန်မ မတွေ့ကြုံလိုပါဘူး၊ တွေ့လိုက်လို့ "ချစ်နှမ-ဒီခန္ဓာကိုယ်ကြီးဟာ အပုပ်ကောင်ရုပ်ဆောင်နေတာပါ၊ ဒွါရကိုးပေါက်က အပုပ်ရေတွေနေ့စဉ်ယိုစီးကျနေတာပါ၊ ဒါတွေဟာ တစ်နေ့သေရာညောင်စောင်းလဲလျောင်းပြီး သူသေပစ်ရာသုသာန်သို့လွှင့်ပစ်ရမှာပါ "

လို့ ပြောဆိုဆုံးမမှာကို ကျွန်မမကြားလို၊ မနာလို၍ဖြစ်ပါတယ်။

ကျွန်မဘဝရှေ့မတိုးသာ နောက်မဆုတ်သာဘဝရောက်နေရပါတယ်၊ ဒါပေမဲ့ ဒီမှာက ကျွန်မလုံးဝမပျော်တော့ပါဘူး၊ မိမရှိ၊ ဘမရှိ လင်ပစ်ခံရတဲ့ဘဝမျိုးဆိုက်ရောက်နေရတဲ့ကျွန်မဘဝ ဤနန်းတော်နှင့်ခံစားနေရတဲ့စည်းစိမ်ဟာ သာယာနှစ်သက်စရာမရှိ သုသာန်တစသချိုင်းဝလိုပါဘဲ။

နောက်ဆုံးတော့ ကျွန်မအကိုတော်မဟာနမ်မင်းထံခွင့်ပန်ပြီး မယ်တော်နောက်လိုက်ရန်ဆုံးဖြတ်ချက်ချရပါတော့တယ်၊ ကျွန်မနှင့်အတူလိုက်လိုတဲ့ အခြွေအရံအချို့ကိုခေါ်ပြီး ကျွန်မမယ်တော်ရှိရာသို့လိုက်သွားရပါတော့တယ်။

မယ်တော်ထံရောက်တော့လဲ ကျွန်မဟာ ကျွန်မရဲ့အလှမာနနှင့်ဘဲနေထိုင်ခဲ့ပါတယ်၊ မယ်တော်ရဟန်းမက အကိုတော်

ဘုရားထံမှောက်သွားရောက်ပြီး တရားသွားနာဖို့ခဏခဏတိုက်တွန်းပါတယ်၊ မယ်တော်က တိုက်တွန်းတိုင်း ကျွန်မက-

"အို-မသွားချင်ပါဘူး မယ်တော်ရယ်၊ အကိုတော်ဘုရားဟောတဲ့တရားတွေက ကျွန်မတို့လိုချောတဲ့လှတဲ့သူတွေနဲ့ အင်မတန်ဆန့်ကျင်ပြီး အပြစ်တင်တဲ့တရားတွေသာများပါတယ်၊ ရုပ်အလှမကောင်းကြောင်းဟောတာပါ "

လို့ ကျွန်မကပြန်လှန်ပြောဆိုပြီး ငြင်းပယ်လေ့ရှိခဲ့ပါတယ်။

ဒါပေမဲ့ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးဆိုတာမျိုးပါဘဲ သမဏေနသမဏော. . ရဟန်းမတွေနှင့်အတူတူနေပါများလာတော့ ကျွန်မအပေါ် သူတို့ရဲ့အရှိန်အဝါတွေက လွှမ်းမိုးလာဟန်တူပါတယ်၊ သူတို့ရဲ့နူးညံ့သိမ်မွေ့တဲ့အပြုအမူအပြောအဆိုအမူအရာတွေဟာ ကျွန်မအပေါ်လွှမ်းမိုးလာပြီး အရိပ်ထိုးလာခဲ့ပါတယ်၊ ကျွန်မ သူတို့ကိုကြည်ညိုမြတ်နိုးလေးစားလာမိပါတယ်၊ ကျွန်မတစ်ဘက်က အလှမာနရှိနေပေမဲ့လဲ ကျွန်မစိတ်ဓာတ်အနေနှင့်ကတော့ အတော်ပင်နူးညံ့သိမ်မွေ့မှု များဖြစ်ပေါ်ခံစားလာရမိပါတယ်။

ကျွန်မရဲ့စိတ်အခြေအနေပြောင်းလဲလာမှုကို အကဲခတ်မိသွားတဲ့မယ်တော်ကြီးက-

"သမီးရယ်. . စဉ်းစားပါ၊ သမီးတော်ရဲ့အစ်ကိုဟာလဲ လောကသုံးပါးမှာ အတုမရှိတဲ့ဘုရားရှင်ကိုယ်တော်မြတ်ကြီးဖြစ်

နေပါပြီ၊ မောင်တော်နန္ဒနှင့်တူတော်ရာဟုလာတို့လဲ ကိလေသာ ကုန်ခမ်းတဲ့ရဟန္တာတွေဖြစ်နေကြပါပြီ၊ သမီးရဲ့မမ ယသော်ဓရာ ဒေဝီဆိုလဲ ယခုအခါမှာ ဈာန်အဘိညာဥ်တွေရပြီး ဧတဒဂ်ရ ရဟန္တာမကြီးဖြစ်နေပါ၊ သမီးတော်လေးတစ်ယောက်ထဲ ကိလေ သာနယ်ပယ်ထဲမှာကိလေသာတွေပေကျန်ပြီးနေခဲ့မယ်ဆိုရင် သင့်တော်ပါ့မလား၊ သမီးအလေးအနက်စဉ်းစားပြီး ကြိုးစားပါ သမီးရယ်”

လို့တရားချတိုက်တွန်းတော်မူရှာပါတယ်။

“ချစ်သမီး. . . နုပျိုခြင်းဆိုတာဟာ အိုမင်းရင့်ရော်ခြင်း မှာအဆုံးသတ်ရစမြဲပါ၊ ရုပ်ဆိုတာ မစင်ကြယ်တဲ့အရာဝတ္ထုမျိုး သာဖြစ်ပါတယ်၊ ကျန်းမာတယ်ဆိုတာဟာလဲ မကျန်းမာမှုနှင့် အဆုံးသတ်ရစမြဲပါ၊ အသက်ရှင်နေတယ်ဆိုတာဟာလဲ သေခြင်း တရားနှင့်အဆုံးသတ်ရစမြဲပါ၊ အဲဒါကြောင့် မအိုခင်၊ မနာခင်၊ မသေခင်မှာ အိုခြင်းကင်းရာ၊ နာခြင်းကင်းရာ၊ သေခြင်းကင်းရာ ဖြစ်တဲ့ အမြိုက်နိဗ္ဗာန်ကိုစံဝင်နိုင်အောင် တရားအလုပ်ကို သမီး မလုပ်ခြင်းဘူးလားသမီး”

လို့ တရားချဟောပြောပါတယ်။

ကျွန်မဘဝကို ကျွန်မအထပ်ထပ်အကြိမ်ကြိမ်စဉ်းစားရ ပါတော့တယ်၊ ဦးရဟန်းမတွေကြားမှာ လူဝတ်ကြောင်ဘဝနှင့် ကြာရှည်စွာနေလိုကလဲ မသင့်တော်တာအမှန်ပါ၊ ကျွန်မအဖို့

အခြားသွားရောက်စရာနေရာကလဲမရှိလေတော့ မယ်တော်ကျေနပ်အောင် စိတ်ချမ်းသာအောင် သူတို့နှင့်အသွင်တူဘဝတူပြောင်းနေတာကပိုကောင်းပါတယ် လို့ကျွန်မဆုံးဖြတ်ပြီး ရဟန်းမပြုလုပ်ရန် မယ်တော်ကို ကျွန်မကတိပေးလိုက်မိပါတယ်။

မယ်တော်ကြီးက ကျွန်မကတိရတော့ ဝမ်းမြောက်ဝမ်းသာစွာနှင့်ဘဲ ရဟန်းမပြုပေးပါတော့တယ်။

ကျွန်မဟာ ရဟန်းမဝတ်စုံအရေခြုံထားရပေမဲ့ ကျွန်မအလှအပေါ်မှာသာယာနှစ်သက်တဲ့စိတ်ကတော့ မပယ်နိုင်သေးပါဘူး၊ ရဟန်းမဘဝနှင့်တစ်မျိုးတစ်ဖုံလှပနေတဲ့ရဟန်းမအလှကိုကျွန်မသာယာနှစ်သက်ပြီး မာန်တက်နေမိပါသေးတယ်။

ကျွန်မရဟန်းမပြုပြီးတဲ့အခါကျတော့ မယ်တော်က-

"သမီး-သမီးရဟန်းမဖြစ်သွားပုံကို သမီးရဲ့အကိုတော်ဘုရားမြင်တော်မူရင် အလွန်အားရကျေနပ်နှစ်သက်မှာဘဲ၊ အဲဒါကြောင့် သမီး အကိုတော်ဘုရားထံသွားရောက်ဖူးမြော်သင့်တယ်" လို့တိုက်တွန်းပါတယ်။

အကိုတော်ဘုရားအပေါ်မှာ နဂိုကတည်းက မင်္ဂလာဆောင်ကာနီး အတင်းရောအခမ့်ပါ အကိုယ်နန္ဒကိုခေါ်သွားမှုတူတော်ရာဟုလာကိုရွှေအိုးအမွေမပေးဘဲ သာမဏေပြုပေးမှုတို့နှင့်တကွ အကိုတော်ဘုရားဟောတော်မူတဲ့တရားတွေအပေါ်မကျေနပ်မှုတွေနှင့်ပြည့်နေတဲ့ကျွန်မဟာ-

"မယ်တော်ဘုရား. . . အကိုတော်ဘုရား နေ့စဉ်ဟော ကြားနေတဲ့တရားတွေက မမြဲဆင်းရဲအစိုးမရဆိုတဲ့တရားတွေ၊ ရုပ်ဟာမတင့်တယ်ဘူးဆိုတဲ့တရားတွေဘဲမဟုတ်လား၊ လောက အမြင်မှာမြဲတယ်၊ ချမ်းသာတယ်၊ အစိုးရတယ်၊ တင့်တယ်လှပ တယ်ဆိုတာတွေကို အကိုတော်ဘုရားက မမြဲဘူး၊ ဆင်းရဲတယ် အစိုးမရဘူးလို့ဟောပြောနေပြီး လောကကြီးကိုအမြဲခြောက်လှန့် နှိပ်စက်နေတယ်မဟုတ်လားဘုရား၊ သမီးက အဆင်းရုပ်ရည် ချောမောလှပလေတော့ သမီးကိုလည်းနှိပ်စက်နှိမ့်ချဟောမှာဘဲ၊ အဲဒါကြောင့် သမီးက အကိုတော်ဘုရားထံသွားရောက်မဆည်း ကပ်ချင်ပါဘူးဘုရား"
လို့ပြောပြီး ငြင်းဆန်ခဲ့ပါတယ်။

အဲဒီလိုနှင့်ရဟန်းမပြုခဲ့တဲ့ကျွန်မဟာ အကိုတော်ဘုရား ထံ တစ်ခါမျှသွားရောက်မတွေ့၊ မဖူးမြော်သလို တရားလဲမနာခဲ့ ပါဘူး။

တစ်နေ့မှာ အကိုတော်ဘုရားထံမှ ကျွန်မတို့ရဟန်းမတွေ အတွက် အမိန့်တစ်ခုရောက်လာပါတယ်။

"ရဟန်းမျှားမှန်သမျှ လဆွယ်နေ့တိုင်း တစ်လနှစ်ကြိမ် ငါဘုရားထံလာရောက်ဩဝါဒခံရမယ်"

အဲဒါဟာ ကျွန်မကိုရည်ရွယ်တဲ့အမိန့်ဖြစ်ကောင်းဖြစ်ပါ မယ်၊ ဒါပေမဲ့ ကျွန်မ မသွားပါဘူး၊ ဆန္ဒပေးပြီး ကိုယ်စားလှယ်သာ စေလွှတ်ခဲ့ပါတယ်။

ကျွန်မ အဲဒီလိုနည်းနှင့်ရှောင်နေတာကို အကိုတော်ဘုရားကသိနေလေတော့ နောက်ထပ်အမိန့်တစ်မျိုးထပ်ပြီးထုတ်လာပါတယ်။

"ရဟန်းမများသည် ဘုရားရှင်၏ဩဝါဒနာခံရန် ကိုယ်စားလှယ်မလွှတ်ရ၊ ကိုယ်တိုင်လာရောက်ဩဝါဒခံယူရမယ်၊ ကိုယ်တိုင်လာရောက်ဩဝါဒမခံယူသောရဟန်းမ ပါစိတ်အာပတ်သင့်စေ"

အဲဒီအမိန့်နှင့်ပြစ်ဒဏ်ဟာ ကျွန်မကိုတိုက်ရိုက်ရည်ညွှန်းပြီးထုတ်တယ်ဆိုတာထင်ရှားလှပါတယ်၊ ကျွန်မအဖို့ ရှောင်လို့မရတော့ပါဘူး၊ မင်းအသိုင်းအဝိုင်းလက်အောက်မှာနေရင် မင်းရဲ့အမိန့်ကိုနာခံရသလို ယခု ကျွန်မက အကိုတော်ဘုရားရဲ့သာသနာ့ဘောင်အသိုင်းအဝိုင်းမှာနေရလေတော့ အကိုတော်ဘုရားရဲ့အမိန့်ဩဇာအာဏာကိုနာခံရတော့မှာပေါ့လေ။

တကယ်တော့ ကျွန်မအနေနှင့်ကလဲ အကိုတော်ဘုရားကိုတွေ့တော့ တွေ့ချင်နေပါတယ်၊ ဘာပြုလို့လဲဆိုတော့သွားရောက်ဩဝါဒခံယူကြတဲ့ရဟန်းတွေက အကိုတော်ဘုရားဟာဘယ်လိုချောမောလှပကြောင်း၊ ကြည်ညိုသပ္ပာယ်ဖို့ကောင်းမွန်ကြောင်း၊ အသံတော်ဟာဘယ်လိုသာယာနာပျော်ဖွယ်ကောင်းကြောင်း စသည့်စုံလင်စွာချီးမွမ်းသံများကိုကြားနေရလေတော့ အကိုတော်ဘုရားကိုသွားရောက်ကြည့်လိုတဲ့စိတ်၊ သူရဲ့အသံကို

နာကြားလိုတဲ့စိတ်ဟာ ကျွန်မရင်ထဲမှာတဖွားဖွားပေါ်နေမိတာက တော့အမှန်ပါ၊ ဒါပေမဲ့ အကိုတော်ဘုရားက ကျွန်မရဲ့ရုပ်ရည် လှပမှုကိုပြစ်တင်ရှုတ်ချပြောဆိုမှာကိုလဲ ကျွန်မလန့်နေမိပါတယ်။

ဒါပေမဲ့ ယခုအမိန့်အရဆိုတော့ မသွားလို့ကမရတော့ ဘူးပေါ့လေ၊ ကျွန်မသွားရတဲ့အခါမှာ ရဟန်းမတွေနောက်ကွယ် ကနေ အသာလေးဖုံးကွယ်လိုက်သွားပြီး အကိုတော်ဘုရားမမြင် သာအောင် နေမယ်လို့စိတ်ကူးထားပါတယ်။

လပြည့်နေ့ ရဟန်းမများရဲ့ဩဝါဒခံယူပွဲနေ့ အခြားရဟန်း မများနှင့်အတူ အကိုတော်ဘုရားထံဩဝါဒခံယူရန် ကျွန်မလိုက် သွားပါတယ်၊ ကျွန်မလိုက်လာသည့်အတွက် အခြားရဟန်းတွေက လဲ ကျွန်မနှင့်ပတ်သက်ပြီး အကိုတော်ဘုရားထံမှတရားထူး တရားဆန်းကြားနာရတော့မှာဘဲဆိုပြီး ဝမ်းမြောက်ဝမ်းသာဖြစ် နေကြပါတယ်။

ပြီးတော့ အကိုတော်နှင့်နှမအကြား ဘယ်လိုစကားအ ခြေအတင်တွေဖြစ်ပေါ်လာမလဲဆိုပြီး မိန်းမသားများပီပီ စပ်စပ် စုစုကလဲစိတ်ဆန္ဒရှိနေကြဟန်တူပါတယ်။

အကိုတော်ဘုရားထံရောက်တော့ ကျွန်မ ရဟန်းမတစ် ယောက်ရဲ့နောက်ကွယ်ကနေကပ်ထိုင်ပြီး အကိုတော်ဘုရားရဲ့ မျက်နှာတော်ကိုတိတ်တခိုးလှမ်းကြည့်မိပါတယ်။

"အိုး-လှလိုက်တဲ့မိန်းကလေး"

ကျွန်မတအံ့တသြနှုတ်က အာမေဋိတ်သံထွက်သွားမိပါတယ်၊ ကျွန်မထက် အသက်တစ်ရာမက များစွာလှပတဲ့မိန်းကလေးတစ်ယောက်ဟာ အကိုတော်ဘုရားရှေ့မှာထိုင်နေပြီး အကိုတော်ဘုရားရဲ့ခြေတော်ကို ယပ်တစ်ချောင်းဖြင့်ယပ်ခတ်ပေးနေတာကို တွေ့ရပါတယ်၊ မမ ယသော်ဓရာဒေဝီထက်ပင် ချောမောလှပသောအဲဒီမိန်းကလေးကို ကျွန်မစူးစူးရှရှငေးမောကြည့်နေမိပါတယ်။

ကျန်တဲ့အဖော်ရဟန်းမတွေကို ကျွန်မအသာငဲ့စောင်းကြည့်မိပါတယ်၊ သူတို့ကတော့ ဒီမိန်းကလေးကိုမတွေ့မြင်သလိုပါဘဲ၊ တွေ့မြင်သော်လည်း တရားရနေကြသူများပီပီ တရားနှလုံးသွင်းဆင်ခြင်နေကြလို့ ဒီလိုလှပတဲ့မိန်းကလေးအပေါ် စိတ်မဝင်စားကြတာလဲဖြစ်နိုင်ပါတယ်။

ကျွန်မလေ ဒီမိန်းကလေးကိုပွေ့ဖက်ထားချင်တဲ့စိတ်တွေ အာသာဆန္ဒပြင်းပြစွာနှင့်ဖြစ်ပေါ်ခံစားနေမိလို့-

"အဆွေမလေးရယ်. . . မင်းကိုတော့ ငါလဲသေချာမသိပါဘူး၊ မေးမြန်းစုံစမ်းဖို့လဲအချိန်မဟုတ်ပါဘူး၊ ဒါပေမဲ့ ငါ မင်းကို ပွေ့ဖက်ထားချင်လိုက်တာ၊ တဆိတ်လောက် ငါ့ရင်ခွင်ထဲလာအိပ်ပါလားကွယ်"

လို့ ရေရွတ်ပြောဆိုမိလိုက်ပါတယ်။

ကျွန်မရေရွတ်လိုက်တဲ့အသံကို ကလေးမလေးကြားဟန်တူပါတယ်၊ သူ ကျွန်မထံထလာပြီး ကျွန်မရင်ခွင်မှာထိုင်ရှာပါတယ်၊ ကျွန်မလေ သူ့ကိုချစ်ခြင်းဇောအားကြီးလေတော့ ပတ်ဝန်းကျင်ကိုပင်ဂရုမထားမိတော့ဘဲ သူမကိုတအားပွေ့ဖက်ထားမိလိုက်ပါတယ်၊ သူမအပေါ် ချစ်ခြင်းမေတ္တာဓာတ်ကလဲ တစိမ့်စိမ့်ယိုစီးကျနေမိပါတယ်။

ကလေးလေးလိုပွေ့ဖက်ထားမိရင် ကျွန်မလေ ကလေးမရဲ့အလှကိုတစ်ခုပြီးတစ်ခု စေ့စေ့စပ်စပ်ကြည့်မိပါတယ်။

လှလိုက်တဲ့မျက်နှာလေး၊ တင်ထားသလိုနေ့တဲ့နှာတံလေး၊ နီလိုက်တဲ့နှုတ်ခမ်းလေးကလည်း ကျီးအာသီးမှည့်ပမာ အလာ နီထွေးရဲနေရဲ့၊ မျက်တောင်ကော့ကလေးနှင့်မျက်ဝန်းနက်လေးကလဲ သမင်မမျက်လုံးလေးကို အရည်ရွဲလိုက်နေလေရဲ့။

ကျွန်မ သူမအလှကို တစိမ့်စိမ့်ကြည့်ရင်းနှိုးကျူးနေမိပါတယ်။

အဲဒီအချိန်အတောအတွင်းလေးမှာဘဲ သူမရဲ့မျက်နှာမှာအဖုလေးထွက်လာတာကို ကျွန်မတွေ့လိုက်ရပါတယ်၊ အဖုလေးတစ်လုံးကနေ ပွားပွားလာပြီးများလာပါတယ်၊ အဖုတွေကပထမတော့ ခပ်သေးသေးလေးတွေပါဘဲ၊ နောက်တော့ကြည့်ရင်းကြည့်ရင်းကနေ ဇီးကင်းလောက်၊ ထိုမှတစ်ဆင့် ဇီးသီးလောက်ထိုမှတစ်ဆင့် ဇီးဖြူသီးလောက်၊ ဒါနဲ့မနေသေးပါဘူး၊ ဆက်လက်

ပြီး သံပုရာသီးလောက်၊ ရှောက်သီးလောက်ရှိလာပြီး နောက်ဆုံး ပေါက်ကွဲထွက်ကုန်ပါတယ်၊ သွေးတွေပြည်တွေက မပြတ်ယိုစီးကျလာပါတယ်။

ကျွန်မဟာလေ ဤအလှမယ်လေးရဲ့ဖောက်ပြန်သွားတဲ့ ရုပ်ကိုကြည့်ပြီး အလွန်အံ့သြထိတ်လန့်သွားမိပါတယ်၊ သူမကို ကျွန်မရင်ခွင်ပေါ်ကချပြီး ထပြေးချင်စိတ်ပေါက်လာပါတယ်၊ ဒါပေမဲ့ ထပြေးလို့လဲမလွယ်ပါဘူး၊ သူမထံက ထွက်လာတဲ့အပုပ်ရေတွေကြောင့် ကျွန်မနှာခေါင်းက တရှုံ့ရှုံ့နှင့်အော်ဂလီဆန်ပြီး ပျို့တက်သလိုခံစားနေရပါတယ်။

"ချစ်ဆွေရယ် . . . ဆင်းရဲလိုက်တာ၊ ကိုက်ခဲလိုက်တာ၊ တစ်ကိုယ်လုံးပါဘဲ၊ ကျွန်မဆင်းရဲထဲရောက်နေရပါပြီ၊ ကူညီပါဦးနော်၊ အားထားပါရစေနော်"

လို့သူမကညည်းညည်းညူညူ ငိုငိုယိုယိုနှင့်တောင်းပန်ရှာတယ်။

အဲဒီတော့ ကျွန်မလဲခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး ဘာလုပ်ရမှန်းမသိတော့ပါဘူး၊ ကျွန်မနှုတ်ကလဲ-

"အို-အချစ်ကလေးရဲ့ လှပတဲ့မျက်နှာလေးရောကွယ်၊ နှာတံချွန်လေးကောကွယ်ဘယ်ပျောက်သွားပြီးလဲ၊ ကျီးအားသီးလို နီရဲတဲ့နှုတ်ခမ်းနီကလေးကရောဘယ်ရောက်သွားပြီးလဲ၊ အလွန်တရာလှပတဲ့ပါးစပ်ကလေးရောဘယ်လိုဖြစ်သွားတာလဲကွယ်၊ ချစ်ဆွေမလေးရဲ့လမင်းလိုအေးမြတဲ့အဆင်းရယ်၊ ရွှေမှုရိုးစည်လို

လှပတဲ့လည်တိုင်လေးရယ်၊ မြဲဇယောဉ်လိုတလွှဲလွှဲလှုပ်နေတဲ့နား ကလေးနှစ်ဘက်ရယ် ဘယ်ရောက်သွားကြပြီလဲ၊ ယခုတော့ ရုပ်ပျက်ဆင်းပျက်ကိုဖြစ်နေရပါပြီကောလား၊ ပန်းငုံပန်းဖူးလေးလို လှနေတဲ့ပန်းနှစ်ငုံကလဲ ယခုတော့လျော့ရဲပြီး တွဲရွဲကျကုန်ပါပြ ကောလား၊ ရွှေဖယောင်းလိုပျော့ပျောင်းလှတဲ့ရုပ်ကလေးဟာ ယခုတော့အားလုံးကွဲအက်ကုန်ပါပကောလား၊ ပုပ်သိုးနံစော်ကုန်ပါပကောလား၊ အဖျားနှစ်ဘက်ကားပြီး အလယ်နားကလေးသွယ်တဲ့ ရွှေပွတ်တိုင်ချက်နှင့်တူတဲ့ခါးကလေးဟာလဲ ယခုအခါ ဖူးဖူးယောင်ယောင်တဲ့ သူကောင်ကြီးလိုဖောင်းပွပြီးနေပါပကောလား၊ အော်. ရုပ်ရေအဆင်းဆိုတာဟာ အစဉ်ထာဝရမြဲသောသဘော မရှိပါကလား”

လို့ ကျွန်မတွေးတောရေရွတ်နေမိပါတယ်။

ကျွန်မ မျက်စိအောက်မှာဘဲ ပြိုကွဲပျက်စီးသွားတဲ့အလှ မယ်ကလေးရဲ့ရုပ်ကိုကြည့်ပြီး ကျွန်မသံဝေဂကြီးစွာရမိပါတော့တယ်။

“ဒီကိုယ်ကာယကြီးနှင့်စပ်သမျှတွေဟာ ဘယ်ဟာမှမမြဲ၊ ပျက်စီးပုပ်စော်နံနေရပါကလား၊ ဘေးရန်အစစ်ကြီးပါကလား၊ ကြောက်စရာကောင်းလှပါဘိ၊ လူသေတွေမြုပ်တဲ့သုသာန်ကြီးလို ရွံစရာနှလုံးတုန်စရာကောင်းလိုက်ပါဘိ၊ ငါလိုမိုက်သူတွေကသာ ဒီအကောင်ပုပ်ကြီးအမှီပြုပြီး မာန်တက်နေကြတာပါကလား၊

ဒါကိုအဟုတ်ထင်ပြီး ပျော်ရွှင်နေကြတာပါကလား”

လို့ ကျွန်မ သံဝေဂအကြိမ်ကြိမ်ပွားမိပါတော့တယ်။

အဲဒီအချိန်မှာ အလွန်တရာအေးမြကြည်လင်တဲ့အသံတစ်သံပေါ်ထွက်လာတာကို ကျွန်မကြားလိုက်မိပါတယ်။

“အို-နှမတော်ရင်ခွင်ထဲက နာကျင်လှတဲ့၊ ပုပ်ကောင်လှတဲ့သူကောင်ပုပ်ကြီးနှင့်တူတဲ့ ဒီအကောင်ပုပ်ကြီးကိုရှုလိုက်စမ်းပါ။ စိတ်ကိုမတင့်တယ်တဲ့အပုပ်ကောင်ရုပ်ကြီးထဲမှာ တစ်ချက်တည်းနေအောင်ထားပြီး ပွားများလိုက်စမ်းပါ”

ဒီသာယာတဲ့အသံဟာ အကိုတော်ဘုရားရဲ့အသံဆိုတာကို ကျွန်မသတိထားမိလိုက်ပါတယ်၊ ကျွန်မဟာ အကိုတော်ဘုရားပြောကြားသလို ကျွန်မရင်ခွင်ထဲမှာရှိတဲ့အလှမယ်ကလေးရဲ့အပုပ်ကောင်ကို အသုဘတရားတင်ပြီးရှုပွားလိုက်မိပါတယ်။

ထိုခဏမှာဘဲ ကျွန်မအလင်းရောင်တစ်ခုကိုရလိုက်မိပါတယ်၊ အလုံးစုံသောတရားတို့ဟာ ဖြစ်ခြင်းအစရှိပြီ၊ ပျက်ခြင်းသာလျှင်အဆုံးရှိတာပါကလား။

ထိုခဏမှာဲ ကျွန်မ ဉာဏ်အမြင်အလင်းရပြီး သောတာပန်တည်ပါတော့မယ်၊ ကျွန်မလဲ သောတာပန်တည်ရော ရင်ခွင်ထဲကအပုပ်ကောင်လဲပျောက်သွားပါတော့တယ်။

ကျွန်မ အကိုတော်ဘုရားကို ယခုမှအလွန်ဘဲကျေးဇူးတင်မိပါတော့တယ်၊ အကိုတော်ဘုရားဟာ ငါ့ကိုဒီလိုတရားရ

အောင်ခေါ်တာပါလားလို့ဆင်ခြင်မိပြီး မိမိရဲ့အမှားကိုဝန်ခံသော အားဖြင့် အကြိမ်ကြိမ်ရှိခိုးမိပါတယ်။

ပန်းအလှတို့ကြွေလေသော် မြေဩဇာဘဝသက်ရောက် ရစေကဲ့သို့ ဤရုပ်နာမ်ခန္ဓာကြီးဟာလဲနာကျင်ပြီး သေလေသော် နောက်ဆုံးမြေဩဇာဖြစ်ရသည်မဟုတ်ပါလား။

ကျွန်မ အကိုတော်ဘုရားထံမှဩဝါဒခံယူပြီးနောက် ကျွန်မဟာ ရုပ်နာမ်၏မတည်မြဲမှု၊ ဖောက်ပြန်ပျက်စီးမှုကိုသာ အမြဲဘာဝနာပွားနေမိပါတော့တယ်။

တစ်နေ့ ကျွန်မအသုဘဘာဝနာပွားနေစဉ်မှာဘဲ အကို တော်ဘုရားက ကျွန်မထံလာပြီး-

"နှမတော်. . . ဒီကိုယ်ကြီးဟာ အမာခံအရိုးတွေနှင့် တည်ဆောက်ထားတဲ့မြို့ကလေးဖြစ်ပေတယ်၊ ဒီမြို့ကလေးကို အသားအသွေးဆိုတဲ့အင်္ဂတေသရွတ်တွေနှင့်လိမ်းကျံထားခြင်းဖြစ် တယ်၊ ဒီခန္ဓာမြို့ကလေးထဲမှာ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ မာန် မာနထားခြင်း၊ သူ့ကျေးဇူးကိုမသိခြင်းဆိုတဲ့အရာတွေကိုသိုလှောင် ထားတယ်"

လို့အစချီပြီး (၃၂)ကောဋ္ဌာသတို့ရဲ့ဖြစ်မှု-ပျက်မှု-စက်ဆုပ်ဖွယ် ရှိမှုတို့ကို ဆက်လက်ဟောပြောပြပါတယ်။

အကိုတော်ဘုရား၏တရားကို ကျွန်မနှလုံးသွင်းဆင်ခြင် မိလိုက်သည်နှင့်တစ်ပြိုင်တည်း ကျွန်မဟာ ကိလေသာအာသဝေါ ကင်းပြီး ရဟန္တာမ ဖြစ်ရပါတော့တယ်။

အခြေနှစ်ချောင်းရှိသောလူသားသည် မစင်ကြယ်ဘဲလျက် မကောင်းသောအနံ့ရှိပါလျက် အထူးထူးသောအပုပ်ရှိပါလျက် မျက်စိ၊ နား၊ နှာ စသောအပေါက်ကိုးပေါက်က မကောင်းသောအရည်၊ မကောင်းသောအနံ့များယိုစီးထွက်ကျနေတာ မှန်လှက်လူပိုက်သည်ရေချိုး၍လည်းကောင်း၊ နံ့သာလိမ်းသဖြင့်လည်းကောင်း ရှောင်ကြဉ်၍နေ၏။

ထိုသို့သဘောရှိသောကိုယ်ဖြင့် ငါပိုင်သည်၊ ငါတကားဟုမာန်မာနထကြွထောင်လွှား၏၊ သူတစ်ပါးကို မထေမဲ့မြင်ပြု၏၊ ထိုသူသည် အဘယ်သို့လျှင် အရိယာမဂ်ကိုမြင်နိုင်ပါအံ့နည်း။

## လူ့ဘဝ၏အနှစ်သာရကို မင်းအားသိစေသောအနန္တသူရိယ

"တပည့်မကောင်း-ဆရာ့ခေါင်း"

နရသူမင်း၏သားတော်နှစ်ပါးအနက် အကြီးဆုံးသားဖြစ်သောမင်းယာဉ်နရသိခ်ကို ကျွန်ုပ်သည်ငယ်စဉ်ကတည်းကပင်ထိန်းကျောင်းခဲ့ရသည်၊ ပညာသင်ပေးခဲ့ရသည်၊ ကျွန်ုပ်သည်သူ၏အကြီးတော်လည်းဖြစ်၏၊ ဆရာသမားလည်းဖြစ်ခဲ့ရပါသည်။

မင်းသား၏အသိပညာ၊ အလိမ္မာရရှိရေး၊ မင်းသားတို့တတ်အပ်သောအတတ်အညာတတ်မြောက်ရေးတို့ကို ကျွန်ုပ်ကြိုးစားသင်ပေးခဲ့ပါသည်၊ လိမ္မာယဉ်ကျေးမှုရှိအောင် သွန်သင်ဆုံးမခဲ့ပါ၏။

သို့သော် ဘမျိုးဘိုးနှင့်တူ မျိုးရိုးစရိုက် အနုသယဗီဇသွေး သည်က လိုက်ဟန်တူပါသည်။

ကျွန်ုပ်၏အရှင်၏ဖခင် နရသူမင်းသည်ကား ပြည်သူတို့၏အမြင်၌ ဟိရိဩတ္တပ္ပမစောင့်၊ စကားလည်းမမှန်၊ မျိုးကြီးမတ်ကြီးအတွင်းသူ၊ အပြင်သူတို့ကိုလည်းမျက်နှာမကြည့်၊ ရက်ရောကြမ်းကြုတ်စွာပြုလေ့ရှိသူဖြစ်သည်၊ ပြည်သူရွာသားတို့ကိုလည်း နှိမ်နှင်းညှင်းပန်း၏၊ ထိုသို့ပြုသောကြောင့် အမှူးအမတ်၊ ပြည်သူလူ၊ ရဟန်းအပေါင်းတို့သည် နရသူမင်းအတွက် မကောင်းသောဆုမေတ္တာကို ပို့သကြသည်။

နရသူသည် ရဟန်းတော် ပံ့သူကူမထေရ်ကို ခေါ်စာခံလုပ်မလိမ့် တပတ်လိမ်ညာလှောက်ထားပြီး အကိုဖြစ်သူမင်းရှင်စောကို ထီးနန်းတင်ပါမည်ဟုပြောပြီး ညတွင်အဆိပ်ကျွေးသတ်ခဲ့သည်။

ထိုအဖြစ်ကို ပံ့သူကူမဟာထေရ်က ကြားသိတော်မူ၍ နန်းတော်သို့ကြွပြီး-

"ဟယ်-မင်းဆိုးမင်းညစ်. . . သင်ကား သံသရာဝယ်ခံရအံ့သော မကောင်းမှုကိုမကြောက်၊ ဤစည်းစိမ်ကိုရလျှင် သင်၏ကိုယ်ခန္ဓာသည် မအိုမသေပြီ ဟုမှတ်သလော၊ လောကတွင်သင့်ထက်ပျက်သောမင်းမည်သည်ကားမရှိပြီ"

ဟု ပက်ပက်စက်စက်ပြော၍ဆိုဆုံးမခဲ့သည်။

ကျွန်ုပ်အရှင်၏ဖခင် နရသူသည် ဤကဲ့သို့ ဆိုးသွမ်းခက်ထန်သောစိတ်ကြောင့် ကုလားမင်းသမီးကိုသတ်ခဲ့၍ မင်းသမီး၏ဖခင်က သူရဲကောင်း(၈)ယောက်ကိုစေလွှတ်၍သတ်ခဲ့သဖြင့် အနိစ္စရောက်သောကြောင့် ကုလားကျမင်းဟူ၍နာမည်ဆိုးတွင်ခဲ့ရပါသည်။

ယခု သားတော်မင်းယဉ်နရသိခ်ကိုကား သူ၏ဖခင်ကဲ့သို့မဖြစ်ရလေအောင် နူးညံ့သိမ်မွေ့သူဖြစ်အောင် ပြည်သူအများကလေးစားချစ်ကြည်မြတ်နိုးသူဖြစ်အောင် ကျွန်ုပ်သည် လောကဝတ်၊ ဓမ္မဝတ်တို့ဖြင့်သွန်သင်ဆုံးမလမ်းပြခဲ့ပါသည်။

ထီးနန်းဆက်ခံကာစ အကိုကမင်းလုပ်သည်၊ ညီတော်နရပတိစည်သူကို အိမ်ရှေ့အရာပေးခဲ့သည်။

ကျွန်ုပ်၏ဆိုဆုံးမမှုအောက်ဝယ် မင်းယဉ်နရသိခ်လိုက်နာခဲ့သဖြင့် သူ့ကိုမင်းကောင်းမင်းမြတ်အဖြစ် ပြည်သူတို့ကချစ်မြတ်နိုးကြည်ညိုကြပါသည်၊ သူ၏လက်ထက်၌ မိုးရေကောင်းခဲ့၏၊ ပြည်ထဲရေးသာယာလှပါ၏၊ ပြည်သူလူတကာအပေါင်းတို့သည်လည်းချမ်းသာစွာအသက်မွေးကုန်ရသဖြင့် ကောင်းသောဆုတောင်းမေတ္တာပို့သကြသည်။

သူ့တွင် မိဖုရား(၃)ပါးရှိလေရာ သူသည် ထိုမိဖုရား(၃)ပါးကိုတန်းတူထား၍ ချစ်မြတ်နိုးသလို တန်းတူလည်းအခွင့်အရေး

ပေးခဲ့ပါသည်၊ သူကြွချိလေရာသို့ ထိုမိဖုရား(၃)ပါးသည် ဆင်တစ်စီးစီဖြင့် အမြဲခြံရံလိုက်ပါရပါသည်။

ဤကဲ့သို့ သာယာချမ်းမြေ့သောမင်းစည်းစိမ်ဘဝ၊ ပြည်သူတို့ချစ်မြတ်နိုးနေသောဘဝ၊ ပြည်ရွာအေးချမ်းသာယာနေသောဘဝဝယ် မြင်းစိုင်းဝက်ဝံအရပ်က ပြောလူမျိုးတို့က ဝါးတောထဲက သံသေဒဇမွေးလာပြီး ရွှေအဆင်းကဲ့သို့အဆင်းရှိသော ဝေဠုဝတီကို ကျွန်ုပ်၏အရှင်ထံဆက်သခဲ့ပါသည်။

ကျွန်ုပ်၏အရှင်နှင့်ကား ဘုန်းမဆုံ ကံမဆုံကြဟန်ရှိပါသည်၊ ထိုဝေဠုဝတီကို နားကျယ်နှင့်ဝမ်းပျက်လိလိ ဟုမိန့်ကြားပြီး ဆက်သမှုကိုပယ်ကာ ညီတော်နရပတိစည်သူကို ပေးလိုက်ပါသည်။

မယ်တော်ကြီးက ဝေဠုဝတီကိုပြုပြင် ပြင်ဆင်ပေးလိုက်တော့ ဝေဠုဝတီကကြည့်ရှုမဝ၊ တကယ်ပင် ချောမောလှပတဲ့ အိမ်ရှေ့မင်းမိဖုရားလေးဖြစ်လာပါတယ်။

တစ်နေ့ မယ်တော်မိဖုရားကြီးက ဝေဠုဝတီကိုခေါ်ပြီး သားတော်ကြီးနရသိခ်က ဝင်ခစားတော့ ပြဿနာကအဲဒီကအစ မိုးမဆုံး-မြေမဆုံးဖြစ်ပြီး ပြဿနာမီးတွေ တောက်လျှောက်တောက်လောင်တော့တာပါဘဲ။

ဤဝေဠုဝတီပြဿနာမီးလောင်မှုကြောင့် နန်းတွင်းပြဿနာတွေရှုပ်ထွေးပြီး ယခင်က ကျွန်ုပ်၏တပည့်၊ ယခု ကျွန်ုပ်

၏အရှင်သခင်ဖြစ်လာသော မင်းယဉ်နရသိင်္ခသည် ဝေဠုဝတီကို တွေ့မြင်သွားသောအခါ တဏှာရမက်ငန်းငန်းတက်ပြီး စိတ်ဆန္ဒကို ထိန်းသိမ်းနိုင်မှုမရှိဖြစ်လာကာ ပရိယာယ်မာယာအကောက်ကြံပြီး စစ်မရှိသောငဆောင်ချမ်းသို့ သူပုန်ရှိသည်ဆိုပြီး စစ်ထွက်စေသည်။

နရပတိစစ်သူကလည်း စဉ်းစားဥာဏ်မရှိသောတုံးမဟုတ်၊ ဤမျှအေးချမ်းသာယာနေသောနိုင်ငံဝယ် စစ်ဘေးပေါ်သည်ဟု နောင်တော်၏ပြောစကားကို သံသယဝင်မိသည်။

သို့သော် နောင်တော်မင်း၏အမိန့်ကို မလွန်ဆန်ဝံ့၍ စစ်ကိုထွက်ခဲ့သည်၊ စစ်ထွက်ခိုင်းခြင်းမှာ သံသယရှိနေ၍ မိမိတပည့်ကျော် ပြေည့်နှင့်မိမိ၏လက်စွဲတော်မြင်းကိုထားခဲ့ပြီး အကြောင်းထူးကိစ္စပေါ်သော် ချက်ချင်းလိုက်လာရန်မှာပြီး စစ်ထွက်ခဲ့သည်။

နရပတိစစ်သူစစ်ထွက်သောနေ့မှာပင် တဏှာရမက်ဇောဖုံးလွှမ်းခံနေရသော မင်းယဉ်နရသိင်္ခသည် ဖခင်ကဲ့သို့ပင် ဟိရိဩတ္တပ္ပတရားကင်းမဲ့လှသည်၊ ရာဇဣန္ဒြေကင်းမဲ့လွန်းလှသည့်အတွက် စဉ်းစားဆင်ခြင်မှုကင်းမဲ့ကာ ဝေဠုဝတီကိုသိမ်းပိုက်လိုက်သည်၊ တကယ်တော့ မင်းကျင့်တရားပျက်ပြားခြင်းဖြစ်ပါသည်၊ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်လိုက်ခြင်းဖြစ်ပါသည်။

ဤပြဿနာကိုနရပတိစည်သူ၏တပည့် ပြေည့်က သူ့ဆရာ၏မြင်းနှင့်အပြင်းလိုက်ပြီးသတင်းပို့သည်၊ ပြေည့်ခမျာကံကြမ္မာခေလှသည်၊ ဘတ်ချောင်းသို့ညအရောက် ရေပြည့်နေသည်ဟု ထင်မှတ်ခဲ့သည်၊ မြင်းကလည်းမောနေ၍ တစ်ညနားရန်ဆုံးဖြတ်ပြီးနားခဲ့သည်၊ တစ်ဘက်တွင် အရှင်သခင်ရှိနေသည်ကို သူမသိခဲ့၊ မြင်းသတ္တဝါက သခင်အနံ့ကိုရ၍ဟီးသည်၊ ထိုသည်ကို နရပတိစည်သူကကြား၍ တစ်ညလုံးအိပ်မရခဲ့ပါ။

နောက်နေ့မိုးလင်းတော့ ငါးဘတ်ချောင်းက ရေလုံးဝမရှိ၊ ပြေည့်ချောင်းကိုဖြတ်၍ တစ်ဘက်ကမ်းရှိအရှင်ထံရောက်သည်၊ အကြောင်းစုံလျှောက်ထားကြသည်၊ လျှောက်ပြီးသောအခါ သူ၏အရှင်က ညကဘယ်မှာအိပ်သနည်း-ဟုမေးခဲ့သည်၊ ပြေည့်က အဖြစ်မှန်လျှောက်ထားသည်။

မ,စိတ်မွှန်နေသောအရှင်သည် အသိ၊ သတိကင်းမဲ့ကာ ဤမျှအရေးကြီးသောသတင်းကို ချက်ချင်းလာ၍သတင်းမပို့ရကောင်းလားဆိုကာ ပြေည့်ကိုစိတ်ဆိုးပြီး မင်းတို့အမျက်တရားအကြောင်းသုံးပါးဆင်ခြင်မှုမရှိဆိုသည့်အလား အကြောင်းအကျိုးကိုမဆင်ခြင်ဘဲ မိမိ၏လက်ရုံးတပည့်ကို ဘာမှမဟုတ်သည့်အကြောင်းလေးဖြင့်သတ်စေခဲ့သည်၊ ပြေည့်၏ဘဝကြမ္မာသည် အရှင်သခင်၏ မ,စိတ်မွှန်သောဒေါသအောက်ဝယ် အသက်ပျောက်ရလေသည်၊ ဘဝပျက်ရလေသည်။

နရပတိစည်သူ၏ မ,စိတ်မွန်သောဒေါသကား အာယာ တဘက်သို့ရှေ့ရှုခဲ့လေပြီ၊ မိမိ၏လူယုံတော်စစ်ဗိုလ်အောင်စွာကို ခေါ်ကာ အကိုမင်းယဉ်နရသိင်္ခကိုလုပ်ကြံသတ်ဖြတ်ပေးပါ၊ အောင်မြင်ပါက အကိုမိဖုရား(၃)ပါးထဲက မင်းကြိုက်သူနှင့်ပေး စားမည်ဟု တဏှာရမက်သွေးဆောင်ဖြားယောင်းမှုဖြင့် ဆွဲ ဆောင်လိုက်သည်။

ဗိုလ်အောင်စွာသည် အရှင်၏အမိန့်၊ တစ်ဘက်ကလည်း မိဖုရားတစ်ပါးပါးကိုရမည်ဟူသောတဏှာလောဘဇော‌ဖြင့် အရှင် ပေးသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် ပုဂံသို့တစ်ဦး တည်းပြန်လာခဲ့ပြီး ညဉ့်အချိန်မင်းထံသတင်းပို့ရန်ဟူသော အကြောင်းပြချက်ဖြင့် တစ်ယောက်တည်းဝင်တွေ့ပြီး လုပ်ကြံသတ် ဖြတ်ရန် စီမံခဲ့သည်။

ကျွန်ုပ်၏အရှင်သခင် မင်းယဉ်နရသိင်္ခက အသက်ကို ချမ်းသာခွင့်ပေးပါ၊ ကြက်စောင့်ကျီးစောင့်အဖြစ်နေပါမည် ဟု တောင်းပန်တိုးလျှိုသည်ကိုပင် ဗိုလ်အောင်စွာက လက်မခံ၊ လုပ်ကြံသတ်ဖြတ်ပြီး အားချင်းမိမိအရှင်ထံသို့သွားရောက်ကာ အောင်မြင်ခဲ့ပြီ ဖြစ်ကြောင်းလျှောက်ထားသတင်းပို့သည်။

အိမ်ရှေ့မင်းနရပတိစည်သူသည် တပ်အလုံးအရင်းနှင့် ပြန်လာကာ ပုဂံထီးနန်းကိုဆက်ခံပါသည်၊ ဝေဠုဝတီနှင့်ပင် ဘိသိက်ခံသည်။

မရီးတော်တို့သည် မိမိတို့ကိုအောင်စွာငယ်နှင့်ပေးစားမည်ဟုကြားကြသော် တုန်လှုပ်ချောက်ခြားကြလျက် မင်းထံသို့ဝင်ကာ မင်းကြီး၏ခြေသလုံးကိုဖက်၍-

"အရှင်မင်းကြီး. . . ကျွန်ုပ်တို့မိန်းမဟူသည်ကား လင်မှားသည်ကိုအလိုရှိဖူးသလော၊ ငါတို့မှာ အပြစ်မရှိ၊ ငါတို့သည် မရီးတော်မည်ရုံမျှမဟုတ်ကြပါ၊ အရီးတော်ချစ်အုံးနှင့်အိမ်တော်သည် သမီးချည်းဖြစ်ကြပါ၏၊ မြောက်သားတော်ချည်းဖြစ်ကြပါသည်၊ သနားတော်မမူပါသော်လည်း အိမ်တော်ဝယ်ကျီးစောင့်ကြက်စောင့်နှင့်မျှဖြစ်ပါစေလော"

ဟု ခခယယလျှောက်ထားတောင်းပန်ကြပါသည်။

အရှင်မင်းကြီးသည် မိမိလိုဘတ်ရထားပြီးဖြစ်၍ ဒေါသအမျက်လည်းပြေကာ စဉ်းစားဆင်ခြင်မှုအသိ-သတိလည်းဝင်လာသဖြင့်လည်းကောင်း မျိုးရိုးဂုဏ်သိက္ခာကိုထိန်းသိမ်းစောင့်ရှောက်ရမည်ကိုလည်းကောင်း သတိထားမိပြီး မိမိတပည့်၏စစ်ဗိုလ်အောင်စွာငယ်ကိုခေါ်ကာ-

"အောင်စွာငယ်. . . နင့်ကိုငါဆိုမိစေသည်မှန်၏၊ င့ါမရီးတော်တစ်ပါးပါးကို ပေးပါချေသော် ငါဘိုးတော်ဘေးတော်တို့ကိုပြစ်မှားသကဲ့သို့ရှိအံ့သည်၊ နင့်ကို အမျိုးမြတ်သောသူကောင်းသမီးတစ်ပါးပါးနှင့် ငါသူကောင်းပြုမည်"

ဟူ၍ သာယာချောင့်စွာမိန့်ဆိုခဲ့သော်လည်း ငအောင်စွာသည် လည်း မိမိဘဝအဆင့်အတန်းကိုမေ့ကာ ငါ-ငါဟူသောမာန်မာန ဖြင့် မင်းကို "ထွီ"ကနဲ ဟုပြုလုပ်မိသည်။

အရှင်မင်းကြီး၏ဒေါသအရှိန်သည် တက်ပြန်လေသည်၊ ငါသို့သောမင်းကိုဆိုဝံ့သော ငအောင်စွာငယ်ကို ကွပ်လေ၏ ဟု အမိန့်ထပ်မံပေးပြန်သည်။

ဤသဘင်မှာပင် မင်းကြီးက နောင်တော်မင်းယဉ်နရ သိခ်အထိန်းတော်သား အနန္တသူရိယာကိုလည်းဖမ်း၍သတ်လေ ဟူ၍ ကျွန်ုပ်ကိုပါသတ်ရန်အမိန့်ချမှတ်ပြန်ပါသည်။

ဤဝေဠုဝတီမိဖုရားတစ်ပါးတည်းဟူသော တဏှာရမ္မက် ဇောကြောင့် လူသားဘဝအဖြစ်ကိုရခဲ့ကြသော ငပြည့်၊ မင်းယဉ် နရသိခ်၊ ငအောင်စွာငယ်တို့သည် အကာလမရဏဘေးကြမ္မာဆိုး ဖြင့်ဘဝကိုအဆုံးသတ်သွားကြရသည်၊ ထိုဘေးဆိုးတို့သည် ယခု ကျွန်ုပ်ထံလည်း လာခဲ့ပါချေပြီ။

ကျွန်ုပ်သည် လူသတ်တို့လာရောက်ဖမ်းသည်ကို အသာ တကြည်ပင်လက်ခံလိုက်ပြီး လူသတ်ကုန်းသို့တုန်လှုပ်မှုကင်းကာ တရားသဘောကိုဆင်ခြင်ပြီးတည်ကြည်သောသမာဓိဖြင့် လိုက်ပါ ခဲ့ပါသည်။

လူသားများ၏ဘဝသည် လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယတို့ကို မောဟတရားဖြင့်မသိကြကုန်သည်ဖြစ်၍ ထိုတရား

ဆိုးများအလိုသို့လိုက်ကာ မိမိတို့၏ဘဝကို အရှက်အကြောက်ကင်းမဲ့စွာဖြင့် အကုသိုလ်အလိုဆိုးနောက်သို့လိုက်ပါနေကြသည်သာဖြစ်သည်။

ကျွန်ုပ်သည်လူသတ်ကုန်းသို့အရောက်တွင် သတ်မည့်မင်းမှုထမ်းတို့ကို ခေတ္တခဏစောင့်ရန် မေတ္တာရပ်ခံပြီး ပေကညစ်ကိုတောင်းယူကာ-

ဤစာကိုမင်းအားဆက်သပေးပါရန် အကူအညီတောင်းခံပြီး လူ့ဘဝ၏အနှစ်သာရသဘောကို မင်းကြီးစဉ်းစားမိရန် ဤကဗျာလင်္ကာကို ကျွန်ုပ်ရေးသားဆက်သွင်းပေးခဲ့ပါသည်-

(၁) သူသည် တစ်ယောက်ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်း။

(၂) ရွှေအိမ်နန်းနှင့်ကြာ၄န်းလည်းခံ၊ မင်းပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။

(၃) ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ်ကြမှာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွှဲတတ်သည်၊ မချွတ်စသား၊ သတ္တဝါတည်း။

(၄) ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တုံမူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်သည်၊ သခင်မွန်ကို၊ ချန်ဘိစစ်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေ့သည်အနိစ္စာ၊ ငါ့ခန္ဓာတည်း။

ကျွန်ုပ်သည် ဤသံဝေဂကဗျာလင်္ကာလေးပုဒ်ကိုရေးသားပြီး လူသတ်တို့ကို မင်းထံဆက်သပေးရန်မှာကြားခဲ့ပြီး သူတို့၏ တာဝန်အရဆောင်ရွက်သည်ကိုကြည်ဖြူစွာပင်ခံခဲ့ပါတော့သည်။

(လူသတ်တို့က အနန္တသူရိယကိုသတ်ပြီးမှ ဤစာကိုမင်းထံဆက်သကြသည်၊ မင်းကြီးသည် ဤစာလေးပိုဒ်ကိုဖတ်စေ၍ ကြားတော်မူလျှင် အနန္တသူရိယကိုလွှတ်စေ ဟူ၍အမိန့်ချမှတ်ပေးခဲ့ပါသည်)

လူသတ်သမားတို့ကသတ်ခဲ့ပါပြီးမှာ လျှောက်ထားကြသော်-

“နင်တို့မသတ်ခင်က ဤစာကိုဆက်ကောင်းလျက်သတ်ပြီးမှဆက်သရသလော”

ဟု အမျက်ထွက်ပြန်ရကာ သူသတ်တို့ကိုကွပ်စေပြန်ခဲ့သည်။

မင်းကြီးသည် ဤလင်္ကာကဗျာကိုကြားတော်မူသောအချိန်ကစ၍ တစ်အောက်မေ့မေ့ တရှိုက်မတ်မတ်နောင်တကြီးစွာဖြစ်တော်မူခဲ့သည်။

ထိုမှစ၍ အမျက်တော်ကိုချုပ်ရုတ်သိမ်းတော်မူ၍-

"နောက်နောင် ငါ့အမျက်တော်ရှိ၍သတ်လေ ဟုအမိန့်တော်ရှိသော်လည်း တစ်လလေးသီတင်းထား၍ စစ်ကြောဘိ၊ သေတန်မှသေပါစေ၊ မသေတန်သည့်သူကိုလွှတ်စေ"

ဟူ၍ မင်းဆွေမျိုးရိုးဖြစ်သော မဟာသမန်ကိုအမိန့်ချမှတ်ထားပေးခဲ့ပါသည်)

## ထွန်တောင်ဦးကျော်ဒင်(သို့မဟုတ်)စွန်းလွန်းဦးကဝိ၏ဘဝအနှစ်သာရ

မြင်းခြံမြို့တောင်ဘက်တွင် စွန်းလွန်းရွာ၌ ဦးသန့်၊ ဒေါ်တုတ်တို့သည် တစ်ဘက်က မိရိုးဖလာလယ်ယာလုပ်ကိုင်ကာ စားသောက်နေထိုင်ကြသူများဖြစ်ကြသည်၊ ဦးသန့်သည် တစ်ဘက်ကလည်း မြင်းခြံမြို့အရေးပိုင်မင်းရုံးတော်၌ မင်းစေအဖြစ်ဝင်ရောက်အမှုထမ်းနေပါသည်။

သူတို့လင်မယားတွင် ပထမ"မသင်း"ဆိုသောသမီးတစ်ယောက်မွေးဖွားခဲ့သည်၊ ဒုတိယမြောက်သားကိုမွေးဖွားလာမည့်အချိန်(ဝါ)ကိုယ်ဝန်ဆောင်လာမည့်တစ်နေ့သောအချိန်တွင် ဦးသန့်အိပ်မက်မြင်မက်လေသည်။

"ထူးမြတ်သောကြန်အင်လက္ခဏာနှင့်ပြည့်စုံသူတစ်ဦးခင်ဗျားတို့အိမ်မှာလာနေပါရစေ"ဟုတောင်းပန်သည်။

"ငါ့အိမ်မှာမနေချင်ပါနဲ့၊ ဆင်းရဲလှပါတယ်"

ဟု ဦးသန့်ကငြင်းပယ်လိုက်သည်၊ သို့သော် နေလိုသူက ခဏခဏ တောင်းပန်ပြောဆိုလာသဖြင့် ဦးသန့်က လာနေရန်ခွင့်ပြုလိုက်သည်။

နောက်မကြာခင် ဒေါ်တုတ်ဝမ်း၌ သန္ဓေတည်လာပြီး (၉)လလွန်(၁၀)လမြောက် ၁၂၇၉-ခု၊ တပေါင်းလဆန်း(၂)ရက်နေ့၊ တနင်္လာနေ့နံနက်(၄)နာရီမထိုးမီ သားတစ်ယောက်ကို ဒေါ်တုတ်ကဖွားမြင်ခဲ့သည်။

သားငယ်ကိုယ်ဝန်ရှိစဉ်၊ မွေးဖွားစဉ် ထူးခြားသော အတိတ်နိမိတ်များဖြစ်ပေါ်ခဲ့သဖြင့် ဦးခေါင်းဆေးမင်္ဂလာပြုသော အခါ၌ "မောင်ကျော်ဒင်" ဟူ၍အမည်ပေးခဲ့လေသည်။

(ဦးသန့်+ဒေါ်တုတ်တို့တွင် မောင်ကျော်ဒင်ကိုမွေးဖွားပြီး နောက် မောင်အောင်ခိုင်ဟူသောသားတစ်ယောက်ကို ထပ်မံ မွေးဖွားခဲ့ပါသည်)

မောင်ကျော်ဒင်လေး ပညာသင်ကြားရမည့်အရွယ်သို့ ရောက်သော် မြင်းခြံမြို့၊ မင်းကျောင်းဆရာတော်ထံအပ်နှံ၍ ပညာသင်ယူစေခဲ့သည်၊ မောင်ကျော်ဒင်သည် ဉာဏ်ထုံထိုင်းလှ၍ စာကိုကောင်းစွာသင်၍မရပေ။

သို့အတွက် အသက်(၁၅)နှစ်အရွယ်တွင် ကျောင်းမှထွက်၍ ဖခင်ဦးသန့်နှင့်အတူ မြင်းခြံမြို့အရေးပိုင်ရုံးတွင် မင်းစေအဖြစ်ဝင်ရောက်အမှုထမ်းလေသည်။

အိမ်ထောင်ပြုချိန်ရောက်သောအခါ တစ်ရွာတည်းနေ မရွှေရီနှင့်သင့်မြတ်၍အိမ်ထောင်ပြုခဲ့သည်၊ သားသမီး(၄)ယောက်မွေးဖွားခဲ့ရာ (၃)ယောက်မှာငယ်စဉ်ကတည်းကပင်ကွယ်လွန်ခဲ့ကြသဖြင့် ကိုရှိန် ခေါ် ကိုကံညွှန်ဆိုသောသားတစ်ယောက်သာအဖတ်တင် ကျန်ရစ်ခဲ့သည်။

ကိုကျော်ဒင်သည် မင်းခစားအလုပ်ဖြင့်တိုးတက်ရန်လမ်းစမမြင်သဖြင့် အသက်(၃၀)အရွယ်တွင်အလုပ်မှနုတ်ထွက်ပြီးမိဘတို့၏လက်ငုပ်လယ်ယာအလုပ်ကိုပြန်လုပ်လေသည်။

တစ်နေ့သောအခါ သာမဓိမျော်အောင်၍ ရုံဖန်ရုံခါကမ္ဘာစောင့်နတ်ကြီးများပူးကပ်ပြီး ပြောတတ်ဆိုတတ်သည်ဟု နာမည်ကြီးနေသော ဦးစံတင်ဆိုသူနှင့်စကားပြောဆိုနေမိရာ ဦးစံတင်ကရုတ်တရက်ကောက်ခါငင်ကာ-

"တစ်လိမ်နှစ်လိမ်၊ လိမ်လို့ရှုပ်၊ အမယ်ဘုတ်တဲ့သူ့ချည်ငင်၊ ဘယ်သူငင်မှသည်ရှုပ်ထွေး၊ ရှင်းနိုင်ပမလေး။

ချည်ငင်ကြိုးချည်ခင်ကြား လွန်းကလေးနဲ့သွား။

ဘုရားငုတ်တိုရောင်တော်လွှတ်ပါလို့၊ ပုံတော်ဝတ်တဲ့ မခွေးရယ်၊ အနားစိမ်းရောင်ခြယ် အလယ်ပြာဘောင်ကွပ်နဲ့၊ လက်ခတ်သံ၊ ကျွန်းဖိုသား၊ သောင်းတိုက်ကကြား”

ဟူသော တစ်ဧဘောင်ကို ကောက်ရွတ်ပြသည်၊ ပြီးလျှင် ဦးစံတင်က

“တစ်လိမ်၊ နှစ်လိမ်လိမ်လို့ရှုပ်၊ အမယ်ဘုတ်သူ့ချည်ခင် ဟာ၊ ရက်ကန်းစင်မှာကျတော့ ရှင်းမသွားဘူးလား”

ဟုမေးလိုက်သည်။

“ရှင်းတာပေ့ါ ဦးစံတင်”

“အမယ်ဘုတ်သူ့ချည်ခင်ထက်ရှုပ်တဲ့ အဝိဇ္ဇာလို့ခေါ်တဲ့ ချည်ခင်ကြီးကို ဦးကျော်ဒင် ခင်ဗျားသတိတစ်လုံးနှင့်ရှင်းရလိမ့် မယ်၊ သတိတစ်လုံးနှင့်ရှင်းတဲ့အခါ စွန်းလွန်းရှာတောင်ဘက် ရက် ကန်းစက်ပေါ်လိမ့်မယ်၊ ရက်ကန်းစက်ပေါ်တဲ့အခါ ကျွန်းဖိုပင် ကုန်းမှာခင်ဗျားသာသနာပြုရလိမ့်မယ်၊ သာသနာပြုတဲ့အခါ ကျွန်းတိုင် နှစ်လုံးပါလိမ့်မယ်”

“ဘုရားငုတ်တိုရောင်တော်လွှတ်ပါလို့ဆိုတာ ပဋိပတ္တိ သာသနာတော်ကြီးငုတ်နေတာပြန်ပေါ်လိမ့်မယ်လို့ဆိုလိုပါတယ်”

“အို-ဦးစံတင်ရယ်၊ တောက်တီးတောက်တဲ့တွေပြော မနေပါနဲ့၊ မဖြစ်နိုင်တာချည်းကို”

“အေးပေ့ါဗျာကိုကျော်ဒင်၊ စောင့်ကြည့်သေးတာပေ့ါ”

ဦးစံတင်က ထိုသို့တစ်ဘောင်အတိတ်နိမိတ်ဖတ်ပြီး ပြောသွားသည်ကို ထိုအချိန်က ဦးကျော်ဒင်သည် မည်သို့မျှမခံစားမိပေ၊ တောက်တီးတောက်တဲ့ ဦးစံတင်ပြောသည်ဟုမှတ်ထင်ပြီး စကားဝိုင်းရပ်ကာလမ်းခွဲခဲ့သည်။

ထိုနှစ်တွင် ငွေရေး၊ ကြေးရေးအဆင်ပြေ၍ ယာကွက်တစ်ကွက်ထပ်ဝယ်လိုက်သည်၊ ဒေါ်ရွှေရီနှင့်အတူ ထိုယာကွက်ကို သွားရောက်ရှင်းလင်းကြသည်။

"တို့-ဒီနှစ် ဒီယာခင်းထဲမှာနှမ်းကြဲမယ်၊ နှမ်းတင်းငါးဆယ်ထွက်လျှင် ဘုရားမှာဆီမီးတစ်ထောင်ပူဇော်ရအောင်"

"ရှင်ကလည်း ငါးဆယ်မလုပ်ပါနဲ့၊ လေးဆယ်ဘဲရရ ဆီမီးပူဇော်ကြတာပေါ့"

"အေး-အေး. . ဒါဖြင့်ကတိမပျက်တမ်းနော်"

"ကိုကျော်ဒင်. . . ကောင်းပါပြီ၊ ကတိတည်ပါမယ်နော်"

"အေး-မရွှေရီ. . . ရှေးကလိုတော့ အတီးအမှုတ်တွေနှင့်မသွားချင်ဘူး၊ ကလေးမတွေလက်ဝတ်လက်စားပျောက်ရင် တို့တာဝန်ဖြစ်နေလိမ့်မယ်၊ ဒီတော့ကား ရိုးရိုးဘဲသွားချင်တယ်"

"ကောင်းပါပြီ. . . ရှင့်သဘောဆန္ဒအတိုင်းပါဘဲ"

ကိုကျော်ဒင်နှင့်မရွှေရီတို့ ထိုအသစ်ဝယ်ထားသောယာခင်းကိုရှင်းပြီးနောက် ယာထဲမှာနှမ်းကြဲကြပါသည်၊ နှမ်းပင်လေးများပေါက်လာချိန်တွင် မိုးဦးခေါင်၍နှမ်းပင်လေးများသေလုသေ

နာဖြစ်သွားလေသည်၊ သို့သော် ကံအားလျော်စွာ နောက်မိုးက ရွာချပေးသဖြင့် နှမ်းပင်လေးများပြန်ပြီးထောင်ထလာလေသည်။

သူတကာများ၏နှမ်းခင်းများ မိုးခေါင်၍ပျက်ကြပေမယ့် ကိုကျော်ဒင်၏နှမ်းခင်းကမပျက်စီးခဲ့ပေ၊ နှမ်းဆွတ်ချိန်ဆွတ်ခူးသောအခါ တင်း(၄၀)တိတိ တစ်လက်ဆွဲမျှအပိုအလိုမရှိထွက်လေသည်။

ထိုနှမ်းများကိုအဓိဋ္ဌာန်ပြုထားသည့်အတိုင်း ဆီကြိတ်ပြီးလျှင် လှူဒါန်းရန်စီမံကြသည်၊ ဆီပိဿာ(၁၀)ပိဿနာထွက်သည်၊ ထိုဆီကိုလှူရန်ကိစ္စနှင့်ပတ်သက်၍ ဒေါ်ရွှေရီက-

"ဘုရားကို(၉)ပိဿာ၊ သံဃာကို(၉)ပိဿာလှူရအောင် ကိုကျော်ဒင်"

"ဘုရား(၉)ပိဿာဆိုတာကတော့ဟုတ်ပါပြီ၊ သံဃာကို (၉)ပိဿာက သံဃာကဘယ်နှစ်ပါးပင့်မတုံး"

"(၄)ပါးပင့်မယ်၊ (၁)ပါးကို (၂)ပိဿာစီ၊ ပိုတဲ့(၁)ပိဿာက တရားပွဲအတွက်ထားလိုက်ပေါ့ "

"အေး-ကောင်းပြီ၊ အဲဒီလိုဘဲလှူလိုက်ကြတာပေါ့ "

လင်မယားနှစ်ယောက်ထိုကဲ့သို့ဆုံးဖြတ်ပြီး ၁၂၈၁-ခု၊ သီတင်းကျွတ်လပြည့်နေ့မှာ ဆီမီးရေစက်ချပရိတ်တရားနာပြီး ညတွင် ရွာအရှေ့တောင်ဘက်ရှိစေတီ၌ဆီမီးများထွန်းညှိပူဇော်ကြလေသည်။

ဒေါ်ရွှေရီကကြွရောက်လာသောပရိသတ်တို့ကို ကွမ်း၊ ဆေး၊ လက်ဘက်နှင့်ဧည့်ခံသည်။

ဦးကျော်ဒင်ကမူ စေတီတော်နားကပ်ပြီး ဆီမီးများကို ကြည့်နေရာ ဆီမီး၊ မီးဇာအဖျားမှမဲလာပြီး ဆီမီးညွန့်ကလေးများ တလျှပ်လျှပ်နှင့်ဆီမီးများဆူပွက်နေသည်ကိုမြင်ရသောအခါ ကြက်သီးမွေးညင်းထပြီး တစ်ကိုယ်လုံးတုန်နေအောင်ခံစားမိလေသည်။

"အလို-ငါဘာများဖြစ်လိမ့်မတုံး၊ ခုနေ ငါဆုတောင်းရရင် ရတော့မှာဘဲ"
ဟု စဉ်းစားမိလိုက်သည်၊ ထို့နောက် ရဟန်းပြုလိုသောဆန္ဒတအားဖြစ်ပေါ်လာသည်နှင့်-

"ရဟန်းပြုရပါလို၏၊ ရဟန်းပြုပြီးသောအခါ တရားဟောပြောဆုံးမရပါလို၏၊ သတ္တဝါတွေ ငါဟောပြောဆုံးမသည့်အတိုင်း ငါကဲ့သို့ကျင့်ကြံပြီး တရားအားထုတ်နိုင်ကြပါစေသတည်း"
ဟု ယုံယုံကြည်ကြည်လှိုက်လှိုက်လှဲလှဲသဘောကျဆုတောင်းလိုက်မိသည်။

"အင်း-ငါသည် စာဆိုလို့ ကအ-ကင်္ဂတစ်လုံးမျှမသိ၊ နားမလည်၊ ရဟန်းဖြစ်ခဲ့ရင် ငါဘယ်လိုတရားဟောရမတုန်း"
ဟု စိတ်ထဲဝယ် တစ်ဖန်ပူပန်သောကဝင်မိပြန်သည်။

စာကလည်းမတတ်၊ ဗဟုသုတကလည်းနည်း၍ သမ္မာသမ္ဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ အဂ္ဂသာဝကဆု၊ မဟာသာဝကဆုတို့တောင်းဖို့ရာနားမလည်လေတော့ သူတကာလိုဇာမခဲ့နေဘဲ ထိုးဟဲ့ကျီးကန်း ဆိုသကဲ့သို့ တိုတိုတုတ်တုတ်ပင်ဆုတောင်းလိုက်မိသည်၊ မိမိကိုယ်လည်းဆုတောင်းသည့်အတိုင်းရမည်ဟု အလွန်အားရဝမ်းသာဖြစ်မိလေသည်။

ထိုနှစ်တွင် ဥစ္စာပစ္စည်းများအလွန်တိုးတက်ပြီးစီးပွားဖြစ်ခဲ့သည်၊ ထိုအတွက် ဦးကျော်ဒင်သည်စိတ်သောကဝင်မိပြန်သည်။

"ဥစ္စာပစ္စည်းတိုးတက်လျှင် လူပျက်စီးတတ်တယ်လို့ကြားဖူးသည်၊ စနေဂြိုဟ်ထဲရောက်လျှင်လည်း သေတတ်တယ်လို့ပြောသံကြားဖူးတယ်၊ ငါလည်း ယခုစနေဂြိုဟ်ထဲရောက်နေတယ်၊ ပြီးတော့ မြင်းခြံမှာကလည်း ကပ်ရောဂါတွေဖြစ်နေတယ်၊ ဒီကပ်ရောဂါတွေထဲများ ငါပါသွားလေမလားမသိဘူး၊ ခုနေများ ငါသေသွားရင် ငါ့မှာကုသိုလ်ဆိုလို့ တစ်စက်မျှမရှိသေးဘူး၊ အကုသိုလ်ချည်းဘဲ၊ ပစ္စည်းကလည်း ဒီနှစ်မှတိုးတက်လေတော့ သေချင်လို့ဘဲလား"

ဟု ဦးကျော်ဒင်တွေးတောမိပြီး သေရမှာကိုအကြောက်ကြီးကြောက်မိလာလေသည်။

ထိုကဲ့သို့သေရမှာကိုကြောက်နေစဉ် ၁၂၈၁-ခု၊ တပေါင်းလ ညတစ်ညတွင်အိပ်မက်မြင်မက်သည်မှာ-

"ဘုရားဆင်းတုတော်တစ်ဆူ မိမိအိမ်ရှေ့မဏ္ဍာပ်အတွင်းသို့ကြွလာပြီး ပြုံးတော်မူလျက် လှုပ်လှုပ်လှုပ်လှုပ်နေတာကို သူမြင်ရသည်၊ ဒါနဲ့ ပေးပေးငါကိုယ်တိုင်ဆွမ်းကပ်မယ်ပြောပြီး မရွှေရီလက်မှဆွမ်းအုပ်ကိုလှမ်းယူကပ်သောအခါ ဘုရားဆင်းတုတော်က တယ်တယ်ရှုပ်တယ်၊ ငါယခုသာ စကားပြောမယ်၊ နောက်ကိုငါစကားမပြောတော့ဘူး"

ဟု ဘုရားဆင်းတုတော်ကစကားပြောသည်ကိုမြင်မက်မိပြီး လန့်နိုးလာရာ ရင်ဝဘဝင်တွင် တဒိတ်ဒိတ်ခုန်လျက် ထိတ်လန့်တုန်လှုပ်ကာ-

"ငါတော့သေတော့မှာဘဲ၊ သေချင်လို့သာ ဤကဲ့သို့သော အိပ်မက်မျိုးမြင်မက်တာဘဲ"

ဟုတွေးတောကြောက်လန့်ပြီး ဒေါ်ရွှေရီကိုနိုးကာ အိပ်မက်အကြောင်းကိုပြောပြသည်။

ထို့နောက် ဒေါ်ရွှေရီထံ ဖယောင်းတိုင်တောင်းရာ ဒေါ်ရွှေရီကလည်း ဖယောင်းတိုင်ရှာပေးသည်။

"မရွှေရီ. . . ငါ့ါအိပ်မက်အကြောင်းကို ဘယ်သူကိုမှ မပြောနဲ့နော်"

ဟုမှာကြားပြီး ဘုရားမီးပူဇော်ရန် ဘုရားစေတီထံသို့ထွက်ခဲ့သည်၊ ဘုရားစေတီသို့ရောက်သောအခါ သူငယ်ချင်းဦးချိုတိုင်နှင့်တွေ့သည်။

"မင်း ဒီဘုရားကိုဘာလာလုပ်တာလဲ"

"ငါသေရမှာကြောက်လွန်းလို့ ဘုရားကိုမီးပူဖော်ရအောင် လာတာပါ "

"လာ-ဒါဆို ငါ မင်းကိုတွက်ချက်ပေးမယ်၊ မင်းမွေးသက္ကရာဇ်၊ မွေးရက်၊ မွေးလ၊ တို့ကိုပြော"

ဟုပြောသောအခါ ဦးကျော်ဒင်က မိမိ၏မွေးလ၊ ခုနှစ်၊ ရက်တို့ကို ပြောပြမိသည်။

ဦးချိတိုင်က ဗေဒင်တွက်ချက်ကြည့်ပြီးနောက်-

"ဒီနှစ် မင်းတို့အိမ်က မြေနှစ်ချောင်းထွက်ကိန်းရှိကယ်" ဟုဟောလိုက်လေသည်။

"ဟာ-မပြောစမ်းပါနဲ့ကွာ၊ နဂိုကတည်းမှကြောက်နေရတဲ့အထဲ"

"ဟာ-ကျော်ဒင်ရဲ့ . . ငါပြောတာမဟုတ်ဘူး၊ ဗေဒင်က ပြောတာကွ"

ထိုအခါ ဦးကျော်ဒင်သည် အလွန်ပင်ကြောက်အားပိုလာပြီးလျှင်-

"သူငယ်ချင်းရယ် . . ငါလည်း ဘုရားဝတ်တက်၊ ဝတ်ကပ်လိုက်စမ်းပါရစေ၊ နေ့တိုင်းခေါ်စမ်းပါ "

ဟုပြောနေခိုက် ဦးစံတင်ပါရောက်လာသဖြင့် ဦးစံတင်ကိုလည်း

ဘုရားဝတ်တက်၊ ဝတ်ကပ်နေ့စဉ်ခေါ်ပါရန် ထပ်မံမှာကြားမိပြန်သည်။

နောက်များမကြာမီ ညတစ်ည လသာသောအချိန်တွင် ဦးကျော်ဒင်သည် ဦးစံတင်နှင့်အတူ မိမိအိမ်ရှေ့ကြမ်းပြင်ပေါ်တွင်စကားပြောရင်းအိပ်ပျော်သွားကြရာ-

"သတ္တဝါတွေအလွန်သနားစရာကောင်းတယ်၊ သတ္တန္တရကပ် ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ် ကပ်ကြီး(၃)ပါးဆိုက်နေပြီး သတ္တဝါတွေမျက်စိလည်လမ်းမှား ချောက်ကမ်းပါးကျကုန်ပြီး အလွန်သနားစရာကောင်းတယ်"

ဟု ဦးစံတင်ကညည်းတွားရေရွတ်ဆိုလိုက်သည်။

"မျက်စိလယ်လမ်းမှားချောက်ကမ်းပါးကျမှန်းတော့သိတယ်၊ ခုနေခါ လမ်းမှန်တွေ့ရင် လိုက်ချင်တယ်ဗျာ".

"လမ်းမှန်လိုက်ချင်ရင်မခက်ပါဘူးဗျာ၊ လမ်းဆုံလမ်းမလမ်းလေးခွကနေ စောင့်ပေ့ါ၊ လမ်းမှန်ပြတတ်တဲ့ပုဂ္ဂိုလ်ပေါ်လာလိမ့်မယ်"

ထိုစကားကို ဦးကျော်ဒင်က ကောင်းစွာနားမလည်၍ ဦးစံတင်ကိုထပ်မံမေးမိသည်၊ ဦးစံတင်က ဘာမျှပြန်မပြောသဖြင့် ဦးကျော်ဒင်က ဦးစံတင်ကိုလှုပ်နိုးပြီးထပ်မံမေးသည်။

"ကျုပ်ကဘာပြောလို့တုန်း"

"ခုနကပဲ ခင်ဗျားပြောတာလေ"

"မကြောက်ပါနဲ့ဗျာ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာသုံးပါးရှိသားဘဲ"

ဟု အားပေးစကားပြန်ပြောလိုက်သည်။

သို့သော် ဦးကျော်ဒင်ကသေရမည်ကိုအကြောက်ကြီး ကြောက်နေ၍-

"အင်း-ငါတော့ ဥပါဒါန်ကြောင့် ဥပါဒ်ဖြစ်တော့မှာဘဲ၊ ငါ့စိတ်ကိုတော့ ဆေးကုဦးမှဘဲ"

ဟု သူ့ဘာသာသူစဉ်းစားမိပြီး-

"ကိုစံတင်. . . ကျုပ်တော့ ဥပါဒါန်ကြောင့် ဥပါဒ်ဖြစ် တော့မယ်၊ ကျုပ်စိတ်ကိုဆေးကုချင်တယ်၊ ဘယ်လိုကုရမလဲ၊ ကျုပ်အိပ်မက်မက်သလို ကျုပ်အိမ်ရှေ့မှာမဏ္ဍာပ်ထိုး၊ ဘုရားပင့်၊ ဝတ်တက်ဝတ်ကပ်ပြုရရင် ကျုပ်စိတ်ချမ်းသာမှာဘဲ"

"အင်း-ကိုကျော်ဒင်. . . ခင်ဗျားသဘောရှိသလို ဆေး ကုချင်လဲကုပါလေ"

"ဒါဆို ခင်ဗျားနက်ဖြန်စောစောလာစမ်းဗျာ ဝါးရှာပြီး မဏ္ဍာပ်ထိုးရအောင်"

နောက်တစ်နေ့ညတွင် ရပ်ရွာမှလူကြီးများရောက်ကြပြီး မဏ္ဍာပ်တွင် စိတ်ကဘယ်လို၊ စေတသိက်ကဘယ်လိုနှင့်ငြင်းကြ

ခုန်ကြနှင့်ဆူညံနေပါသည်၊ ကြွရောက်လာသောပရိသတ်ကို ဒေါ်ရွှေရီက ကွမ်းဆေးလက်ဘက်များဖြင့်ဧည့်ခံပေးပါသည်။

ပထမတစ်ရက်၊ နှစ်ရက်စွန်းလွန်၍ရွာမှလူကြီးများရောက်လာကြပြီး ဘုရားစကား၊ တရားစကားပြောဆိုကြရာ၌ ဦးကျော်ဒင်၌စိတ်တုန်လှုပ်ချောက်ခြားခြင်းဘာမှမဖြစ်ချေ။

သုံးရက်မြောက်သောညတွင် စတီးဘရောသားစက်ထဲမှ စာရေးကြီး ဦးဘစံသည် မပင့်မဖိတ်ဘဲနှင့်ရောက်လာပြီး လယ်တီဆရာတော်ဘုရားကြီး၏ အာနပါနဝိပဿနာအကြောင်းကို ပြောပြသည်။

အာနပါန ဟူသောစကားကိုကြားလိုက်ရသောခဏဝယ် ဦးကျော်ဒင်မှာ ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထလေတော့သည်။

"ငါ ဘာများဖြစ်ပါလိမ့်၊ ဒီတရားကို ငါအားထုတ်ရင် ရတော့မှာဘဲ၊ သူ့ကိုလည်း ငါပင့်ဖိတ်တာမဟုတ်ဘူး၊ သူ့ဟာသူလာတယ်၊ ငါ့ကိုများလာဟောတာလား၊ ငါ့အိပ်မက်ထဲကအတိုင်း လမ်းဆုံလမ်းခွက မဏ္ဍာပ်ထိုးပြီးစောင့်တာလည်းမှန်ပြီ၊ တရားအလုပ်လာပြောတာလည်း ငါ့မပင့်မဖိတ်ပဲနှင့်လာပြောတာ၊ ဒီတရားတော့ ငါအားထုတ်ရရင်ရတော့မှာဘဲ"

ဟု စဉ်းစားမိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ပေါ်ခံစားနေမိသည်၊ သို့သော် ခဏချင်းပင်-

"အင်း. . . ငါမှာလည်း စာဆိုလို့ ဏ-ကဏ်းတစ်လုံးမျှ မတတ်ဘူး၊ သူတို့တရားအလုပ်က စာတတ်မှဖြစ်မယ်ဆိုရင် အခက်ပါဘဲလား"

ဟု တွေးတောဝမ်းနည်းမိသောစိတ်ကဝင်လာပြန်ကာ စိတ်စနိုးစနောင့်ဖြစ်မိပြန်သည်။

"ကိုင်းလေ. . မတတ်နိုင်ပါဘူး၊ နောက် သူလာမှမေးရတော့မှာဘဲလေ၊ စောင့်နေရမှာပေါ့ "

ဟု စိတ်ကိုဆုံးဖြတ်မိပြန်လေသည်။

နောက်နေ့ည စာရေးကြီးဦးဘစံလာသောအခါ မဏ္ဍာပ်အဝင်ဝနားကစောင့်ပြီးလျှင်-

"စာရေးကြီး-စာရေးကြီးခင်ဗျား. . . ခင်ဗျားတို့တရားအလုပ်က စာမတတ်ရင်ကောဖြစ်ပါသလား"

ဟုမေးလိုက်မိသည်။

"အို-စာတတ်တာ-မတတ်တာလိုရင်းမဟုတ်ဘူး၊ သဒ္ဓါနှင့်ဝိရိယသာလိုရင်းပါ "

"ဒါဖြင့် ဘယ်လိုလုပ်ရမတုံးဗျ"

"ထွက်သက်ဝင်သက် အာနပါနပေါ့ဗျ"

ဦးဘစံက ထိုမျှသာပြောဆိုပြီး မဏ္ဍာပ်ထဲသို့ဆက်ဝင်သွားလေသည်။

ဦးကျော်ဒင်သည် ဝမ်းသာအားရဖြစ်ပေါ်ခဲ့စားမိကာ စာရေးကြီးနောက်မလိုက်တော့ဘဲ အိမ်ဘေးရှိအဖီထဲဝင်ကာ ဂုန်နီအိတ်ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာနေပြီး-

"ဟင်း-ဝင်တယ်၊ ဟင်း-ထွက်တယ်"

ဟုဆိုကာ သတိထားပြီး ရှုရှိုက်နေမိသည်။

နောက်တွင် ထွက်ဝင်-ထွက်ဝင်နှင့်အာနပါနကမ္မဋ္ဌာန်း အလုပ်ကိုဇွဲသန်သန်ရှုရှိုက်၍အားထုတ်မိလေသည်။

"ငါအားထုတ်လျှင် မုချတရားရတော့မှာဘဲ"

ဟု ယုံကြည်ပြီးလျှင် အလွန်ထက်မြက်သောသဒ္ဓါ၊ ဝီရိယနှင့် အားထုတ်နေမိလေသည်။

တစ်နေ့တွင် မိမိအားထုတ်သောနေရာသို့ ဦးရွှေတုတ် ဆိုသူရောက်လာပြီး-

"ဝင်လေ-ထွက်လေ ရှုရှိုက်တဲ့နေရာမှာ အသိလိုက်ရ သေးတယ်ကွ"

ဟုပြောပြသည်။

"ဘယ်လိုအသိလိုက်ရမတုံး"

"သိ-သိပေါ့ကွ"

"အသိလိုက်တော့ ဘာဖြစ်မတုံး"

"ကုသိုလ်ရတာပေါ့ကွ"

"ကုသိုလ်ရရင် လုပ်မယ်ကွာ"

ထိုနှင့် ဦးကျော်ဒင်သည် ပြောင်းရိုးစဉ်းရင်းပင် အသိ လိုက်နေရာမှ-

“ကုသိုလ်လည်းရ၊ ပြောင်းရိုးစဉ်းလဲများများရတာ၊ အင်း တယ်နေရာကျပါလား”

ဟု စဉ်းစားမိပြီးပြောင်းရိုးကိုတအားနင်း၍ခုတ်သည်။

နောက်တွင် ဗျောက်ကနဲ-ဗျောက်ကနဲ ပြောင်းရိုးဖြတ် သံနှင့်သတိနှင့်တစ်ချက်တည်းကျ ကျသွားသည်ကိုသဘောကျ သည်နှင့်အကုန်မြင်လာသည်။

ရှုပြန်သောအခါ နှာသီးဖျားဌ် လေတိုးထိ၍သိသည်၊ သိသောအပေါ်မှာ သတိထားပြီးရှုသည်၊ လမ်းသွားသောအခါ မြေကြီးနှင့်ခြေဘဝါး၊ ထိ၍သိသည်၊ သိသောအပေါ်မှာ သတိ ထားပြီးသွားသည်ဟု အသိရှိထားလိုက်သည်၊ ပေါင်းထိုးသော အခါ၌လည်းသတိနှင့်ထိုး၊ ပေါက်တူးပေါက်လျှင်သတိနှင့်ပေါက်၊ ရေခပ်လျှင်လည်းသတိနှင့်ခပ်ပြီး အမြဲသတိလိုက်နေမိသည်။

ဦးကျော်ဒင်သည် နေ့ညမပြတ် အချိန်ရတိုင်း အိမ်မှာ သော်လည်းကောင်း၊ ယာခင်းထဲမှာသော်လည်းကောင်း တရား အားထုတ်သည့်အပြင် မောင်ရင်ပေါ်ချောက် တောထဲမှာလည်း ညဥ့်အိပ်ညဥ့်နေ သဒ္ဓါ၊ ဝိရိယထက်သန်စွာနှင့်ကြိုးပမ်းတကုတ် အားထုတ်ခဲ့ရာ သမာဓိအားကောင်းလာပြီး အညို၊ အပြာ၊ အနီ၊

အရွှေ၊ အဖြူ၊ အမောင် စသောအလင်းရောင်များပေါ်လာပါသည်။

"ငါ ဒီတရားအားထုတ်လို့ မြတ်စွာဘုရား၏ရောင်ခြည်တော်များကိုဖူးရသည်"
ဟု အားရဝမ်းသာဖြစ်ကာ ဆက်လက်၍ သဒ္ဓါပေါက်ပြီး ဝီရိယနှင့်ကြိုးစားအားထုတ်မိလေသည်။

နောက်မကြာခင်ပင် အလုံးကလေးတစ်ခုသည် မျက်နှာအနားမှာချာလည်ချာလည်နဲ့ လည်နေသည်ကိုမြင်ရသည်။

"ဘာများပါလိမ့်မတုံး"
ဟု အာရုံစိုက်လိုက်သည်နှင့် အလုံးကလေးသည် အပေါ်ကိုတက်၍-တက်၍ သွားသည်။

"တက်ဟယ်-တက်ဟယ်"
ဟု ဆိုပြီး လိုက်-လိုက်သွားမိရာ တဖြည်းဖြည်းတိမ်ပေါ်သို့ရောက်သွားလေသည်။

"အောင်မယ်. . . ငါ ဝဲကယ်နေရာကျပါကလား၊ တိမ်ပေါ်တောင်ရောက်နေပေါ့ "
ဟု ဝမ်းသာအားရဖြစ်ပေါ်ခံစားမိသည်။

နောက်တစ်နေ့ဆက်လက်အားထုတ်ပြန်ရာ ပိုးစုန်းကြူးလောက်ရှိသော အလုံးကလေးသည် ရှေ့တွင်တဖျပ်ဖျပ်နှင့်

အရောင်များထွက်နေသည်ကိုမြင်ရသည်၊ ကြည့်လိုက်သောအခါ အလုံးကလေးသည် အပေါ်သို့တက်၍ တက်၍သွားပြန်သည်။

“တက်ဟာ-တက်ဟာ”

ဆိုပြီး ဆက်လက်လိုက်သွားမိရာ အထက်သို့ရောက်သွားပြီး ဘုံဆောင်ပြဿာဒ်မှာ အဆင့်ဆင့်မြင်ရတွေ့ရတော့သည်။

“ဒီနေရာတွေဟာ ငါ့နေရာတွေနှင့်တူတယ်၊ ငါသေရင် ဒီနေရာတွေကိုရောက်မှာဘဲ”

ဟု အောက်မေ့ပြီးပြန်လာခဲ့သည်၊ ထိုအချိန်တွင် ကြောက်လန့်မှုမရှိ အားတက်ပြီးဝမ်းသာနေမိသည်။

ထိုကဲ့သို့ချည်း တရားအားထုတ်ပါများလာသောအခါ ဝယ် ခန္ဓာကိုယ်ပေါ်၌ ဝေဒနာများဖြစ်ပေါ်လာပါသည်၊ ဝေဒနာများပေါ်လာသောအခါ ဝေဒနာများပေါ်၌သတိကပ်လိုက်သည်၊ သမာဓိအားကောင်းလာပြီး ထိ-သိ-သတိ တစ်ပြိုင်နက်တည်း ကျလာပါသည်။

ဦးကျော်ဒင်သည် မပြတ်မလပ်ကြိုးစားအားထုတ်ပါများလာသောအခါဝယ် စကားပြောလျှင်သဘာဝအတိုင်း အရှိကို အရှိတိုင်းပြောလာသဖြင့် အရပ်ထဲကလူများနှင့်စကားပြော၍ မတည့်ဖြစ်လာသည်၊ ထိုအခါ အရပ်ထဲကလူများက-

“ဒီကောင်တော့ ရူးပြီ-ရူးပြီ”

ဟု ပြောလာကြသည်၊ ထိုအခါ ဦးကျော်ဒင်က-

“ရှူးတာကောင်းတယ်၊ ခေါ်သူပြောသူလည်းမရှိဘူး၊ စကားလည်းမပြောရတော့ဘူး၊ နေရာကျလိုက်တာ”
ဟု စဉ်းစားဆင်ခြင်ပြီး တရားအလုပ်ကိုချည်းနေ့မအား ညမအား အားထုတ်နေလေတော့သည်။

ထိုကဲ့သို့ တရားအားထုတ်ပါများလာသောအခါဝယ် သတ္တဝါများအာရုံနောက်သို့ တကောက်ကောက်လိုက်ပါနေသည် ကိုတွေ့မိသည်၊ သို့အတွက် ကြောက်လန့်တုန်လှုပ်ပြီး လူများနှင့် စကားမပြောဘဲနေလာမိသည်၊ တစ်ချို့ကိုပြောပြန်လည်း-

“မင်းတို့ဘုရား ၊တရား၊ သံဃာဖက်ကြ၊ မင်းတို့သေတော့မယ်၊ (၃)ရက်ကြာသေမယ်၊ (၅)ရက်ကြာသေမယ်၊ (၇)ရက်ကြာသေမယ်”
ဟု သတိပေးစကားပြောမိသည်၊ သတိပေးခံရသူများအားလုံးသည်လည်း ဦးကျော်ဒင်ပြောသလိုပင်သေဆုံးကုန်ကြသည်။

“ငါတော့ လူတွေဗိုက်ထဲကအသံနှလုံးကစပြီး ကိုယ်အင်္ဂါအစိတ်အပိုင်းတွေပါမြင်ရတယ်၊ အောက်ကြည့်ရင်လည်း ခွေးသေကောင်ပုပ်မှလောက်တွေခေါင်းချင်းစီပြီး တိုးခွေနေသလို ငရဲသူ၊ ငရဲသားတွေကိုမြင်ရတယ်”
ဟု ဦးကျော်ဒင်ကပြောပြသောအခါ ရွာသူရွာသားများမှာ တအံ့တသြဖြစ်နေကြသည်။

ထိုကဲ့သို့ ဦးကျော်ဒင်ပြောသမျှမှန်နေ၍ ကျွဲပျောက်၊ နွားပျောက်ကစပြီး ဓာတ်စာနှင့်ဆေးဝါးတို့ကိုပင် လာလာမေးကြလေသည်။

"မဖြစ်ချေဘူး၊ ကြာရင် ပျောက်စေဆရာကြီး ဖြစ်နေတော့မယ်"

ဟု စဉ်းစားမိပြီး လူနှင့်ဝေးဝေး မောင်ရင်ပေါ်ချောက်တောထဲသို့သွားပြီး အားထုတ်နေမိသည်။

ထိုကဲ့သို့ပင် ထိသိသတိနှင့်မပြတ်ရှုရှိုက်အားထုတ်လာခဲ့ရာ အားထုတ်ပါများလာသောအခါ၌ ခန္ဓာကိုယ်ပေါ်၌ ဝေဒနာများပေါ်လာပြီး ထိုဝေဒနာများကို သတိနှင့်ကပ်၍လိုက်ပါများလာသောအခါ မိမိ၏ခန္ဓာကိုယ်ကို မှန်ထဲမှာမြင်ရသကဲ့သို့ ဥဒယဗ္ဗယဉာဏ်အမြင်သန်ပြီး အူ၊ အသည်းနှလုံးစသည်တို့ကိုရင်ခွဲပြသကဲ့သို့မြင်ရလေတော့သည်။

(ကိုအချိန် ၁၂၈၂-ခု၊ ဝါဆိုလပြည့်ကျော် ၁၁-ရက်၊ ကြာသပတေးနေ့၊ ည(၁၀)နာရီအချိန်လောက်တွင် ပထမတရားထူးရသည်ဟုဆိုပါသည်)

ထိုသို့တရားကိုဆက်လက်အားထုတ်နေသဖြင့် ဒေါ်ရွှေရီကအိမ်အလုပ်ပျက်သည်ဟုဆိုကာ ဦးကျော်ဒင်တရားအားထုတ်နေစဉ် ဆူဆောင့်ပြီးကုတင်ပေါ်ကနေတွန်းချသည်၊ ကြမ်းပြင်များကိုတစ်ချောင်းစီအကုန်ဆွဲနုတ်ထားသည်။

နောက်ဆုံးအကြိမ် တစ်ချောင်းမှမကျန်ပေမယ့်လည်း ဦးကျော်ဒင်က မလှုပ်မယှက်ဆင့်ပေါ် ၌ပေထိုင်ပြီး အားထုတ်မြဲ အားထုတ်လေသည်။

သို့နှင့် ဒေါ်ရွှေရီက တစ်ဖန်ကြမ်းတွေပြန်ခင်းပေးသည်။

"မင်းဘာပြုလို့နှောင့်ယှက်ရတာတုံး"

ဟု ဦးကျော်ဒင်က မေးသည်။

"ထရိုက်အောင်လုပ်တာ"

"မယ်မင်းကြီးမရယ်. . . မရိုက်ပါဘူးကွယ်၊ ကြိုးစားပြီး တရားဟောတော်မူပါ"

"ဘာမှအသုံးမကျဘူး၊ တေမိလိုဘဲ၊ ဒီလောက်တောင် တရားအားထုတ်ချင်ရင် ကျောင်းသွားပြီးဘုန်းကြီးဝတ်ပါလား"

ဟု ဒေါ်ရွှေရီကဆူ၍ အော်ငေါက်သည်။

နေ့စဉ် ဒေါ်ရွှေရီက ထိုကဲ့သို့အော်ငေါက်ဆူနေသော် လည်း ဦးကျော်ဒင်က ကိုယ်အားကမပြည့်စုံသေးတော့ ဥပက ရဟန်းကြီးလို သည်းခံပြီးနေပေးသည်။

တစ်နေ့ ဦးကျော်ဒင်တရားအားထုတ်နေစဉ် ဒေါ်ရွှေရီ သည် ချည်တိုင်ကနွားမကိုဖြေလွှတ်လိုက်ပြီး-

"နွားတွေလွှတ်သွားပြီး၊ လိုက်ပါဦး-လိုက်ပါဦး"

ဟု အတင်းအော်ဟစ်ကာ ဦးကျော်ဒင်ကိုလိုက်ခိုင်းသည်။

ထိုနွားမသည် တွေ့သူတိုင်းကိုတွေ့တတ်၍ အင်မတန်ဆိုးသောနွားမဖြစ်သော်လည်း ထိုနေ့ကမည်သူ့ကိုမျှမတွေ့ဘဲ ရပ်နေလေသည်။

ဒေါ်ရွှေရီသည် အော်ဟစ်ရုံအားမရသေးဘဲ ကြမ်းပြင်ကိုဆောင့်နင်းဆူပူကြိမ်းမောင်းပြီး အမျိုးမျိုးနှောင့်ယှက်လေသည်၊ ဦးကျော်ဒင်ကလည်း မည်သို့မျှမဖြူ၊ မတုန်လှုပ်၊ မလျော့သော လုံ့လနှင့်ကိုယ့်တရားကိုယ်သာအားထုတ်နေလေသည်။

ဦးကျော်ဒင်သည် ညတစ်ညတွင်သတိကင်းပြီး အိပ်ပျော်သွားရာ အိပ်မက်ထဲ၌ ဘူတာရုံတစ်ခုရောက်သွား၍ လက်မှတ်သွားယူကာ မိမိကတစ်ခုသာယူတာ လက်မှတ်ပေးသူက လေးခုပေးလိုက်၍ လက်မှတ်လေးခုစလုံးအိတ်ထဲထည့်ပြီး ရထားထွက်ခါနီးတွင် ရထားပေါ်တက်လိုက်ခဲ့ရာမှ လန့်နိုးသွားလေသည်။

နောက်များမကြာမီ အိပ်မက်မြင်မက်သည်မှာ ယာထဲရောက်တုန်းနွားတစ်ကောင်ပြေးလာတာကိုလိုက်ဆွဲရာအမြီးကိုဆွဲမိသဖြင့် အမြီးပါပြုတ်ပါလာပြီး လန့်နိုးသွားပြန်သည်။

ဤသည်ကို ဦးကျော်ဒင်က အတိတ်ကောက်ယူပြီး-

"သာသနာနောက်ပိုင်းမှာ အပြုတ်ဟ"

ဟု ကြိမ်းဝါးပြီး ဆက်လက်တရားအားထုတ်ခဲ့သည်။

(ထိုအချိန် ၁၂၈၂-ခု၊ ဝါခေါင်လပြည့်ကျော် ၁၃-ရက်၊ စနေနေ့၊ ည(၁၁)နာရီအချိန်လောက်တွင် ဒုတိယအကြိမ်တရား ထူးရသည်ဟုဆိုပါသည်)

ထို့နောက် ဦးကျော်ဒင်သည် စကားပြောကြီးကျယ်လာသည်၊ သဘာဝကိုကောင်းကောင်းကြီးဝေဖန်လာနိုင်သည်၊ ရပ်ရွာထဲမှလူတစ်ယောက်နေမကောင်းဘူးဆိုသောအကြောင်းကို ဦးကျော်ဒင်ထံသွားပြောက-

"အို-သေမှာပါဗျာ"

လို့ပြောလိုက်လျှင် အဟုတ်သေသည်၊ မသေဘူး ဟုပြောလိုက်လျှင်လည်း မည်မျှပင်သေမည်ဟုထင်ထားပေမယ့် မသေပါချေ။

ထိုကဲ့သို့ သူပြောတိုင်းမှန်နေသဖြင့် ဦးကျော်ဒင်နှင့်မည်သူမျှစကားမပြောရဲကြတော့ချေ၊ ဦးကျော်ဒင်ကလည်း မည်သူ့ကိုမျှဂရုမစိုက်ဘဲ မိမိ၏တရားအလုပ်ကိုသာကြိုးစားအားထုတ်နေခဲ့သည်။

(ဤသို့ဖြင့် ၁၂၈၂-ခု၊ တော်သလင်းလပြည့်ကျော် ၁၃-ရက်၊ တနင်္လာနေ့၊ ည(၁၀)နာရီအချိန်လောက်တွင် တစ်ကိုယ်လုံးရှိသမျှအကြောအချဉ်များပြတ်သွားမတတ် အလွန်ပြင်းထန်သောဝေဒနာကိုခံစားရပြီး ထိုဝေဒနာကိုသည်းခံပြီးနောက် တတိယအကြိမ်တရား ထူးရသည်ဟုဆိုပါသည်)

နောက်တစ်နေ့ မိမိ၏ရှေ့တွင်မိုးကြိုးကျသော်လည်း အလျဉ်းပင်မတုန်လှုပ်မထိတ်လန့်တော့ချေ။

ဆက်လက်၍တရားအားထုတ်ပြန်ရာ သတ္တဝါတွေအာရုံနောက် တကောက်ကောက်လိုက်နေသည်ကိုတွေ့မြင်ရပြီး ကြောက်လန့်တုန်လှုပ်လာမိကာ လူတွေကြားထဲ၌နေလိုသော စိတ်ကုန်ခမ်းလာပြီး ရဟန်းပြုလိုသောစိတ်သာ တဖွားဖွားဖြစ်ပေါ်နေမိလေသည်။

"ဒါနဲ့ ရန်သူကိုရှာတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုသောတရားများကိုသိမြင်လာသည်၊ ထိုလောဘ၊ ဒေါသ၊ မောဟ၊ မာနဆိုပေမယ့် စီစစ်လိုက်တော့ ဒုက္ခအပေးဆုံးတရားက လောဘဆိုတာသိရတယ်၊ လောဘဟာ အဓိကရန်သူအစစ်ဆိုပြီး လောဘကိုသတ်ရတာပေါ့၊ ဘယ်လိုသတ်သတုံးလို့မေးတယ်ဆိုပါတော့၊ ထိတော့သိတယ်၊ သိတဲ့အပေါ်သတိထားပြီးလိုက်ပါများလေတော့ လောဘဟာသေးသေးပြီး အားနည်း၊ နည်းသွားပါသည်၊ နောက် ငါ၏ရန်သူမည်သူမှာကျန်သေးသတုံးလို့ ထင်ရှားတော့ အနီးကပ်ဆုံးဖြစ်သောရန်သူဟာ အတူနေဇနီး သားနှင့် ဥစ္စာပစ္စည်းဆိုတာကိုသိရှိရပြန်ပါသည်၊ ဒါနအကျိုးပေါ်ကနေ အကြောင်းရှာလိုက်တော့ သူတို့တတွေ တစ်သံသရာလုံးနှိပ်စက်လာတာဟာ ကြွေးမရှင်းမိခဲ့လို့ဘဲ ဒီတော့ကြွေးရှင်းမှဆိုပြီး ဇနီးကို တောင်းပန်ရသည်။

"မင်းတို့နှင့်ငါဟာ ဘဝကရေစက်ဆုံလို့တွေ့ကြုံကြရတယ်၊ ငါကြွေးကိုမင်းတို့မဆပ်ပါနဲ့၊ မင်းတို့ကြွေးလဲ ငါဆက်မဆပ်ပါရစေနဲ့တော့၊ တို့သဘောတူစာချုပ်ဖျက်ကြစို့၊ ငါကလဲ မင်းကိုနှမအရင်းလို့အောက်မေ့မယ်၊ မင်းကလည်း ငါ့ကိုမောင်အရင်းလို့အောက်မေ့ပြီးနေကြပါစို့ရဲ့၊ ငါ့ကိုလည်းရဟန်းခံခွင့်ပေးပါ"

"ကျွန်မအပေါ်မှာရှိတဲ့ကြွေးတွေကိုလည်းမဆပ်ပါနဲ့၊ ကိုယ်လည်းဘယ်မှမသွားပါနဲ့၊ ရဟန်းလည်းမခံပါနဲ့၊ အိမ်ဦးခန်းမှာနေပါ၊ မောင်ကြီးအရာထားပြီး ဝတ်ကြီးဝတ်ငယ်မှစ၍လုပ်ကျွေးသမှုပြုပါရစေ၊ တစ်ခြားကိုလည်းမသွားပါနဲ့၊ လောကမှာသျှောင်ရှိမှဆံထုံးတင့်တယ်ပါတယ်၊ ဆံထုံးရှိမှ သျှောင်တင့်တယ်ဆိုတဲ့စကားလိုဘဲ မိန်းမတွေမှာအုပ်ထိန်းခြင်းမရှိလျှင် သူတကာတွေကအမျိုးမျိုးပြောဆိုနှိပ်စက်ပါလိမ့်မယ်၊ အုပ်ထိန်းခြင်းရှိမှသာပြောဆိုနှိပ်စက်ခြင်းကင်းပါလိမ့်မယ်"

ဟူ၍ ဒေါ်ရွှေရီက ဦးကျော်ဒင်အိမ်ကမထွက်ဖြစ်အောင် ပရိယာယ်တွေနှင့်အတင်းတွယ်ကပ်နေသည်၊ ထိုအချိန်က ဦးကျော်ဒင်မှာ ဗဟုသုတနည်းသေး၍ သား၊ မယားကခွင့်ပြုမှသာသနာ့ဘောင်ဝင်ရသည်ဟု သားမယားခွင့်မပြုက သာသနာ့ဘောင်သို့ဝင်၍မရ ဟုမှတ်ထင်ကာ ရဟန်းပြုခွင့်မရ၍ အကြီးအကျယ်စိတ်ဆင်းရဲနေရသည်။

"ဩော်-ငါဟာ အသက်ရှင်နေဖို့နှင့်ထမင်းတစ်လုပ်စား ရဖို့အရေးဟာအပြစ်ကင်းတာကိုရှာမရဘူး၊ ယခု လူတွေလုပ်ကိုင် သွားလာနေကြတာတွေဟာ အပြစ်နှင့်ချည်းဘဲ၊ အပြစ်ကင်း အောင်နေဖို့ကတော့နှစ်လမ်းဘဲရှိတယ်၊ ရဟန်းခံဖို့ တစ်လမ်း၊ ရဟန်းမခံရရင် အရူးလုပ်နေဖို့ပဲရှိတယ်၊ ဘယ်လိုအရူးလုပ်နေ မလဲဆိုရင် ဂုန်နီအိတ်ကို ဟိုဘက်ဒေါင့်၊ ဒီဘက်ဒေါင့်၊ ဒေါင့်နှစ် ဖက်ဖောက်၊ အလယ်ကလည်းဖောက်၊ ဒေါင့်နှစ်ဘက်က လက် နှစ်ဘက်လျှို၊ အလယ်ကခေါင်းလျှို၊ အဲဒီတော့ ခြုံဖို့လဲရ၊ ဝတ်လို့ လဲရ၊ တယ်နေရာကျ၊ အိပ်တော့လဲအိပ်ရာခင်းမလိုဘူး၊ လှဲအိပ် လိုက်ရုံပဲ၊ စားဖို့ဟာကမခဲယဉ်းဘူး၊ ခွက်တစ်ခုနဲ့အိမ်စဉ်တစ် လျှောက်တောင်းစားရင်း အရူးကြီးဆိုပြီးပေးကမ်းစွန့်ကြဲကြမယ့် လူချည်းဘဲ၊ ဘယ်သူမှလည်းနှိပ်စက်မှာမဟုတ်ဘူး၊ အဲဒီတော့ အဝတ်လဲမခဲယဉ်း၊ အစားလဲမခဲယဉ်း၊ အပြစ်လဲကင်း နေရာကျ မှာဘဲ"

ဟူ၍ မိမိကိုယ်ကိုမိမိ ကြံမိကြံရာ ကြံနေမိပြန်သည်။

ရဟန်းမဝတ်ရ၍ စိတ်ဆင်းရဲပြီး အစားကမဝင်၍ အားအင်လည်းနည်းလာသည်။

"ဩော်-ငါတော့ သေတော့မှာဘဲ၊ ယခု လူတွေလုပ်ပုံကိုင် ပုံနှင့် ငါ့အာရုံသဘာဝချင်းမတူဘူး၊ ဒီတော့ သူတို့ကြားထဲနေရ

တာ တဖြည်းဖြည်းအာရုံကင်းပြီး သေတော့မှာဘဲ၊ အဲဒီတော့ ခွင့်တစ်ခါတောင်းကြည့်ရဦးမယ်”

ဟု စဉ်းစားမိပြီး ရဟန်းပြုရန်ခွင့်ထပ်မံတောင်းပြန်ပါသည်၊ သို့သော် ဒေါ်ရွှေရီက လုံးဝခွင့်မပြုပါချေ။

ထိုအခါ အိမ်နီးနားချင်းများက ဦးကျော်ဒင်ကိုသနားပြီး ဒေါ်ရွှေရီကို-

“ဟဲ့-မရွှေရီ. . . ရဟန်းပြုခွင့်ပေးလိုက်ပါ၊ သူ့ခမျာ မစားနိုင်၊ မသောက်နိုင်တာနဲ့ဘဲ သေရှာတော့မယ်၊ ကြည့်ပါလား ယခု ဘယ်လောက်ကြုံ့သွားသလဲ၊ အရိုးနှင့်အရေသာကျန်တော့ တယ်”

ဟု ဝိုင်းဝန်းနားချပြောကြသည်။

“အို-သေတာကကောင်းသေးတယ်၊ သေတော့ တစ်လမ်းဘဲပူရတယ်၊ ခွင့်ပေးလိုက်ရင် ကျွန်မမျက်စိအောက်မှာ မြင်တိုင်း-မြင်တိုင်းစိတ်ချမ်းသာမှာမဟုတ်ဘူး”

ဟု ဒေါ်ရွှေရီကပြောပြီး ဇွတ်အတင်းငြင်းနေလေသည့်အတွက် အတော်ပင်ကြာသွားလေသည်။

ဦးကျော်ဒင်မှာ ကြာလေစိတ်ဆင်းရဲလေ၊ စားမဝင်ဖြစ် လေဖြစ်ကာ အားအင်ကဆုတ်သထက်ဆုတ်လာသည်။

ထိုအခါ ပတ်ဝန်းကျင်က ဒေါ်ရွှေရီကိုဝိုင်းဝန်းနားချကြပြီး တစ်လတန်သည်၊ (၁၅)ရက်တန်သည်၊ ဝတ်ခွင့်ပေးရန် ဝိုင်းဝန်းပြောဆိုကြသည်။

"ကဲလေ. . ဒီလိုဆိုလဲ (၁၅)ရက်လောက်တော့ ရဟန်းဝတ်ခွင့်ပေးပါတယ်"

ဟု ဒေါ်ရွှေရီကခွင့်ပြုလေသည်။

"အေး-အေး မပျော်လို့ ပါရမီမရှိရင် (၁၅)ရက်မပြောနဲ့ ချက်ချင်းပြန်လာခဲ့မယ်၊ ပါရမီရှိရင် ရှိသလောက်နေပါရစေ"

ဟု ဦးကျော်ဒင်ကခွင့်ပန်သည်။

"ရဟန်းမခံမီ ထယ်ရေးပက်လက်နှင့်မိုးပဲကလေးကြွေပေးခဲ့ပါဦး" ဟုပြောသဖြင့်-

"ဒီပဲလောက်တော့ တယ်မကြာပါဘူးလေ"

ဟု စဉ်းစားပြီးလက်ခံကာ ၁၂၈၂-ခု၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက်နေ့တွင် ပဲကြဲရန် နွားတစ်ရှင်းနှင့်ယာထဲသို့ဆင်းခဲ့လေသည်။

ယာလယ်ရောက်၍ ထွန်ပေါ်တက်နွားများကိုမောင်းသောအခါ နွားနှစ်ကောင်သည် ယခင်ကလိုမရုန်းတော့၊ လှည့်ကြည့်-လှည့်ကြည့်နှင့်ရပ်နေကြသည်။

"ဩော်-ဒီနွားနှစ်ကောင်ဟာ ဘယ်တုန်းကမှထုံပေပေ ထုံနာနာမနေပါဘူး၊ ခါတိုင်းဆိုထွန်ပေါ်တက်တာနှင့် ဟဲ့-လို့ တောင် ငေါက်မနေရဘူး၊ သူ့ထက်ငါ သာအောင်ရုန်းကြတယ်။ ငါတော့မဖြစ်ချေဘူး၊ နွားနှစ်ကောင်ကတောင် နှင်နေပါ ပေါ့တကား၊ ဒီတစ်ခါမှကိုယ့်ဟာကိုယ်မဆုံးဖြတ်နိုင်သေးရင် ဘာ အသုံးကျသေးတုံး"

ဟု မိမိကိုယ်ကိုမိမိ အပြစ်တင်မိသည်၊ ထိုကဲ့သို့စိတ်ကိုကင်းပြီးမှ ထွန်ပေါ်ကဆင်းသည်၊ ထွန်ကလန့်ကိုဖြုတ်သည်၊ ထွန်ကိုင်းကို ကိုင်၊ ထွန်တုံးကိုထောင်ပြီး-

"ကိုင်းကွယ်. . . မင်းတို့နဲ့ငါတော့ သေခန်းရှင်ခန်းပြတ် ကရော့ပေါ့ကွယ်"

ဟုဆိုပြီး နွားနှစ်ကောင်ကိုပါ ကြိုးဖြုတ်ပြီး-

"မင်းတို့လဲ တော်ရာသွားကြပေတော့၊ မင်းတို့ကို ငါဘေး မဲ့ပေးလိုက်ပြီ"

ဟု ပြောပြီးလွှတ်လိုက်လေသည်။

ထို့နောက် ဘုန်းကြီးဦးကျောက် ကျောင်းဘက်သို့ထွက် ခွာခဲ့သည်၊ လမ်းတွင် ဒေါ်တင်နှင့်တွေ့၍-

"ဘယ်သွားမလို့လဲ ကိုကျော်ဒင်"

ဟု မေးရာ"သာမဏေဝတ်ရန် ဦးကျောက်ကျောင်းသွားမလို့ပါ" ဟု ပြောရာ ဒေါ်တင်က-

"ဒါဖြင့် ငါ့မှာ ဧကေသီနွမ်းလေးတစ်ထည်ရှိတာယူသွား၊ မရွှေရီလဲမသိစေနဲ့"
ဟုမှာကြားပြီးပေးလိုက်လေသည်။

ဦးကျော်ကျောင်းသို့ရောက်သောအခါ ဦးကျော် ခေါ် ဦးဝိရိယက သင်းပိုင်တစ်ထည်စွန့်ပြီး ကိုရင်ဝတ်လေသည်၊ ဘွဲ့ကိုလည်း ရှင်ကဝိ ဟူ၍အမည်ချီးမြှင့်ပေးခဲ့သည်။

ထွန်တုံးကိုထောင်ပြီး တောထွက်သည်ကိုအကြောင်းပြု၍ ထွန်ထောင်ကိုယ်တော် ဟုသမုတ်ကြလေသည်။

ရှင်ကဝိသည် သာမဏေဖြစ်သည်နှင့်တစ်ပြိုင်နက်ထဲ စွန်းလွန်းရွာတောင်ဘက် မောင်ရင်ပေါ်ချောက်သို့ တစ်ကိုယ်တည်းသွားပြီး တရားအားထုတ်နေလေတော့သည်။

ဦးကျော်ဒင်သက်နန်းဝတ်ပြီး (၅)ရက်အကြာ ဦးရွှေလုပ်သည် သင်္ကန်းဝတ်ပြီး ရှင်ဝိဇယအမည်နှင့် ရှင်ကဝိနှင့်အတူ သွားရောက်နေထိုင်သည်။

တစ်နေ့သောအခါ ကျောင်းဘေးနားတွင် မှိုကြီးတစ်ပွင့် ပေါက်နေသည်ကို ရှင်ကဝိတွေ့မြင်၍ ဆွဲနှုတ်လိုက်ရာ မှိုငုံလေးများပါ တစ်အုပ်လုံးပါလာသည်။

"သံသရာဝဋ်ဒုက္ခအားလုံးမှကျွတ်လွတ်တော့မည့် အတိတ်နိမိတ်ဘဲ"

ဟုအောက်မေ့ကာ အရိုးကြေကြေ အရေခမ်းခမ်းမပြတ်မလပ် မလျော့တမ်းတရားအားထုတ်ခဲ့ရာ-

၁၂၈၂-ခု၊ သီတင်းကျွတ်လပြည့်ကျော်(၁၃)ရက်၊ အင်္ဂါနေ့ည(၁၀)နာရီလောက်အချိန်တွင် ငွေစောင်းတန်းကြီးတစ်ခုဖြစ်လာပြီး ဝီ-ဝီ-ဝီ-ဝီ ဟုမြည်လျက် ရထားပျံတစ်စင်းသည် အလွန်အရှိန်ပြင်းစွာနှင့်မိမိထံသို့တည့်တည့်ကြီးလာနေသည်ကို တွေ့ရသော်လည်း ဂရုမစိုက်ဘဲ တရားကိုသာအားထုတ်မြဲအားထုတ်နေစဉ် ခန္ဓာကိုယ်ကြီးသည် ပေါ့လာ၍ အထက်သို့မြောက်ပြီးလျှင် ငြိမ့်ကနဲဖြစ်သွားပြီး ရထားက မိမိအောက်သို့ရောက်ရှိနေသည်၊ ဘေးကိုလှည့်ကြည့်မိသောအခါ ဒေါင့်လေးဒေါင့်တွင် နတ်မင်းကြီးလေးပါးကိုလည်းကောင်း၊ လက်ျာဘက်တွင် သိကြားမင်းကိုလည်းကောင်းမြင်ရ၍ မိမိစိတ်ထဲတွင် တရားထူးရတော့မည့်အတွက် လာရောက်စောင့်ရှောက်သည်ဟုထင်ကာ ဣရိယာပုထ်ကိုမပြင်ဘဲ တရားအားထုတ်မြဲအားထုတ်ရာ စတုတ္ထအကြိမ်တရားထူးရလေသည်။

ရှင်ကဝိသည် ကိစ္စပြီးသည်နှင့်သတိရ၍ကြည့်လိုက်သောအခါ သိကြားမင်းနှင့် နတ်မင်းကြီးလေးပါးရော၊ ရထားပျံပါ ပျောက်သွားသည်ကို သတိထားမိသည်။

ထိုအချိန်တွင် အထက်ဘဝဂ်၊ အောက်အဝီစိကျအောင် ဟင်းလင်းပြင်ကြီးဖြစ်ကာ အကုန်အစင်မြင်ရတော့သည်။

"လူ့ပြည်မှာ ရဟန္တာတစ်ပါးပေါ်ထွန်းနေပြီ၊ သွားဖူးကြ" ဟူ၍ တစ်ခဲနက်ကြွေးကြော်နေသည်ကိုတွေ့မြင်ရသည်။

ထို့နောက် အနီးဆုံးသောသတ္တဝါအမျိုးမျိုးကိုမြင်ရပြီး ဘုမ္မစိုး၊ ရုက္ခစိုးနတ်နှင့်တကွ အထက်နတ်ပြဟ္မာများဖူးမြော်ကန်တော့လာကြသည်ကို ကြည့်၍မဆုံးနိုင်အောင်မြင်ရသည်။

ထိုသို့မြင်တော့မှ သတ္တဝါများ၏သတ္တလောက၊ ယင်းသတ္တဝါများကိုပြုပြင်ပေးနေသော သင်္ခါရလောက၊ ယင်းသတ္တဝါများ၏တည်ရာမှီရာ ဘုံဗိမာန် ဟူသောအပြင်လောက(၃)ပါးနှင့် အတွင်းလောကဟူသော စိတ်၊ စေတသိက်၊ ရုပ်ဟူသောတရားသုံးပါးကို ပိုင်းပိုင်းခြားခြားသိမြင်လေသည်၊ ဘုရားဂုဏ်၊ တရားဂုဏ်များကို ကွက်ကွက်ကွင်းကွင်းသိမြင်ရလေတော့သည်၊ သစ္စာလေးပါးကိုသိမြင်ပြီး ပစ္စဝေက္ခဏာဆင်ခြင်၍ချမ်းသာနေရသည်။

ရှင်ကဝိသည် မိမိဘယ်ဘဝကလာသည်ကိုအကျိုးပေါ်ကနေပြီး အကြောင်းကိုဆင်ခြင်ကြည့်ရာ တိရစ္ဆာန်အမျိုးမျိုးဖြစ်ခဲ့သည်ကများပြီး လူ့ဘဝရတာအလွန်နည်းကြောင်းတွေ့ရသည်။

ကျင်လည်ခဲ့ရသောဘဝများ ကြည့်မဆုံးနိုင်၍ဘယ်ဘဝကအကြောင်းကြောင့် ယခုဘဝအကျိုးထူးရခဲ့သည်ကို အမြန်သိချင်၍ အဓိဋ္ဌာန်ယူပြီးကြည့်ရာ ယခုဘဒ္ဒကမ္ဘာ၊ ကဿပဘုရားရှင်လက်ထက်က ကြက်တူးရွေးကျေးသားဘဝနှင့်ဘုရားရှင်အားသစ်သီးကပ်လှူဆုတောင်းခဲ့ဖူးသောအကြောင်းကြောင့် ယခုကဲ့သို့တရားပေါက်နေသည်ကိုသိမြင်လာခဲ့သည်။

ကျေးသားဘဝကစုတေသောအခါ ကာမသုဂတိ(၇)ဘုံတွင် သူတကာနှင့်မတူအောင် စည်းစိမ်တွေအမျိုးမျိုးခံစားရပြီးနောက် လူ့ပြည်သို့ပြန်ရောက်တော့လည်း တက္ကသိုလ်ပြည်၌ အလွန်ထင်ရှားသောဆေးဆရာကြီးတစ်ဦးဖြစ်ခဲ့သည်၊ ယင်းဘဝမှတစ်ဖန်စုတေ၍ သံသရာကျင်လည်ပြန်သော် ဂေါတမဘုရားရှင်၏သာသနာတော်အတွင်း၌ သုဝဏ္ဏဘူမိ သထုံပြည်ကိုအုပ်စိုးသော မနူဟာမင်း၏ဆရာ ဗားမဲ့ဆရာတော်ဖြစ်လာခဲ့သည်ကိုမြင်တော်မူသည်။

ထို့နောက် ထိုအချိန်က ထိုနေရာဒေသ၌ စာတတ်ပေတတ်ဟု ထင်ရှားကျော်ကြားနေသော မိတ္ထီလာရေလယ်ဆရာတော်နှင့်ညောင်လွန့်ဆရာတော်တို့က ရှင်ကဝိရသောတရားကိုစစ်ဆေးကြည့်ကြသည်၊ ပိဋကတ်နှင့်တိုက်ဆိုင်ကြည့်ကြသည်။

စာမတတ် ပေမတတ်သော ရှင်ကဝိ၏တရားနှင့်ပတ်သက်သောအဖြေများမှာ ပိဋကတ်နှင့်ညီနေ၍အားလုံးကလက်ခံခဲ့ပြီး ရဟန်းခံပေးခဲ့ရာ ၁၂၈၂-ခု၊ တပေါင်းလပြည့်ကျော်(၁၂)ရက်၊ တနင်္လာနေ့ညနေ (၄)နာရီ (၉)မိနစ်အချိန်တွင် မိတ္ထီလာရေလယ်ကျောင်းတိုက် ခဏ္ဍသိမ်၌ ရေလယ်ဆရာတော်ကိုဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝသို့ရောက်ခဲ့ရလေသည်။

ရဟန်းခံပြီးသောအခါ ဦးကဝိသည် မိမိဇာတိရပ်ရွာစွန်းလွန်းသို့ပြန်၍ သာသနာပြုနေခဲ့သည်။

၁၃၁၄-ခု၊ ကဆုန်လပြည့်ကျော်(၉)ရက်၊ စနေနေ့ ညနေ (၄)နာရီ၊ (၄၅)မိနစ်တွင် ပရိနိဗ္ဗာန်စံဝင်ခဲ့သည်။

ဤသို့လျှင် ဦးကျော်ဒင်သည် လူ့ဘဝကိုအမြင်ရှင်းခဲ့ပြီး ဤဘဝတွင် နိဗ္ဗာန်အရသာကိုရရှိခံစားသွားခဲ့ရလေသည်။

## မောင်အောင်ထွန်း(သဲအင်းဂူဆရာတော်)၏ဘဝအနှစ်သာရ

မှော်ဘီမြို့ကလေးသည် ရန်ကုန်မှမိုင်(၃၀)ဝေးသည်၊ ရှေးကမွန်လူမျိုးများနေသောနေရာဖြစ်၍ မှော်တပီ-မူတပီ ဟူ၍ ခေါ်သည်။

ထိုမှော်ဘီ၏အနောက်ဘက်ယွန်းယွန်း(၅)မိုင်သာကွာဝေးသောနေရာ၌အိမ်ခြေ(၃၀၀)ခန့်ရှိသော နွှောကုန်ရွာရှိသည်၊ ထိုရွာပတ်ဝန်းကျင်တွင် ကြာအင်း၊ ညောင်ပင်အင်း၊ ခွေးပုတ်အင်း၊ သဲအင် ဟူ၍ အင်း(၄)အင်းရှိခဲ့သည်။

ထိုနွှောကုန်းရွာမှ ခတ်ပိနွှောဆရာဦးသော်တာနှင့်ဒေါ်မှယ်အုံတို့မှ ၁၂၇၄-ခု၊ တန်ပေါင်းလဆန်း(၁၀)ရက်၊ တနင်္ဂနွေနေ့(၁၆-၃-၁၉၁၃)နေ့ နံနက်(၈)နာရီတွင် သဲအင်းဂူဆရာတော်လောင်း မောင်အောင်ထွန်းကိုမွေးဖွားခဲ့သည်။

မွေးချင်း(၇)ဦးအနက် တတိယမြောက်သားဖြစ်သည်၊ အထက်၌ ဒေါ်ဖွားစိန်(သီလရှင်)၊ ဒေါ်ပန်းရှင်၊ အောက်၌

ဦးထွန်းညွန့်၊ ဦးထွန်းလွန့်၊ ဦးသောင်းစိန်၊ ဦးချစ်မူ(ဓာတ်ဗိန္ဓောဆရာ)တို့ရှိခဲ့သည်။

မိခင်ဖြစ်သူ ဒေါ်မယ်အုံသည် မောင်အောင်ထွန်းပဋိသန္ဓေတည်နေစဉ်က တစ်ကြိမ်၊ မွေးဖွားပြီးနောက် တစ်ကြိမ်၊ စုစုပေါင်း (၂)ကြိမ်၊ နှောကုန်းရွာမှစ၍ ကောင်းကင်ယံသို့ငှက်ပမာပျံဝဲပြီးလျှင် မြေပြင်ပေါ်ရှိ ရှုမျှော်ခင်းများနှင့်သတ္တဝါတို့အား ကြည့်ရှုခဲ့သည် ဟုအိပ်မက်မြင်မက်ခဲ့သည်။

မောင်အောင်ထွန်း ကျောင်းနေရန်အရွယ်ရောက်သော် မိဘတို့က တောခလေ့ထုံးစံအတိုင်း ဘုန်းကြီးကျောင်းသို့အပ်ကာ စာသင်စေသည်၊ မောင်အောင်ထွန်းကား ကောင်းစွာစာမသင် လစ်လျှင်လစ်သလို ကျောင်းပြေးနေခဲ့၍ စာပေနှင့်ပတ်သက်၍ စာလုံးပေါင်းပင်မှန်ကန်အောင်မပေါင်းတတ်ခဲ့ပေ။

ကျောင်းပြေးကျောင်းမနေ၍ မိဘတို့ကဥပေက္ခာပြုထားရသည်၊ မောင်အောင်ထွန်းသည် ငယ်စဉ်ကတည်းကပင် ရွာကာလသားများ၏ခိုင်းစေမှုကြောင့် နွားပြန်ပေးနှင့်အရက်ပုန်းဒုစရိုက်လုပ်ငန်းများ၌ အရွယ်နှင့်မလိုက်အောင်ကောင်းစွာနားလည်တတ်ကျွမ်းခဲ့သည်။

တောရွာခလေ့ထုံးစံအတိုင်း စပါးရိတ်သိမ်းပြီးကြပါက ပွဲလမ်းသဘင်အမျိုးမျိုး ရုပ်ရှင်သာရေး၊ နာရေးပွဲအမျိုးမျိုးရှိခဲ့ရာ ထိုပွဲကိစ္စများ၌ မောင်အောင်ထွန်းသည် ပေါ့ပါးသွက်လက်စွာ

ကျောင်းမားမဝန်ကို မညည်းမညူ ဝေယျာဝစ္စမှန်သမျှကိုဆောင်ရွက်လေ့ရှိသောကြောင့် ရွာသူရွာသားအားလုံးက ချစ်ခင်လေးစားယုံကြည်မှုလည်းရခဲ့သည်။

မောင်အောင်ထွန်းလူလားမြောက်သော် နွားကုန်းရွာသူမဖွားညွှန့်နှင့်ဖူးစာဆုံသည်၊ သားကျွေးမှု မယားကျွေးမှုနှင့်ရတက်ပွေနေသည့်အထဲတွင် တစ်ဘက်ကလည်း ကာလသားသဘာဝအတိုင်း ရွာထဲ၌ရှိသော ကြက်ဝိုင်း၊ ဖဲဝိုင်းစသည့်အပျော်အပါးဝိုင်းတို့တွင် မောင်အောင်ထွန်းနှင့်သူ၏သူငယ်ချင်းများဖြစ်ကြသော အေးမောင်၊ အောင်ရင်တို့မပါက ပွဲမစည်သကဲ့သို့ရှိနေသည်။

မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိ ဟုဆိုသကဲ့သို့ယင်းတို့၏မကောင်းမှုဒုစရိုက်လုပ်ဆောင်ချက်များသည် တစ်နေ့တစ်ခြားသူကြီးပင်မနိုင်၊ ပုလိပ်၊ နတ်ထဲတွင် တိုင်ချက်ဖွင့်ရသည်အထိ ရောက်ခဲ့သည်။

ပုလိပ်တို့က မောင်အောင်ထွန်းတို့၏ဒုစရိုက်မှုကို အသေးစိတ်စုံစမ်းကြသော်လည်း စွဲချက်တင်နိုင်သော၊ ခိုင်လုံသောအထောက်အထားမတွေ့ရ၍ ၁၉၃၂-ခုတွင် မောင်အောင်ထွန်းအား မှော်ဘီပုလိပ်ဂါတ်တဲမှ နာမည်ကြီးစာရင်းဖွင့်လှစ်၍ ပုဒ်မ (၁၁၀)ဖြင့် အဖျောက်မြို့နယ်၊ လှည်းလမ်းကူးရွာသို့ နယ်နှင်ဒဏ်ပေးခြင်းခံခဲ့ရသည်။

ထိုအချိန်ဝယ် မောင်အောင်ထွန်း၌ကလေး(၃)ယောက် ရနေပြီးဖြစ်သည်၊ မဖွားညွန့်နှင့်ကလေး(၃)ယောက်တို့မှာ မျက်ရည်နှင့်မျက်ခွက်ဆိုသကဲ့သို့ ကျန်ရစ်ခဲ့ရှာရလေသည်။

လှည်းလမ်းကူးရွာတွင် သူကြီးဦးဘိုးညွန့်က မောင်အောင်ထွန်းကို သူ့အိမ်မှာပင်နေစေပြီး သူပိုင်ဆိုင်သောကျွဲ၊ နွားများကို ထိန်းကျောင်းစေရာ မောင်အောင်ထွန်းကပေ့ါပါးစွာပင် လုပ်ကိုင်ပေးခဲ့သည်၊ ထို့အပြင် အိမ်အလုပ်များဖြစ်သော ထင်းခွဲ၊ ရေခပ် သူကြီးကတော်ဒေါ်အုန်းပွင့်အတွက် ဈေးဝယ်ပေးခြင်းစသော အိမ်မှုကိစ္စအဝဝကို ပေ့ါပါးသွက်လက်စွာနှင့်တာဝန်သိသိ သစ္စာရှိရှိ မှန်ကန်စွာပြုလုပ်ပေးခဲ့သောကြောင့် သူကြီး ဦးဘိုးညွန့်က မောင်အောင်ထွန်းကို(၆)လသာအပြစ်ပေးပြီးနောက် လူကောင်းအဖြစ်အသိအမှတ်ပြုပြီး မိမိအိမ်မှာပင်ဆက်လက်နေစေသည်။ ထို့နောက်(၂)နှစ်မပြည့်မီ နှောကုန်းရွာသို့ပြန်စေခဲ့သည်။

အဖျောက်မြို့မှ ခြေလျင်ပြန်လာသော မောင်အောင်ထွန်းသည် ကံကြမ္မာဂြိုဟ်ဆိုးဝင်ချင်တော့ လမ်းတွင် ကျုံကလင်းရွာမှငဒွေးနှင့်ကုလားဆိုသူတို့နှင့်တွေ့ပြီး သူတို့၏စားဝတ်နေရေး ဒုက္ခရောက်နေသည်ကိုအကူအညီတောင်းသောကြောင့် သနားကြင်နာမှုရှိသောမောင်အောင်ထွန်းသည် ပိတုံးပိတ်ရွာနေချစ်တီးလူမျိုး ပေါ်ကက်၏အိမ်သို့ ငဒွေး၊ ကုလားတို့နှင့်အတူ ဓားပြဝင်တိုက်ပေးလေသည်။

ထိုခေါင်းပြတိုက်မှုတွင် မောင်အောင်ထွန်းမှာအဖမ်းခံရပြီး ပြစ်မှုထင်ရှားသဖြင့် ဟင်္သာတတရားရုံးမှ(၇)လကြာစစ်ဆေးပြီး ထောင်ဒဏ်(၇)နှစ်အပြစ်ပေးခံပြန်သည်၊ ဖခင်ကြီးသည် မိမိ၏ သားအတွက်လိုက်လာသောနေ့မှာပင် မောင်အောင်ထွန်းအား ခေါင်းပြမှုဖြင့်ထောင်ဒဏ်(၇)နှစ်ကျခဲ့ရသည့်ကိုကြားပြီး ချက်ချင်း ပြန်ခဲ့ရသည်။

အကျဉ်းသားမောင်အောင်ထွန်းကို ဟင်္သာတမှပုသိမ် ထောင်ပို့သည်၊ ပုသိမ်ထောင်မှတစ်ဆင့် မုပ္ပလင်သို့အပို့ခံရပြီး ယင်းအကျဉ်းစခန်း၌ တစ်နေ့လျှင်ကျောက်(၈)ကျင်းကျထုခွဲရ သည်၊ အပေါ်ပူ အောက်ပူနေပူကြဲတဲတွင်ကျောက်ထုရသော ဒဏ်နှင့် သံခြေကျင်းခတ်ထား၍သံ၏ပွတ်တိုက်မှုဒဏ်ကြောင့် မောင်အောင်ထွန်း၏ဘဝတစ်သက်တာတွင် မေ့မရနိုင်လောက် အောင်ပင် သံဝေဂဉာဏ်ရခဲ့ပါသည်။

မုပ္ပလင်အကျဉ်းတွင် အလုပ်ကြမ်းပင်ပန်းစွာလုပ်ကိုင်နေ ရစဉ်မှာပင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာသဖြင့် မုပ္ပလင်မှမန္တလေး ထောင်သို့အပို့ခံရပြန်သည်။

မြန်မာပြည်တစ်ဝက် ဂျပန်တပ်တို့သိမ်းပိုက်မိသောအခါ အုပ်ချုပ်ရေးယန္တရားပျက်ပြားသွား၍ ထောင်အာဏာပိုင်တို့က အကျဉ်းသားများအား(၇)ယောက်တစ်တွဲစီ လမ်းခရီးစရိတ်(၁၅) ကျပ်စီပေးပြီး ပြန်လွှတ်လိုက်လေသည်။

မောင်အောင်ထွန်းသည် ထောင်အတွင်း၌နေစဉ် ရရှိသောဆေးကျမ်းများအား လွယ်အိတ်တစ်လုံးဖြင့်ထည့်ကာ အဖော်(၆)ယောက်နှင့်အတူ စစ်ကြောင်းလမ်းကင်းရာဘက်သို့ ထွက်ခဲ့ကြသည်။

လမ်းခရီးတွင် မောင်အောင်ထွန်းမှာ ဘိနပ်သဲကြိုးပြတ်၍ခေတ္တထိုင်၍ပြင်နေစဉ် ရုတ်တရက်သေနတ်သံများဆူညံစွာထွက်ပေါ်လာပြီး မောင်အောင်ထွန်းရှေ့မှဖြတ်သွားသောထောင်သား(၆)ယောက်မှာ အတုံးအရုံးလဲကျသွားသည်ကိုတွေ့ရသည်၊ မိမိမှာလည်းလွတ်ရာသို့ထွက်ပြေးခဲ့ရသည်၊ သေနတ်သံများစဲသွားသောအခါ မိမိခရီးကိုဆက်လက်ထွက်ခဲ့ရာ လမ်းတွင်စစ်ပြေးဒုက္ခသည် မိတ္ထီလာမှဦးလှမောင်မိသားစုနှင့်ခင်မင်ရင်းနှီးမှုရခဲ့ပြီး ယင်းမိသားစုနှင့်အတူ စစ်ဘေးကင်းရာသို့လိုက်ပါသွားခဲ့ရသည်။

နောက် ဂျပန်စစ်အစိုးရက မြန်မာတို့ကိုလွတ်လပ်ရေးပေးသောအခါ မောင်အောင်ထွန်းသည် မိမိဇာတိနွားကုန်းရွာသို့ပြန်လာခဲ့သည်။

မောင်အောင်ထွန်းပြန်လာကြောင်း တစ်ရွာလုံးသိကြပြီး မိခင်ဒေါ်မယ်အုံနှင့်မိသားစုများက ရွာသစ်ကုန်းမှထွက်ကြိုရန်ပြင်ဆင်ဆဲမှာပင် မောင်အောင်ထွန်းအိမ်ပေါ်ရောက်နှင့်နေပြီးဖြစ်သည်။

မိခင်ဒေါ်မယ်အုံ့မှာ မိမိသားကိုကြည့်ကာ ဝမ်းသာဝမ်းနည်းဖြင့်မျက်ရည်များစီးကျလာပြီး-

"ဟဲ့-မောင်အောင်ထွန်းရဲ့. . . နင့်အဖေမရှိတော့ဘူး၊ မဖွားညွန့်လည်းကလေး(၃)ယောက်နဲ့အိမ်ပေါ်ကဆင်းသွားပြီ" ဟုပြောဆိုကာ ရှိုက်ကြီးတငင်ငိုကြွေးပါတော့သည်။

မောင်အောင်ထွန်းမှာ ဘာလုပ်ရမှန်းမသိ၊ ငိုင်တွေးပြီးမျက်ရည်များကျလာရပါသည်၊ အနီးအနားလာကြည့်ကြသောရွာသားများမှာလည်း မောင်အောင်ထွန်းကိုကြည့်လိုက်၊ ဒေါ်မယ်အုံ့ကိုကြည့်လိုက်နှင့်စိတ်မကောင်းဖြစ်နေကြရသည်။

မောင်အောင်ထွန်း၏ရည်မှန်းချက်များ လွင့်ပျောက်ကုန်ပါတော့သည်၊ ငယ်ကအချစ်အနှစ်တစ်ရာမမေ့သာသောချစ်ဇနီးနှင့်သားသမီးများဘဝ၊ ဟသ်တတွင် ဓားပြအမှုနှင့်အမှုရင်ဆိုင်နေစဉ် တောင်ဝှေးတစ်ချောင်းဖြင့်ရှိသည့်ခွန်အားကိုအနိုင်နိုင်ယူကာ အကြိမ်ကြိမ်လာရောက်ခဲ့သော ဖခင်ကြီး၏မျက်နှာအားဘယ်တော့မှပြန်မဆုံနိုင်တော့မည်မဟုတ်ဟူသောအသိက မောင်အောင်ထွန်း၏နှလုံးသားအား ကြေကွဲစေခဲ့ပါသည်။

သို့အတွက် မောင်အောင်ထွန်းသည် အမှန်နှင့်အလင်းကိုမမြင်နိုင်တော့၊ အမှောင်လောကထဲပြန်ဝင်ကာ အပေါင်းအသင်းများနှင့်ရာဇဝင်လူဆိုးကြီးအဖြစ် အသက်ရှင်နေခဲ့လေတော့သည်။

ထိုလူဆိုးဘဝတွင် ဒုတိယအကြိမ်နှောကုန်သူ မကျင်စိန်နှင့်အိမ်ထောင်ထပ်မံပြုသော်လည်း ဇနီးနှင့်ကလေးမှာ မကြာခင်ဆုံးပါးသွားခဲ့၍ ထပ်မံ၍စိတ်သောကဖိစီးခဲ့ရပြန်သည်။

မောင်အောင်ထွန်းသည် လှူရေးတန်းရေးတွင် ရက်ရက်ရောရောလှူခဲ့သည်၊ မိမိရပ်ရွာသာယာရေးအတွက်လည်းကောင်း ရွာဦးကျောင်းဆရာတော်က ကျောင်းပြင်ဆင်ရေးအတွက်လည်းကောင်း၊ အလှူခံလာလျှင် မညည်းမညူမတွန့်မတိုလှူဒါန်းလေ့ရှိသည်၊ မိမိအလှူအတွက် ဆရာတော်ကရေစက်ချရန်ခေါ်ပါက ပြတ်ပြီးသားပါဘုရား-ဟုဆိုကာ ကျောင်းသွား၍ရေစက်ချလေ့မရှိပေ။

လူဆိုးဘဝသွားလာလုပ်ရှားနေစဉ် နှောကုန်းရွာအနီးရှိ စွယ်တော်ကုန်းမှ ကရင်အမျိုးသမီးဒေါ်စီ(နောင် သီလရှင်ဝတ်သွားသူ)နှင့်လက်ထပ်ပေါင်းသင်းခဲ့ပါသည်။

နောက် ဒေါ်စီကိုရွာ၌ထားခဲ့ပြီး ရန်ကုန်တွင်စားပြခေါင်းဆောင်လာလုပ်ရင်း ရန်ကုန်မြို့၊ ကမာရွတ်နေ ဒေါ်သန်းရှိန်နှင့် ဆက်လက်အိမ်ထောင်ကျပြီး ရန်ကုန်၌အနေများလာပါသည်။

ဒေါ်သန်းရှိန်သည် မိမိထက်အသက်(၉)နှစ်ကြီးသော ဦးအောင်ထွန်းအား မယားဝတ္တရားနှင့်အညီပြုစုလုပ်ကျွေးခဲ့သော်လည်း ဦးအောင်ထွန်းနှင့်ပါလာသောညှော်သည်များကို ကြည့်၍မရပါ။

ဦးအောင်ထွန်းမှာ မူလပုံစံအတိုင်းပင် အပေါင်းအသင်းများနှင့်ပြန်လည်ခြေပျက်လာပါသည်။

လင်ယောက်ျားနှင့်အရက်သမား၊ ဖဲသမားများ နေ့စဉ်လိုလိုပင် အိမ်သို့အဝင်အထွက်များလာသောကြောင့် ဒေါ်သန်းရှိန်မှာစိတ်ညစ်ပြီးထွက်ပေါက်ရှာလာပါတော့သည်။

ဒေါ်သန်းရှိန်သည် အစကတည်းက ရတနာသုံးပါး၌ကြည်ညိုသည့်အလျောက် စိတ်အေးချမ်းသာယာရရှိနိုင်စေရန် ရန်ကုန်မြို့တွင်းရှိ ဝိပဿနာရိပ်သာသို့ မကြာခဏသွားရောက်တရားအားထုတ်လေသည်၊ မိမိမစဉ်းစားမဆင်ခြင်၍သာ မကြာခဏစိတ်ဆင်းရဲဒုက္ခရောက်ရသည်၊ မိမိ၏ဘဝကံအကျိုးပေးအတိုင်းသာလျစ်လျူပြုရင်း ငြိမ်းအေးချမ်းသာရာအစစ်ဖြစ်သောတရားတိုက်သို့သွားရောက်၍ချမ်းသာကိုရှာဖွေခြင်းဖြစ်ပါသည်။

ဤအကြောင်းနှင့်ပတ်သက်၍ ဦးအောင်ထွန်းဘာမျှမသိပါ၊ အချိန်ရှိသရွေ့ အပေါင်းအသင်းများနှင့်သာသွားလာလှုပ်ရှားနေသော ဦးအောင်ထွန်းအနေဖြင့် အချိန်မရှိပြန်လာသောအချိန်များတွင် ခယ်မဖြစ်သူ ဒေါ်သန်းစိန်အားမေးရသည်၊ မသန်းစိန်က–

"အဖော်ရှိလို့ အိပ်ရာလိပ်ပါယူပြီး တရားအားထုတ်ဖို့ သွားပါတယ်"

ဦးအောင်ထွန်းစိတ်မကောင်းဖြစ်မိသည်၊ တရားထိုင်မှု များကိုကြားတော့ကြားဖူးသည်၊ ထိတယ်-သိတယ်ဆိုသောတရား ကို မုန့်လက်ဆောင်းကုန်းမှာ ဦးမြသိန်းထွန်းဟောတာကို ကြား ဖူးသည်။

ခုနှစ်ရက်ပြည့်တော့ ဒေါ်သန်းရှိန်အိမ်ပြန်လာသည်၊ ဦးအောင်ထွန်းက ပြန်လာရင်အတွေ့ ဟုစိတ်ထဲကဒေါသထွက် ထားမိသည်၊ ဒေါ်သန်းရှိန်သည်ရောက်ရောက်ချင်း သူ၏အိပ်ရာ လိပ်ကိုသွားထားသည်၊ ဒေါသဖြစ်လာ၍ သူမအပြင်ထွက်လာ အောင်မစောင့်နိုင်တော့ဘဲ အခန်းထဲဝင်လိုက်သွားလေသည်။

"ဟဲ့-နင်ဘယ်သွားနေတာလဲ"

ဟု ဒေါသနှင့်မေးလိုက်မိသည်။

"ကျွန်မ တရားသွားအားထုတ်တာပါ "

"ဩော်-တရားသွားကျင့်တယ်၊ နင့်တရားသွားကျင့်တဲ့ ဥစ္စာ ထိ-ခဲ့သေးသလား"

"ရှင်ကလည်း ဘုန်းကြီးကျောင်းသွားတာရှင့်"

"ဘယ်ကျောင်းသွားတာလဲ"

"မင်းကွန်းရှင့်-မင်းကွန်း"

"မင်းကွန်းဆိုတာ လူလား၊ ဘုန်းကြီးလား"

"ဘုန်းကြီးရှင့်၊ မင်းကွန်းဆရာတော်ကြီး ဦးဝိသုဒ္ဓ ရှင့်"

ထိုသို့ဒေါ်သန်းရှိန်က ဘုန်းကြီးဦးဝိသုဒ္ဓဟုပြောလိုက်သောအခါ ဦးအောင်ထွန်းစိတ်မကောင်းဖြစ်မိသွားသည်။

"ဟယ်-ငါတော့မှားသွားမိပြီ၊ ကဲ-နောက်လဲသွားကျင့်ပေါ့ကွာ"

ဦးအောင်ထွန်းက မိမိအမှားကိုသံဝေဂထားပြီး ဒေါ်သန်းရှိန်၏တရားအားထုတ်မှုကိုခွင့်လွှတ်အားပေးခဲ့သည်။

ဒေါ်သန်းရှိန် နောက်တစ်ခါတရားသွားအားထုတ်ပြီး၍ပြန်လာသောအခါ ဒေါ်သန်းရှိန်သည် ရွှေတိဂုံဘုရားစောင်းတန်းဈေးက စွန်းလွန်းဂူဆရာတော်ကြီး၏အတ္ထုပ္ပတ္တိကိုဝယ်လာပြီး-

"ဦးအောင်ထွန်းရေ. . . ဟောဒါလေးတဲ့၊ စွန်းလွန်းစာအုပ်ကြီး၊ စွန်းလွန်းဂူဆရာတော်ကြီးက ရဟန်းကိစ္စပြီးပြီ၊ ရဟန္တာဖြစ်သွားပြီ"

ဟုပြောပြသည်၊ ဦးအောင်ထွန်းက မိမိမှာစာကောင်းကောင်းမဖတ်တတ်၍ ဟိုလှန်ဒီလှန်ကြည့်ပြီး အရုပ်နှင့်ဓာတ်ပုံများကိုသာကြည့်နေမိသည်၊ ရုပ်ပုံများအားလုံးကြည့်မိသောအခါ စိတ်ထဲဝယ်အလိုလိုဖတ်ချင်သောစိတ်ဖြစ်လာသည်၊ သို့အတွက် ကာယ၊ ဝေဒနာ၊ စိတ္တဓမ္မဟူသောစာလုံးများကိုရွေးဖတ်မိသည်၊ ထိုစာလုံးများကိုဖတ်မိပြီးသောအခါ မည်ကဲ့သို့ဖြစ်သွားသည်မသိ။

- ကာယသတိပဋ္ဌာန် ကာယနုပဿနာ

- ဝေဒနာသတိပဋ္ဌာန် ဝေဒနာနုပဿနာ
- စိတ္တာသတိပဋ္ဌာန် စိတ္တာနုပဿနာ

ထိုကဲ့သို့စိတ်၏အဆုံး ခန္ဓာကိုယ်ကြီးဖျဉ်းဖျဉ်းဖြစ်ကာ တုန်လှုပ်လာပြီးချုပ်သွားသည်၊ ထိုအချိန်က ရုပ်-နာမ်ချုပ်သွား မှန်းမသိပါ။

"ငါဘယ်လိုဖြစ်ပါလိမ့်"

ဟု စိတ်ထဲတွင်အောက်မေ့မိသည်၊ သို့အတွက် သတိပဋ္ဌာန်လေးပါးလုံးကိုအားစိုက်ပြီး နားလည်အောင်တစ်လုံးချင်းပေါင်းဖတ်မိသည်။

"သူတောင်ရဟန္တာဖြစ်ရင် ငါလဲကျင့်ရင်ဖြစ်မှာဘဲ"

ဟု စိတ်ထဲ၌အတွေးအခေါ်ဝင်လာမိသည်။

ထိုကဲ့သို့ ရုတ်တရက် အတွေးဝင်လာမိခြင်းသည် ဦးအောင်ထွန်း၏ပါရမီမည်မျှရင့်ကျက်နေကြောင်း စဉ်းစားနိုင်ပါသည်။

ဦးအောင်ထွန်းသည် ဒုစရိုက်လုပ်ငန်းများကို မိသားစုစားဝတ်နေရေးလုံလောက်မှုရရှိရေးအတွက် တစ်ဘက်ကလုပ်နေသော်လည်း စွန်းလွန်းဆရာတော်၏အတ္ထုပ္ပတ္တိကိုဖတ်ပြီးနောက် စွန်းလွန်းဆရာတော်ကြီးကဲ့သို့ ကျင့်ကြံလိုသောစိတ်က လွှမ်းမိုးလာပါသည်။

တစ်နေ့တွင် မော်ဘီဈေးထဲ၌ အပ်ချုပ်ဆိုင်ဖွင့်နေသော ညီဝမ်းကွဲတော်သူ မောင်တင်အောင်က သူ့ကိုအပ်ချုပ်စက်တစ်လုံးဝယ်ပေးရန်လာ၍ပူဆာတောင်းသည်၊ မိမိလက်ထဲတွင် ထိုအတွက်ငွေကပြည့်စုံအောင်မရှိ၊ တစ်ဘက်ကလည်း လာပူဆာနေသောညီကို ကူညီချင်သဖြင့် အလုပ်တစ်ခုအား ကြာကြာမဆိုင်းချင်တော့ဘဲ ယခင်တွဲဖက်များဖြစ်ကြသော တပည့်ဟောင်းများနှင့်ဆွေးနွေးတိုင်ပင်ပြီး အိမ်တစ်အိမ်ကိုဓားပြတိုက်ရန်သတ်မှတ်လိုက်ကြသည်။

ခြံကြီးတစ်ခြံထဲသို့ဝင်သွားကြည့်မိသည်၊ ထိုအိမ်ကိုသဘောမကျ၍ အခြားအိမ်ကိုထောက်လှမ်းကြည့်ကြပြန်သည်၊ မိုးကမစဲ တဖွဲဖွဲရွာနေသည်၊ စိတ်ကြိုက်အိမ်မတွေ့၍ ပထမသတ်မှတ်ထားသောအိမ်သို့ပင်ပြန်ဝင်ကြသည်၊ ဦးအောင်ထွန်းသည် ပါလာသောသေနတ်ကိုမထုတ်မိဘဲ အနားကပ်ပြီး တံခါးကိုအသာတွန်းလိုက်မိသည်၊ တံခါးကသိပ်အားမစိုက်ရဘဲပွင့်သွားသည်၊ တံခါးပွင့်သွားသည်နှင့်တစ်ပြိုင်နက်တည်း အသင့်စောင့်နေသောအိမ်ရှင်က ဦးအောင်ထွန်းအားဆီးကြို၍ဓားဖြင့်ခုတ်ချလိုက်သည်။

ဦးအောင်ထွန်းမှာ ရုတ်တရက်မရှောင်နိုင်ဘဲ ထိုနေရာ၌ပင် ဖင်ထိုင်ရက်ကျသွားသည်၊ နောက်ကပါလာသောတပည့်များက အိမ်ရှင်ကိုသေနတ်ဖြင့်ပစ်သတ်ရန်ပြုလုပ်ကြသည်၊ ဦးအောင်

ထွန်းက မပစ်ရန်တားမြစ်သည့်အတွက် တပည့်များက ဦးအောင်ထွန်းကိုဘေးကင်းရာသို့ခေါ်ထုတ်ယူခဲ့ကြသည်။

ပထမခေါင်းစမ်းကြည့်တော့ သွေးမထွက်၊ ငိုက်တိုက်တိုက်နှင့်မူးလာသည်၊ ကက်ဦးထုပ်ဖြုတ်ပြီးစမ်းကြည့်သောအခါ လက်ညှိုးဝင်သွားပြီး သွေးများထွက်လာသည်၊ ထိုအချိန်၌ သံဝေဂဝင်လာမိသည်။

"တော်သေးရဲ့. . . ငါကရားကျင့်ဖို့သူလုပ်တာ၊ သူ့ကိုငါ ကျေးဇူးတင်ရသေး၊ အိမ်ပေါ်တက်လိုက်တုန်းက ရင်ဝကိုမှန်းနှင့်သော်လည်းကောင်း၊ လုံနှင့်သော်လည်းကောင်း၊ ဝါးချွန်နှင့်သော်လည်းကောင်း ထိုးလိုက်ရင်ဖြင့် ငါသေရရဲ့၊ ယခု ငါမသေဘူး၊ ငါ့ကို သူတရားကျင့်ဖို့ရောက်အောင်လုပ်တာ"

အနာကိုဆရာဝန်နှင့်ကြိတ်ကုခဲ့တာ(၇)ရက်လောက် ကြာသောအခါ သက်သာလာပါသည်၊ အနာလုံးဝပျောက်သွားသည်မဟုတ်ပါ။ ထိုအချိန်မှာပင် မိမိ၏ဇနီး ဒေါ်သန်းရှိန်ကိုခေါ်ကာ-

"ဟေ့-မိသန်းရှိန် လာဦး၊ နင်တို့စားဖို့ ငါတို့ကြံခဲ့တယ်၊ ငါ ဒီလိုနေလို့က ဒုက္ခများတော့မယ်၊ ငါတရားကျင့်ဖို့အချိန်ကျပြီ" ဟုပြောမိသည်၊ မသန်းရှိန်ကလည်း-

"ကျင့်ပါ-ကျင့်ပါ. . ကောင်းပါတယ် "ဟုပြောသည်။

ဒီကနေ့(၇)ရက်စေ့ပြီ၊ ဘယ်မှာလဲ စွန်းလွန်းစာအုပ်ကြီး နင်နွှာကုန်းကိုမလိုက်ခဲ့နှင့်၊ အိမ်တွေဘာတွေငှားစားတော့၊ ငါ့ကိုမမျှော်ကိုးနှင့်တော့၊ လင်ထပ်ယူချင်လဲ ယူပေတော့၊ ငါခွင့်ပေးတယ်”

ဟုပြောပြီး နွှာကုန်းသို့ပြန်လာခဲ့သည်။

နွှာကုန်းရွာတွင်ရှိသော ဇနီးကရင်မဒေါ်စီကိုလည်း ခေါ်ကာ-

“ငါတရားကျင့်တော့မယ်၊ နင်တို့အဖို့မှာ ငယ်လည်းငယ်သေးတယ်၊ ရှာလဲစားနိုင်သေးတယ်၊ လင်ယူချင်လဲယူနိုင်တယ်၊ ငါ့ကိုတော့မမျှော်ကိုးနဲ့တော့”

ဟု မှာကြားပြောဆိုသည်၊ ဇနီးနှင့်ဆွေမျိုးတို့ကလည်း တရားအားထုတ်မှုကိုသဘောတူကြသည်၊ ညီဖြစ်သူ ကိုထွန်းညွန့်က ငါးပါးသီလမျှမမြဲသောအစ်ကိုက ယခု(၉)ပါးသီလဆောက်တည်တရားကျင့်မည်ဆိုတော့ အားရဝမ်းသာအားပေးသည်၊ လိုအပ်တာကူညီရန်လည်းပြောပြသည်။

ဦးအောင်ထွန်းသည် ထိုသို့ခွင့်ရသောအခါ မကောင်းသောအကုသိုလ်ဒုစရိုက်များကို မစင်တုံးထွေးပေါက်ကဲ့သို့ စက်ဆုပ်စွန့်လွှတ်ပြီး တရားအားထုတ်ရန်ဆုံးဖြတ်သည်။

မိမိ၏ဆုံးဖြတ်ချက်မှာ-

"လူသေလျှင်သေ၊ လူမသေလျှင် ကိလေသာများသေရမည်" ဟူ၍ဖြစ်သည်။

ထို့နောက် နှောကုန်းရွာရှိ ကျောင်းလေးကျောင်းသို့သွားကာ ဆရာတော်ကိုအကျိုးအကြောင်းလျှောက်ထားပြီး နဝင်္ဂသီလကိုဆောက်တည်ကာ သိမ်ထဲ၌သိမ်တံခါးပိတ်ပြီး ဝင်လေထွက်လေကို တစ်စက္ကန့်မျှ အသိအလွတ်မပေးဘဲ စတင်ကျင့်တော့သည်။

သာမန်အားဖြင့် လူတစ်ယောက်၏အသက်ရှူနှုန်းမှာ တစ်မိနစ်လျှင် (၁၈)ကြိမ်နှုန်းမျှသာရှိသော်လည်း ဦးအောင်ထွန်းက တစ်မိနစ်လျှင် ဝင်လေ(၆၀)၊ ထွက်လေ(၆၀)၊ စုစုပေါင်း(၁၂၀) နှုန်းရှူသည်။

အိပ်ချင်စိတ်ပေါ်လာသောအခါ၌လည်းကောင်း၊ စိတ်မတည်ငြိမ်လာသောအခါ၌လည်းကောင်း၊ ဆက်တိုက်မြန်နှုန်းဖြင့်ရှူလေ့ရှိသည်၊ လေရှူနှုန်းပုံမှန်ဖြစ်လာသောအခါ မိမိစိတ်ကြိုက်လေကိုလေ့ကျင့်ရင်း အမျိုးမျိုးပြောင်းလဲရှူသည်၊ အဆုတ်အညှာပိုင်း၊ လည်ချောင်းရင်ကပ်၍လေကိုရှူခြင်း၊ မတိုမရှည်အလယ်အလတ်ရင်ဝမှာကပ်၍ရှူခြင်း၊ ချက်တိုင်မှစ နှာသီးဝအဆုံး လေရှည်ရှည်ရှူခြင်း စသည်ဖြင့်နေရင်းထိုင်ရင်း လေ့ကျင့်ခန်းဝင်သကဲ့သို့ လေအပြောင်းအလဲလုပ်၍ ရှူမှတ်နေသည်။

ထိုသို့ရှုရာမှ ခန္ဓာကိုယ်ဖောက်ပြန်မှုဝေဒနာများက မခံမရပ်နိုင်အောင်ဖြစ်လာသည်၊ ထိုအချိန်သည်းခံ၍ ဝေဒနာအစအလယ်၊ အဆုံးထင်ရှားအောင်လိုက်သည်၊ သို့သော် သည်းမခံနိုင်သည့်အဆုံး ခန္ဓာကိုယ်မှာ တဖိုင်းဖိုင်းလဲကျနေသည်အထိဖြစ်ရသည်။

တစ်နေ့(၁၆)နာရီမျှ အားထုတ်ရှုမှတ်သည်၊ ဝေဒနာနာကျင်ကိုက်ခဲသော်လည်း ခန္ဓာကိုယ်အားမရွေ့လျားဘဲ လက်ရှိရှုနန်းကိုမြန်မြန်တစ်မျိုး၊ နှေးနှေးတစ်မျိုးပြောင်းရှုသည်၊ ကြာသော် ခံစားမှုတစ်မျိုးဖြင့်သက်သာရလာသည်။

တစ်ခါတစ်ရံ ပြင်းထန်စွာနာကျင်ကိုက်ခဲသောဝေဒနာမချိမဆံ့ခံစားနေရာမှ ရုတ်တရက်ချုပ်ငြိမ်းသွား၍ အလွန်တရာအေးမြချမ်းသာသည်ကိုလည်းတွေ့ကြုံခံစားလာရသည်။

မိမိ၏စုံမှိတ်ထားသောမျက်စိထဲတွင် အကြည်ဓာတ်များအလင်းဓာတ်များတောက်ပလာပြီး ခန္ဓာကိုယ်အတွင်းအပြင်ပုံစံအမျိုးမျိုးဖြင့် တဖြည်းဖြည်းရှင်းရှင်းလင်းလင်းမြင်လာရသည်။

ညနေပိုင်းတရားဖြုတ်ပြီးသောအခါ ဦးအောင်ထွန်းမှာဘုရားဝတ်တက်သည်၊ သို့သော် မိမိမှာ ဘုရားရှိခိုးလည်းမရ၊ ကိုးပါးသီလကလည်းအလွတ်မရ၍ နှုတ်ကမြန်မာလို မြတ်စွာဘုရား-မြတ်စွာဘုရားဟူ၍ ရွတ်ဆိုပူဇော်သည်၊ ကိုးပါးသီလသည်

ရှစ်ပါးသီလထက် မေတ္တာတရားတစ်ပါးပိုသည်ကိုသိသည်၊ ထို့ကြောင့် ဘုရားရှိခိုးပြီးမေတ္တာပို့သောအခါ သဗ္ဗေသတ္တာ သဗ္ဗေ ပါဏာ စသောပါဠိကိုမသိ၍ မေတ္တာပို့သောအခါ နှုတ်မှ-

"ကျန်းမာကြပါစေ. . . ချမ်းသာကြပါစေ"

ဟုစိတ်ထဲမှာ စူးစူးစိုက်စိုက်ထားပြီးပို့ပါသည်။

မိမိတို့ခားပြဘဝက ကိုယ်ရေးကိုယ်တာလုံခြုံစေရန် သက်ဆိုင်ရာ ရွာအဝင်ရွာအထွက်ကွမ်းပိုင်နယ်ပိုင်တို့ကိုရွတ်ဖတ်ပူဇော်သောအလေ့အထအတိုင်း မိမိရထားသောဘုမ္မစိုး၊ရုက္ခစိုးအတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း၊ မန်ဲ့လေး၊ ရွှေနဘော၊ အရှေ့မယ်တော်၊ အနောက်မယ်ဒီတော်တို့အားလည်းကောင်း ရွှေတိဂုံ၊ ဆူးလေ၊ ပိုလ်တထောင်၊ မှော်ဘီနှင့်လောကကြီးကိုစောင့်ကြသောနတ်အပေါင်းတို့အားလည်းကောင်း၊ ဗြဟ္မာအပေါင်းတို့အားလည်းကောင်း၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သောပုဂ္ဂိုလ်အပေါင်းအားလည်းကောင်း၊ အရှေ့နေထွက်၊ အနောက်နေဝင်၊ မြောက်မူဝံတောင်တံငါကွန်တိုင်အတွင်းနေထိုင်ကြသောပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း၊ ယက္ကန်စင်တောင်ဘိုးဘိုးအောင်အရှင်အဇ္ဇဂေါဏ၊ ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာတို့အားလည်းကောင်း၊ မိခင်၊ ဖခင်ကျေးဇူးရှင်တို့အားလည်းကောင်း၊ ရပ်နီးရပ်ဝေးမိတ်ဆွေတို့အားလည်းကောင်း၊ အထက်ဘဝဂ်၊ အောက်အဝီ

စိအထိ ကုန်းမှာနေ(၉)ကုဋေ၊ ရေမှာနေ(၁၀)ကုဋေကုန်းသတ္တဝါ၊ ရေသတ္တဝါအပေါင်းတို့အားလည်းကောင်း၊ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ မေတ္တာပေးဝေပါ၏၊ ယနေ့ကျွန်ုပ်ပြုရသည့် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်အဖို့ဘာဂကိုလည်း ရကြပါစေ၊ အမျှ-အမျှ-အမျှရကြပါစေသော်. . . အရိယာသူတော်ကောင်းများပို့သောမေတ္တာကိုလည်း တပည့်တော်ကသာဓု-သာဓုခေါ်ဆိုပါ၏။

ဟူ၍ မိမိရွတ်တတ်သလိုခေါ်ဆိုကာ မေတ္တာပို့လုပ်သည်။

ဘုရားဝတ်တက်ပြီးသောအခါ ကျန်အချိန်၌ ပုတီးစိပ်ပါသည်၊ ပုတီးပတ်အရေအတွက်မရှိ၊ အနုလုံ-ပဋိလုံမသိ၊ မိမိသဘောပေါက်နားလည်သည့်အတိုင်း "မြတ်စွာဘုရား" ဟူသောစကားတစ်ခွန်းကို ပုတီးတစ်လုံးချ၍စိပ်သည်။

ဦးအောင်ထွန်းတစ်ယောက် ထိုကဲ့သို့ပြောင်းလဲသွားမှုကို ရွာသူရွာသားတို့က ရူးသွားပြီ ဟုဝေဖန်ကြသည်။

ဦးအောင်ထွန်းသည် သိမ်ထဲ၌တရားထိုင်၍ (၉)ရက်ပြည့်သောအခါ ဘုန်းကြီးကျောင်းသိမ်မှပြောင်းရွှေ့၍ မိမိ၏အစ်မကြီးဒေါ်ဖွားစိန်ခြံအတွင်းရှိ ဆေးရိုးပင်အောက်တွင်တရားထိုင်သည်၊ သီလကို (၉)ပါးသီလ မှ (၈)ပါးသီလပြောင်း၍ ထိန်းသည်၊ ယခင်က သက်သတ်လွတ်စားရမှ ချက်ပြုတ်သူများကိုင့်၍ ကြုံရာဖြင့်စားသည်။

အစ်မကြီးဒေါ်ဖွားစိန်က ဆေးရိုးပင်အောက်မြေပေါ်တွင်တရားအားထုတ်မည့်အစား လေးတိုင်စင်၊ ဝါး၊ ဓနိတို့ဖြင့်တဲ ဆောက်ပေးသည်၊ ဇနီးဖြစ်သူ ဒေါ်စိက အိပ်ရန်၊ စားသောက်ရန်၊ အနားယူရန် (၈)ပေကျယ်သောတဲတစ်လုံးဆောက်ပေးသည်။

တရားအားမထုတ်မီ ပရိကံမယူတတ်သေးသောကြောင့် မေတ္တာပို့ခြင်း၊ သီလဆောက်တည်ခြင်း၊ မိမိတတ်သလိုပြုလုပ်ပြီးသောအခါ-

"လူသေလျှင် သေ၊ မသေလျှင် ကိလေသာသေရမည်"

"သူဖြစ်ရင် ငါလဲဖြစ်ရသည်"

ဟု စိတ်ဓာတ်အဓိဋ္ဌာန်ပြုပြီး အောက်ပါအချိန်အတိုင်း မပြတ်တရားအားထုတ်တော့သည်-

နံနက်(၄)နာရီ မှ (၅)နာရီ - တရားထိုင်
နံနက်(၅)နာရီ မှ (၅)နာရီခွဲ-ဘုရားဝတ်ပြု
နံနက်(၅)နာရီခွဲ မှ (၆)နာရီ-ယာဂုသောက်
နံနက်(၆)နာရီ မှ (၉)နာရီ - တရားထိုင်
နံနက်(၉)နာရီ မှ (၁၀)နာရီ- နံနက်စာစား
နံနက်(၁၀)နာရီ မှ (၁၂)နာရီ- တရားထိုင်
နေ့လည်(၁၂)နာရီ မှ (၁)နာရီ-အနားယူ
နေ့လည်(၁)နာရီ မှ (၅)နာရီ-တရားထိုင်

ညနေ(၅)နာရီ မှ (၇)နာရီ-ဘုရားဝတ်ပြုအမျှဝေ

ည(၇)နာရီ မှ (၁၂)နာရီ -တရားထိုင်

ဤအချိန်ဇယားအတိုင်းကျင့်ကြံအားထုတ်ရာ တစ်နေ့ (၁၆)နာရီခန့်ကြာပါသည်၊ ခန္ဓာကိုယ်အနားယူသောအချိန်၌ မှိန်းရုံသာမှိန်းသည်၊ အိပ်မောကျခြင်းသဘောမရှိပေ၊ စားရင်းသောက်ရင်း၊ နေရင်ထိုင်ရင်းကသတိမလွတ်ရန် ကြိုးစားသည်။

သတိလွတ်သွားလျှင် သတိပေးမည့်ပုဂ္ဂိုလ်(သို့မဟုတ်) အသံပေါ်လာတတ်ပါသည်၊ အိပ်ချိန်တန်၊ နားချိန်တန်လျှင် ဒေါ်စီဆောက်ပေးထားသော တဲငယ်အတွင်းသွားပြီး လဲလျောင်းသည်၊ အလုပ်ပင်ပန်းသည့်အားလျော်စွာ အိပ်ပျော်လုနီးပါးဖြစ်သွားသောအခါ-

"အောင်ထွန်း-အောင်ထွန်း"ဟူသောမိခင်ကြီး၏ခေါ်သံကိုကြားလိုက်ရသလိုဖြစ်မိသည်၊ မိခင်ကြီးအသံကြားရ၍ နံနက်အရုဏ်တက်ပြီဟုထင်ပြီးအိပ်ရာကထလိုက်မိသည်၊ အသံကိုနားဖြင့်ဆတ်ဆတ်ကြားရသည်၊ မိခင်ကြီးကိုတော့မတွေ့ရပါ၊ အချိန်ကြည့်တော့ အရုဏ်တက်မဟုတ်၊ သန်းခေါင်ယံအချိန်သာဖြစ်နေသည်။

ဤအတွေ့အကြုံအရ ဦးအောင်ထွန်းအား တစ်စုံတစ်ယောက်သောသူက ပါရမီဖြည့်ပေးနေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဦးအောင်ထွန်းသည် ညအိပ်ချိန်မရ၊ တရားကိုရှုမှတ်နေရာ သမာဓိအင်အားအကြည်ဓာတ်အမြင်ဓာတ်များထိုက်သည့်အားလျော်စွာရလာသည်၊ မြင်နေရသောမိမိခန္ဓာကိုယ်နှင့်တကွမြင်မြင်သမျှ ယောကျ်ားမိန်းမ၊ ကျွဲ၊ နွားတိရစ္ဆာန်များ၏အနေအထားမှာ မြင်ရိုးမြင်စဉ်ပုံသဏ္ဌာန်မဟုတ်ဘဲ ဖရိုဖရဲ စွဲမက်တွယ်တာစရာမရှိ၊ ပုံပျက်ပန်းပျက်သာမြင်နေရသည်။

ထိုအခါမျိုး၌သာ အသက်ရှုပုံရှုနည်းမှာ ပန်ပြေးသကဲ့သို့နေ့စဉ်တစ်မျိုးအမောအနည်းငယ်ပြေလျှင်တစ်မျိုး၊ သဘာဝအလျောက်လေရှူရိုက်ပါ၊ အမျိုးမျိုးပြောင်းလဲနေပါသည်၊ သာမန်လူများအသက်ရှူပုံနှင့်ကွာခြားနေပါသည်။

ဤအခြေအနေအရ အိပ်ချိန်မရသည့်အပြင် အသုဘစိတ်ဝင်နေသဖြင့် အစားအသောက်မှာလည်း ကနုတ်ကိုစားရသကဲ့သို့ မာမာတောင့်တောင့်ကတစ်ဖုံ၊ ပျော့ပျော့ပျောင်းပျောင်းကတစ်နည်း၊ စားရသောအခါ၌ အရသာကကင်းမဲ့နေပါသည်။

ဓာတ်လေးပါးအစုအဝေးဖြင့်ဖွဲ့စည်းထားသော ကာယခန္ဓာသည် သဘာဝအလျောက်ယိုယွင်းလာပါသည်၊ ဤဒဏ်ရာဒဏ်ချက်ကြောင့်ဝိုက်ကျသွားလျှင် အထက်၊ အောက်၊ လေးဘက်လေးတန်မှ လူအများကဝိုင်းဖွဲ့ပြီး ဟားတိုက်နေသည့်အလားရယ်သံများကြားနေရပြန်သည်၊ ထိုသို့လျှောင်ပြောင်နေသော

အသံများကြားနေရသောအခါ ရှက်သွေးမွှန်းလာကာ သတိရလာပြီး-

"ဩော်-ငါငိုက်ကျသွားတာကိုသိတဲ့လူ သိနေကြပါကလား၊ လူမသိပေမဲ့ နတ်သိတယ်"

ဟုစဉ်းစားမိပြီး တရားကိုပြန်အားထုတ်မိသည်။

ယခင်ခံစားနေရသော ဝေဒနာနာကျင်ကိုက်ခဲမှုမရှိတော့ပါ၊ တစ်နေ့ကုန်တရားထိုင်နေစေကာမူ နာသည်၊ ကျင်သည်၊ ကိုက်ခဲသည်ဟူ၍မရှိသည့်သဘောဖြစ်နေပါသည်၊ အမှန်တော့ ဝေဒနာမရှိ၍မဟုတ်ပါ၊ နာကျင်ကိုက်ခဲသောဝေဒနာနှင့်နှိုင်းစာလျှင်၊ မကြည်ဝံ့ မနာသောသောပုံပျက်အမြင်များကလွှမ်းမိုးခံနေရပါသည်။

နာကျင်ကိုက်ခဲသောဝေဒနာများကို ယခင်ရက်များကနာတာကသီးခြားသက်သက်၊ ဖောက်ပြန်သောရုပ်ကသီးခြားသက်သက် ခွဲခြား၍ရှုနိုင်စွမ်းရှိခြင်းနှင့်တက်လာသောဝေဒနာများကိုဥပေက္ခာပြုနိုင်ခြင်းဖြစ်ပါသည်။

ယခုအခါ ရုပ်ပျက်ကြီးသာမျက်စိထဲကမထွက်၊ တစ်နေ့တစ်ခြားဆိုးဝါးသည်ထက် ဆိုးဝါးသောပုံသဏ္ဍာန်များကိုသာ မြင်နေရသည်။

မိမိခန္ဓာရှေ့၌ မိမိခန္ဓာတစ်ခုပေါ်လာပြီး ရေမြှုပ်ရေစိုင်ခဲကြီးပုံသဏ္ဍာန်ပြောင်းသွားသည်၊ ထို့နောက် ဆီချက်သည့်ပမာ

ဆူပွက်လာသည်၊ မီးပြင်းတိုက်၍ ပရမ်းပတာဆူပွက်နေသော မီးအိုးကြီးကဲ့သို့မြင်ရသည်။

ထိုခန္ဓာပျက်ပြီးနောက် ဗိုက်ပူလာသည်၊ မျက်လုံးစူထွက်လာသည်၊ ပါးစပ်မှအပုပ်ရည်များစီးကျလာသည်၊ အပုပ်ရည်များနောက် သွေးပုပ်များလိုက်ပါလာသည်၊ မျက်လုံးများမို့နေရာမှ ပြူးထွက်လာသည်၊ မျက်နှာမှာစကောလောက်ဖြစ်လာပါသည်၊ တဖြည်းဖြည်းအရည်ပျော်ကျလာပါသည်၊ လောက်တဖွားဖွားကျလာပါသည်၊ အနာဟောင်းအနာဆွေးကြီးကဲ့သို့လောက်ကောင်များဝိုင်းဆွဲနေကြသည်။

အပုပ်ကောင်များပျောက်သွားသောအခါ မိမိခန္ဓာကိုယ်ကြီးကိုပြိုးပြိုးပြက်ပြက်မီးရောင်များပြည့်နှက်ပြီးမီးလောင်နေပါသည်၊ မီးရှူးမီးပန်းများလွှတ်လိုက်သကဲ့သို့ မီးများပန်းထွက်နေသည်၊ ပန်းဘဲဖိုတွင်ဖုတ်ပြီးသားသံတုံးအနီကြီးကို ပေပေါ်တင်ထုလိုက်သောအခါ အရှိန်ပြင်းစွာမီးများလွင့်စင်နေသကဲ့သို့ ခန္ဓာကိုယ်မှာမီးများလွင့်စင်နေပါသည်၊ အိုးကင်းထဲထည့်၍ လှော်ထားပေါက်ပေါက်များကဲ့သို့ခန္ဓာကိုယ်ကြီးမှာ ပရမ်းပတာမီးပေါက်နေသည်။

ဤကဲ့သို့ ခန္ဓာကိုယ်ကြီးမီးလောင်နေသည်မှာ အသားမှအရိုးစု၊ အရိုးစုမှပြာဖြစ်သည့်တိုင်အောင်မြင်နေရသည်၊ မိမိ၏

ရုပ်ပျက်ကြီးကို မိမိ၏ပကတိပျက်စိဖြင့် မမြင်ချင်လဲမနေရ၊ ပုံပျက် အမျိုးမျိုးမြင်နေရသည်။

ဤသည်မှာ ဒေါ်ဖွားစိန်ခြံအတွင်းရှိဆေးရုံးပင်အောက် တွင်အားထုတ်စဉ်မြင်ရပုံဖြစ်ပါသည်။

အပြင်ဗဟိဒ္ဓအမြင်တွင်လည်း ခွေးသေကောင်ပုပ်လည် ပင်းဆွဲထားသကဲ့သို့ မျက်စိမှိတ်ထားသည်ဖြစ်စေ၊ ဖွင့်ထားသည် ဖြစ်စေ ပုံပျက်ကိုသာမြင်နေရသည်၊ သက်သာရာသက်သာ ကြောင်းကောင်းကင်ကိုမော်ကြည့်သည်၊ ဘေးဘီကိုကြည့်သည် မရ၊ ပုံပျက်သာမြင်နေရ၍ ပြေးစရာမြေမရှိ၊ ဆင်းရဲရောက်နေရ သည်။

တွေ့ရမြင်ရသက်သာစေရန် အခြားပုဂ္ဂိုလ်တစ်ယောက် ကိုဖြစ်စေ၊ တိရစ္ဆာန်တစ်ကောင်ကိုဖြစ်စေ ကြည့်ပြန်သော် ထိုသူ များ၏ကိုယ်ကာယကိုဖောက်ထွင်း၍ အတွင်းအရေပြား၊ အသား၊ အသည်းနှလုံး၊ အူသိမ်၊ အူမကအစမြင်နေရ၍ မသတီစရာဖြစ် နေခံစားနေရသည်၊ မြင်မြင်သမျှလူအားလုံးသည် မသတီစရာ တွေသာမြင်နေရသည်။

ဦးအောင်ထွန်းတရားထိုင်ပုံမှာ ယခင်ကကဲ့သို့မဟုတ်၊ ပုံပျက်နေပြီ၊ ယခင်ကရှုးသည်ဟုဆိုရာ ယခုမှတကယ်ရှုးချင်စိတ် ပေါက်နေမိသည်၊ မျက်စိကြည့်ပုံကအာရုံစိုက်မိရာကိုမကြည့်ချင်၊

ကြည့်ချင်နှင့်ကြည့်နေမိသည်၊ မျက်တောင်ခတ်ပုံမှာ မသွက်လက်တော့၊ မစားနိုင်၊ မသောက်နိုင်ဖြစ်လာ၍ ခန္ဓာကိုယ်ချို့ကျသွားပါသည်၊ ရုပ်ဆင်းအင်္ဂါအိုကျသွားပါသည်၊ နာတာရှည်လူမမာကြီးပမာ မရှင်လန်းဘဲ အမြဲညှိုးငယ်ပြီးမျက်နှာပျက်နေပါသည်။

တစ်ဘက်ကလည်း မိမိ၏ပတ်ဝန်းကျင်၌ အသခ်ျေသောဘဝကအဖွဲ့တွသန္တာန်၌ကိန်းစက်နေသောရာဂမီးသည် ညီးညီးပြောင်ပြောင်တောက်လောင်ခဲ့ရာ လက်ကျန်အရှိန်မကုန်သေးသည်နှင့်အမျှ အလွန်လှပသောမိန်းကလေးအလှမယ်များထင်ထင်ရှားရှားပေါ်လာတတ်သည်၊ မယ်ဗလာအဝတ်မပါဗလာကျင်း၍အနားကပ်လာသည်၊ ရှေ့မှာလာထိုင်ကြသည်၊ ချော့မြူတာတစ်မျိုး မကြည့်ဝံ့မနာသာပုံဆန်းကတစ်မျိုး၊ ကမ်းကုန်အောင်အာရုံပျက်စေသော မြင်ကွင်းများကိုမျက်စိဖြင့်တတ်အပ်တွေ့နေရပါသည်။

အပုပ်အပွကိုလည်းမကြည့်ချင်၊ ကောင်းနိုးရာရာကိုအာရုံပြုသော်လည်း ထိုင်ရမလို၊ ထရမလိုအခက်ကြုံနေရသည်။

တရားဘာဝနာ(၆)ရက်ကျင့်ကြံအားထုတ်ရာတွင် ကာယခန္ဓာဓာတ်လေးပါးတို့၏သဘာဝအလျောက်ဖောက်လွဲဖောက်ပြန်ခြင်းကို သေလုနီးပါးခံစားနေရသည်၊ ယခုစိတ်အမြင်၊ သဘောအမြင်ထက်လွန်ကဲပြီး မျက်စိအမြင်အရ သာ၍ပင်ဆိုးရွားနေပါသည်။

ကိလေသာတိုက်ပွဲစစ်မြေပြင် ရှေ့တန်းရောက်နေပါပြီ၊ သမာဓိအင်အားအလျော့အတင်းစာလျှောက်ပုံမှန်မရှိဘဲ ဖြစ်နေရပါသည်၊ တိုက်ပွဲတွင်အုပ်ချုပ်ရန် သဒ္ဓါ၊ သတိ၊ ဝိရိယ၊ သမာဓိ ပညာဗိုလ်လိုနေပါသည်။

ဤရက်အတွင်း အထက်လမ်းဆရာ၊ ဦးပါရမီ၊ ညီတော်မောင်ထွန်းညွန့်၊ ဓမ္မမိတ်ဆွေဝေဠုဝန်ဦးရွှေနှင့်ဦးတင်စောတို့က ဦးအောင်ထွန်းအား အကြားအမြင် အုတိမ်အနက်စမ်းရန်လာကြသေးသည်။

ဦးအောင်ထွန်းသည် သမထအင်အားတိုနေသည့်အလျောက် မြင်တတ်၊ ကြားတတ်လာပါသည်၊ ဥပမာ-နက်ဖြန်အရုဏ်စားရန်အတွက်ထမင်းကြမ်းနှင့်ပဲပြုတ်၊ ဆန်ပြုတ်စသည်တို့ကို မည်သူလာပို့မည်၊ ပန်းကန်အနေအထားကမည်သို့ဟု ကြိုသိနေတတ်သည်။

လေဝင်လေထွက်ရှုရှိုက်သောအခါများတွင် နှာခေါင်းဝက မီးခိုးအဖြူလုံးများကျစ်လျစ်ထွက်သွားသည့်နှယ် လေကြောင်းများထွက်လာပုံကိုလည်းမြင်ရသည်။

ထိုအခိုက် သစ်ပင်ပေါ်မှကျီးကန်းများကလည်း တအာအာမြည်လိုက်၊ မိမိရှိုက်ထုတ်လိုက်သောလေကြောင်းကိုစီးနေသည်ကိုမြင်ရသည်၊ ဒီကျီးတွေကဆူလိုက်တာ ဟုစိတ်ထဲမကျေမနပ်ဖြစ်ပေါ်မိသည်။

နောက်တစ်ခါ တရားထိုင်လိုက်သည့်တွင် နတ်(၂)ပါး ပေါ်လာပြီး နတ်တစ်ပါးက ကျီးကန်းလေးတစ်ကောင်ကိုကိုင်ပြီး ဒီကျီးကန်းလားဟုမေးပြီးပြရာ-

"ဟာ. . . ငါ့စိတ်ကိုလူမသိပေမဲ့ နတ်သိပါလား" ဟု နာမ်လွှတ်သွားသည်ကို သမာဓိပြန်ထူလိုက်ရသည်။

ထိုမှတစ်ပါး ရပ်ရွာလုံခြုံရေးတာဝန်ယူထားရသော ပျောက်ကျားလက်နက်ကိုင်များက ဦးအောင်ထွန်းနှင့်မနီးမဝေး တွင် မသင်္ကာသူများနှင့်အရက်သမားများကို ထိုက်သင့်သလိုဆုံးမ သံကြားရသည်ကို နားမခံသာကြားနေရသည်။

ထိုထက်ဆိုးသည်က မိမိနားတွင်ကပ်ပြီး သေနတ်ပစ် ဖောက်ကြသည်၊ ရည်ရွယ်ချက်မှာ တရားအားထုတ်နေသော ဦးအောင်ထွန်း သေနတ်သံကြားပြီး ထပြေးလျှင် ဟားတိုက်ရယ် ရန်ဖြစ်သည်၊ ဦးအောင်ထွန်းကခြေမပျက် တရားရှုမှတ်သည်။

ထိုအခိုက်အမျိုးသမီးတစ်ဦး ထူးဆန်းစွာပေါ်လာပြီး လုပ်အားလှူပါသည်၊ ရွာစောင့်ဟုမနောကသိလိုက်သည်။

"ဘာကူညီရမလဲ"ဟုမေးသည်။

"ဒီလို ညည်းသံ၊ ညူသံ၊ သေနတ်သံတွေကိုမကြားလိုပါ" ဟုမနောကအဖြေပေးလိုက်သည်၊ နောက်နေ့ ထိုလက်နက်ကိုင် များအခြားရွာသို့ပြောင်းရွှေ့သွားသည်။

ကလေးတစ်ယောက် မိမိပေါင်ပေါ်ရှိလက်နှစ်ဘက်ပေါ်တွင်လာထိုင်သည်၊ မိမိချစ်သောမြေးကလေး မောင်ဝင်းသိန်းဖြစ်နေသည်၊ သံယောဇဉ်နှောင်ကြိုးဖြတ်ရန် နင်လား-ငါလားလေရှုရပြန်သည်။

နောက်တစ်မျိုးလာပြန်သည်၊ ထိုနေ့က စွယ်တော်ကုန်းရွာ၌ အာဝါဒေးပွဲကျင်းပနေပါသည်၊ အင်္ဂလိပ်အစိုးရက လယ်သမားများမွဲပြာကျအောင်ကျင်းပပေးသောပွဲဖြစ်ပါသည်၊ ထိုပွဲသို့စိတ်ကရောက်သွားသည်၊ ထိုစိတ်က အာဝါဒေးလောင်းကစားပွဲကိုအကုန်မြင်နေရသည်၊ ထိုစိတ်ကိုနိုင်အောင်ထိန်းသိမ်းရသည်။

ထိုအတောအတွင်း မိခင်အိုကြီးက တရားစင်နားလာပြီးအောင်ထွန်း-ဟုခေါ်သည်ကို တစ်ဆက်တည်းမကြားဘဲ အ-အ-အ-စသည်ဖြင့်(အ)ပေါင်းများစွာအထစ်ထစ်အငေါ့နှင့်ကြားပြီးနောက်မှ အောင်-အောင်-အောင် ဟုအပိုင်းပိုင်းအပြတ်ပြတ်ကြားနေရသည်။

အမေလုပ်သူသည် သား၏မျက်နှာကိုစေ့စေ့စပ်စပ်ကြည့်ပြီး-

"ငါကြားဖူးတာက မဖွံ့မပဋိပဒါ ငှါသားဆိုတုန်းကလဲတာတေလန်ရော၊ တစ်နေကုန် အုန်းပင်လှဲတုန်းကဖယ်ပါဆိုမဖယ်ဘူး၊ ဖွတ်ပေထိုင်နေခဲ့တယ်၊ သစ်ပင်မပိလို့တော်သေးတာ

ပေါ့။ ယခု မင်းကိုကြည့်ရတာ လူမမာကြီးလိုပဲ မျက်လုံးနှစ်ဘက်က လည်းဟောက်ပက်ကြီးနှင့် နံရိုးတွေကလည်းငေါ်နေပြီဟုမိခင်က ညည်းညူနေသည်ကိုကြားရသည်၊ မိမိကမူ မိခင်ကြီး၏မေတ္တာကို လက်ခံသော်လည်း တရားအနှောင့်အယှက်ဖြစ်သည် ဟုထင်မိနေသည်။

တစ်ဖန် တရားအားထုတ်နေစဉ် ခြင်နှင့်မှတ်တို့ဒဏ်ကြောင့် အကျီအဖြူမှာသွေးစွန်းအထပ်ထပ်ဖြစ်နေသည်၊ ဦးအောင်ထွန်းက မှတ်-ခြင်ကိုက်သည်ကိုမမောင်း၊ ရုပ်ကိုရုပ်ချင်းထိခိုက်သည်ဟုမှတ်ရှုနေမိသည်၊ မှတ်ကိုက်၍နာတာကျင်တာကို သည်းခံပြီး စိတ်ကိုထားတတ်သည်။

မျက်မြင်ရုပ် ပုံပျက်ရုပ်များ၊ အကြောင်းကြောင့်ခံစားနေရသောနာမ်အကျိုးကိုလက်တွေ့ကျော်လွှားနိုင်ရန် ကြိုးစားနေပါသည်။

ဒုတိယအဆင့်၊ အကြောင်းသတ်မှအကျိုးရပ်မည် ကိုထိုအချိန်ကသဘောမပေါက်သေးသည့်အလျောက် ဒုက္ခရောက်ခဲ့ရသည်၊ ဇွဲကိုမလျှော့ဆက်လက်ကြိုးစားအားထုတ်နေခဲ့သည်။

သားဖြစ်သူအောင်ထွန်းကို သနားလွန်း၍ အမျိုးမျိုးနားချခဲ့သော်လည်း အောင်ထွန်းကလက်မခံ၍ မိခင်ကြီးကလက်လျှော့နေခဲ့ရသည်၊ သို့သော် မိမိ၏သားကိုယ်ဝန်ဆောင်စဉ်က တစ်ကြိမ်၊ မွေးဖွားပြီးနောက်တစ်ကြိမ်၊ စုစုပေါင်းနှစ်ကြိမ်တိုင်တိုင်

မိမိသည် ကောင်းကင်ယံပျံဝဲသည့်ငှက်ပမာပျံဝဲလျက် မြေပေါ်ရှိ ရှုခင်းများကိုကြည့်ရှုခဲ့ရသည် ဟုအိပ်မက်ကိုသတိရသောအခါ စိတ်သက်သာရာရခဲ့သည်။

ထို့မှတစ်ပါး မိမိကိုယ်တိုင် တရားရှုမှတ်နေစဉ် မိမိရင်သွေး ဦးအောင်ထွန်းတရားထိုင်နေသောတဲပေါ်သို့အလင်းရောင် တစ်မျိုးထိုးနေသည်ကိုယ်တိုင်မြင်ဖူးသောကြောင့် အောင်ထွန်း အန္တရာယ်မဖြစ်နိုင် ဟုစိတ်ဖြေခဲ့ရသည်။

ထို့ပြင် မိမိသားတရားထုတ်နေသောနေရာသို့ ရဟန္တာ တစ်ပါးကြွရောက်သည်ဟုမနော‌အာရုံတွင်ထင်နေသောကြောင့် ဝမ်းသာစိတ်ဖြစ်ပေါ်နေမိသည်၊ ဤသို့သောအတိတ်နိမိတ်များကို ဆင်ခြင်မိသောအခါ မိခင်ကြီးမှာသောကဗျာပါဒချုပ်ငြိမ်းသွားရ သည်။

ဦးအောင်ထွန်းတရားအားထုတ်သောနေရာမှာ ရွာတွင်း ရှိအစ်မခြံဝင်းဖြစ်ရာ တောရွာဓလေ့တွေ့ရင်း-ကြုံရင်း နွားပျောက် ကျွဲပျောက်များကိုမေးတတ်ကြသည်၊ သို့အတွက် ဦးအောင်ထွန်း သည် နေ့အခါ လူသူဝေးရာနှောကုန်းသင်းချိုင်းသို့သွားရောက်၍ တရားအားထုတ်ပြီး ညဥ့်နက်မှပြန်လာလေ့ရှိသည်။

သင်းချိုင်းကုန်းတွင် အပြင်လူများအနှောင်အယှက်ကင်း သော်လည်း အဆိပ်ပြင်းသောပုရွက်ဆိတ်များ၏အကိုက်ခံရသည့် ဆင်းရဲနှင့်ယင်ကောင်များဟာ မျက်စိမျက်နှာလာပျံသောဒဏ်ကို

ခံရပြန်သည်၊ ဦးအောင်ထွန်းက ထိုအရာများကိုအသိဖြင့်လျစ်လျူရှုနိုင်ခဲ့သည်၊ ရုပ်ကိုရုပ်ချင်းထိသောဝေဒနာဟု သတ်မှတ်ထားလိုက်သည်။

သင်းချိုင်းကုန်းဆိုသည်မှာ လူသေမြှုပ်ထားသည်၊ သရဲခြောက်သည်ဟု ဦးအောင်ထွန်းသဘာဝအရသိထားသည်၊ တရားအားထုတ်နေစဉ် မှိတ်ထားသောမျက်စိထဲ၌မြှုပ်ထားသောမြေပုံကြီးကွဲတက်လာပြီး ခေါင်းကြီးပေါ်လာသည်ကိုမြင်ရသည်။

သရဲတစ်ကောင်ကခေါင်းကြီးထမ်းပြီး မိမိဘက်လာနေသည်ကိုမြင်ရသည်။

"ဒီခေါင်းကြီး ငါ့ဘက်လာရင်အခက်ဘဲ"

ဟုတွေးမိသည်၊ ထိုခဏမှာပင် သရဲကမိမိရှိရာသို့အခေါင်းထမ်းလာသည်။

"ငါ့ဆီမလာနဲ့-ငါ့ဆီမလာနဲ့"

ဟုနှုတ်ဖြင့်တားဆီးလိုက်သည်၊ သူရဲကနားလည်သကဲ့သို့ ရှေ့မတိုးဘဲရပ်သွားစဉ် ဦးအောင်ထွန်းအသိဉာဏ်ပေါ်လာသည်၊ ငါ့စိတ်ကငါထင်တာကိုစွဲပြီးမြင်နေတာကိုးဟုသိသည်။

ငါ့စိတ်-ငါ့စိတ်ဟုသိပြီးနောက် ထိုသရဲကိုခေါင်းကြီးချလိုက်-ချလိုက် ဟုပြောမိသည်၊ သရဲကခေါင်းကြီးချလိုက်သည်။

"ခေါင်းကြီးထဲမှာဘာရှိသလဲ" ဟုမေးသောအခါ သရဲက ခေါင်းကိုမှောက်ပြီး မီးသွေးဖြင့်ဖုံးလွှမ်းနေသောလူသေကောင်ကို မီးသွေးများယက်ထုပ်ပြီးပြသည်။

ဤတွင် ဦးအောင်ထွန်းစိတ်၏ဆန်းကြယ်ပုံ၊ အသုံးချ လျှင်ရနိုင်ပုံကိုသဘောပေါက်သွားသည်၊ စိတ်တန်ခိုးဖြင့်လက်တွေ့ စမ်းသပ်လိုသောဆန္ဒဖြစ်ပေါ်မိသည်၊ လယ်ကွင်းထဲ၌အလွန်လှပ သော ဧည့်ခံမဏ္ဍာပ်တစ်လုံးဆောက်လိုစိတ်ဖြင့် အစမ်းသဘော ဆောက်လိုက်သည်၊ ရွှေရောင်တဝင်းဝင်းဖြင့် မဏ္ဍာပ်ကြီးပေါ် လာသည်။

တရားထိုင်သည်နှင့်တစ်ပြိုင်နက်သမာဓိအရှိန်နှင့် ပါရမီ အဟုန်ကြောင့် လူ၊ တိရစ္ဆာန်၊ ရေ၊ မြေ၊ တောတောင်အပါအဝင် သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကကြီးပျက်နေပုံ ကိုမြင်နေရ၍ မိမိအတွက်နှစ်သက်စရာ၊ တွယ်တာစရာ ဘာမျှ မရှိ ဟုသိလာသည်။

-ပုံမပျက်တော့ စုံမက်သည်

-ပုံပျက်တော့မစုံမက်မတွယ်တာ

-စွဲလမ်းမှုတဏှာသတ်ရင် သံလွန်စတရားတွေနေရပြီ

ဤသို့ဖြင့် ဦးအောင်ထွန်းသည် ဒုတိယအကြိမ်တရားထူး ကိုရခဲ့လေသည်။

ထို့ဒုတိယအကြိမ်တရားထူးရပြီးစအချိန် ကမာရွတ်ရှိ မယားဒေါ်သန်းရှိန်နှင့်လူရောပစ္စည်းပါအပြတ်ရှင်းလိုသောသဘောဖြင့်ကမာရွတ်သွားခဲ့ရာ ထိုအချိန်က မြန်မာနိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦး(အငြိမ်းစား)၏အိမ်မှပစ္စည်းများပျောက်ဆုံးမှုတွင် သက်ဆိုင်ရာအာဏာပိုင်တို့က လူဆိုးစာရင်းဝင်များကိုထောက်လှမ်းဖမ်းဆီးစစ်ဆေးခြင်းပြုကြသည်၊ ဦးအောင်ထွန်းမှာကမာရွတ်သွားခိုက်နှင့်ကြုံပြီး အဖမ်းခံရကာ အင်းစိန်ထောင်ထဲတွင်(၄၅) ရက်ကြာအချုပ်ခံရပြန်သည်၊ သူကမူ ဝဋ်ကြွေးပေးဆပ်သည်ဟု ယူဆခဲ့သည်။

နောက်အမှုနှင့်မည်သို့မျှမပတ်သက်ကြောင်း ထင်ရှားသဖြင့် အာမခံမလိုဘဲ ကွင်းလုံးကျွတ်လွတ်ခဲ့သည်၊ အချုပ်(၄၅) ရက်နေ့စဉ်ပင် ဆေးရိုးပင်အောက်မှာလို လွတ်လပ်စွာတရားအားထုတ်ခွင့်မရသော်လည်း ဝင်လေ-ထွက်လေသတိကိုအမြဲထားပြီး ရှုမှတ်နေသည်၊ လည်ပင်းတွင်ပုတီးပါလာ၍ ပုတီးလည်းစိပ်သည်၊ အချုပ်မှလွတ်သော် နောက်ပြန်လာပြီး မိမိ၏မူလနေရာဆေးရိုးပင်အောက်နှင့်သင်းချိုင်းတို့တွင် ဆက်လက်တရားအားထုတ်သည်။

၁၃၂၀-ခု၊ တပေါင်းလပြည့်ကျော်(၄)ရက်၊ အင်္ဂါနေ့ ညနေစောင်းတွင်အပေါ့အပါးသွားရန် တူတော်စပ်သူဦးချင်းယောက်၏ခြံအတွင်းရှိသဘာဝအတိုင်း ဝါး၊ ငုတ်တိုင်ပေါ်တွင်

ထိုင်နေမိသည်၊ ဆီးချုပ်၊ ဝမ်းချုပ်ဒဏ်ကိုခံစားရင်းပင် ရုတ်တရက်ထိုဒဏ်များပျောက်ပြီး အေးချမ်းသောနေရာရောက်သွားသည်၊ အလွန်ပင်ချမ်းသာနေသည်၊ စိတ်ဇောကျ၍ အသိစိတ်ဝင်လာသောအခါ ခန္ဓာကိုယ်ကြီးသည်လှုပ်ရှားမရ၍တောင့်တင်းနေပါသည်။

အတော်ကြာမှဆင်ခြင်သောအခါ-

"ဩော်-ငါရောက်သွားတာကာမဘုံ-ရူပဘုံတည်းဟူသော ဘုံသုံးပါး၌အထွတ်အထိပ်ပါလား၊ ဉာဏ်အရာမှာလည်းအထွတ်အထိပ်ပါလား၊ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင်ရောက်နေပါလား ဟုသိနေမိသည်။

ဆရာတော်ကိုယ်တိုင်ဟောပြောချက်မှာ-

"ဩော်-ဒီလူနှင့်ဒီအနာလေရောဂါထလာတဲ့လူ၊ ဗိုက်ထဲကတလိပ်လိပ်ပြီးတော့ ပညတ်လို့တက်လာတယ်၊ တက်လာတဲ့အချိန်က အဲဒီမှာနှလုံးသွင်းလိုက်တယ်၊ ဩော်-ဒီရုပ်နှင့်ဒီနာမ်ဖြစ်လာရင် ဒီရုပ်ဖောက်ပြန်တဲ့ဝေဒနာတွေပဲခံစားရမှာပါတကားဒါလဲဖြစ်ပျက်တဲ့ဥစ္စာ၊ သူ့သဘောပဲ၊ ဝေဒနာကြီးကိုအသိကပ်ပြီးနှလုံးသွင်းလိုက်သောအချိန်မှာ ဘယ်လိုဖြစ်လာသလဲဆိုတော့ခန္ဓာကိုယ်ကြီးဟာ ဖျဉ်းဖျဉ်း-ဖျဉ်းဖျဉ်းဆိုပြီးတော့ သေနတ်များခလုတ်မောင်းဖြုတ်လိုက်သလို အလင်းရောင်ဓာတ်ကြီးက ပေးလိုက်တယ်၊ တစ်လောကလုံးကို တစ်ခါတည်းထိန်လင်းပြီး တစ်ခါ

တည်းဘယ်လိုဖြစ်သွားသလဲ၊ အလင်းရောင်ခေတ်ကြီးက ရှိးဆို အသံကြီးပါတစ်ခါတည်းကြားရတယ်၊ ပေးလိုက်တယ်၊ ပေးလိုက်တော့ အဲဒီအချိန်မှာမြင်ရတဲ့အမြင်ဟာ ဘာတွေမြင်ရသလဲ။

ငရဲကြီးရှစ်ထပ်လဲမြင်ရတယ်၊ ငရဲခံနေရတဲ့ဥစ္စာတွေလဲ အကုန်မြင်ရတယ်၊ နတ်ပြည်ခြောက်ထပ်လည်း တစ်ပေါင်းတည်း ဗြဟ္မာ(၂၀)ကိုလည်းတပေါင်းတည်းသွားမြင်တယ်၊ အကြည်ခေတ်ကြီးက ဖောင်းကားပြီးတော့အကုန်မြင်ရတယ်။

အဲဒီလိုမြင်လိုက်တဲ့အချိန်မှာ ခန္ဓာကြီးရင်ထဲနှလုံးထဲဆွဲခွာလိုက်သလို ဒင်း-ဆိုတစ်ခါတည်းပြုတ်ကျသွားတယ်၊ ဒိတ်ကလေးတစ်ခါတည်းဘယ်ရောက်သွားသလဲ၊ တစ်ခါတည်း အထက်ရောက်သွားရော၊ စိတ်ကလေးအထက်မဂ်ရောက်သွားတော့ အပေါ်တင်ပဲသိရတယ်၊ ဘယ်လိုသိရ။

"သြော်-တယ်ငြိမ်းပါလား၊ တယ်ချမ်းသာပါလား၊ တယ်အေးမြပါလား၊ ဒီလိုသိရတယ်"

အောက်မှာခြောက်နေတဲ့ဝါးငုတ်ပေါ်မှာ ဆောင့်ကြောင့်လေးထိုင်နေတဲ့ဥစ္စာဟာ ဘယ်လောက်ချုပ်နေသလဲတော့ပြောတတ်ဘူးပေါ့၊ စိတ်ကလေးအပေါ်မှာ ငြိမ်းအေးတဲ့သဘောတရားကြီးချမ်းသာတဲ့သဘောတရားကြီး ဒီဟာသွားတွေ့လိုက်ပြီးတော့ အောက်ကိုပြန်ပြီးသတိရလာတဲ့အခါ စိတ်ကလေးအောက်ပြန်ကျလာတဲ့အခါ ကြည့်လိုက်တော့ခန္ဓာကိုယ်ကြီးဟာ ထိုင်ရက်သားနှင့်

ကျောက်တိုင်ကျောက်ခဲကြီးလိုဖြစ်နေတယ်၊ အဲဒီအခါကျမှ ဇော စိတ်ကိုပြန်ချလိုက်မှ ခန္ဓာကိုယ်ဟာလျော့ပြီးသွားတယ်။

အဲဒီတော့ စိတ်နှလုံးသွင်းပြီးဆင်ခြင်ကြည့်လိုက်တယ်၊ ငါ ခုနတုန်းကရောက်ခဲ့တဲ့ဥစ္စာက ငြိမ်းအေးတဲ့သဘာဝတရားကြီး ဟာ အင်မတန်သန္တိသုခနှင့်ပြည့်စုံတဲ့နေရာကြီးဘဲ။

အောက်ခန္ဓာကိုယ်ရုပ်နာမ်ပြန်ကြည့်တော့ မြင်၊ ကြား၊ နံ၊ စား၊ ထိတွေ့အားလုံးဆင်းရဲတာတွေကိုသိလာတယ်၊ မကောင်း တာတွေကိုသိနောတာကိုကဆင်းရဲတယ်၊ ဒုက္ခသစ္စာကြီးမြင်လာ တယ်။

ဦးအောင်ထွန်းသည် တရားကိုဆက်လက်ရှုမှတ်ရာ၌ ခန္ဓာငါးပါးရုပ်နာမ်တရား ပဋိစ္စသမုပ္ပါဒ်တို့ကို တရားအလင်းရောင် ဖြင့် သိမြင်လာခဲ့သည်၊ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ကာလသုံး ပါးကိုဆင်ခြင်ကြည့်နိုင်ခဲ့သည်။

အထိတ်ဘယ်ကလာသလဲဟုကြည့်မိသောအခါ ပဒုမုတ္တ ရ ဘုရားလက်ထက်က ဆုတောင်းလာခဲ့သည်ကိုမြင်ခဲ့သည်။

ထိုအချိန်က စိတ်သည် သုဒ္ဓဝါသပြဟ္မာဘုံမှာစိတ်သာ ယာနေမိသည်၊ တရားကိုဆက်လက်နှလုံးသွင်းနေခဲ့သည်။

ထိုအချိန်တွင် သိကြားမင်းကလာပြီး အဝတ်ပြောင်းဖို့ ကောင်းပြီ၊ အဝတ်ပြောင်းတော်မူပါ ဟု ကတိလာတောင်းသည်၊ ဦးအောင်ထွန်းက ကတိမပေးလိုက်ပါ။

ပေါ်လာသောရုပ်အပေါ်မှာသာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ရှုမှတ်နေမိသည်၊ ထိုအချိန် ဗြဟ္မာမင်းဆင်းလာသည်ကိုမြင်သည်၊ အဝတ်လဲဖို့နှင့်သင်္ကန်းဝတ်နှင့်နေရန်ပြောပြန်သည်၊ ထိုအချိန်မှာ ဝန်ခံလိုက်မိသည်၊ ဝန်ခံချက်ကမူ မနေ့ာနှင့်ပင်ဝန်ခံပြောလိုက်မိသည်။

ထို့နောက် ပုဂ္ဂိုလ်တစ်ယောက်ကလာပြီး စွန်းလွန်းဂူဆရာတော်ဘုရားလက်ထက်ကစွန့်ခဲ့တဲ့ သင်္ကန်းကြီးပါဘုရား ဆိုပြီး သင်္ကန်းလာလှူသွားပါသည်၊ နတ်လား၊ ဗြဟ္မာလား၊ လူလား သေချာမသိခဲ့ပါ။

ထို့နောက် မိမိသင်္ကန်းဝတ်မည့်အကြောင်းကို မိမိကို ကူညီမှုပေးနေသော ဦးစုရနှင့်ဦးရွှေဝတို့ကိုပြောပြရာ သူတို့က အလွန်ဝမ်းသာကြပြီး သူတို့ကရဟန်းဒါယကာပြုလုပ်ပါရစေ ဟု ခွင့်ပန်ကြသည်။

ဦးအောင်ထွန်းက မယ်တော်ကြီး၏ကျေးဇူးကိုသတိရမိသည်၊ သို့အတွက်-

“ကျွန်တော်မယ်တော်ကြီးနှင့် ညီကိုထွန်းညွန့်တို့နှင့်တိုင်ပင်လုပ်ပါ ”

ဟုခွင့်ပေးခဲ့သည်။

သို့အတွက် ၁၂-၃-၆၁ နေ့တွင် နှောကုန်းကျေးရွာကျောင်းကြီးကျောင်းဆရာတော် ဦးပညိန္ဒြကိုဥပဇ္ဈာယ်ပြု၍ မယ်တော်ကြီးဒေါ်မယ်အုံ့အားဦးထိပ်ထားပြီး နှောကုန်ကျေးရွာသူ

ကျေးရွာသားများစုပေါင်း၍ ယောဂီဦးအောင်ထွန်းသည် မြင့်မြတ်သောပဥ္စင်းအဖြစ်သို့ရောက်ရှိလေသည်၊ ဘွဲ့အမည် ရှင်ဥက္ကဋ္ဌအမည်ရခဲ့သည်။

ရဟန်းဘဝနှင့်အင်းကောသွား၍ သဲသောင်ဖြစ်နေသော သဲအင်း၌လေးတိုင်စင်ကျောင်းဖြင့် ဆက်လက်အားထုတ်ခဲ့ရာ နောက်ဆုံးအရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုက်ပြီး ဘဝ၏အနှစ်သာရကိုရရှိသွားလေသည်။

သတ္တဝါတို့အတွက် ရဟန်းဘဝနှင့်(၁၃)ရက်တိတိ တရားဟောပြလမ်းဖွင့်ပေးခဲ့သည်။

သက်တော်(၄၆)နှစ်တိတိ လူဆိုးဘဝနှင့်အင်္ဂုလိမာလကဲ့သို့နေခဲ့ပြီး စွန်းလွန်းဂူဆရာတော်၏ အတ္ထုပ္ပတ္တိကိုစာလုံးပေါင်းဖတ်မိရာမှအကျွတ်တရားရပြီး ၁၉၅၉-ခုနှစ်တွင်သံဝေဂရပြီး လူဘဝနှင့်တရားအားထုတ်ခဲ့သည်၊ ၁၉၆၀-ခုနှစ်တွင် ရဟန်းဘောင်တက်ခဲ့ပြီး ၁၉၇၃-ခုနှစ်တွင် ရုပ်နာမ်နှစ်ပါးချုပ်ငြိမ်း၍ ပရိနိဗ္ဗာန်စံဝင်ခဲ့ရပါတော့သည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ**

**တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ-ေအ)**



လူ့ဘဝအမြင်ရှင်းသူများ၏

# ဘဝအရသာများ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ (မဟာစရိယ၊ ဘီအေ)